# City MAGAZINE

Vol- 254, 2018



# CITY GOLF RESORT

# City MAGAZINE

VOL - 254, 2018

အယ်ဒီတာချုပ်
ကိုရာဇာ

အမှုဆောင်အရာရှိ
စောလှဦး

အယ်ဒီတာ
ကိုစော(ပထဝီဝင်)

စာပြင်
သင်မိုးနီ၊ အောင်ကျော်

မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း
MOE-Z

စာစီစာရိုက်
မြတ်မြတ်၊ သျှင်မင်း

ဓာတ်ပုံ
သန့်စင်

ပန်းချီသရုပ်ဖော်
အေကျော်စွာ၊ ဝင်းသိန်း၊ ဆု၊ ဝင်းတင်

ဖက်(စ်) ၀၁-၅၀၃၆၂၆

Email: yangoncitynews@gmail.com

ပုံနှိပ်ထုတ်ဝေသူ
ဒေါက်တာ တိုးအောင်
ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၀၄၅၃၇)

ပုံနှိပ်တိုက်
မြို့တော်ပုံနှိပ်တိုက်မြဲ(၀၀၅၈၃)
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်

ဖြန့်ချိရေး
ကျော်မင်းထိုက်၊ အောင်မျိုးသန့်
ဖုန်း - ၀၉၂၅၂၄၂၁၉၇၇၊ ၀၉-၄၂၁၁၁၂၉၇၉

မြို့တော်မဂ္ဂဇင်း
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်
ဖုန်း ၀၁-၅၀၃၆၇၀၊

တန်ဖိုး
၂၀၀၀ ကျပ်

အုပ်ရေ
၂၀၀၀

# City MAGAZINE

Vol : 254, 2018

# CONTENTS






4 EDITORIAL NOTE

## POEM

5 မြန်မာ့ရင်တွင်းက မြင်ကွင်းပင်လဲ့ — တင့်ထွန်း(ချောက်)
6 ရွှေကျပန်းကလေးများ — မြင်မှုမောင်နိုင်မိုး
7 ပြောရေးဆိုခွင့် — မောင်မိုးကျိုင်(သစ္စာမြေ)
8 ထာဝစဉ် ရှာချင်တယ်ခင် — မောင်စိမ်းနောင်(လယ်ဝေး)
49 ဖိုးတုတ်၏ ရတုကဗျာ — မောင်လွမ်းနိုင်(ခံယင်ငုံ)
50 မြို့ပြကိုက ခပ်ဆွေးဆွေး — သံလွင်အေး
100 တစ်မြေတစ်သား ရေမခြား — ကျော်စောဟန်
101 ယမမင်းကြီး ညည်းညူသံ — မင်းမောင်နွယ်(မွန်ဌာနီ)
102 ရည်မှန်းချက် — ဂိုးဇော်(ပုလဲနယ်)
116 အစားမရသောအလုများ — မင်းသစ်ဝင်း(ကျောက်တံခါး)




## CARTOON


9 ကိုကျော် 10 သန်းနိုင် 11 ကိုရိုး 12 ဖြိုးလေး
84 အောင်အောင်ထွေး 85 ဇက်တီ
86 ရန်ကြီးအောင် 128 လေနီကြမ်း
140 မောင်မောင်ညွှတ် 150 ဖိုးသာထူး


## COVER ESSAY


26 ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (မြို့တော်ဂေါက်ကွင်း) — ကိုဇော(ပထဝီဝင်)


## RELIGION


13 အလောင်းဘုရားရဲ့ ရန်ကုန်ကာလကပင်တည်ရှိခဲ့တဲ့ ရန်ကုန်မြို့ပြ အမွေအနှစ်ကောင်းတဲ့ကွမ်းယင်မယ်တော်ဘုရားကျောင်း — မောင်မြတ်မွန်(ဆူးလေ)








## EXPERIENCE ESSAY


67 အမေမရှိတော့သော ဇာတိမြို့ကလေး — မုဒ္ဒ-သုမှန်

151 ကျွန်တော်ခံစားသူ — ညီခေတင်ဦး


## ARTICLE


17 မြေယာအစိုးပြုလုပ်ငန်းများအတွက် ငွေကြေးအရင်းအနှီးနှ စီမံခန့်ခွဲမှုလမ်းကြောင်း — ဇော်ဟိန်း

34 အိမ်နီးချင်းဘုရင်နိုင်ငံ — ကိုဇော်

61 လုပ်ငန်းခွင်အတွက်အလုပ်သမားဥပဒေရှိသည် — မိုးပန်းမွှန်(ရာမည)

73 မြို့တော်ရန်ကုန်ဧရိယာမြေပြင်နှင့် ဆက်စပ်နေသော မြောင်းများ၊ ချောင်းများ၊ မြစ်ထွက်ပေါက်များ — မြို့လင်း

111 လျှော(သို့မဟုတ်)လျှပ်တစ်ပြက်ရန်သူ(အပိုင်း-၂) — သိပ္ပံစာရေးဆရာကိုကိုအောင်


## STRANGE


80 အာရှဒေသမှ ဆွဲဆောင်မှုအရှိဆုံးနေရာများ — ရဲမာန်ခ


## TRANSLATION


21 တတိယအရွယ်၏ ဒုတိယဝေဒနာ — မောင်သီဟ


## PHOTO


96 မြန်မာနိုင်ငံဓာတ်ပုံအသင်း လစဉ်ဓာတ်ပုံပြိုင်ပွဲများ — သန့်စင်


## CELEBRITY


123 *Celebrity and Showbiz* — ကိုသားကြီး


## YOUTH


103 တံခါးတွေကပြောတဲ့ အဖေ့အကြောင်း — ဇာနည်စိုး


## SHORT STORY


41 ကလျာတို့ခေတ် — ဆင်ဖြူကျွန်းအောင်သိန်း

55 အသက်တမျှ — ဘသက်ဆွေ

87 အနာဂတ်ရောင်ခြည် လင်းလင်းလက်လက် — အောင်သုန်းခေတ်

91 အကာကအချစ် အနှစ်ကမေတ္တာ — နေခြည်(ကြံနီ)

117 ရင်ဖြင့်ရွေးသည့် လိပ်ပြာများ — နွေကဲ့ကော်(မြို့လှ)

129 ပစ္စုပ္ပန်အိမ် လသာချိန် — မန္တယ်(ကလော)

141 ရင်၌စွဲရှ ထင်ကျန်သော — မြနှင်းဝေအောင်


## JOKE


48, 66, 72, 90, 95, 110,


## HEALTH


107 ဆယ်ကျော်သက်လူငယ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ် — ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)

135 ညီကိုတို့သတိပြုစရာ ကာလသားရောဂါများ — အောင်ကျော်လွင်(ကျိုက်ဖြူ)


## LONG STORY


154 ငါသားများ စစ်ထဲဝင်ရင်လေ — သောင်းဝေဦး

# ရှေးဦးစကား

ဝသန်မိုးကား အားကုန်ရွာသွန်းလျက်ရှိ၏။ ချောင်း၊ မြောင်းများ ပြည့်လျှံကာ ရွာအချို့ ရေလွှမ်းခံရ၏။ သွားရေး လာရေး အခက်အခဲကြုံရသဖြင့် ကုန်စည်စီးဆင်းမှု မလည်ပတ်နိုင်၊ ကျောင်းအချို့ကို ပိတ်ထားရ၏။ မြေပြိုသတင်း၊ ဓာတ်လိုက်သတင်း စသဖြင့် အန္တရာယ်ရှိသတင်းများ ကြားခဲ့ရ၏။

သို့သော် ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များ၊ တစ်ဦးကောင်း တစ်ယောက်ကောင်းမှသည် အဖွဲ့လိုက် အစည်းလိုက် ကူညီပံ့ပိုးနေမှု သတင်းကောင်းများကိုလည်း ကြားသိနေရသည်။ အမှန်အကန်များအကြား ရောင်တော်ပြန်များလည်း မလွဲမသွေပါဝင်နိုင်၏။ လောကဓမ္မသဘာဝအရ အမှန်အမှား ရောပြွန်းတတ်၏။ အစစ်အမှန်နှင့် အတုအယောင် ချိန်ဆရန်လည်းကောင်း၊ အစွန်းမရောက်ရန်လည်းကောင်း သတိသမ္ပဇဉ်ယှဉ်ရန် သတိပေးထားပါ၏။

ဤသဘောကို City Magazine က အခြေခံမှုအဖြစ် ခံယူ၏။ အလျှော့အတင်း၊ အလေးအပေါ့ကို ချင့်ချိန်၏။ တစ်ဖက်စွန်းမရောက်ရလေအောင် သတိပြု၍ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာများတွင် စိစစ်ရွေးချယ်တင်ပြခဲ့ပါ၏။ မလေးလွန်း၊ မပေါ့လွန်းအောင် စီမံခဲ့ပါ၏။ သုတ၊ ရသမျှအောင် ထည့်သွင်းပါ၏။

မည်သို့ဆိုစေ တစ်စုံတစ်ရာအချွတ်အချော်ရှိခဲ့လျှင်၊ တစ်ကြောင်းတစ်ပါဒ အမှားအယွင်းတွေ့ခဲ့လျှင် ထောက်ပြဝေဖန်၍ အကြံကောင်း၊ ဉာဏ်ကောင်းများ ပေးရန် စာဖတ်သူများကို တောင်းဆိုချင်ပါသည်။ ပမာဒလေခ သမ္မောဟသတိ ချွတ်ယွင်း၍ စာဖတ်သူစိတ်အနှောင့်အယှက်ဖြစ်လျှင် ခွင့်လွှတ်ပါရန် ရှေးဦးစကားဖြင့် ကြိုတင်တောင်းပန်အပ်ပါသည်။

ပြည်နယ်အဝှမ်း သဘာဝဘေးရန်အပေါင်းမှ ကင်းလွတ်ပါစေကြောင်း ဆုမွန်တောင်းလျက် -

မေတ္တာဖြင့် -
အယ်ဒီတာချုပ်

# မြန်မာ့ရင်တွင်းက မြင်ကွင်းပင်လုံ




ငွေရည် နှင်းပေါက် ၊ တစ်ဖျောက်ဖျောက်နှင့်
မြောက်ပြန်လေလောင်း၊ တစ်ခုဆောင်းတွင်
မြစ်ချောင်းတောင်ကုန်း ၊ တစ်ပြည်လုံးသည်
အရုံးမဲ့ ၊ တစ်လုံးတည်းဖြင့်
အောင်ပွဲသိမ့်သိမ့်ခံခဲ့သည်။
စွန့်ပလွှန်တည်း ၊ အသက်ကြီးမှ
အသီးသီးသို့ ၊ စည်းရုံးမှုက
ကာလကြာပြု ၊ နှစ်ရာစုတိုင်
အမြုတေအဖြစ်ခိုင်မာခဲ့။
ကျွန်းသစ်.ရေနံ ၊ သယံဇာတ
ပေါပြည့်ဝသည့် ၊ သာစွာဌာနေ
သည်မြေသည်ရွှာ ၊ သည်နေရာက
ဒါ ငါတို့မြေ ၊ ငါတို့မြေတည်း။
ပုဂံ.ပင်းယ ၊ အင်းဝ, တောင်ငူ
အမှုကွန်းတင် ၊ ဥဒါန်းတွင်ခဲ့
သမိုင်းစဉ်တစ်လျှောက် ၊ ကုန်းဘောင် ရောက်တိုင်
သူ့အောက်မခံ ၊ မျိုးမာန်မချ
မြေတစ်လက်မမှ အပိုမခံ။

ဘိုးဘွားစဉ်ဆက် ၊ တို့ လက်ထက်တိုင်
လက်ဆင့်ကမ်းအမွေ ၊ ငါတို့မြေကို
ခြေချပိုင်စိုး ၊ ရလိမ့်နိုးနှင့်
သွေးတိုး မစမ်းလာလေနှဲ့။
ထင်းတုံး ဖြစ်တုံ ၊ စုန်ပေတောင်း
မိကျောင်းဖြစ်မှန်း ၊ အထက်ဆန်လိမ့်။
မြစ်ကြောင်းစုန်တာ ၊ မြန်မာမဟုတ်
သမုဒ္ဒရာ စီးကြောင်း ၊ ဆန်ပေတောင်းတည့်
မိကျောင်း ဟူသည်မှာ တို့မြန်မာ။
ဩော်
ငွေရည်နှင်းပေါက် ၊ တစ်ဖျောက်ဖျောက်နှင့်
မြောက်ပြန်လေလောင်း၊ တစ်ခုဆောင်းတွင်
စုပေါင်းဆွေးနွေး ၊ လက်မှတ်ရေးကြ
သွေးသစ္စာဆုံ ၊ မြို့ပင်လုံ ကား
ပြည်ထောင်စုပျံ့လွှင်း ၊ တို့သမိုင်းတည့်
တိုင်းရင်းသားဟူ ၊ ပြည်သူတစ်ရပ်
မမေ့အပ်သည်
လွတ်လပ်ရွှေပြည် မှန်ဦးတည်း။ ။

တင့်ထွန်း(ချောက်)




# ရွှေးကျပန်းကလေးများ

ပန်းတစ်ပွေ့ရယ်နဲ့
လှမ်းတွေ့တယ် တစ်နံနက်ဆီက
ချိုမျက်နှာ ကြည်လင်လှပါဘိ
ဈေးပြန်လာ အိမ်ရှင်မရယ်က
စကား အလှ ဤသို့ ဆင် . . .။

"ကြည့်ပါအုံး မောင်ရဲ့
တကယ့် တကယ့်မှာ သည်ပန်းကလေးတွေက
ကြည်လန်းမွှေးချင်စရာ အသွေးလှသေး ပေမဲ့
ရွှေးကျကလေး တွေပါရှင့်
ရွှေးလျက်သာ ယခုလို သလိုက်ပြန်တော့
ဈေးသက်သာ နုစိုအလှတွေနဲ့
ကုသိုလ်ရ အမြင်မကြွားပါကလား . . ."
ဘုရား ပန်းတင်။

အရွက်ကြမ်း တွေနဲ့
အခက်နွမ်း ဖယ်တန် ဖယ်လို့
တင့်တယ်ကာ အလှတိုးလေမှ
ဘုရားအိုးမှာ သူစိုက်ထိုးလိုက်ပြန်တော့
အဖိုးထိုက်ကာ အမြင်ဆန်းပေသား
ကျွမ်းကျင်သူ့ လက်ရာတွင်
ရှုမြင်ရ အလှ အပေါင်း။

ဪ . . .ပန်းခင်းထဲ အတူတူ
ပန်းပွင့်လဲ အတူတူ
ဆိုင်ပေါ်လဲ အတူတူ ပေါ့
ဈေးဝယ်သူ အလိုမကျ တာနဲ့
ဘေးဖယ်ယူ ဟိုသည်ချ ပြန်တော့
အသွေးလှ ဆန်းသေး ပေ လျက်ကယ်နဲ့
ရွှေးကျပန်းကလေးတွေ ခမျာတို့ ဖြစ်ထင်ရဲ့
ပန်းချစ်သူ အကြင်နာနဲ့
ယူငင်ကာ အလှဆင်ပေးလှာတော့
ဘဝတွင် အရေးပါ အပယ်ခံ မဟုတ်တော့ပြီဘဲ
အလှသရုပ်ကို သည်လိုထင်လို့
သည်လိုမြင် သည်လို တွေးပြန်တော့
ဆွေးလျှ အလွမ်းတေးတွေ ဘာစာမို့ ကြွေးရမှာလဲ
ရွှေးကျ ပန်းကလေးတွေ ခမျာတို့အတွက်
အားတက် မိကြောင်း။ ။

မြင်းမူမောင်နိုင်မိုး



# ပြောရေးဆိုခွင့်

မပြောခင်တုန်းက
စကားလုံးများရဲ့ 'သခင်'ဟာ
ကျွန်ုပ်တို့ဖြစ်တယ်။

ပြောလိုက်ပြီးတဲ့နောက်
စကားလုံးများဟာ
ကျွန်ုပ်တို့ရဲ့ 'သခင်'ဖြစ်ခဲ့ပေါ့။

ဟုတ်တယ် . . .ဟုတ်
ကိုယ်ပြောလိုက်တဲ့ စကား
ကိုယ်တိုင်လည်း လိုက်နာရမယ်။

ကိုယ်ပြောလိုက်တဲ့စကား
အနိုင်အမာဖြစ်ရမယ်။

ကိုယ်ပြောလိုက်တဲ့အတိုင်း
ဖြစ်ချင်ရာဖြစ်ဖို့မဟုတ်ဘူး
အကောင်အထည်ဖော်နိုင်ရမယ်။

စကားလုံးဩဇာ
တည်ကြည်စွာနဲ့
(ဒီမှာ) ပြောရေးဆိုခွင့်ရှိသူအဖြစ်
တာဝန်ယူသင့်တယ်မဟုတ်လား။

မောင်မိုးလှိုင်(သစ္စာမြေ)



# ထာဝစဥ် ရှာချင်တယ်ခင်

အကြင်နာ မေတ္တာမိုးတွေနဲ့
အစဥ်သာ ချစ်စွာပြီးကာမှ
ငြိုး မာန်မျက် မုန်းရောင်ခြယ်။

ငုံအပွင့်တွေနဲ့
ထုံဝင့်ကာ မြေကမ္ဘလာ၌
ဝေဝေဆာ စိမ်းစိုလန်းစေဖို့
ဆွတ်ဖြန်းကာ အစဥ်ရှာမင့်
မကြင်နာ သခင့်ရွှေမိုးတွေကြောင့်
အပင်နာ ပွင့်ကြွေညှိုးရသတဲ့
ဆိုး ဆိုရက်တယ်။

သဒ္ဓါလွန် အဖြစ်မျိုးပေမယ့်
မိုးအပြစ် ရှိစေကွယ်
ကိုယ့်ရင်ဝယ် နာရက်ဘူး။

မြေလွှာခင်ရဲ့
စေတနာယှဥ် အချစ်မိုးကတော့
အပိုးတန် သစ္စာနှင်းလေတဲ့
အရိုးခံ မေတ္တာရင်းပေမို့
ချစ်ခြင်း ကုဋေကုဋာနဲ့
မြေလွှာမှာ ဝေဆာလန်းစေဖို့
အစဥ်သာ ရွှေရှာစမ်းချင်လည်း
လက်ကမ်းကာ ခင်မကြိုဖို့
ယခင်လို ရှောင်ကာပုန်းပါမယ်
မုန်းမျက်မာန်စွး။ ။

မောင်စိမ်းနောင်(လယ်ဝေး)

# CITY CARTOON



# CITY CARTOON



# CITY CARTOON



# CITY CARTOON





# အလောင်းဘုရားရဲ့ ရန်ကုန်ကာလကပင် တည်ရှိခဲ့တဲ့ ရန်ကုန်မြို့ပြအမွေအနှစ်

# ကောင်းတုံကွမ်ယင်မယ်တော်ဘုရားကျောင်း

မောင်မြတ်မွန်(ဆူးလေ)





"Remove not the ancient Heritage, which thy fathers have set" ''ဘိုးဘေတွေ စိုက်ထူခဲ့ကြတဲ့ ရှေးဟောင်းအမွေအနှစ်တွေကို မဖယ်ရှားကြပါနဲ့''ဆိုတဲ့ ဆိုရိုးစကားက ရှေးဟောင်းလက်ရာ မြို့ပြအမွေအနှစ်တွေရဲ့ သမိုင်းတန်ဖိုးကို ဖော်ညွှန်းထားတာပဲ ဖြစ်ပါပေတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာအဆောက်အအုံများစာရင်း အမှတ်စဉ်(၁၀) မှာ ''ကွမ်တုံကွမ်ရင်မယ်တော်ဘုရားကျောင်း အမှတ် ၆၆၈ မဟာဗန္ဓုလလမ်းနှင့် လသာလမ်းထောင့်၊ လသာမြို့နယ်''လို့ ဖော်ပြထားပေမယ့် ကောင်းတုံကုန်စီ၊ ရန်ကုန်မြို့၊ မြန်မာပြည်က ထုတ်ဝေထားတဲ့ ''ကောင်းတုံကွမ်ယင်ဘုရားကျောင်း ၁၅၃ နှစ်မြောက်နှင့် ဘက်စုံမွမ်းမံပြုပြင်မှုမှတ်တမ်း'' စာအုပ်ကြီးပါ ဘာသာဝင်တို့ တရားဝင်ခေါ်ဝေါ်ထားတဲ့ အမည်နာမကိုသာ ခေါင်းစဉ်တပ်လိုက်ရခြင်း ဖြစ်ပါပေတယ်။

### ကောင်းတုံကုန်စီတို့ မြန်မာပြည်သို့ ဝင်ရောက်လာကြပုံ

''ကုန်းဘောင်ခေတ်ရေး ရွှေဘိုဖုံကြီးသံ''မှာ ''ရွှေပြည်ဘယ်အခင်းကြောင့် မောင်ဆင်းတယ်လေး။ ကောင်းတုံမြိတ်နဲ့ ချိတ်ဝယ်…ဆင်းမယ်တဲ့လေး''လို့ သမိုင်းပုံရိပ်ကိုပါ ထည့်သွင်းစပ်ဆိုပေးထားခဲ့ရတဲ့အထိ ''အမြိတ်''ပါတဲ့ ကောင်းတုံ၊ တရုတ်ပိုးထည်''ချိတ်''လုံချည်တွေဟာ ကုန်းဘောင်ခေတ်မှာ တော်ဝင်နန်းထိုက်ပိုးထည် ''ချိတ်''တွေ ဖြစ်ခဲ့ဖူးပါတယ်။ အဲဒီ ကောင်းတုံမြိတ် ပိုးထည်ချိတ်တွေကို မြန်မာပြည်အတွင်း တင်သွင်းလာသူတွေကတော့ ''ကောင်းမျိုးနွယ်'' ကောင်းတုံကုန်စီတွေပဲ



ဖြစ်ကြပါပေတယ်။ ကောင်းတုံ(ယခု ဂွမ်ဒေါင်းပြည်နယ်)က "ကောင်းတုံကုန်စီ"တို့ဟာ ဒဂုံမြို့ငယ်ကာလ ၁၈၅၂ ခုနှစ်ကပင် စတင်ဝင်ရောက်လာခဲ့ကြတယ်။ လှေမှာဝါကြီးတွေနဲ့ ဖြတ်သန်းလာခဲ့ရတဲ့ "ပျူတို့ဒေသ"ကို "မောတဗီလ"လို့ အမည်လှလှလေးနဲ့ ခေါ်ဝေါ်ခဲ့ကြတယ်။ (နယ်ချဲ့အင်္ဂလိပ်က Martarban လို့ ရေးသားတာကို "မုတ္တမ"လို့ ဘာသာပြန်ရေးသားသုံးနှုန်းနေတာဟာ "အင်းလျား"ကို အင်္ဂလိပ်ဘာသာနဲ့ 'Inya' လို့ရေးတာကို "အင်းယား"လို့ အရမ်းဘာသာပြန်ထားသလိုများဖြစ်နေတာလားလို့ ဆန်းစစ်သင့်ကြပါတယ်) ခရစ် ၁၈၅၅ ခုနှစ်တွင် အလောင်းမင်းတရားကြီး တည်ဆောက်ပေးခဲ့ချိန်မှစတင်ကာ အဓိကဆိပ်ကမ်းမြို့ "Major Port" ဖြစ်လာတဲ့ "ရန်ကုန်မြို့"မှာ ထင်ရှားတဲ့ သင်္ဘောဆိပ်သုံးခုရှိခဲ့တယ်။ ဘုရင့်သင်္ဘောဆိပ်လို့ခေါ်တဲ့ "ဖောင်တော်ဆိပ်"၊ တရုတ်သင်္ဘောဆိပ် China wharf, ဆူးလေအမှတ် ၃ တံတားနဲ့ သာယာဝတီမင်း၊ လမ်းမတော်ကနေ ဥက္ကလာပ အောင်မြေရန်နှင်မြို့သို့ တက်ရောက်ခဲ့တဲ့ "ရန်ပုံခွင်းဆိပ်"တို့ပဲ ဖြစ်ကြပါပေတယ်။ ဆူးလေအမှတ် ၃ တံတား(ဂိတ်)နဲ့ တစ်ဆက်တည်းဖြစ်တဲ့ "ရွှေတိဂုံဘုရားလမ်း(အောက်)ရဲ့

**ရန်ကုန်မြို့မှာ ထင်ရှားတဲ့ သင်္ဘောဆိပ်သုံးခုရှိခဲ့တယ်။ ဘုရင့်သင်္ဘောဆိပ်လို့ခေါ်တဲ့ "ဖောင်တော်ဆိပ်"၊ တရုတ်သင်္ဘောဆိပ် China wharf, ဆူးလေ အမှတ် ၃ တံတားနဲ့ သာယာဝတီမင်း၊ လမ်းမတော်ကနေ ဥက္ကလာပ အောင်မြေရန်နှင်မြို့သို့ တက်ရောက်ခဲ့တဲ့ ရန်ပုံခွင်းဆိပ်တို့ပဲ ဖြစ်ကြပါပေတယ်။**

မူလလမ်းအမည်ကလည်း "တရုတ်တန်းလမ်း" Taroktan, China Street ဖြစ်ခဲ့ဖူးပါတယ်။

တရုတ်နိုင်ငံ "ဖူကျန်း"နဲ့ ကောင်းတုံနယ်သားတွေဟာ အဓိကဆိပ်ကမ်းမြို့ဖြစ်တဲ့ ရန်ကုန်မြို့သို့ "သင်္ဘောသား"တွေအဖြစ် စတင်ဝင်ရောက်လာကြတာဖြစ်တယ်။ မျိုးရိုးအစဉ်အလာနဲ့ ဓလေ့ထုံးတမ်းကို ထိန်းသိမ်းတဲ့အနေနဲ့ ၎င်းတို့ယုံကြည်ကိုးကွယ်မှုပြုနေတဲ့ "အဝလောကိတေသွာရဗောဓိသတ္တ"အမည်ရတဲ့ "ကွမ်ယင်မယ်တော် ဘုရားကျောင်း"ကို တရုတ်သင်္ဘောဆိပ်နဲ့ မလှမ်းမကမ်းမှာတည်ရှိနေတဲ့ မြေကွက်မှာ ခရစ် ၁၈၂၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့တယ်။ အဲဒီ ဘုရားကျောင်းကို "ဂိုဒေါင်ပုံသဏ္ဌာန် သစ်သားနဲ့ဆောက်ထားတဲ့ တစ်ထပ်အဆောက်အအုံအဖြစ် "small,beginning"နဲ့ စတင်ဆောက်လုပ်ခဲ့ရပါတယ်။ အဲဒီကာလဟာ ပထမအင်္ဂလိပ်မြန်မာစစ်ပွဲမှာ ရန္တပိုစာချုပ်အရ စစ်လျော်ကြေးငွေ တစ်ကုဋေကို အပြေအကြေ မပေးနိုင်သေးတဲ့အတွက် နယ်ချဲ့တို့အား ရန်ကုန်မြို့ကို အပေါင် "Deposit" ပေးထားရလို့ ဖောင်တော်ဆိပ်မှာ "ယူနီယံဂျက်အလံ"လွှင့်ထူထားချိန်လည်း ဖြစ်ပါပေတယ်။

**နယ်ချဲ့တို့ရဲ့ ရန်ကုန်မြို့ကွက်သစ်တွင် ကနဦးကပင် ပါဝင်လာတဲ့ကျောင်းတော်**

Re-construction of Modern Rangoon,1853 မြို့ကွက်ပန္နက်ရိုက်ရန် အလောင်းဘုရားက ရန်ကုန်မြို့ကွက်ရှိ ဘုရား၊ ပုထိုးကျောင်းကန်နဲ့ အိမ်ခြေတွေဖြိုဖျက်ရှင်းလင်းမှုကို "ဘုရားငုတ်တိုတန်း(ဘုန်းကြီးလမ်း)ကနေ စတင်ဆောင်ရွက်စေ

**မြို့ကွက်ပန်းကိုရိုက်ရန် အလောင်းဘုရားက ရန်ကုန်မြို့ကွက်ရှိ ဘုရား၊ ပုထိုးကျောင်းကန်နဲ့ အိမ်ခြေတွေ ဖြိုဖျက်ရှင်းလင်းမှုကို "ဘုရားငုတ်တိုတန်း (ဘုန်းကြီးလမ်း)ကနေ စတင်ဆောင်ရွက်စေခဲ့တယ်။ ဒါပေမဲ့ ကောင်းတဲ့ကွမ်ယင်ကျောင်း သစ်သားအဆောက်အအုံကတော့ ရှင်းလင်းဖြိုဖျက်ရာမှာ မပါဝင်ခဲ့ဘဲ…**

ခဲ့တယ်။ ဒါပေမဲ့ ကောင်းတဲ့ကွမ်ယင်ကျောင်း၊ သစ်သားအဆောက်အအုံကတော့ ရှင်းလင်းဖြိုဖျက်ရာမှာ မပါဝင်ခဲ့ဘဲ "လေးထောင့်စပ်စပ် မြို့ကွက်ပုံစံ" Chess-board Pattern မှာပင် Chinese Temple လို့ ထည့်သွင်းဖော်ပြပေးထားတယ်။ Block map မှာလည်း မြေအကျယ်အဝန်းကို အလျားပေ ၁၀၀ x အနံ ၁၀၅ ပေ ဧရိယာ ၁၀၅၀၀ စတုရန်းပေလို့ ဖော်ပြထားတယ်။ အဲဒီကာလက ရန်ကုန်မြို့မှာ "တရုတ်ဘုရားကျောင်း" တစ်ကျောင်းတည်းသာ ရှိသေးတဲ့အတွက် Block map တွင် ဖော်ပြထားတဲ့ Chinese Temple ဟာ "ကောင်းတဲ့ကုန်သည်တို့ရဲ့" အဝလောကီတေသွာရမောဓိသတ္တ ကွမ်ယင်မယ်တော်ဘုရားကျောင်း" ကို ရည်ညွှန်းတာပဲဖြစ်ပါပေတယ်။ မူလသစ်သားအဆောက်အအုံ ကိုဒေါင်ပုံသဏ္ဌာန် တစ်ထပ်ဘုရားကျောင်းမှာ "ကွမ်ယင်မယ်တော်"(တရုတ်)မတီမေလော နတ်သမီးနဲ့ ကွမ်းတီသူမြတ် သုံးပါးတို့အား ထော်ဖြူကိုးကွယ်ရန် "စင်" သုံးစင်ထားရှိမှာ "ကွမ်ယင်မယ်တော်စင်"ကို အလယ်မှာထားပြီး ကိုးကွယ်ခဲ့ကြပါတယ်။

ခရစ် ၁၈၅၁ ပြည့်နှစ်ဝန်းကျင်တွင် ရန်ကုန်မြို့ဟာ သမိုင်းထဲက မီးဘေးအန္တရာယ်ကို အကြိမ်ကြိမ်ခံစားခဲ့ရရာမှာ "သစ်သားအဆောက်အအုံဖြစ်တဲ့" ကောင်းတဲ့ကွမ်ယင်မယ်တော်ဘုရားကျောင်း ပါဝင်ခဲ့တာကို ကမ္ဘည်းကျောက်စာနဲ့ မှတ်တမ်းတင်ထားတယ်။ ဒါကြောင့် ခရစ် ၁၈၅၆ ခုနှစ်တွင် အဆောက်အအုံသစ်ကို ရေရှည်တည်တံ့စေရန် "အုတ်"နဲ့ တည်ဆောက်ခဲ့ရာမှာ "သစ်သားနဲ့ အုတ်"ကိုသာ ပြည်တွင်းဖြစ်သုံးပြီး အခြားဆောက်လုပ်ရေးပစ္စည်းတွေကိုတော့ "တရုတ်ပြည်"(ပြည်ကြီး)ကနေ မှာယူခဲ့တယ်။ တည်ဆောက်ချိန်ကာလ ၈ နှစ်မျှကြာမြင့်ခဲ့ပါတယ်။ ခရစ် ၁၈၆၂ ခုနှစ်မှာ ကျန်ရှိနေသေးတဲ့ ဘေးမြေကွက်လပ်များတွင် "ဘေးတွဲဆောင်"တွေ တိုးချဲ့ဆောက်လုပ်ခဲ့တယ်။ လက်ယာဘက်မှာ "ဂေါပကာရုံးခန်း"နဲ့ လက်ဝဲဘက်တွင် "စာသင်ခန်း"တွေကို ဘေးတွဲဆောင်တွေအဖြစ် ဝန်းရံတည်ဆောက်ပေးထားတယ်။



နယ်ချဲ့အင်္ဂလိပ်တို့က မကြေညာတဲ့စစ်ပွဲ၊ စစ်ပြေငြိမ်းရေးစာချုပ်မရှိတဲ့ စစ်ပွဲနဲ့ ဒုတိယကျူးကျော်စစ် ဆင်နွှဲပြီး ရန်ကုန်မြို့ကို သိမ်းပိုက်ချိန်ဖြစ်တဲ့ ခရစ် ၁၈၅၂ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ ၉၆ နှစ်နဲ့ ၄ လ ကြာကာလ အတောအတွင်းမှာ "တရုတ်တန်း" China Town မှာ တည်ရှိနေတဲ့ "ကောင်းတဲ့ကွမ်ယင်မယ်တော်ဘုရားကျောင်းတော်ကြီးရှေ့တွင် လမ်းဘေးဈေးသည်တွေကို ရောင်းချခွင့်မပေးခဲ့ပါဘူး။ ဒါကြောင့် ပြင်ပမှာ ယာဉ်သံလူသံ တစ်ရှိန်ထိုးပေမယ့် ကျောင်းတော်ကြီးအတွင်းမှာတော့ "ဆိတ်ငြိမ်မှု"နဲ့ "သန့်ရှင်းမှု"ကို ရှာဖွေနိုင်ခဲ့သလို၊ နှစ်စဉ် ဆင်နွှဲမြဲဖြစ်တဲ့ ပွဲတော်တွေကိုလည်း မြို့လယ်အချက်အချာမှာ စဉ်လာမပျက် ဆင်နွှဲနိုင်ခဲ့ကြပါတယ်။ ဒါပေမဲ့ မျက်မှောက်ခေတ်ကာလမှာတော့ မြို့လယ်အချက်အချာမှာ သန့်ရှင်းစွာ ပေးစွမ်းနိုင်တဲ့ "အိုအေစစ်"ပမာ ဖြစ်တည်ရမယ့် "အဝလောကီတေသွာရမောဓိသတ္တ ကွမ်ယင်မယ်တော်ဘုရားကျောင်း"ရဲ့ မဟာရံတံတိုင်းပတ်ပတ်လည်နဲ့ လူသွားစင်္ကြံတစ်လျှောက် ကားလမ်းပေါ်ရောက်တဲ့အထိ လမ်းဘေးဈေးသည်တွေနဲ့ ပြည့်ကျပ်နေပါပြီ။

**သက်တမ်း ၁၇၇ နှစ်ပြည့်အခမ်းအနား ကျင်းပပြီးဖြစ်တဲ့ ကျောင်းတော်ကြီး**

ထိုသည့်အရပ်တွင် ရန်အပေါင်းအောင်မြင်သည်ကို အကြောင်းပြုသဖြင့် ထိုမြို့ကို "ရန်ကုန်သမုတ်တော်မူ၍ စံတော်မူခဲ့ရာ ရန်ကုန်မြို့ဟာ အလောင်းမင်းတရားကြီး စတင်တည်ဆောက်ပေးတော်မူခဲ့တဲ့ ခရစ် ၁၇၅၅ ကနေ စတင်ရေတွက်ရင် ရန်ကုန်မြို့သက်နှစ် ၂၀၀ ပြည့်တဲ့ ၁၉၅၅ ခုနှစ်ကပင် ရန်ကုန်မြို့တော် မွေးနေ့ပွဲကျင်းပပေးရန် စတင်တိုက်တွန်းခဲ့ကြပေမယ့် မျက်မှောက်ပြုနေတဲ့ ၂၀၁၈ ခုနှစ်တွင် မြို့သက် ၂၆၃ နှစ်တိုင် မြို့တော်မွေးနေ့ အထိမ်းအမှတ်ပွဲကို တစ်ကြိမ်တစ်ခါမျှ ကျင်းပပေးနိုင်ခြင်းမရှိသေးပါဘူး။ (ရတနာပုံနေပြည်တော် မန္တလေးကတော့ မြို့သက်နှစ်ရာပြည့်ရော နှစ် ၁၅၀ မြောက်ပွဲတော်တွေပါ ကျင်းပပေးနိုင်ခဲ့ပါတယ်။)

ကောင်းတဲ့ကွမ်ယင်ဘုရားကျောင်းရဲ့

**တရုတ်လူမျိုးတွေက "ဗုဒ္ဓဘာသာ"ကို စတင်ကိုးကွယ်မှုပြုခဲ့တာကို မှတ်တမ်းတင်ဖော်ပြထားတာက "ခရစ် ၆၇ ခုနှစ်တွင် ဟန်မင်းဆက်၊ ဟန်မိန်မင်းယုံဖိန်" စိုးစံစဉ်ကာလ ၁၀ နှစ်အတွင်းမှာ အိန္ဒိယနိုင်ငံမှ "ဗုဒ္ဓဝါဒ"သည် တရုတ်ပြည်သို့ ရောက်ရှိလာသည်။**





သက်တမ်း ၁၇၉ နှစ်ပြည့် အခမ်းအနားကြီးကိုတော့ (၁၅–၁၁–၂၀၀၂) နေ့မှာ အလှိုင်းတကြီး ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ခဲ့ပါတယ်။ အဲဒီ ၂၀၀၂ ခုနှစ်မှာ ဘက်စုံမွမ်းမံတည်ဆောက်ရေးနဲ့ ပြင်ဆင်မွမ်းမံပေးပြီး သက်တမ်း ၁၇၉ နှစ်ပြည့်ပွဲကို ကျင်းပပေးခဲ့တာပဲ ဖြစ်ပါပေတယ်။ ဒါကြောင့် အရှေ့တိုင်း ယဉ်ကျေးမှုလက်ရာမြောက် ခြူးပန်းခြူးနွယ်တွေကိုအထွတ်တင်ထားတဲ့"ကောင်းတံ့ကွမ်ယင်ဘုရားကျောင်း"တော်ကြီးဟာ ယခုအခါ အထပ်မြင့်အဆောက်အအုံ High rise များအကြားမှာ တစ်မူထူးခြားတဲ့ ရှီးရာပုံသဏ္ဌာန် တစ်ထပ်အဆောက်အအုံပုံစံနဲ့ တည်ရှိနေတာဟာ "ဝိသေသ"တစ်ပါးပါပေပဲ။

ပိုပြီးထူးခြားတာက "ကောင်းတံ့ကွမ်ယင်မယ်တော်ဘုရားကျောင်း" ၁၇၉ နှစ်ပြည့် ပွဲတော်ကြီးကို အထိမ်းအမှတ်ပြုကာ ကောင်းတံ့ကုန်စီ၊ ရန်ကုန်မြို့၊ မြန်မာပြည် အထိမ်းအမှတ်နှင့် ဘက်စုံပြုပြင်မွမ်းမံမှု မှတ်တမ်းစာအုပ်ကြီးကို ထုတ်ဝေနိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ "အရှေ့တောင်အာရှတစ်ခွင်မှာ တည်ရှိနေသော" ဤကွမ်ယင်ဘုရားကျောင်းတော်ကြီးသည် ဧရာဝတီမြစ်ကမ်းနစ်ဘက်တွင် ဘင့်တယ်ခမ်းနားသော ပလ္လင်တော်နှင့် လှပသော ပန်းချီပန်းပုလက်ရာတို့ဖြင့် "နမ်ဟောင်မင်းဆက်ခေတ်က အဆောက်အဦ၏ လက်ရာကဲ့သို့သော ဘုရားကျောင်းဆောင်တော်တစ်ဆောင်ဖြစ်လေသည်။"လို့ နိဒါန်းမှာ "ဥဒါန်းကျူး"ထားပါတယ်။

ဒါ့အပြင် တရုတ်လူမျိုးတွေက "ဗုဒ္ဓဘာသာ"ကို စတင်ကိုးကွယ်မှုပြုခဲ့တာကို မှတ်တမ်းတင်ဖော်ပြထားတာက "ခရစ် ၆၇ ခုနှစ်တွင် ဟန်မင်းဆက်၊ ဟန်မိန်မင်းယုံဖိန်" စိုးစံစဉ်ကာလ ၁၀ နှစ်အတွင်းမှာ အိန္ဒိယနိုင်ငံမှ "ဗုဒ္ဓဝါဒ"သည် တရုတ်ပြည်သို့ ရောက်ရှိလာသည်။ လောက်ယံမြို့တော်မှစ၍ "ပတ်မာကျောင်းတော်ကြီး"ဆောက်လုပ်ခဲ့သည်။ ထို့နောက် "ပီငှကတ်တိုက်" နှင့် ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်ခဲ့သည်။"လို့ ဖြစ်တယ်။ အလားတူ "ကောင်းတံ့မျိုးနွယ်သည်" "ဟန်မျိုးနွယ်" လူစွမ်းကောင်းများဖြစ်ကြသည်။ဗုဒ္ဓဘာသာနိုင်ငံအတွင်း အလုံးစုံသောပညာကို အစွမ်းပြသ၍ မိတ်ဆွေဖွဲ့၏။ ကျောင်းတော်ကြီးသည် ထည်ဝါလှပ တင့်တယ်လာသောကြောင့် "ကွမ်ယင်မယ်တော်"၏ တန်ခိုးတော်သည်ပို၍ကျော်ကြားလာ၏။ ကျောင်းတော်ကြီး တည်ဆောက်ခဲ့သည်မှာ နှစ်ပေါင်းရာကျော်လေပြီ။"လို့လည်း ပြည့်စုံကုံလုံစွာ မှတ်တမ်းပြုပေးထားပါသေးတယ်။

ခရစ် ၁၈၂၄ ခုနှစ်ကပင် စတင်မှတ်တမ်းဝင်ခဲ့တဲ့ "ကောင်းတံ့ကွမ်ယင်မယ်တော် ဘုရားကျောင်း"ဟာ မျက်မှောက်ပြုနေတဲ့ "၂၀၁၀ ခုနှစ်"မှာ သက်တမ်း ၁၈၄ နှစ် ရှိနေပြီဖြစ်ပါတယ်။ ရန်ကုန်မြို့လယ် China Town က Chinese Temple ကြီးဟာ ယာဉ်သံ၊ လူသံနဲ့ လမ်းဘေးဈေးသည်တို့ရဲ့ တစ်ရံမစဲ ဆူညံသံတွေကြားကပင် ဘာသာဝင်တို့ရဲ့ "သဒ္ဓါသုခ"ကို ပေးစွမ်းနေဆဲဖြစ်ပါကြောင်း၊ သမိုင်းမှတ်တမ်းပြုလိုက်ရပါပေတယ်။

**မောင်မြတ်မွန်(ဆူးလေ)**





■ ဇော်ဟိန်း

# မြေယာအမှီပြုလုပ်ငန်းများအတွက် ငွေကြေးအရင်းအနှီးနဲ့ စီမံခန့်ခွဲမှုလမ်းကြောင်း



မြန်မာနိုင်ငံ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနရဲ့ ထုတ်ပြန်ချက်အရ တိုင်းပြည်စီးပွား တိုးတက်မှုနှုန်း(ဂျီဒီပီ)ဟာ ၂၀၁၆ ခုနှစ်မှာ ၅ ဒသမ ၉ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်မှာ ၆ ဒသမ ၇ ရာခိုင်နှုန်းနဲ့ ၂၀၁၈ မှာ ၇ ရာခိုင်နှုန်းရှိမယ်လို့ ဆိုထားပါတယ်။ ဒီကိန်းညွှန်း တွေဟာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နဲ့ ကမ္ဘာ့ဘဏ်တို့ရဲ့ တွက်ချက်မှုတွေနဲ့ မယိုးမယွင်းရှိနေတော့ မြန်မာနိုင်ငံရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုဟာ အတက်ဘက်ကို ရောက်နေ တယ်လို့ ဆိုနိုင်ပါတယ်။ ဒီကိန်းဂဏန်းတွေအပေါ် လုံးဝဥဿုံ အားထားရမယ်လို့ မပြောသာပေမယ့် အတိုင်းအတာတစ်ခုအထိ အထောက်အထားပြုနိုင်ပါတယ်။ ဘောဂဗေဒသီအိုရီအရ အမျိုးသားစီးပွားရေးကို အခြေခံတွက်ချက်ခန့် မှန်းထားတာကြောင့် တစ်ဦးချင်းစီးပွားရေးယူနစ်များကို ပေါင်းစပ်ပြီး တွက်ချက်တဲ့ မက်ခရိုဘောဂဗေဒ(Macroeconomics) က ဖော်ညွှန်း တဲ့ ကိန်းဂဏန်းများနဲ့တော့ ကွာခြားကောင်းကွာခြားနိုင်ပါတယ်။ ဒါကြောင့်





လည်း စီမံကိန်းရေးဆွဲရေး ဦးစီးဌာနရဲ့ အညွှန်းကိန်းများအရ တိုင်းပြည်စီးပွားဖွံ့ဖြိုးမှုနှုန်းဟာ အတက်ဘက်ကိုပြနေပေမယ့် လက်တွေ့နယ်ပယ်မှာ စီးပွားရေးကျဆင်းသွားတယ်၊ ကြပ်တည်းလာတယ်ဆိုတဲ့ အသံတွေ ထွက်နေတာပဲဖြစ်ပါတယ်။

ဘောဂဗေဒပညာရှင်တွေရဲ့အမြေကြ ရှင်းပါတယ်။ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပေမယ့် လက်တွေ့ဘဝမှာ တစ်ဦးချင်းစီးပွားရေးယူနစ်တွေရဲ့ လုပ်ငန်းတွေ ကျဆင်းသွားရတယ်ဆိုတာဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပရမ်းပတာဖြစ်နေတဲ့ အမျိုးသားစီးပွားရေးအခြေအနေကို တည်ငြိမ်မှုရအောင် လုပ်နေရလို့ပဲဖြစ်ပါတယ်။ အမျိုးသားစီးပွားရေးကို နည်းမှန်လမ်းမှန် လည်ပတ်နေတဲ့ ယန္တရားတစ်ရပ်အဖြစ်ရောက်ရှိအောင် ဆောင်ရွက်ရာမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ဖြစ်လေ့ရှိတဲ့ သဘာဝအတိုင်း တစ်ဦးချင်းစီးပွားရေးယူနစ်တွေဟာ အနိုက်အတန့်အားဖြင့် အကျဉ်းအကြပ်ထဲကို ရောက်သွားတတ်တာပဲဖြစ်ပါတယ်။ ကြေးအထပ်ထပ်တက်နေတဲ့ ဝတ္ထုပစ္စည်းကို ဆေးကြောသန့်စင်တဲ့အခါ အညစ်အကြေးများထွက်လာတဲ့ ဘေးထွက်ဆိုးကျိုးလိုပါပဲ။ အကောင်းဘက်ကို တွန်းထိုးဆောင်ရွက်ရင်း မလွှဲမရှောင်သာ ကြုံတွေ့ရတတ်တဲ့ တိုက်ရိုက်ဆိုးကျိုးသက်ရောက်မှုလို့ ဆိုနိုင်ပါတယ်။ ဒီအချက်ကို ဘောဂဗေဒပညာရှင်များက လက်ခံနိုင်ပေမယ့် ကာလတိုအတွင်းပဲ ဖြစ်သင့်တယ်လို့ ထောက်ပြထားတဲ့အပြင် အစိုးရပိုင်းအနေနဲ့ စီးပွားရေးယူနစ်တွေရဲ့ လုပ်ငန်းဆိုင်ရာအခက်အခဲတွေကို ငွေကြေးအား မြှင့်ပေးခြင်း (Financial Stimulus) နည်းလမ်းနဲ့ ဖြေရှင်းသင့်တယ်လို့ဆိုကြပါတယ်။

ဒီအခြေအနေမျိုးမှာ အစိုးရနဲ့ အရပ်ဘက် လူမှုစီးပွားအဖွဲ့အစည်းတွေရဲ့ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှု လိုအပ်သလို လုပ်ဆောင်နိုင်စွမ်းရှိဖို့လည်းလိုအပ်ပါတယ်။ တစ်ဦးချင်းစီးပွားရေးယူနစ်တွေဟာ တစ်နည်းအားဖြင့် အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေကို ရည်ညွှန်းတာပဲ ဖြစ်ပါတယ်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းငယ်တွေရဲ့ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုတွေ ကျဆင်းလာခြင်းဟာ ပြည်သူတွေရဲ့ စီးပွားရေးဘဝ ကျဆင်းလာခြင်းပဲဖြစ်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံသစ်ဆီသို့ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး ဘယ်လိုပဲသွားသွား မြန်မာနိုင်ငံရဲ့စီးပွားရေးကို ဖြတ်လမ်းက တိုးတက်အောင် လုပ်လို့မရနိုင်ဘူးဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနဲ့ စက်မှုကဏ္ဍတွေကို ဘက်ညီတိုးတက်စေပြီး လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီတဲ့ စီးပွားရေးကို ဖော်ဆောင်ရမယ်လို့ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒအမှတ်စဉ် (၆)မှာ ဖော်ပြထားပါတယ်။ အမှန်တော့



## သားငါး ပုစွန် မွေးမြူရေးနယ်မြေမှာ အမှန်တကယ်လုပ်ကိုင်နေတဲ့ ဧရိယာနဲ့ မှတ်တမ်းစာရင်းကွာခြားနေမှုတွေ၊ မော်ဘီ၊ မင်္ဂလာဒုံနယ်မြေအတွင်းမှာ ရွာမြေသတ်မှတ်မှု မြေပုံ မြေပြင် မကိုက်ညီမှုတွေရှိနေတာကြောင့် . . .

လယ်ယာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရမယ်ဆိုရင် လယ်ယာ၊ သားငါး၊ သစ်တော သယံဇာတတွေ အကျုံးဝင်ပြီးဖြစ်လို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောထွက်ပစ္စည်း၊ စတာတွေကိုပါ ဟန်ချက်ညီ တိုးတက်အောင် လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ လယ်ယာကဏ္ဍကို ကိုင်တွယ်မယ်ဆိုရင် မြေယာစီမံခန့်ခွဲရေးဟာ မလွဲမသွေ ပါဝင်ရမှာဖြစ်ပါတယ်။ မြေအသုံးချမှုပုံစံ အမျိုးအစားပေါင်း ၂၀ ကျော်ရှိတဲ့အနက် ကြေးတိုင်နဲ့ မြေစာရင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဦးစီးဌာန စတဲ့ ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ရဲ့ စနစ်တကျ စီမံခန့်ခွဲမှုများ၊ မလွဲမသွေလိုအပ်မှာဖြစ်ပါတယ်။ တိကျမှန်ကန်တဲ့ ကိန်းဂဏန်းအချက်အလက်များပေါ် အခြေခံပြီး ခေတ်နဲ့လျော်ညီတဲ့ မြေပုံ၊ မြေပြင်ကိုက်ညီအောင် ပြုပြင်ရေးဆွဲ မှတ်တမ်းပြုရမှာဖြစ်သလို သတင်းအချက်အလက်များလည်း ထုတ်ပြန်ပေးဖို့ လိုအပ်ပါတယ်။

လုပ်ပိုင်ခွင့်ရရှိထားတဲ့ လယ်မြေ၊ ယာမြေ၊ သားငါး ပုစွန် မွေးမြူရေးနယ်မြေ၊ စက်ရုံ အလုပ်ရုံ နယ်မြေ၊ မြို့မြေ ရွာမြေများ၊ စီမံကိန်း၊ သိမ်းဆည်းမြေ၊ ပြန်လည်ရှင်းလွှတ်မြေများကို မြေပြင်သတင်းအချက်အလက်များနဲ့တိုက်ဆိုင်စစ်ဆေးပြီး တည်ဆဲ ဥပဒေနဲ့အညီ မြေအသုံးချမှုဖြစ်အောင် ပြည်ထောင်စု၊ ပြည်နယ်နဲ့တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဆိုင်ရာဦးစီးဌာနများက ကြပ်မတ်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာပဲ သားငါး ပုစွန် မွေးမြူရေးနယ်မြေမှာ အမှန်တကယ် လုပ်ကိုင်နေတဲ့ ဧရိယာနဲ့ မှတ်တမ်းစာရင်း ကွာခြားနေမှုတွေ၊ မော်ဘီ၊ မင်္ဂလာဒုံနယ် မြေအတွင်းမှာ ရွာမြေသတ်မှတ်မှု မြေပုံ မြေပြင် မကိုက်ညီမှုတွေရှိနေတာကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် ကွဲလွဲချက်တွေ များစွာရှိနေမယ်ဆိုတာ သေချာလှပါတယ်။ လယ်ယာမြေနဲ့ မွေးမြူရေး နယ်မြေတွေကိုအခြေခံပြီးကုန်ထုတ်လုပ်ငန်း ဆောင်ရွက်နေရတဲ့ စိုက်ပျိုးမွေးမြူရေး သမားတွေ၊ မြို့ရွာမြေကို အခြေပြုပြီး ထုတ်လုပ်မှု ဖန်ဆောင်မှုလုပ်ငန်းတွေ လုပ်ကိုင် နေရတဲ့ အသေးစားနဲ့အလတ်စားစီးပွားရေး လုပ်ငန်းရှင်တွေအတွက် မြေယာပိုင်ဆိုင်မှု၊ လုပ်ငန်းလုပ်ကိုင်ခွင့်ချထားမှု စတာတွေကို စနစ်တကျ သတ်မှတ်ချထားပေးဖို့ လိုအပ် ပါတယ်။ ဒီအထောက်အထားခိုင်လုံမှုတွေဟာ အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ပေးမယ့် ချေးငွေစီမံချက်နဲ့လည်း တိုက်ရိုက်ပတ်သက်နေတယ်ဆိုတာ ဆိုင်ရာ ဦးစီးဌာနတွေက ကောင်းစွာသိရှိဖို့လိုအပ်လှ ပါတယ်။

အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေဖို့ မြန်မာ့ စီးပွားရေးဘဏ်နဲ့ ပုဂ္ဂလိကဘဏ်တွေက ချေးငွေထုတ်ပေးရေးအစီအမံများ ချမှတ် ဆောင်ရွက်နေပေမယ့် ငွေချေးယူရရှိတဲ့ လုပ်ငန်းဟာ လွန်စွာနည်းပါးနေကြောင်း သိရှိရပါတယ်။ အာမခံထားပြီး ချေးယူ သည်ဖြစ်စေ၊ အာမခံအပေါင်ပစ္စည်းမတင် ဘဲ ချေးယူသည်ဖြစ်စေ ဆိုင်ရာအစိုးရဌာန များနဲ့ ဘဏ်များရဲ့ လုပ်ငန်းဆောင်ရွက်မှု ဟာ စီးပွားရေးလုပ်ငန်းရှင်များအပေါ် ထိ ရောက်မှုအားနည်းနေတာ ထင်ရှားပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့အသေး စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းပေါင်း ၆၀၀၀၀ ကျော်လောက် ချေးငွေရရှိရေး တင်ပြတောင်းခံထားရာမှာ အလားအလာရှိ တဲ့ လုပ်ငန်းပေါင်း ၃၀၀ လောက်ကို ကနဦးချေးငွေပေးဖို့ စီမံထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းနှောင့် နှေးကြန့်ကြာနေတာလည်း တွေ့ရှိနေရပါ တယ်။ အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနဲ့ အလုပ်အဖွဲ့များ ဖွဲ့စည်းထားပေမယ့် ဌာန ဆိုင်ရာ ကိုယ်စားလှယ်တွေနဲ့ အရပ်ဘက် အဖွဲ့အစည်းတွေ ပေါင်းစပ်ပါဝင်တဲ့အတွက် အုပ်ချုပ်မှုလမ်းကြောင်း ပပြတ်ပသားဖြစ်ပြီး







ဖမောင်းနှင်အားမဲ့နေတာကို ပြုပြင်ဖို့လိုအပ်နေပြီ ဖြစ်ပါတယ်။

စက်မှုစစ်ဆေးရေးနဲ့ ကြီးကြပ်ရေးဦးစီးဌာန၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဟာ လုပ်ငန်းမှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပြီး စာရင်းဇယားများကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက မှတ်တမ်းပြုပါတယ်။ အဲဒီမှတ်တမ်းမှာ စက်မှုစစ်ဆေးရေးနဲ့ ကြီးကြပ်ရေးဦးစီးဌာနသာမက အခြားသော ဝန်ကြီးဌာနတွေရဲ့ လက်အောက်ခံဦးစီးဌာနတွေမှာ မှတ်ပုံတင်ထားတဲ့ လုပ်ငန်းရှင်များစာရင်းလည်း ပါဝင်ပါတယ်။ စက်မှုလက်မှုလုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သမဝါယမ အိမ်တွင်းစက်မှုလုပ်ငန်း၊ မြို့တော်စည်ပင် စသည်ဖြင့် လုပ်ငန်းအမျိုးအစားအလိုက် တူညီတဲ့ဦးစီးဌာနများမှာ လုပ်ငန်းလိုင်စင်ရရှိထားပြီး ချေးငွေလျှောက်ထားတဲ့အခါ ငွေထုတ်ချေးပေးမယ့် မြန်မာ့စီးပွားရေးဘဏ်နဲ့ ပုဂ္ဂလိကဘဏ်များကလည်း အေဂျင်စီရဲ့ ထောက်ခံချက်ကိုရယူဖို့ လိုအပ်လာပြန်ပါတယ်။

အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ ဘဏ်လုပ်ငန်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ စက်မှုစစ်ဆေးရေးနဲ့ ကြီးကြပ်ရေးဦးစီးဌာန၊ လုပ်ငန်းအေဂျင်စီ စသည်ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားရာမှာ ဘယ်လုပ်ငန်း၊ ဘယ်အဖွဲ့အစည်းက ဦးဆောင်တာဝန်ယူ ဆောင်ရွက်ရမယ်ဆိုတာ တိကျပြတ်သားဖို့ လိုအပ်ပါတယ်။ အုပ်ချုပ်မှုနဲ့ စီမံခန့်ခွဲမှုလမ်းကြောင်း မှန်ကန်မှသာလျှင် လက်တွေ့ဆောင်ရွက်ရာမှာ လွယ်ကူမြန်ဆန်မှာဖြစ်ပါတယ်။

အချုပ်အားဖြင့် မြေယာကို အမှီပြုပြီး လုပ်ကိုင်နေတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများအတွက် မြေယာအာမခံချက်ရရှိအောင် မြေပုံ မြေပြင် တိုက်ဆိုင်စစ်ဆေးပြီး တည်ဆဲဥပဒေနဲ့အညီ ချထားပေးဖို့လိုအပ်သလို ငွေကြေးအရင်းအနှီး ရရှိရေးမှာလည်း ဆိုင်ရာဦးစီးဌာန၊ ဘဏ်လုပ်ငန်းနဲ့ အေဂျင်စီတို့အတွက် အုပ်ချုပ်စီမံခန့်ခွဲမှုလမ်းကြောင်း သတ်မှတ်ပေးဖို့လည်း လိုအပ်နေပြီဖြစ်ပါတယ်။ သို့မှသာ အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးအရင်းအနှီး၊ တစ်နည်းအားဖြင့် ချေးငွေလိုအပ်ချက်ကို လွယ်ကူလျင်မြန်စွာ ဖြည့်ဆည်းပေးနိုင်မှာဖြစ်တဲ့အပြင် တစ်ဆင့်တက်ပြီး နည်းပညာလိုအပ်ချက်၊ ကျွမ်းကျင်လုပ်သား လိုအပ်ချက်၊ ဈေးကွက်လိုအပ်ချက် စတဲ့စိန်ခေါ်မှုများကို တစ်ရစ်ချင်း ဖြေရှင်းသွားနိုင်မှာဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။

**ဇော်ဟိန်း**





# မောင်သိင်္ဂ

## [illegible] ...

City MAGAZINE

နေသာတဲ့ ဖေဖော်ဝါရီလရဲ့ တစ်မနက်မှာ ကျွန်မရဲ့ဖုန်းသံ မြည်လာပါတယ်။

"မာဂျိုရီဟုမ်းပါလား ခင်ဗျာ"

အသံညြဖာကောင်းကောင်းနဲ့ယောက်ျားကြီးတစ်ယောက်က ခေါ်တာဖြစ်ပါတယ်။

"ခင်ဗျား ကျွန်တော့်အသက်ကို ကယ်လိုက်တာပဲ၊ ကျွန်တော် ခင်ဗျားကို တွေ့ချင်တယ်"

"အို - ဘယ်နှယ်ပါလိမ့်" လို့ ကျွန်မတွေးလိုက်မိတယ်။ ဒါပေမဲ့ ကျွန်မဖုန်းကိုတော့ ချမပစ်လိုက်ပါဘူး။ စာရေးသူတစ်ဦးအနေနဲ့ တစ်ဖက်ရဲ့ပြောစကားကို နားထောင်ပေးရမယ်ဆိုတာ ကျွန်မ နားလည်တယ်။ သူ့နာမည်က သူပြောတာ ဂျော့ရှမေလာတဲ့။ ဆရာဝန်တစ်ယောက်ပါ။ သူ့ ဇနီးက လွန်ခဲ့တဲ့ ရှစ်လလောက်က ဆုံးသွားတာတဲ့။

ခရေစွမတ်အကြိုနေ့မှာ သူဟာ ဝမ်းနည်းမှုဆွေးရလွန်းလို့ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့တောင် ကြံစည်မိခဲ့ပြီး ကျွန်မရဲ့ စာအုပ် "ကျွန်ုပ် တစ်ဝုံတစ်ယောက်ကိုတော့ ရင်ဖွင့်ပြောရလိမ့်မယ်၊ အဲဒါကတော့ ဘုရားသခင်ပဲ"ဆိုတာကို သူ့အမျိုးသမီးရဲ့ စာအုပ်စင်မှာတွေ့ပြီး ဖတ်မိခဲ့တယ်တဲ့။

"အဲ့ဒီညက အဲဒီစာအုပ်ကို ဖတ်ပြီး ဘဝတစ်ခုဟာ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ သိခဲ့ရတယ်"လို့ ဆက်ပြောတယ်။

သူက ဝါရှင်တန်ဒီစီမှာနေတဲ့ သူ့သားအိမ်ကနေ ဖုန်းဆက်နေတာ။

"ခင်ဗျားက ဝါရှင်တန်ဝန်းကျင်မှာ နေတယ်ဆိုတာ ကျွန်တော်သိတယ်၊ ခင်ဗျားရဲ့ ခင်ပွန်းဖုန်းနံပါတ်ကို ရှာတွေ့ပြီး ဆက်လိုက်တာ၊ ခင်ဗျားရဲ့ မိတ်တော်သူကပြောတယ်၊ ခင်ဗျားခင်ပွန်းက လွန်ခဲ့တဲ့တစ်နှစ်က ဆုံးသွားတယ်ဆိုတာလည်း သိခဲ့ရတယ်"

"ခင်ဗျား အချိန်ပေးနိုင်ရင် တွေ့ချင်တယ်"တဲ့။

ကျွန်မကလည်း သူ့ကိုတွေ့ချင်မိပါတယ်။ ဒါပေမဲ့ အခြေအနေမပေးကြောင်း၊ နောက်မကြာမီ နှစ်ပတ်ခရီးထွက်ဖို့ရှိကြောင်း ပြောလိုက်တယ်။ သူက–

"ကျွန်တော်စောင့်ပါမယ်၊ ပြန်လာရင်သာ ကျွန်တော့်ကိုဖုန်းဆက်အကြောင်းကြားဖို့ ကတိပေးပါ၊ ကျွန်တော်တို့မှာ အချိန်သိပ်

---

ချိန်းထားတဲ့အချိန်ထက်

တစ်နာရီလောက်စောပြီး

ဂျော့ရောက်လာပါတယ်။

သမီးဖြစ်တဲ့ မီလာနီနဲ့ သားမက်ဖြစ်တဲ့

ဟားရစ်တို့က ညှော်ဝတ်ပြုကြတယ်။

ကျွန်မကတော့ မိတ်ကပ်နဲ့

အလုပ်ရှုပ်ခဲ့တာပေါ့ . . .



မရှိဘူး"လို့လည်း ပြောပါတယ်။

ကျွန်မ ခရီးကနေပြန်ရောက်တော့ သူ့ဆီကစာတွေ၊ ကျွန်မစာတိုက်ပုံးထဲမှာ အတော်များများရောက်နေတာတွေ့ရတယ်။ ကျွန်မလည်း၊ ကတိပေးထားတဲ့အတိုင်း ဖုန်းဆက်တယ်။ တစ်နေရာရာမှာတွေ့ကြဖို့ ချိန်းလိုက်တယ်။

ဒါဟာ ကျွန်မအတွက် အိမ်ထောင်ကျပြီးတဲ့နောက် လူစိမ်းတစ်ယောက်နဲ့ ချိန်းတွေ့ခြင်းပါပဲ။ ပြီးတော့ အဲဒီလိုတွေ့ကြဖို့လည်း စိတ်စောနေမိတယ်။ တစ်မျိုးတော့ တစ်မျိုးပဲလို့ ခံစားရတယ်။

အဲဒီ ခရေစွမတ်အကြိုညှ၊ ဂျော့တစ်ယောက် ကျွန်မရဲ့စာအုပ်ကို ဖတ်နေတဲ့အချိန်တုန်းက ကျွန်မ ဘာလုပ်နေပါလိမ့်လို့ စဉ်းစားလိုက်တော့ ကျွန်မဟာ အထီးကျန်စွာနဲ့ တီဗွီကြည့်နေခဲ့မိတယ်၊ တီဗွီမှာက စုံတွဲတွေ ကနေတာကိုတွေ့ရတယ်။ ကျွန်မရဲ့သမီး မီလာနီက "အမေ အခန်းအောင်းမနေသင့်ဘူး။ သမီးတို့လည်း အမေ့ကို အများကြီးချစ်ပါတယ်၊ ဒါပေမဲ့ အမေက နာတာရှည်မကျန်းမမာဖြစ်ခဲ့တာ၊ အမေစိတ်ဆင်းရဲခဲ့ရတာ သိပါတယ်၊ အမေ အခု ပျော်ပျော်ရွှင်ရွှင်နေသင့်ပါတယ်"လို့ စာနာနားလည်စိတ်နဲ့ ဖျောင်းဖျလို့ဆိုပါတယ်။

အဲဒီနေ့ညနေပိုင်းက ချိန်းထားတဲ့အချိန်ထက် တစ်နာရီလောက်စောပြီး ဂျော့ရောက်လာပါတယ်။ သမီးဖြစ်တဲ့ မီလာနီနဲ့ သားမက်ဖြစ်တဲ့ ဟားရစ်တို့က ညှော်ဝတ်ပြုကြတယ်။ ကျွန်မကတော့ မိတ်ကပ်နဲ့ အလုပ်ရှုပ်ခဲ့တာပေါ့၊ စိတ်ကိုလည်းတည်ငြိမ်အောင် ကြိုးစားရပါတယ်။ နောက်ဆုံးတော့ အသက်ကိုပြင်းပြင်းရှူပြီး ထွက်တွေ့ခဲ့ပါတယ်။

အရပ်မြင့်မြင့်၊ ကျားကျားလျားလျားနဲ့ လူတစ်ယောက် ထိုင်ရာကထပြီး လက်ထဲမှာလည်း နှင်းဆီပန်းတစ်ပွေ့တစ်ပိုက်နဲ့ ကျွန်မကိုကြိုပါတယ်။ သူ့မှာ ကျွန်မတွေ့ဖူးသမျှထဲမှာ အပြာဆုံးမျက်လုံးရှိပြီး ဆံပင်က အဖြူရောပြီး ကောက်ကွေးနေပါတယ်။ သူဟာ ကျောင်းသားလေးတစ်ယောက်လို ကိုယ်ကို ကိုင်းညွှတ်ပြီး သူ့လက်ထဲက ပန်းစည်းကို ကျွန်မကိုပေးပါတယ်။

"ခင်ဗျားက တော်တော်လေး သေးကွေးပါလား"လို့ အံ့ဩနေတယ်။ ဒါပေမဲ့



**ချက်ချင်းဆိုသလို ကျွန်မတို့ တစ်ဦးကိုတစ်ဦးဖက်ပွေ့မိသွားပါတယ်။ ညနေစာကို ကျွန်မအိမ်နဲ့နီးတဲ့ စားသောက်ဆိုင်မှာပဲ စားသောက်ခဲ့ကြပါတယ်။ သူက အတော်စကိုင်ကျတယ်။ တည်ကြည်ခန့်ညားပြီး ရယ်စရာမောစရာပြောတတ်တယ်။ ကျွန်မအဖို့ ဘယ်သူနဲ့မှမတူတဲ့ . . .**

---

သူ့အသံက ကြည်နူးနေတဲ့သဘောပါတယ်။ ''ခင်ဗျားကို အိတ်ကပ်ထဲထောင် ထည့်နိုင်မယ်''လို့လည်း ကျီစယ်ပါတယ်။

''ရှင်က အရပ်မြင့်လွန်းတာကို''

''စိတ်ထဲမထားပါနဲ့ ကျွန်တော်တို့ချင်း လိုက်ဖက်ပါတယ်''

သူက လက်နှစ်ဖက်ကို ကားလိုက်တယ်။ ချက်ချင်းဆိုသလို ကျွန်မတို့ တစ်ဦးကိုတစ်ဦး ဖက်ပွေ့မိသွားပါတယ်။ ညနေစာကို ကျွန်မအိမ်နဲ့နီးတဲ့ စားသောက်ဆိုင်မှာပဲ စားသောက်ခဲ့ကြပါတယ်။ သူက အတော်စကိုင်ကျတယ်။ တည်ကြည်ခန့်ညားပြီး ရယ်စရာမောစရာ ပြောတတ်တယ်။ ကျွန်မအဖို့ ဘယ်သူနဲ့မှမတူတဲ့ စိတ်သက်သာမှုမျိုး ခံစားရတယ်။ စားသောက်ပြီးလို့ ကားဆီကို လမ်းလျှောက်လာတဲ့အခါမှာလည်း သူက သီချင်းညည်းလိုက်သေးတယ်။ အဲဒီသီချင်းက ကျွန်မတို့နှစ်ယောက်လုံးရတဲ့ သီချင်းဖြစ်နေတာရယ်။ သူ့အသံကလည်း ဆွဲဆောင်မှုရှိနေလို့ ကျွန်မ အမှတ်ရနေမိပါတယ်။

အိမ်ရောက်လို့ ကျွန်မက ကော်ဖီဖျော်နေတုန်း၊ သူက လက်ဆွဲအိတ်ကိုဖွင့်ပြီး သူ့မိသားစုဓာတ်ပုံကိုပြတယ်။ သူ့ဇနီး ကာရိုလင်းဆိုတာက ပိန်ပါးပါးနဲ့ ယဉ်ယဉ်လေးပဲ။ သားနှစ်ယောက်ကလည်း လူချောလေးတွေ၊ သမီးလေးကလည်း ချစ်စရာလေး။

ဂျော့နဲ့ ကာရိုလင်းက ဆောင်းရာသီတိုင်း အပန်းဖြေခရီး ထွက်တတ်ကြတယ်။ ဘာမြူဒါဘက်လည်း ပင်လယ်ခရီးထွက်တတ်ကြတယ်။

''ကျွန်တော်က ဇနီးကိုစွက်ကို အမြဲတမ်း ပထမဦးစားပေးစဉ်းစားတယ်၊ ဒါပေမဲ့ နေ့ရောက်ပြီဆိုတာနဲ့ ကလေးတွေနဲ့ ရေကန်ဘေးမှာ အချိန်ကုန်တာများတယ်''လို့ ဂျော့က ရှင်းပြတယ်။

''ဒါဆိုရင် ရှင်ဆေးကုတဲ့အချိန်က ဘယ်အချိန်လဲ''လို့ ကျွန်မကမေးတော့–

''ခရီးမထွက်တဲ့အချိန်တွေပေါ့''လို့ ရယ်မောပြီးပြောပါတယ်။ ''ကျွန်တော်က အလုပ်လုပ်ပြီဆိုရင် အပြတ်ပဲ၊ ကျွန်တော့် ဆောင်ပုဒ်က အလုပ်လုပ်တယ်၊ ကစားတယ်၊ ချစ်မယ်၊ ဘုရားဆုတောင်းမယ်၊ "Work and Play,Love and Pray"ပဲ၊ ဘုရားသခင်ပြီးရင်တော့ ဇနီးနဲ့ သားသမီးတွေအပေါ် ချစ်မြတ်နိုးရမှာပဲ''

''ဘုရားသခင်ကို ဦးစားမပေးမချစ်ခဲ့ဘူးဆိုရင် တခြားလူတွေအပေါ်မှာ မေတ္တာထားနိုင်မယ်မထင်ဘူး'' ဂျော့က ခထားနားလိုက်တယ်။ ပြီးတော့မှ စိတ်လှုပ်ရှားတဲ့အသံနဲ့–

''ဥပမာ ကာရိုလင်းပေါ့ အခု ခင်ဗျားအပေါ် မေတ္တာထားတာမျိုးပေါ့''လို့ ပြောပြောဆိုဆိုနဲ့ ကျွန်မကို အကြင်နာပေးပါတော့တယ်။

ကျွန်မလေး အပျိုဖြန်းလေးလိုဖြစ်သွားတယ်။ ကျွန်မ ဘာလုပ်လို့ ဘာကိုင်ရမယ် မှန်းမသိ ဖြစ်သွားတယ်။

''အဲ့ဒါကောင်းပါတယ်၊ ရှင့်ဇနီးလည်း ရှင့်လိုပဲ သဘောထားရှိမယ်ထင်ပါတယ်'' လို့တော့ ပြောမိသွားပါတယ်။

''အို…သူက သိပ်အံ့ဩဖို့ကောင်းတဲ့ အမျိုးသမီးပါဗျာ''လို့ ပြောရင်း သူတို့ရဲ့ အိမ်ထောင်ရေးကိစ္စကို ဆက်ပြောပါတယ်။ တကယ်တော့ ကာရိုလင်းတစ်ဦးတည်းသာလျှင် သူချစ်တာမဟုတ်ပါဘူး။ သူ့အတွင်းရေးမှူးရဲ့ သူနာပြုဆရာမလေးတို့ကိုလည်း မေတ္တာရှိခဲ့ကြောင်း သူပြောပါတယ်။ ဒါပေမဲ့ သူ့ဇနီး ရုတ်တရက်ဆုံးသွားတဲ့အခါမှာ သူ လပေါင်းများစွာ နေမထိထိုင်မသာ ဖြစ်ခဲ့ရပါတယ်တဲ့။

အဲဒီနောက် သူက ကျွန်မရေးတဲ့ စာအုပ်ကို တွေ့သွားတာပါပဲ။ ''အဲဒီစာအုပ်မှာ ခင်ဗျားလည်း အတော်လေးခံစားခဲ့ရတယ်လို့ ပြောထားတယ်၊ ဒီလိုပါပဲဗျာ၊ လူတော်တော်များများ ခံစားခဲ့ကြရတာပါပဲ၊

ဒါပေမဲ့ ဘုရားသခင်ရဲ့ အကူအညီနဲ့ ကျွန်တော်တို့ ရှေ့ဆက်သွားကြရမှာပါပဲ" ခင်တည်တည် ခပ်မှန်မှန်နဲ့ပြောချင်တဲ့လေသံ ပျောက်သွားပါတယ်။

"ခင်ဗျား ကျွန်တော့်ကိုလက်ထပ်နိုင်မလား"

သူက တောင်းပန်းတိုးလျှိုးတဲ့အကြည့်နဲ့ ပြောပါတယ်။

ကျွန်မက ခေါင်းကိုခါယမ်းလိုက်တယ်။ "မဖြစ်နိုင်ဘူး ဂျော့၊ ရှင်က အခုထိ ရှင့်ဇနီးကို လွမ်းဆွေးနေတုန်းလေ၊ သူက ရှင့်အတွက် ပျော်ကနိုသင့်မြတ်ပေမယ့် ကျွန်မက အဲဒီလိုမဖြစ်နိုင်ဘူး"

"အို…အတိတ်က ကျန်ခဲ့ပြီလေ"လို့ သူက စိတ်လှုပ်ရှားစွာနဲ့ပြောတယ်။ ခင်ဗျားအသံကို ကြားလိုက်ကတည်းက ကျွန်တော့်စိတ်တွေ တစ်မျိုးဖြစ်သွားတယ်။ အိပ်မက်ရှည်တစ်ခုကနေ လှုပ်နှိုးလိုက်သလိုပါပဲ၊ ခင်ဗျားကို ဒီညတွေ့မြင်ရတော့ ပိုသေချာသွားတယ်။ ခင်ဗျားစာအုပ်ကြောင့် မဟုတ်ပါဘူး။ အခုလေးတင် တစ်ဦးနဲ့တစ်ဦး တွေ့မြင် စကားပြောမိပြန်တော့ ကျွန်တော်တို့ချင်း တစ်ဦးကိုတစ်ဦး လိုအပ်တယ်လို့ မြင်ပါတယ်။ ကျေးဇူးပြုပြီး ကျွန်တော့်ကို နားလည်ဖို့ကြိုးစားပေးပါ"

ကျွန်မက အခြေအနေကိုရှင်းပြတယ်။ သူက မိုင် ၂၀၀ ကျော်ဝေးတဲ့ ပင်စီဗေးနီးယားက ပစ္စဘတ်မှာ ဆေးခန်းထိုင်နေချိန် ကျွန်မက နောက်ထုတ်မယ့်စာအုပ်အတွက် အလုပ်များနေချိန်ဖြစ်မယ်။

"ကျွန်တော် ခင်ဗျားကို ထပ်တွေ့လို့ရမလား"

လောလောဆယ် ခနပါဦး၊ ကျွန်မက မနက်ဖြန် စာအုပ်ထုတ်ဝေသူများရဲ့ အစည်းအဝေးတက်ဖို့ရှိကြောင်း၊ အဲဒီနောက် မကြာမီ အစ္စရေးကို သီတင်းနှစ်ပတ်ကြာ ခရီးထွက်ဖို့ရှိကြောင်း ပြောပြပါတယ်။

"ကျွန်တော်ပါ အတူလိုက်လို့မရဘူးလား"

"အို…မရပါဘူး"

ကျွန်မ သူ့ကို နားလည်အောင် နှစ်သိမ့်ပြီး တံခါးဝဆီပြန်ပို့တဲ့အခါ နှုတ်ဆက်အနမ်းလေးလည်း ပေးခဲ့ပါတယ်။

သူကားထွက်သွားတာကိုစောင့်ပြီး ကျွန်မ ဝမ်းနည်းရမလား၊ ဝမ်းသာရမလား ဝေခွဲမရဖြစ်ခဲ့ပါတယ်။ ဒီလိုလူကို ကျွန်မ ဥပေက္ခာမပြုနိုင်ပါဘူး။ "အေးလေ ရှိပါစေတော့၊ နောက်လည်း သူ့ကိုပြန်တွေ့ရမယ် မထင်ပါဘူး"လို့ တွေးမိ ဆွေးမိပါတယ်။

ကျွန်မ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ဂျော့က ကျွန်မ အတော်ခံစားခဲ့ရမယ်လို့ ပြောမယ့်သာပြောတယ်၊ ကျွန်မအိမ်ထောင်ရေး ကံမကောင်းတဲ့အကြောင်းကို သိသူသိပ်မရှိလှပါဘူး။ တကယ်တော့ ကျွန်မ ခင်ပွန်း လင်းနဲ့ ကျွန်မဟာ အဝချင်းမတူကြဘူး။ တခန်းဆီးနောက်ကွယ်မှာ အနေဝေးခဲ့ကြတယ်။ သူက ကျွန်မအပေါ် ခပ်ပေါ့ပေါ့ပဲ နေလေ့ရှိပါတယ်။ လူကတော့



လူကောင်းပါ။ ဖခင်ကောင်းတစ်ယောက် ဖြစ်ပြီး သူ့လုပ်ငန်းမှာ သူက မန်နေဂျာတစ်ယောက်မို့ အများလေးစားမှုလည်း ခံရသူပါ။ ဒါပေမဲ့ အလုပ်မှာ စိတ်ဖိစီးမှုဒဏ် ခံရတယ်။ နှစ်တွေကြာလာတော့လည်း ယမကာနဲ့ ကုစားရင်း အရက်သမားလုံးလုံး ဖြစ်သွားတော့တာပါပဲ။ နောက်ဆုံးတော့ ကျွန်မတို့ သားမက်က သူ့အဖေကို အရက်ဖြတ်တဲ့နေရာတစ်နေရာ ပို့လိုက်တယ်။ အဲဒါက သူ့အတွက်ရော ကျွန်မအတွက်ပါ အတော်လေးကောင်းတယ်။ သူက အဲဒီနေရာမှာ အလုပ်အတန်းတွေပြုပြီး နေသွားလိုက်တာ၊ ဆယ့်ငါးနှစ်လောက်အကြာ ၁၉၉၉ ခုနှစ်မှာ ကွယ်လွန်သွားခဲ့ပါတယ်။

--x--x--x--x--x--

ဧပြီလရောက်လာပါပြီ။ ကျွန်မတို့ချင်း ဖုန်းနဲ့အဆက်အသွယ် မပြတ်ခဲ့ကြဘူး။ ကျွန်မ သူ့ကို ခွဲခွဲလန့်လန့်ချစ်မိနေပါပြီ။ ဒါပေမဲ့ သူက လက်ထပ်ဖို့ပြောတိုင်း ကျွန်မ ငြင်းပယ်ခဲ့ပါတယ်။ ကျွန်မ အစ္စရေးကိုသွားဖို့ လေဆိပ်မှာရှိနေတုန်း ကောင်လေးတစ်ယောက်က ကျွန်မဆီ ဖုန်းလာတယ်ဆိုလို့ သွားကိုင်တော့–

"မသွားမီ ကိုယ့်ကိုလက်ထပ်မယ် မဟုတ်လား"တဲ့။ ပစ္စဘတ်ကနေ သူဆက်ပြန်တယ်။ ကျွန်မက ရယ်မောပြီး လေယာဉ်က ခေါ်နေပြီ၊ ကျွန်မပြန်လာမှ တွေ့မယ်ဆိုပြီး ဖုန်းကိုချလိုက်ရတယ်။

ကျွန်မ ခရီးကပြန်လာတော့ သူနဲ့အတူ ကမ်းခြေကိုသွားဖို့သဘောတူခဲ့တယ်။ ကျွန်မတို့ ကမ်းခြေမှာ ရေကူးလိုက်၊ လမ်းလျှောက်လိုက်နဲ့ တကယ့်ကို လွတ်လွတ်လပ်လပ်ကြီး ပျော်ခဲ့ကြပါတယ်။ ကမ်းခြေခရီးကနေမပြန်မီ ကျွန်မ သူ့စိတ်ဓာတ်နဲ့ပတ်သက်လို့လည်း အတော်လေးနားလည်သွားတယ်။ သူက ကိစ္စအတော်များများမှာ ထဲထဲဝင်ဝင်သိနိုင်ပြီး သူ့အမြင်ကို ဖော်ပြတဲ့အခါမှာလည်း ဟာသဉာဏ်အတော်ရှိတယ်လို့ မြင်ပါတယ်။

တနင်္ဂနွေနေ့မှာ ကျွန်မတို့အနားယူတဲ့ရက် ကုန်ဆုံးသွားပါပြီ။ ကျွန်မတို့ ဘုရားကျောင်းမှာထိုင်နေကြရင်း ဝတ်ပြုဖို့စောင့်နေတုန်း ဂျော့က ကျွန်မရဲ့ဘယ်ဘက်လက်ကိုဆွဲပြီး လက်ထပ်လက်စွပ်ကို ဝတ်ပေးပါတယ်။ ပြီးတော့မှ တိုးတိုးလေး–

"ကျွန်ုပ် ဂျော့သည် ဤအမျိုးသမီး မာဂျူရီကို…"ဆိုပါတယ်။ ကျွန်မက သူ့ကို ပါးစပ်ပိတ်ထားဖို့ပြောတယ်။ သူကတော့ "ခင်ဗျား ကျွန်ုပ်ကို လက်ထပ်မှာလား"လို့ ဗြုံးဆို့အောင်ဆက်ဆိုပါတယ်။ အနီးအနားရှိနေကြတဲ့အချို့ လှည့်ကြည့်ကြတော့ ကျွန်မက "အို…လက်ခံပါတယ်"လို့ တိုးတိုးလေး ပြောလိုက်ပါတယ်။

ဘုရားကျောင်းကနေ ပြန်လာတော့ သူက သူ့မိသားစုကိုဖုန်းဆက်ပြီးအကြောင်းကြားတယ်။ သူတို့က 'ဘယ်တော့လဲ'လို့ မေးတဲ့အခါ သူက 'ဇွန်'လို့ပြန်ပြောတာ ကျွန်မကြားလိုက်ရတော့ 'မဟုတ်ဘူး'လို့ ပြောရပါတယ်။ သူ ဖုန်းချတော့မှ ကျွန်မက ဒီနွေမှာ လုပ်စရာတွေ အများကြီးရှိနေကြောင်းနဲ့၊ ကျွန်မတို့ ခရစ္စမတ်မတိုင်မီ လက်ထပ်ဖို့ကိစ္စ ဘယ်လိုမှမဖြစ်နိုင်ကြောင်း၊



**ငယ်ငယ်တုန်းကတော့ စိတ်ကူးယဉ်ခဲ့ပါတယ်။ ကျွန်မကို ထာဝရချစ်မြတ်နိုးမယ့် ယောကျာ်းတစ်ယောက်နဲ့ လက်ထပ်မယ်ပေါ့။ ဒါပေမဲ့ တကယ်လက်တွေ့ အိမ်ထောင်ပြုလာတဲ့အခါကျတော့ . . .**

ရှင်းပြပါတယ်။

''ခရစ္စမတ် . . . ဟုတ်လား''

ဂျေဟာတစ်ယောက် ပါးစပ်အဟောင်းသား ဖြစ်သွားပါတယ်။ ''ဒါလောက်အကြာကြီး ခွဲနေရတာကို ကျွန်တော်တို့ ဘယ်ခံနိုင်မလဲ''တဲ့။ ''ကျွန်မတို့ သည်းခံပြီး စောင့်ကိုစောင့်ရမယ်၊ ကျွန်မတို့မှာ နှစ်ယောက်လုံး ကလေးတွေရှိသေးတယ်''။

''အဲဒါပဲ၊ ကျွန်တော်တို့မှာ အချိန်သိပ်မရှိတော့ဘူး''လို့ သူက ဝမ်းနည်းပမ်းနည်း ပြောပါတယ်။

နောက်သီတင်းသုံးပတ်ကြာတော့ ဂျေဟာ ကျွန်မကို လေဆိပ်လိုက်ပို့တယ်။ ခရီးကပြန်လာပြီးတော့ ကျွန်မက သားရဲ့အိမ်ကိုသွားလိုက်တယ်။ ကျွန်မတို့ ညှိနှိုင်းစရာတွေရှိသေးတယ်လေ။

မာ့က်ရဲ့အိမ်မှာ အားလုံးအဆင်ပြေပါတယ်။

ကျွန်မဒလ ပျော်လွန်းလို့ ရေချိုးခန်းထဲမှာ ကဗောင်ကာမိတယ်။ အပျော်လွန်တော့လည်း ငိုရတော့တာပေါ့ရှင်။ ကျွန်မ ခုန်ပေါက်ကလိုက်မိတာ ခြေချော်ပြီး ရေချိုးဇလုံရဲ့အစွန်းနဲ့ တိုက်မိတာ ခဏ်ရာအတော်ပြင်းသွားပါတယ်။

ဆေးရုံကားခေါ်ပြီး ဆေးရုံသွားလိုက်တော့ နံရိုးလေးချောင်းအက်သွားတာ သိလိုက်ရပါတယ်။ ပိုဆိုးတာက သုံးရက်လောက် ဂျေဟာဆီက ဘာဖုန်းသံမှထွက်မလာဘူး။ ကျွန်မ စိတ်သောကရောက်ရတယ်။ သူက ဘာဖြစ်သွားတာလဲ၊ သူ့အချစ်က အေးသွားတာလား။ ဒါမှမဟုတ် သူ့မိသားစုတွေကပဲ သူ နောက်အိမ်ထောင်ပြုမယ့်ကိစ္စကို ဝိုင်းကန့်ကွက်ကြသလားစသဖြင့် ကျွန်မတွေးနေမိပါတော့တယ်။ ဒီတော့မှ ပထမဆုံးအကြိမ် ကျွန်မ သူ့ကို ဘယ်လောက်လိုအပ်နေတယ်ဆိုတာ သိလိုက်ရတယ်။

သုံးရက်မြောက်ညမှာ သူ့ဖုန်းဆက်တော့ ကျွန်မသား မာ့က်က အကျိုးအကြောင်း ရှင်းပြတယ်။ ကျွန်မကို ဖုန်းလွှဲပေးတော့ ကျွန်မ စကားမပြောနိုင်ဘူး။ ငိုပဲငိုနေမိတယ်။

''ဒါလင်၊ ကိုယ်သိပ်ဝမ်းနည်းတယ်၊ ကိုယ်က ခင်ဗျားမိသားစုနဲ့ ရှိနေချိန်မှာ ဒုက္ခမပေးချင်လို့ မဆက်တာပါ''လို့ ဂျေဟာက ပြောတယ်။ ကျွန်မက ''ရှင်ပြောခဲ့တာ မှန်တယ်၊ ကျွန်မတို့ မစောင့်ကြနဲ့စို့''လို့ပဲ ပြောလိုက်နိုင်တယ်။

''ဘုရားသခင်ရဲ့ ကျေးဇူးပဲ''လို့ သူက ဆိုတယ်။ အဲဒီ ဇူလိုင်လရဲ့ အစောပိုင်းမှာပဲ ကျွန်မတို့နှစ်ဦး လက်ထပ်ခဲ့ကြပါတယ်။

ငယ်ငယ်တုန်းကတော့ စိတ်ကူးယဉ်ခဲ့ပါတယ်။ ကျွန်မကို ထာဝရချစ်မြတ်နိုးမယ့် ယောကျာ်းတစ်ယောက်နဲ့ လက်ထပ်မယ်ပေါ့။ ဒါပေမဲ့ တကယ်လက်တွေ့အိမ်ထောင်ပြုလာတဲ့အခါကျတော့ အဲဒီလိုမဟုတ်ဘူးရှင့်။ ခါးသီးစွာနဲ့ပဲ အိမ်မက်က ပျက်ပြယ်ခဲ့ရပါတယ်။ အဲဒီနောက် ရှေးလူကြီးသူမတွေရဲ့စကားကို လက်ခံခဲ့ရပါတယ်။ 'ချစ်ခြင်းမေတ္တာမှာ အမျိုးမျိုးကွဲပြားခြားနားတယ်'ဆိုပဲ။ အချစ်ဆိုတာ မတည်မြဲဘူး။ သစ္စာတရားကသာ တည်မြဲတာ။ ဒါပေမဲ့ အိမ်ထောင်ပြုပြီးတဲ့နောက် ဖြစ်လာတဲ့ အခြေအနေကိုလက်ခံပြီး ဘဝကို ရှင်သန်ခဲ့ရတာပေါ့။

အဲဒီနောက် ကျွန်မ ဂျေဟာကို တွေ့ခဲ့ရတာ။ ဂျေဟာနဲ့ ဆယ်နှစ် ခြောက်လနဲ့ နှစ်ရက် ပေါင်းခဲ့တယ်။ အစအဆုံးအဆင်ပြေတယ်။ ၁၉၉၂ ခုနှစ်မှာ သူ အဆုတ်ကင်ဆာနဲ့ မဆုံးခင်အထိ ကျွန်မမှာ အချစ်ဆိုတာရော သစ္စာဆိုတာရော ရရှိခဲ့တယ်။ ဘဝရဲ့ ပျော်ရွှင်မှုဆိုတာကို သိနားလည်ခဲ့ရပါတယ်။ အမှန်တော့ အကောင်းဆုံးဗိုင်ဆိုတာ နောက်ဆုံးတစ်စက်ကျန်တဲ့အထိ အရသာရှိပြီပါလေ။

**မောင်သီဟ**

(A Time for love, R/D. No.1993)

ကို ပြန်ဆိုပါသည်။

# ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်လျက်ရှိတဲ့ ပြည်သူများနဲ့ လုပ်ငန်းရှင်များ၊ အိမ်ပိုင်၊ မြေပိုင်ရှင်များအတွက် ရန်ကုန်မြို့တော်စည်ပင်မှ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများအကြောင်းကို သိရှိ မှတ်သား၊ လေ့လာနိုင်ရန်နဲ့ ရှင်းရှင်းလင်းလင်း သိရှိနားလည်စေရန်တို့အတွက် ဒီကဏ္ဍလေးကို ဖွင့်လှစ်လိုက်ပါတယ်။

## မြို့တော်ဂေါက်ကွင်း



ဂေါက်သီးရိုက်အားကစားနည်းသည် ရှေးအကျဆုံးအားကစားနည်းတစ်ခုဖြစ်ပြီး (မင်း၊ မှူးမတ်တွေသာ ကစားကြတာကြောင့်) ''မဟာဆန်တဲ့ အားကစားနည်း'' (Royal and Ancient Game) ဟု ခေါ်ခဲ့ကြသည်။ မြန်မာနိုင်ငံမှာ ဂေါက်သီးရိုက်အားကစားသည် လွန်ခဲ့သော နှစ် ၁၀၀ ကျော်လောက်ကတည်းက ထွန်းပေါက်ခဲ့ကြောင်း သိရသည်။ မြန်မာပြည် ဂေါက်သီးတံခွန်စိုက်ဖလားကို ၁၉၁၆ ခုနှစ်က ပထမဆုံးချီးမြှင့်ခဲ့ကြောင်း မှတ်သားခဲ့ရသည်။ မြန်မာနိုင်ငံ၏ ရှေးအကျဆုံးဂေါက်ကွင်းသည် သရက်မြို့တွင်ရှိသော ဂေါက်ကွင်းပင်ဖြစ်ကြောင်းလည်း မှတ်သားခဲ့ရသည်။ ထို့ကြောင့် ဂေါက်သီးရိုက်အားကစားနည်းသည် မြန်မာနိုင်ငံတွင် အမြစ်တွယ်လာခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဟု ဆိုရပေမည်။

ဂေါက်သီးရိုက်အားကစားနည်းသည် လူကြီးလူငယ်၊ အမျိုးသမီး၊ အမျိုးသားမရွေးပါဝင်ကစားနိုင်သော အားကစား









တစ်မျိုးဖြစ်သည်။ ဂေါက်သီးကစားခြင်းသည် ကိုယ်လက်လှုပ်ရှားရခြင်း၊ လမ်းလျှောက်ရခြင်းများကြောင့် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုပါသည်။ တစ်ဦးတစ်ယောက်ချင်းမှသည် အစုအဖွဲ့အလိုက် ကစားရသောကြောင့် ကျန်းမာရေးအပြင် လူမှုဆက်ဆံ နယ်ပယ်တွင်ပါ ထိရောက်သော ပံ့ပိုးမှုပေးနိုင်သည့် အားကစားနည်းတစ်ခုဖြစ်သည်။

ယနေ့အချိန်အခါတွင် ဂေါက်သီးရိုက်အားကစားနည်းသည် မြန်မာနိုင်ငံမှာ လျင်မြန်စွာ တိုးတက်ကစားလာနေကြပြီဖြစ်သည်။ ထိုသို့ ကစားသူများပြားလာသည်နှင့်အမျှ ဂေါက်သီးကစားကွင်းများလည်း များစွာပေါ်ပေါက်လာကြသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကလည်း ဂေါက်ကစားနည်း တိုးတက်ဖွံ့ဖြိုးရန်နှင့် မြို့တော်သူမြို့တော်သားများ ကျယ်ကျယ်ပြန့်ပြန့် ကစားနိုင်ကြရန် မြို့တော်ဂေါက်ကွင်းကို အကောင်အထည်ဖော်ခဲ့ကြသည်။

## ရည်ရွယ်ချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ "ရန်ကုန်ပူရဲ့ မနောရမ်"ဟူသော ဆောင်ပုဒ်နှင့်အညီ ရန်ကုန်မြို့တော်သူ၊ မြို့တော်သားများ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ပျော်ရွှင်စွာ



နေထိုင်နိုင်ရေးအတွက် အောက်ပါရည်ရွယ်ချက်များဖြင့် မြို့တော်ဂေါက်ကွင်းတည်ဆောက်ရေး စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်–

(က) ရန်ကုန်မြို့တော်သူ၊ မြို့တော်သားများ ဂေါက်သီးကစားခြင်းဖြင့် ကျန်းမာရေးအတွက် အထောက်အကူဖြစ်သောလေကောင်းလေသန့်ရရှိခြင်းနှင့် ကိုယ်လက်လှုပ်ရှားကစားနိုင်ရန်။

(ခ) နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရန်။

(ဂ) ဂေါက်သီးကစားသူများအချင်းချင်း ခင်မင်ရင်းနှီးမှု ကျယ်ပြန့်လာသဖြင့် လူမှုဆက်ဆံရေးနယ်ပယ် ပိုမိုကောင်းမွန်လာစေရန်။

(ဃ) မြို့တော်ဂေါက်ကွင်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဝင်ငွေရှာနအဖြစ် နိုင်မာစွာရပ်တည်နိုင်ရန်။

(င) ဂေဟစနစ်ကို ထိန်းသိမ်းသည့်အနေဖြင့် Green Zone တစ်ခုအဖြစ် ဖန်တီး၍ သဘာဝကျေးငှက်တိရစ္ဆာန်များ ရှင်သန်နေထိုင်နိုင်စေရန်။

## တည်နေရာနှင့် အကျယ်အဝန်း

မြို့တော်ဂေါက်ကွင်းသည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ သိရိမင်္ဂလာလမ်းတွင်တည်ရှိပြီး–

အရှေ့ဘက်၌ – ပြည်ပြင်ထိန်းသိမ်းရေးလေတပ်

အနောက်ဘက်၌– အင်းစိန်(ဖော့ကန်)၊ အောင်ဇေယျရပ်ကွက်

မြောက်ဘက်၌ – တပ်မတော်ဂေါက်ကွင်း

တောင်ဘက်၌ – တက်ခမ်းအဆင့်မြင့်အိမ်ရာတို့ တည်ရှိကြပါသည်။ အကျယ်အဝန်းအားဖြင့် (၃၀၉ ·၅၂၁)ဧက ကျယ်ဝန်းပါသည်။

## ဂေါက်ကွင်းတည်ဆောက်မှု

မြို့တော်ဂေါက်ကွင်းတွင် (၁၈)ကျင်းပါ ငွေသော်တာဂေါက်ကွင်းကို ဧက (၁၄၇·၄၆၆) ဧရိယာပေါ်၌ ၁–၅–၁၉၉၁ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၃၀–၁–၁၉၉၄ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ (၁၈)ကျင်းပါ မြကန်သာဂေါက်ကွင်းကို ဧက(၁၂၉ · ၁၀၁) ဧရိယာပေါ်၌ ၁–၃–၁၉၉၄ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၈–၉–၁၉၉၆ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

ဂေါက်ကွင်းများတည်ဆောက်ရာတွင် နိုင်ငံတကာအဆင့်မီစေရေးအတွက် ကျွမ်းကျင်ပညာရှင်များစုဖွဲ့ကာ တီခုံ၊ ဖဲယားဝေး၊ ဂရင်း၊ ဘန်ကာတို့၏ Layout Plan ရေးဆွဲခြင်း၊ ရေစီးရေလာနှင့် မြေဖြန့်စနစ်များ ပုံစံထုတ်ခြင်း၊ ရေကန်၊ တောင်ကုန်းနှင့် Half Way Bar များအား ဒီဇိုင်းထုတ်ခြင်းတို့ကို နိုင်ငံတကာ ဂေါက်ကွင်းဥပဒေသများနှင့်အညီ ကြိုတင်ပြင်ဆင်ပြီး Han Golf Master Pte.,Ltd နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနများ ပူးပေါင်းကာ တည်ဆောက်ခဲ့ကြပါသည်။

## မြို့တော်ဂေါက်သီးရိုက် အပန်းဖြေစခန်း(City Golf Resort)

မြို့တော်ဂေါက်ကွင်းအား ရန်ကုန်မြို့နေ ပြည်သူများ ဂေါက်သီးကစားရန်သက်သက်သာမက ပြည်တွင်းပြည်ပမှ ဂေါက်သီးကစားသမားများ တည်းခိုနေထိုင်၍ ဂေါက်သီးကစားနိုင်စေရန်လည်းကောင်း၊ မိသားစုလိုက် အပန်းဖြေနိုင်စေရန်လည်းကောင်း ရည်ရွယ်ပြီး မြို့တော်ဂေါက်သီးရိုက်အပန်းဖြေစခန်း (City Golf Resort) ကို အောက်ပါလုပ်ငန်းများဖြင့် ထည့်သွင်းစီမံတည်ဆောက်ခဲ့ပါသည်–





### (၁) မြို့တော်ဂေါက်ကွင်းဟိုတယ်

မြို့တော်ဂေါက်ကွင်းကို ပြည်တွင်းပြည်ပမှ ဂေါက်သီးကစားသမားများ လာရောက်ကစားနိုင်ရန်အတွက် ခေတ္တတည်းခိုနားနေ နိုင်မည့် မြို့တော်ဂေါက်ကွင်းဟိုတယ်အား ဧရိယာအကျယ်အဝန်း (၅・၄၃၁)ဧကပေါ်တွင် တည်ဆောက်ထားရှိပါသည်။

အဆိုပါဟိုတယ်တွင် အတန်းအစားသုံးမျိုးဖြင့် အခန်းပေါင်း ၁၃၆ ခန်းရှိကာ ရေကူးကန်၊ Indoor Golf Game အပါအဝင် Body Spa နှင့် Family Karaoke ခန်းများ ဖွဲ့စည်းပါရှိပြီး ပြည်တွင်းပြည်ပ အခမ်းအနားများနှင့် နိုင်ငံတကာအဆင့် ဆွေးနွေးပွဲများ လက်ခံကျင်းပပေးလျက်ရှိပါသည်။





## (၂) မြင်းစွာကျွန်း(ရေကူးကန်နှင့် Tennis Court)

ရန်ကုန်မြို့တော်သူ၊ မြို့တော်သားများ မိသားစုလိုက် အပန်းဖြေအနားယူရန်နှင့် ရေကူးခြင်း၊ တင်းနစ်ရိုက်ခြင်း လေ့ကျင့်ကစားနိုင်ရန် မြင်းစွာကျွန်းရေကူးကန်နှင့် Tennis Court တို့ကို(၂၀၇၇၉) ကေပေါ်တွင် တည်ဆောက်ထားရှိပါသည်။ မြင်းစွာကျွန်း ရေကူးကန်နှင့် Tennis Court အနေဖြင့် ရေကူးသင်တန်းများဖွင့်လှစ်ခြင်း အပါအဝင် မိတ်ဆုံညစာစားပွဲများ၊ မွေးနေ့နှင့် အခြားညစာခံပွဲများအား စဉ်ဆက်မပြတ် လက်ခံ ဆောင်ရွက်ပေးနေပြီး ရန်ကုန်မြို့တော်နေပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်မှုအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။

## (၃) ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း

ထူးချွန်သော ဂေါက်သီးကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မျိုးဆက်သစ် လူငယ်ဂေါက်သီးကစားသမားများ ဂေါက်သီးရိုက်လေ့ကျင့်နိုင်ရန် (၇၀၆၉၄) မြေဧက အကျယ်အဝန်းတွင် ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းအား တည်ဆောက်ထားရှိပါသည်။ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းတွင် ကျွမ်းကျင်သော ဂေါက်သီးရိုက်နည်းပြများ ထား ရှိပြီး Professional အဆင့် ဂေါက်သီးရိုက်ကစားသမားအများအပြား မွေးထုတ်ပေး လျက်ရှိပါသည်။

## ပံ့ပိုးမှု(Facility)

မြို့တော်ဂေါက်ကွင်းတွင် လာရောက်ကစားသော ဂေါက်သီးကစား သမားများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ဂေါက်သီးကစားနိုင်ရန်နှင့် လုံခြုံစိတ်ချစွာ အပန်းဖြေနားနေရန် ပံ့ပိုးမှုများအနေဖြင့်-

၁။ ငွေသော်တာ Club House & Restaurant

၂။ မြကန်သာ Club House & Restaurant

၃။ ကျယ်ဝန်းသောကားရပ်နားရန်နေရာများ

၄။ Half Way Bar များ

၅။ ကယ်ဒီနှင့် ကယ်ဒီနားနေဆောင်များ

၆။ ဘာဂီနှင့် ဘာဂီရုံများ

၇။ (၂၄)နာရီ လုံခြုံမှုစနစ်

စသည်တို့ကို စနစ်တကျဖွဲ့စည်းတည် ဆောက်ထားပါသည်။

## ဝန်ဆောင်မှု(Service)

ဂေါက်သီးကစားသမားများ အဆင်ပြေ ချောမွေ့စွာ ဂေါက်သီးကစားနိုင်ရေးအတွက် အောက်ပါအတိုင်း ဝန်ဆောင်မှုစနစ်များ ထား ရှိပါသည်-

### ၁။ Reception

အမျိုးသမီးညွှန်ကြားဝန်ထမ်းများမှ မိမိတို့ ဂေါက်ကွင်းတွင်လာရောက်ကစားသော ဂေါက် သီးကစားသမားများအား နှုတ်ခွန်းဆက်သခြင်း၊ သတ်မှတ်နှုန်းထားများကောက်ခံခြင်း၊ စည်း ကမ်းချက်များ ရှင်းလင်းပြောဆိုခြင်း အစရှိ သည်တို့အား ယဉ်ကျေးဖျူငှာစွာ ဆောင်ရွက်ကြ ပါသည်။

### ၂။ Locker Room

ဂေါက်သီးကစားသူများအတွက် မရှိမဖြစ် လိုအပ်သော Men & Women Locker ခန်း များအား ငွေသော်တာနှင့် မြကန်သာ Club House များတွင် ထည့်သွင်းတည်ဆောက်ထား ပါသည်။ အဆိုပါ Locker ခန်းများတွင်





လေအေးပေးစက်များ၊ Safety Box များ၊ သန့်ရှင်းကျယ်ဝန်းသော ရေချိုးခန်းအိမ်သာများ၊ Water Heater များနှင့် Pressure Pump များအား ပြည့်စုံစွာတပ်ဆင်ထားရှိပါသည်။

### ၃။ Bag Station

ငွေသော်တာနှင့် မြကန်သာ Bag Station များရှိ ဝန်ထမ်းများသည် ဂေါက်သီးကစားသူများ၏ ဂေါက်အိတ်နှင့် ပါဝင်ပစ္စည်းများအား စစ်ဆေးခြင်း၊ ကယ်ဒီနှင့် ဘာဂီချိတ်ဆက်ပေးခြင်း၊ ကစားပြီးပါက ဂေါက်အိတ်နှင့် ပါဝင်ပစ္စည်းများအား ထပ်မံစစ်ဆေး၍ ကစားသူထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ကြပါသည်။

### ၄။ Pro Shop (ဂေါက်ပစ္စည်းအရောင်းဆိုင်)

ဂေါက်သီးကစားရန်အတွက် လိုအပ်သော ဂေါက်ပစ္စည်းများအား လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရန် ငွေသော်တာနှင့် မြကန်သာ Club House များတွင် Pro Shop ဆိုင်များထားရှိပါသည်။

### ၅။ ကယ်ဒီ

ဂေါက်သီးကစားသူများအား ကောင်းမွန်စွာ အထောက်အပံ့ပေးနိုင်မည့် အမျိုးသမီးကယ်ဒီများကို ကယ်ဒီများလိုက်နာရမည့် ကျင့်ဝတ်များ၊ စည်းကမ်းများနှင့် ဂေါက်သီးကစားသည့် နည်းဥပဒေများအား စနစ်တကျသင်တန်းများပေး၍ သင်တန်းဆင်းပြီးမှသာလျှင် ကယ်ဒီလိုက်ခွင့်ပြုပါသည်။ မြို့တော်ဂေါက်ကွင်းတွင် လက်ရှိအနေဖြင့် ကျွမ်းကျင်အမျိုးသမီးကယ်ဒီ (၅၀၀) ကျော်ရှိနေပြီး ဆက်လက်၍ ကယ်ဒီအသစ်များထပ်မံခေါ်ယူကာ သင်တန်းများ ပို့ချလျက်ရှိပါသည်။



### ၆။ ဘာဂီ

ဂေါက်သီးကစားသူများအသုံးပြုရန် လိုအပ်သော ၂ယောက်စီး ဘာဂီများအား စီစဉ်ထားရှိပြီး လက်ရှိအနေဖြင့် ၂ယောက်စီး ဘာဂီ (၂၅၀)စီးခန့်အား သတ်မှတ်နှုန်းထားများဖြင့် ငှားရမ်းပေးလျက်ရှိနေပါသည်။

### ၇။ Restaurant

ဂေါက်သီးကစားသူများ သုံးဆောင်နိုင်ရန်အတွက် မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ ဥရောပအစားအစာများနှင့် အဖျော်ယမကာများအား သင့်တင့်သောနှုန်းထား၊ ကောင်းမွန်သောဝန်ဆောင်မှုဖြင့် ငွေသော်တာနှင့် မြကန်သာ Club House များတွင် ပိတ်ရက်မရှိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိပါသည်။

### ၈။ Massage & Spa

ဂေါက်သီးကစားသူများ အနားယူအပန်းဖြေနိုင်ရန်အတွက် မြကန်သာ Club House တွင် E.G.S (Spa) နံနက် (၀၉း၀၀)နာရီမှ ည(၁၀း၀၀)နာရီအချိန်အထိ ဖွင့်လှစ်ပေးလျက်ရှိပါသည်။

### ၉။ Night Golfing

ဂေါက်သီးကစားသူများ အဆင်ပြေစွာ ဂေါက်သီးရိုက်ကစားနိုင်ရေးအတွက် ဂေါက်ကွင်းအတွင်း မီးမောင်းကြီးများတပ်ဆင်ထားရှိရာ နံနက်ပိုင်းတွင် Start Hole တစ်ကျင်းစီနှင့် ညဘက်တွင် Last Hole တစ်ကျင်းစီ မီးမောင်းကြီးများ အခမဲ့ဖွင့်လှစ်ပေးပြီး



အခြားကျင်းများတွင် အလင်းရောင်လိုအပ်ချက်ရှိပါက သတ်မှတ်နှုန်းထားပေးသွင်း၍ မီးမောင်းကြီးများဖွင့်လှစ်ကာ ဂေါက်သီးကစားနိုင်ရန် စီစဉ်ဆောင်ရွက်ထားလျက်ရှိပါသည်။

**အုပ်ချုပ်မှုနှင့် ဝန်ထမ်းဖွဲ့စည်းမှု**

မြို့တော်ဂေါက်ကွင်း၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ဂေါက်ကွင်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဒုတိယဌာနမှူးတစ်ဦးအား အထွေထွေမန်နေဂျာအဖြစ် ခန့်အပ်ထားရှိပြီး လက်ထောက်ဌာနမှူးတစ်ဦးအား ဒုတိယအထွေထွေမန်နေဂျာအဖြစ် ခန့်အပ်ထားရှိကာ ၎င်းတို့အပါအဝင် အရာထမ်း (၇)ဦး၊ အမှုထမ်း (၇၁)ဦး၊ အခြားအဆင့် (၇၀)ဦးနှင့် WA လုပ်သား (၄၂၃)ဦးတို့က မိမိတို့တာဝန်ကျရာ ဌာနစိတ်အသီးသီးတွင် တာဝန်ချိန်အပြည့် ဦးလည်မသုန်တာဝန်ထမ်းဆောင်လျက်ရှိကြပါသည်။

**ကစားသမား (Player) နှင့် ပြိုင်ပွဲများ**

မြို့တော်ဂေါက်ကွင်းအား ဂေါက်သီးကစားသူများ အဆင်ပြေချောမွေ့စွာ ကစားနိုင်စေရန်လည်းကောင်း၊ ရာသီမရွေး ဂေါက်သီးကစားနိုင်စေရန်လည်းကောင်း၊ ဝန်ဆောင်မှုနှင့် ဂေါက်ကွင်းပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများကို စဉ်ဆက်မပြတ် စစ်ဆေးပြုပြင်လျက်ရှိရာ ကစားသူများ နှစ်သြိုက်သဘောကျသဖြင့် ရုံးပိတ်ရက်များတွင် ကစားသမားဦးရေ (၅၀၀)ကျော်ခန့်နှင့် ရုံးဖွင့်ရက်များတွင် ကစားသမားဦးရေ (၂၀၀)ခန့် လာရောက်ကစားလျက်ရှိပါသည်။

မြို့တော်ဂေါက်ကွင်းအနေဖြင့် အသင်းသားနှစ်ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲအပါအဝင် Professional ပြိုင်ပွဲများ၊ Amateur ပြိုင်ပွဲများ၊ အသင်းအဖွဲ့များနှင့် ရုံးဌာနများ၏ ပြိုင်ပွဲများ စသည့်ဂေါက်သီးရိုက်ပြိုင်ပွဲများအား တစ်နှစ်လျှင် ပွဲ(၅၀)ခန့် လက်ခံကျင်းပလျက်ရှိပါသည်။

**အသင်းသားများ (Members) နှင့် အသင်းဝင်ကြေး**

မြို့တော်ဂေါက်ကွင်းတွင် လက်ရှိအနေဖြင့် မြန်မာအသင်းသား (၂၄၅၃)ဦးနှင့် နိုင်ငံခြားသားအသင်းသား (၇၁)ဦး၊ စုစုပေါင်း (၂၅၂၄) ဦးရှိပါသည်။ အဆိုပါအသင်းသားများ ဂေါက်သီးရိုက်ကစားသည့်အခါ ကွင်းကြေးကင်းလွတ်ခွင့်ရှိခြင်း၊ ၎င်းတို့၏ Partner များအတွက် Discount ရရှိခြင်းအပြင် အသင်းသားများစည်းလုံးပျော်ရွှင်စေရန် အသင်းသားနှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲအား နှစ်စဉ်ကျင်းပပြုလုပ်ပြီး ထိုက်ထိုက်တန်တန်ဆုကြေးနှင့် Lucky Draw များ ချီးမြှင့်ကာ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပါသည်။

အသင်းတစ်ခုအဖြစ် ဖွဲ့စည်းထားသောကြောင့် အဖွဲ့ဝင်အသင်းသားများ အကျိုးကျေးဇူးများ ရရှိခံစားနိုင်ရန်၊ အသင်းသားအချင်းချင်း ပြိုင်ပွဲများကျင်းပပြီး ထိုက်တန်စွာ ဆုများချီးမြှင့်နိုင်ရန်၊ Lucky Draw ဖွင့်ပွဲများနှင့် ညစာစားပွဲများ ကျင်းပပေးနိုင်ရန်တို့အတွက် အသင်းဝင်ကြေးများ ကောက်ခံထားရှိသည်။ အသင်းသားများတွင် အစိုးရဝန်ထမ်းအသင်းသား(နိုင်ငံခြားသားမပါ)၊ သာမန်(အလွတ်)အသင်းသားနှင့် ကုမ္ပဏီအသင်းသားဟူ၍ အသင်းသားများ ခွဲခြားသတ်မှတ်ထားသည်။ အသင်းသားများတွင် အသင်းဝင်ကြေး၊ လစဉ်ကြေးနှင့် မိသားစုဝင်ကတ်ကြေးများကို ကောက်ခံသည်။ မိသားစုဝင်ကတ်ဖြင့် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး(ရုံးပိတ်ရက်များမပါ)နေ့များတွင် ကစားနိုင်ကြသည်။



**မြို့တော်ဂေါက်ကွင်းမှ သတ်မှတ်ကောက်ခံလျက်ရှိသည့် ဝန်ဆောင်ခအမျိုးအစားများ**

၁။ ကွင်းကြေး
၂။ ကယ်ဒီကြေး
၃။ ကယ်ဒီကြိုတင်ကြေး
၄။ ကွင်းလေ့လာကြေး
၅။ လှည်းငှားခ
၆။ ဘာဂီငှားခ
၇။ အချိန်ကြိုတင်ကြေး(၄-ဦးတွဲ)
၈။ အချိန်ကြိုတင်ကြေး(၅-ဦးတွဲ)
၉။ ညမီးကြေး
၁၀။ ကင်မရာ(မှတ်တမ်း)ကြေး
၁၁။ ရုပ်ရှင်၊ ဗီဒီယို၊ ကြော်ငြာ(စီးပွားရေး)ကြေး
၁၂။ အခန်းနေရာ ငှားရမ်းခ
၁၃။ အသင်းသားကတ်ပျောက်/ပျက်ဒဏ်ကြေး
၁၄။ ကွင်းငှားရမ်းခ
၁၅။ Tee Off Time ပျက်ဒဏ်ကြေး(အသင်းသား)
၁၆။ ကစားကြေး(အသင်းသား)
၁၇။ အမည်လွှဲပြောင်းခကြေး(အသင်းသား)

မှတ်ချက်။ ကောက်ခံသည့် ဝန်ဆောင်ခနှုန်းထားများကို အသေးစိတ်သိရှိလိုပါက ဧည့်ကြိုဖုန်း (၀၉-၄၂၁၁၁၉၉၃၂)ထံသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အထွေထွေ**

မြို့တော်ဂေါက်ကွင်းသည် (၁၈)ကျင်းပါ ဂေါက်ကွင်း (၂)ကွင်းဖြင့် ဖွဲ့စည်းထားသည့်အတွက် စုစုပေါင်း(၃၆)ကျင်းပါရှိသော ဂေါက်ကွင်းကြီးတစ်ခုဖြစ်ရာ လက်ရှိတွင် မြန်မာနိုင်ငံ၌ အကြီးဆုံးဂေါက်ကွင်းတစ်ခုအဖြစ် ရပ်တည်ကာ ရန်ကုန်မြို့တော်သူ၊ မြို့တော်သားများသာမက ပြည်တွင်းပြည်ပမှ ဂေါက်သီးအားကစားသမား အများအပြား လာရောက်ကစားသော ဂေါက်ကွင်းဖြစ်ပြီး မိသားစုအလိုက် ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးနိုင်သည့် အပန်းဖြေစခန်းကြီးတစ်ခုလည်း ဖြစ်ပေသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့တော်သူမြို့တော်သားများ စိတ်ချမ်းသာစွာဖြင့် အပန်းဖြေအနားယူနိုင်ရန်၊ ဂေါက်သီးရိုက်အားကစားကို ဝါသနာရှိသူများ လေ့ကျင့်ကစားနိုင်ရန်နှင့် ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်၊ နိုင်ငံတကာပြိုင်ပွဲများ အဆင့်မီစွာ ကျင်းပပြုလုပ်နိုင်ရန်၊ ပြိုင်ပွဲဝင်များ စိတ်ချလုံခြုံစွာ နားနေနိုင်ရန်နှင့် အပန်းဖြေနိုင်ရန်။ ခေတ်မီဂေါက်သီးအားကစားကွင်းအဖြစ် အဆင့်မြှင့်တည်ဆောက်ထားပြီး ဝန်ဆောင်မှုများလည်း အပြည့်အစုံလစ်ဟင်းမှုမရှိအောင် စီမံဆောင်ရွက်ထားသောကြောင့် အဆင့်မီ နိုင်ငံတကာပြိုင်ပွဲများ ကျင်းပနိုင်ရန်တို့ကိုလည်း အထူးစီမံဆောင်ရွက်ထားသော ဂေါက်ကွင်းတစ်ခုဖြစ်ပေသည်။ မြို့တော်ဂေါက်ကွင်းမှ ရှာဖွေရရှိသော ဝင်ငွေများသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့တော်ကြီး ဖွံ့ဖြိုးသာယာရေးလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာမှ ထောက်ပံ့ပေးနေပါကြောင်း တင်ပြလိုက်ပါသည်။

မြို့တော်ဂေါက်ကွင်းအကြောင်း အသေးစိတ်သိရှိလိုပါက “မြို့တော်ဂေါက်ကွင်း၊ သီရိမင်္ဂလာလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး”သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း၊ ဆက်သွယ်မေးမြန်းရန် ဖုန်း(၀၁-၃၆၄၁၃၄၂)ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

**ကိုစော(ပထဝီဝင်)**





# အိမ်နီးချင်း ဘုရင်နိုင်ငံ

ကိုဖော်





ထိုင်းနိုင်ငံရဲ့ ယခင်အခေါ်မှာ 'Siam' ဖြစ်ပါတယ်။ မြန်မာတွေက ယိုးဒယားလို့ ခေါ်ခဲ့ကြတယ်။ ဘုရင်စနစ်တွေနှင့်အတူ ပါလီမန်ဖြင့်အုပ်ချုပ်သော နိုင်ငံဖြစ်ပါတယ်။ အရှေ့တောင်အာရှဒေသတွင် တည်ရှိခြင်းနှင့်အတူ အနောက်ဘက်တွင် မြန်မာနိုင်ငံ၊ မြောက်ဘက်တွင် လာအိုနိုင်ငံ၊ အရှေ့ဘက်တွင် ကမ္ဘောဒီးယား(ခမာ)နိုင်ငံနှင့် တောင်ဘက်တွင် မလေးရှားနိုင်ငံတွေရှိနေပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံနှင့် မိုင် ၂၀၀ ခန့် နယ်နိမိတ်ချင်း ဆက်စပ်လို့နေပါတယ်။

ထိုင်းနိုင်ငံမှာ စတုရန်းမိုင်ပေါင်း ၂၀၂၀၀၀ မိုင် ကျယ်ဝန်းပါတယ်။ ၁၉၈၄ ခုနှစ် လူဦးရေစာရင်းအရ ၅၁ သန်းရှိခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှာ လူဦးရေစာရင်းမှာ ၅၆ သန်းအထိ တိုးပွားလာခဲ့ပါတယ်။ ယခုအခါတွင် လူဦးရေသန်းပေါင်း ၆၀ ကျော် ရှိနေပါတယ်။ နိုင်ငံသားတွေကို ထိုင်းလူမျိုးများ



ဟု ခေါ်ဆိုပြီး 'ထိုင်း' (Thai) ဟူသောအသံထွက်မှာ ထိုင်းဘာသာအဆိုအရ 'လွတ်လပ်ခြင်း'ဟု အဓိပ္ပာယ်ရနေပါတယ်။

ထိုင်းနိုင်ငံရဲ့ ဘာသာရေးသည် ဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံဖြစ်သည်နှင့်အမျှ လူဦးရေရဲ့ ၉၄ ရာခိုင်နှုန်းမှာ ထေရ



ဝါဒ ဗုဒ္ဓဘာသာကိုးကွယ်ကြသည်။ မွတ်စလင်(အစ္စလာမ်)ဘာသာဝင် ၄ ရာခိုင်နှုန်းနှင့် ခရစ်ယာန်၊ ဟင်ဒူ၊ ကွန်ဖြူးရှပ် စသော အခြားဘာသာဝင်များလည်း အနည်းငယ်ခန့်စီ ရှိနေကြပါတယ်။

ခရစ်တော်မပေါ်မီ ၃ ရာစုမှစပြီး ထိုင်းနိုင်ငံသို့ ဗုဒ္ဓဘာသာရောက်ရှိလာခဲ့ပါတယ်။ အသောကမင်းကြီးမှ စေလွှတ်လိုက်သော ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့များသည် ထိုင်းနိုင်ငံ 'သုဝဏ္ဏဘူမိ'သို့ ရောက်ရှိလာသည့်အချိန်ကာလမှစတင်ကာ ထိုင်းနိုင်ငံသို့ ဗုဒ္ဓဘာသာရောက်လာခဲ့ပါတယ်။ သုဝဏ္ဏဘူမိသည်လည်း တစ်ချိန်တစ်ခါက ထိုင်းနိုင်ငံ 'နခွန်ပသွန်'ဒေသဖြစ်သည်ဟု ထိုင်းနိုင်ငံရဲ့ သမိုင်းသုတေသီဆရာတို့က အဆိုရှိခဲ့ပါတယ်။

ထို့အပြင် ဗုဒ္ဓဝါဒနှင့် ခေတ်ပြိုင်ပေါ်ပေါက်လာခဲ့သော 'ဗြဟ္မဏဝါဒ'လည်း ထိုင်းနိုင်ငံတွင် အမြစ်တွယ်လာခဲ့ပါတယ်။

ဗုဒ္ဓဘာသာ ထွန်းကားလာခဲ့သော ထိုင်းနိုင်ငံတွင် ဘုန်းကြီးကျောင်းပေါင်း ၂၇၀၀၀ ကျော် ရှိနေပါတယ်။

ထိုင်းနိုင်ငံတွင် အသုဘကိစ္စကို သုသာန်သို့ ပို့ဆောင်လေ့မရှိတော့ပါ။ ဘုန်းကြီးကျောင်းများသည် ဒါယကာ၊ ဒါယိကာမတွေရဲ့ အသုဘကိစ္စ ပြီးပြည့်စုံသွားရအောင် သရဏဂုံတင်ရုံမျှမကဘဲ၊ မီးသဂြိုဟ်စက်ဖြင့် မီးသဂြိုဟ်ဆောင်ရွက်ပေးလေ့ရှိပါတယ်။ ဤသည်ကား နာရေးဖြစ်သကဲ့သို့ သာရေးဖြစ်သော ရှင်ပြုအလှူမင်္ဂလာပွဲတော်ကိုလည်း ပြီးမြောက်ပြည့်စုံသွားရအောင် ကမကထပြုလုပ်ဆောင်ရွက်ပေးကြပါတယ်။ သာသနာတော်ရဲ့ ဝိနည်းတော်နှင့်အညီပင် ဖြစ်ပါတော့တယ်။

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ဥရောပအင်အားကြီးနိုင်ငံများရဲ့





နယ်ချဲ့ကိုလိုနီစနစ်ဖြင့် သိမ်းပိုက်အုပ်ချုပ်ခြင်း မခံရဖူးသည့် တစ်ခုတည်းသော နိုင်ငံအဖြစ် ထူးခြားပါတယ်။

အင်္ဂလိပ်တို့သိမ်းပိုက်ခြင်းကိုလည်း မခံစားခဲ့ရပါ။ ပြင်သစ်တို့ရဲ့ အုပ်ချုပ်ချယ်လှယ်ခြင်းကိုလည်း မကြုံတွေ့ခဲ့ရပါ။ ဒတ်ချ်တို့ရဲ့ နယ်ချဲ့လာခဲ့ခြင်းကိုလည်း တော်လှန်ရေး မလုပ်ခဲ့ရပါ။ စပိန်တို့ရဲ့ ကျူးကျော်ရန်စခြင်းကိုလည်း ရင်ဆိုင်မကြုံတွေ့ခဲ့ရပါ။ သို့သော် ၁၉၄၁ ခုနှစ်၊ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့က ထိုင်းနိုင်ငံကို သိမ်းပိုက်ခဲ့ကြပါတယ်။ စစ်ကြီးပြီးသောအခါ ထိုင်းနိုင်ငံရဲ့ အစိုးရသည် အနောက်အုပ်စုလိုလားသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခဲ့ပါတယ်။ တောင်ဗီယက်နမ် ကွန်မြူနစ်များကို နှိမ်နင်းရေးအတွက် အမေရိကန်တို့နှင့်အတူ ထိုင်းစစ်သည်တစ်သောင်းကျော် ပါဝင်တိုက်ခိုက်ခဲ့ကြပါတယ်။ ၁၉၇၂ ခုနှစ်တွင် တောင်ဗီယက်နမ်မှ ထိုင်းတပ်များ ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။

ထိုင်းလူမျိုးရဲ့ မူလပထမ စတင်ပေါ်ပေါက်ရာဒေသမှာ တရုတ်ပြည်ရဲ့ အရှေ့တောင်ဘက်ပိုင်း 'ယန်စီ'မြစ်ဝှမ်းဒေသဖြစ်ပါတယ်။

အေဒီ ၆၅၀ ခုနှစ်တွင် ထိုင်းလူမျိုးတို့သည် ထိုဒေသမှာ 'နန်ချောင်'နိုင်ငံတော်ကို တည်ထောင်ကာ နေထိုင်ခဲ့ကြပါတယ်။ နှစ်ပေါင်း ၆၀၀ တိုင်အောင် 'နန်ချောင်' နိုင်ငံတော်ကြီး စည်ပင်သာယာထွန်းကားလာခဲ့သော်လည်း နောက်ပိုင်းတွင် 'ကူဗလေခန်'ရဲ့ မွန်ဂိုတပ်များက ကျူးကျော်တိုက်ခိုက်ခြင်းကို ကြုံတွေ့ရသကဲ့သို့ အခြားသော လူမျိုးခြားတွေကလည်း တစတစနဲ့ သိမ်းသွင်းလာမှုတွေကို မခံနိုင်သော ထိုင်းလူမျိုးများသည် တောင်ဘက်အရပ်သို့ အုပ်စုများဖွဲ့ကာ ပြောင်းရွှေ့နေထိုင်လာခဲ့ကြပါတယ်။ ထိုအုပ်စုတွေက တခြားပြည်ပမှ ကျူးကျော်ဝင်ရောက်လာသော 'ခမာ' တွေရဲ့ ဘေးရန်ကို ကာကွယ်တိုက်ထုတ်ခဲ့ကြရပြန်တယ်။

၁၃ ရာစုနှစ်အလယ်တွင် ထိုင်းလူမျိုးအစုအဝေးအုပ်စုတွေအချင်းချင်း ပေါင်းစည်းကာ 'ဆူခိုထိုင်း'မြို့တော်ကို တည်ထောင်လိုက်ကြပါတယ်၊ ထိုနယ်မြေပေါ် တွင် စောစောပိုင်းမှာ အခြားသော လူအဖွဲ့အစည်းတွေ ရှိနေခဲ့သော်လည်း 'ဆူခိုထိုင်း' သည် ပထမဆုံးပေါ်ပေါက်လာခဲ့သည့် အချုပ်အခြာအာဏာပိုင်သော ဘုရင်လက်ထက် နိုင်ငံတော်ဖြစ်ခဲ့ပါတယ်။ နောင်နှစ်ပေါင်း ၁၀၀ ကျော်သည့်တိုင်အောင် စည်ပင်

> ထိုင်းနိုင်ငံသည်
> အရှေ့တောင်အာရှဒေသတွင်
> ဥရောပအင်အားကြီးနိုင်ငံများရဲ့
> နယ်ချဲ့ကိုလိုနီစနစ်ဖြင့်
> သိမ်းပိုက်အုပ်ချုပ်ခြင်း
> မခံရဖူးသည့် တစ်ခုတည်းသော
> နိုင်ငံအဖြစ် ထူးခြားပါတယ်။







သာသနာထွန်းကားလာသော ကာလအတွင်းမှာ ထိုင်းနိုင်ငံတော်နှင့် လူမျိုးတို့ရဲ့ ထူးခြားထင်ရှားသော ကိုယ်ပိုင်ယဉ်ကျေးမှု၊ အနုပညာ၊ ဗိသုကာပညာ စသည်တို့ကို အခိုင်အမာ အခြေခံမှုစပြီး အုတ်မြစ်ချနိုင်ခဲ့ပါတယ်။ အထူးသဖြင့် 'ဆူခိုထိုင်း'ရဲ့ ဘုရင်ကျော် 'ရမ်ကန်ဟိန်း'(နန်းသက်စံနှစ် ၁၂၇၉ ခုနှစ်မှ ၁၂၉၉ ခုနှစ်အထိ) လက်ထက်တွင် ထိုင်းအက္ခရာရေးထုံးနည်းများကို တီထွင်နိုင်ခဲ့ကြပါတယ်။

'ဆူခိုထိုင်း'ရဲ့ မဟာမိတ်တစ်ဦးဖြစ်သော ဘုရင် 'မင်ဂရိုင်း'သည် မြောက်ပိုင်းတွင် 'ဇင်းမယ်'ကို ၁၂၉၆ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး 'လန်နာထိုင်း'နိုင်ငံတော်အဖြစ် တည်ထောင်ထားရှိခဲ့ပါတယ်။

၁၄ ရာစုနှစ်အလယ်တွင် 'ချောင်းဖရားယား'မြစ်ထဲမှ ကျွန်းတစ်ကျွန်းပေါ်တွင် 'အယုဒ္ဓယမြို့တော်'တည်ကာ အင်အားကြီးမားသော မင်းဆက်တစ်ဆက် ပေါ်ပေါက်လာခဲ့ပါတယ်။ 'အယုဒ္ဓယ'သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ စစ်တပ်အင်အားနှင့် ဂုဏ်သိက္ခာတို့တွင်လည်း လျှင်မြန်စွာ ကြီးထွားတိုးတက်လာခဲ့ပါတယ်။ ယခင်က ဘုရင့်နိုင်ငံတစ်ခုဖြစ်သော 'ဆူခိုထိုင်း'အား 'အယုဒ္ဓယ'မှ သိမ်းယူလိုက်ပြီး ထိုင်းနိုင်ငံရဲ့ မြို့တော်ကြီးအဖြစ်နဲ့ နှစ်ပေါင်း ၄၁၇ နှစ်ကြာသည့်တိုင်အောင် တည်မြဲစွာ ရှိနေခဲ့ပါတယ်။ နိုင်ငံရဲ့ မြောက်ဘက်ပိုင်းများမှအပ ကျန်နယ်မြေအများစုတွေကို 'အယုဒ္ဓယ'မြို့တော်က ထိန်းချုပ်သိမ်းပိုက်ထားနိုင်ခဲ့ပါတယ်။ ထိုသို့သော 'အယုဒ္ဓယ' မြို့တော်ကြီးတွင် မင်းဆက်ပေါင်း ၃၃ ပါး ဆက်ခံစိုးစံသွားခဲ့ပါတယ်။

၁၇ ရာစုနှစ်တွင် 'အယုဒ္ဓယမြို့တော်ကြီး'ရဲ့ စည်ပင်သာယာဝပြောတိုးတက်ထွန်းကားလာမှုသည် အထွတ်အထိပ်သို့ ရောက်ရှိသွားခဲ့ပါတယ်။ ထိုအချိန်ကာလတွင် အနောက်နိုင်ငံကြီးများနှင့် သံတမန်အဆက်အသွယ်များပြုလုပ်ထားရှိပြီး ဒွေလမ်း၊ ငွေလမ်းဖောက်ကာ ဥရောပနိုင်ငံကြီးများနှင့် ကုန်သွယ်ရေးစာချုပ်များ ချုပ်ဆိုထားနိုင်ခဲ့ပါတယ်။

ထိုအချိန်မှာ မြန်မာဘုရင်နှင့် နှစ်ရှည်လများ စစ်ဖြစ်ပွားလျက်ရှိသော်လည်း ကုန်သွယ်မှုလုပ်ငန်းများနှင့် စီးပွားရေးတိုးတက်မှုတို့အား အနှောင့်အယှက်မဖြစ်စေခဲ့ပါ။ သို့သော် နောက်ဆုံးတွင်ပြည်တွင်းရေးပဋိပက္ခနှင့် မငြိမ်မသက်မှုများကြောင့် 'အယုဒ္ဓယမြို့တော်ကြီး'မှာ အားနည်းချည့်နဲ့လာခဲ့ရပါတယ်။ ၁၇၆၇ ခုနှစ်တွင် 'အယုဒ္ဓယမြို့တော်ကြီး'သည် မြန်မာဘုရင်ထံတွင် လက်နက်ချ အညံ့ခံလိုက်ရပါတယ်။

အယုဒ္ဓယမှ ထိုင်းလူမျိုးတို့သည် တောင်ပိုင်းတွင်ရှိသော 'တက်ဆင်'ဘုရင် ရဲ့ လက်အောက်သို့ ထွက်ပြေးခိုလှုံ စုရုံးပြီး ကြပြီး 'သုန်ဘူရီ'တွင် မြို့တော်တည်ထောင် ကာ နေထိုင်ခဲ့ကြပါတယ်။

သက္ကရာဇ် ၁၇၈၂ ခုနှစ်တွင် ဘုရင် 'တက်ဆင်'သည် နတ်ရွာစံတော်မူသွား



> နိုင်ငံတော်ရဲ့ ကာကွယ်ရေးတွင်
> ပိုမိုထိရောက်လာစေရန်အတွက်
> မြို့တော်ကို ချောင်းဖရားယားမြစ်
> တစ်ဖက်ကမ်းရှိ
> တံငါရွာကလေးတစ်ရွာ
> "ဘန်ကောက်"သို့
> ရွှေ့ပြောင်းတည်ထောင်ပါတယ်။



သောကြောင့် 'ချောင်းဖရား ချက်ကရီ'ကို ဘုရင်အဖြစ် တင်မြှောက်လိုက်ကြပါတယ်။ 'ချောင်းဖရား ချက်ကရီ'သည်လည်း ပထမမြောက် 'ရာမာ'ဘုရင်အဖြစ် ဘိသိက်ခံယူကာ ချက်ကရီမင်းဆက်ကို စတင်တည်ထောင်လိုက်ပါတော့တယ်။

နိုင်ငံတော်ရဲ့ ကာကွယ်ရေးတွင် ပိုမိုထိရောက်လာစေရန်အတွက် မြို့တော်ကို ချောင်းဖရားယားမြစ်တစ်ဖက်ကမ်းရှိ တံငါရွာကလေးတစ်ရွာ 'ဘန်ကောက်'သို့ ရွှေ့ပြောင်းတည်ထောင်ပါတယ်။

ပထမ ရာမာဘုရင် (နန်းသက်စံ သက္ကရာဇ် ၁၇၈၂ မှ ၁၈၀၉)သည် 'ရွှေနန်းတော်ကြီး'နှင့် 'ဝပ်ဖရားကီအို'ဘုရားကျောင်းတော်တို့ကို တည်ထောင်ခဲ့ပါတယ်။

ထီးနန်းဆက်ခံသော ဒုတိယမြောက် ရာမာဘုရင်(နန်းသက်စံ သက္ကရာဇ် ၁၈၀၉ မှ ၁၈၂၄)နှင့် တတိယမြောက် ရာမာဘုရင် (နန်းသက်စံ သက္ကရာဇ် ၁၈၂၄ မှ ၁၈၅၁) တို့သည် ဘန်ကောက်မြို့တော်ကို ဆက်လက် မွမ်းမံတည်ထောင်ခဲ့ပါတယ်။

ထိုသို့သော ချက်ကရီဘုရင်များလက်ထက်တွင် ထိုင်းနိုင်ငံရဲ့ နယ်နိမိတ်များကို အခိုင်အခံ့တည်မြဲအောင် ပြုလုပ်ခဲ့ကြပါတယ်။ နိုင်ငံ၏ နယ်စွန်နယ်ဖျားအရပ်ဒေသများကိုလည်း ဗဟိုအစိုးရရဲ့ အာဏာစက်အောက်သို့ ရောက်လာအောင် တစတစ စည်းရုံးသိမ်းသွင်းအုပ်ချုပ်ခဲ့ကြပါတယ်။

စတုတ္ထမြောက် ရာမာဘုရင် 'မောင်းကွပ်'(နန်းသက်စံသက္ကရာဇ် ၁၈၅၁ မှ ၁၈၆၈) သည် ဉာဏ်ပညာကြီးမားပြီး အုပ်ချုပ်စီမံမှုတွင် ထက်မြက်သော ဘုရင်တစ်ပါးဖြစ်ခဲ့သည်နှင့်အညီ အနောက်နိုင်ငံကြီးများနှင့် အဆက်အသွယ်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ပြင်သစ်၊ ဗြိတိန်စသော နိုင်ငံကြီးများနှင့် ဆက်ဆံမှုသည် လိမ္မာပါးနပ်စွာဆက်ဆံခြင်း ကောင်းမွန်နေပါတယ်။ ထိုသို့သော အကျိုးကျေးဇူးများ ထိုအချိန်က အိမ်နီးနားချင်းနိုင်ငံများသည် နယ်ချဲ့ကိုလိုနီ အုပ်ချုပ်မှုလက်အောက် ကျရောက်သွားခဲ့ရတဲ့ ကြုံမှာဆိုးကို ရင်ဆိုင်နေရသော်လည်း ထိုင်းနိုင်ငံသည် ရှောင်ရှားနိုင်ခဲ့ကာ လွတ်လပ်ရေးအတွက် စိတ်ချလက်ချ နေနိုင်ခဲ့ပါတယ်။

ပဉ္စမမြောက် ရာမာဘုရင် 'ချူလယောင်ကွန်'(နန်းသက်စံသက္ကရာဇ် ၁၈၆၈ မှ ၁၉၁၀)သည်လည်း ထူးချွန်ထက်မြက် သော ဘုရင်တစ်ပါးဖြစ်သည်နှင့်အညီ ထိုင်းနိုင်ငံတော်အတွက် လူမှုရေး၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုအများအပြား ပြုလုပ်ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့သော ပြုပြင်ပြောင်းလဲမှုတွေကြောင့် ထိုင်းနိုင်ငံသည် အေးချမ်းသာယာစွာဖြင့် ၂၀ ရာစုနှစ်သို့ ကူးပြောင်းသွားနိုင်ခဲ့ပါတယ်။

ဆဋ္ဌမမြောက် ရာမာဘုရင်(နန်းသက်စံ သက္ကရာဇ် ၁၉၁၀ မှ ၁၉၂၅)နှင့် သတ္တမမြောက် ရာမာဘုရင် (နန်းသက်စံသက္ကရာဇ် ၁၉၂၅ မှ ၁၉၃၅)လက်ထက်အထိ သက်ဦးဆံပိုင် ဘုရင်စနစ် ဆက်လက်တည်ရှိနေခဲ့ပါတယ်။ သို့သော်လည်း ၁၉၃၂ ခုနှစ်တွင် အာဏာသိမ်းပွဲပေါ်ပေါက်လာကာ သက်ဦးဆံပိုင် ဘုရင်စနစ်ကို ဖျက်သိမ်းပြီး၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြင့်အုပ်စိုးသော ဘုရင်စနစ်ကို စတင်တည်ထောင်လိုက်ပါတယ်။ သတ္တမမြောက် ရာမာဘုရင်သည် အခြေအနေအရ ထိုပြောင်းလဲအုပ်ချုပ်မှုကို လက်ခံခဲ့သော်လည်း နောင် ၂နှစ်ကျော် တွင် ထီးနန်းကို စွန့်လွှတ်ခဲ့ရပါတယ်။



**အငြိမ်းစားနေမြောက် ရာမာမင်းဆက်ဘုရင် "အာနန္ဒာမဟီဒေါ်"ရဲ့ ညီတော်ဖြစ်သော "ဘူမိဘောအဒူယာဒက်"သည် ဒုတိယကမ္ဘာစစ်ပြီးစ ၁၉၄၆ ခုနှစ်တွင် ထိုင်းနိုင်ငံရဲ့ဦးသျှောင် နဝမမြောက် ရာမာဘုရင်အဖြစ် စတင်တာဝန်ယူခဲ့ပါတယ်။**

အဋ္ဌမမြောက် ရာမာဘုရင် 'အာနန္ဒာမဟီဒေါ်'မှာ အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် ထီးမွေနန်းလျာ ဆက်ခံလိုက်ရပါတယ်။ နန်းသက်စံသက္ကရာဇ် ၁၉၃၅ မှ ၁၉၄၆ ခုနှစ်အထိ ထီးနန်းစိုးစံသွားခဲ့ပါတယ်။

'အာနန္ဒာမဟီဒေါ်'ရဲ့ အရိုက်အရာကို ညီတော်ဖြစ်သူ နဝမမြောက် ရာမာဘုရင် 'ဘူမိဘော'ဆက်ခံခဲ့ပါတယ်။

နဝမမြောက် ရာမာဘုရင် 'ဘူမိဘောအဒူယာဒက်'သည် အမေရိကန်နိုင်ငံရဲ့ 'မက်ဘောချူးဆက်'ပြည်နယ်၊'ကင်းဘာရစ်ချ်'မြို့တွင် ၁၉၂၇ ခုနှစ်မှာ မွေးဖွားခဲ့ပါတယ်။ ထိုင်းဘုရင်မင်းဆက်များထဲတွင် 'ဘူမိဘော' တစ်ဦးတည်းသာ အမေရိကန်နိုင်ငံတွင် မွေးဖွားခဲ့သည်ဟု သိခဲ့ရပါတယ်။ ငယ်စဉ်မင်းသားဘဝမှာ ဆွစ်ဇာလန်နိုင်ငံတွင် ဥပဒေနှင့် သိပ္ပံပညာရပ်များကို ကြိုးစားသင်ယူဆည်းပူးခဲ့ရပါတယ်။

ချက်ကရီမင်းများသည် ၁၇၈၂ ခုနှစ်မှစတင်ကာ ထီးမွေနန်းလျာ ဆက်ခံလာခဲ့ကြသည်မှာ နှစ်ပေါင်း ၂၀၀ ကျော်လာခဲ့ပါပြီ။ ၁၉၃၂ ခုနှစ်မှစတင်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြင့် အုပ်ချုပ်ရသော ဘုရင်စနစ်ကို ထူထောင်ခဲ့ကြသော်လည်း ထိုင်းဘုရင် 'ဘူမိဘော'သည် အနောက်နိုင်ငံ



များမှ အခြားသော ဘုရင်ဧကရာဇ်များထက် သာလွန်ကာ အုပ်ချုပ်ရေးတွင် တန်ခိုးကြီးဩဇာ လွှမ်းမိုးနိုင်ခဲ့ပါတယ်။

ဘုရင်မင်းမြတ်သည် လွှတ်တော်၊ ဝန်ကြီးများအဖွဲ့၊ တရားရုံးတို့ကို အဆင့်ဆင့် ဖွဲ့စည်းတာဝန်များပေးအပ်ထားပါတယ်။ အမျိုးသားလွှတ်တော်မှတစ်ဆင့် တရားဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပေးထားရပါတယ်။ ဝန်ကြီးများအဖွဲ့မှတစ်ဆင့် အုပ်ချုပ်မှုအာဏာ ကိုင်တွယ်ထားရပါတယ်။ တရားရုံးတော်များမှတစ်ဆင့် တရားစီရင်ရေးအာဏာကို ကျင့်သုံးကြရပါတယ်။

ထိုင်းနိုင်ငံရဲ့ ပြည်သူပြည်သားတွေက ဘုရင်မင်းမြတ်အား ကြည်ညိုလေးစားကာ အထွတ်အမြတ်ထားကြသည့်အတွက် ယခုကဲ့သို့သော ဩဇာဘုန်းတန်ခိုး ထက်မြက်ကြီးမားရခြင်းဖြစ်ပါတယ်။ ဥပဒေစည်းမျဉ်းဘောင်များ ရေးဆွဲပြဋ္ဌာန်းကာ အခွင့်အာဏာများ ပေးအပ်ထားသောကြောင့် မဟုတ်ပါ။

အဋ္ဌမမြောက် ရာမာမင်းဆက်ဘုရင် 'အာနန္ဒာမဟီဒေါ်'ရဲ့ ညီတော်ဖြစ်သော 'ဘူမိဘောအဒူယာဒက်'သည် ဒုတိယကမ္ဘာစစ်ပြီးစ ၁၉၄၆ ခုနှစ်တွင် ထိုင်းနိုင်ငံရဲ့ ဦးသျှောင် နဝမမြောက် ရာမာဘုရင်အဖြစ် စတင်တာဝန်ယူခဲ့ပါတယ်။ မိဖုရားကြီးရဲ့ အမည်မှာ 'သီရိခေတ်'ဖြစ်ပြီး ဘုရင်ကြီးထက် ၅နှစ်ငယ်ရွယ်သူဖြစ်ပါတယ်။ တိုင်းသူပြည်သားအများတို့ရဲ့ လေးစားကြည်ညိုခြင်းအခံရဆုံး ဇနီးမောင်နှံပင်ဖြစ်ပါတယ်။

ဘုရင် 'ဘူမိဘော'သည် ထိုင်းနိုင်ငံရဲ့ ရှေးရိုးရာအစဉ်အလာ ယဉ်ကျေးမှုများကို တစ်ဘက်တွင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ထားရင်း အခြားတစ်ဘက်မှာလည်း မိမိနိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များကို ကိုယ်တိုင်ကွင်းဆင်းပြီး ကြီးကြပ်ကွပ်ကဲခဲ့ပါတယ်။

ထိုင်းရိုးရာဓလေ့ အခမ်းအနားများကို လည်း မင်းခမ်းမင်းနားများဖြင့် ဆင်ယင်ကျင်းပသောအခါမျိုးတွင်လည်း၊ ဘုရင် 'ဘူမိဘော'အား မင်းမြောက်တန်ဆာ ရှပ်း အပြည့်အစုံဆင်ယင်ထားသည်မှာလည်း ကျက်သရေရှိစွာဖြင့် ပြည်သူပြည်သားအများတို့ ဖူးမြော်ကြရပါတယ်။ တခြား သောသာမန်အချိန်များတွင် စပို့ရှပ်အင်္ကျီလက်တိုနှင့် ဘောင်းဘီရှည်ကိုဝတ်ဆင်ကာ ဖေါ့ပါးသွက်လက်စွာဖြင့် ပြည်သူတွေရဲ့ကြားမှာ သွားလာလှုပ်ရှားနေသည်ကို တွေ့မြင်နိုင်ပါတယ်။ သွားလေရာတွင် လည်ပင်းမှာ ကင်မရာကို အမြဲလိုလို လွယ်ထားခြင်းနှင့် အတူ လက်ထဲမှာလည်း မြေပုံနှင့် မှတ်စုစာအုပ်များကို ကိုင်ထားလေ့ရှိပါတယ်။ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုစိတ်ပါဝင်စားတတ်သကဲ့သို့ အထူးသဖြင့် တူးမြောင်းများနှင့် ရေသွင်းစိုက်ပျိုးရေး စနစ်တွင် အထူးကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ဆောင်နိုင်ရေးအတွက် လေ့လာထားခဲ့ပါတယ်။

ဆင်းရဲသား ကျေးလက်ပြည်သူများနှင့် လက်ပွန်းတတီး တွေ့ဆုံမေးမြန်း ဆွေးနွေးတတ်သကဲ့သို့ မျက်နှာပေါ်တွင်လည်း ပွင့်လင်းကြည်သာသောအပြုံးကို အစဉ်တွေ့မြင်နေရသောကြောင့် ထိုင်းပြည်သူပြည်သားအပေါင်းတို့က ဘုရင်'ဘူမိဘော' အား အထူးချစ်ခင်လေးစား ရိုသေကြပါတယ်။

ဘုရင် 'ဘူမိဘော'ရဲ့ မိဖုရား 'သီရိခေတ်'သည် ဘွဲ့ဂုဏ်ထူးများဖြင့်ပြည့်စုံသော သံတမန်ကြီးတစ်ဦးရဲ့ သမီးတော်ဖြစ်ပါ တယ်။ ထိုင်းနိုင်ငံရဲ့ ကျေးလက်ဒေသမှ အိမ်တွင်းလက်မှုပညာအတတ်ကို အထူးအားပေးပြီး ထိန်းသိမ်းစောင့်ရှောက်ထား ကာ အိမ်တွင်းလက်မှုပညာအရည်အသွေး တိုးတက်မြင့်မားလာရေးအတွက် မြှင့်တင်ပေးနေပါတယ်။ ဥပမာအားဖြင့် ကြိမ်ထိုးလုပ်ငန်း၊ ပိုးထည်လုပ်ငန်း၊ ဆေးဆိုးပန်းရိုက်လုပ်ငန်း စတဲ့ အိမ်တွင်းလက်မှုပညာလုပ်ငန်းများကဲ့သို့ ရိုးရာအတတ်ပညာများတွင် မိဖုရားကြီးကိုယ်တိုင် စိတ်ဝင်စားကာ လူမှုရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာ ပါဝင်ဦးဆောင်ဦးရွက်ပြုတတ်ပါတယ်။



ထိုင်းရိုးရာ အနုပညာရပ်များသည်လည်း၊ မိဖုရား 'သီရိခေတ်'ရဲ့ အမြော်အမြင်ကြီးမားမှုကြောင့် ပျောက်ကွယ်တော့မည့် အန္တရာယ်မှ လွတ်မြောက်သွားခဲ့ရပါတယ်။ ထို့အတူ အိမ်တွင်းလက်မှုပညာလုပ်ငန်းများသည်လည်း ထိုင်းကျေးလက်ပြည်သူများအား တစ်ဖက်တစ်လမ်းမှ ဝင်ငွေ ရရှိစေပါတယ်။ လက်မှုလုပ်ငန်းများ မပြတ်လုပ်ကိုင်သွားသောကြောင့် ဘဝရပ်တည်မှု နိုင်မာတည်ငြိမ်အေးချမ်းလာစေခဲ့ပါတယ်။

ထိုင်းဘုရင်ကြီး 'ဘူမိဘော'နှင့် မိဖုရားကြီး 'သီရိခေတ်'တို့တွင် သားသမီး ရတနာ လေးယောက်ထွန်းကားခဲ့ပါတယ်။

သမီးတော်အကြီးဆုံး 'ယူဘောရတနာ'မှာ ၁၉၅၁ ခုနှစ်တွင် မွေးဖွားခဲ့ပါတယ်။

သားတော်အိမ်ရှေ့မင်းသား 'မဟာဝဇီရာလောင်ကွန်း'သည် ၁၉၅၂ ခုနှစ်တွင် မွေးဖွားခဲ့ပြီး မင်းသားစည်းစိမ်မှာ ယစ်မူးအချိန်ကုန်နေလေ့မရှိဘဲ စစ်သိပ္ပံပညာရပ်များကို စာတွေ့လက်တွေ့ သင်ကြားတတ်မြောက်ထားသည့် အစွမ်းထက်သော တိုက်လေသူရဲတစ်ဦးလည်း ဖြစ်ပါတယ်။

မင်းသမီး 'သီရိန္ဒုံ'သည် ၁၉၅၅ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ဖခမည်းတော်ကဲ့သို့ပင် ပညာထူးချွန်ထက်မြက်သူလေး ဖြစ်ပါတယ်။ အနုပညာအစွမ်းအစများကိုလည်း ပိုင်ဆိုင်ထားသူလေး ဖြစ်ပါတယ်။

အငယ်ဆုံးသမီးတော်လေး မင်းသမီး 'ချူလာဘွန်း'သည် ၁၉၅၇ ခုနှစ်တွင် မွေးဖွားခဲ့ပါတယ်။ သာမန်အရပ်သားတစ်ဦးနှင့် လက်ထပ်ခဲ့သူလေးဖြစ်ပါတယ်။ မင်းခမ်းမင်းနားများတွင်လည်း၊ တာဝန်မလစ်ဟင်းစေရဘဲ အိမ်ထောင်သည်ဘဝမှာလည်း မျှတစွာ ဘဝနှစ်ခုကြားတွင် ကူးလူးကျင်လည်နေတတ်ခဲ့ပါတယ်။

ထိုင်းဘုရင်ကြီး 'ဘူမိဘော'သည် ၁၉၄၆ ခုနှစ်၊ ဇွန်လမှစပြီး နဝမမြောက်ရာမာဘုရင်အဖြစ်နှင့် ထီးနန်းစိုးစံခဲ့သည် မှာ ၂၀ ရာစု နှစ်ဦးပိုင်းအထိတိုင်အောင် ထိုင်းပြည်သူပြည်သားအပေါင်းတို့ရဲ့ ချစ်ခင်လေးစား ရိုသေမှုကိုခံယူကာ ယုံကြည်အားကိုးမှုတွေနဲ့ ထီးနန်းသက်ရှည်ကြာစွာ အုပ်စိုးစံခဲ့ပါတယ်။

ပစ္စုပ္ပန်အခြေအနေတွင် ထိုင်းဘုရင်ကြီး ချက်ကရီမင်းဆက် နဝမမြောက် ရာမာဘုရင် 'ဘူမိဘောအဒူယာဒက်' နတ်ရွာစံတော်မူပြီးနောက်ပိုင်းမှာ သားတော်အိမ်ရှေ့မင်းသား 'မဟာဝဇီရာလောင်ကွန်း'သည် ချက်ကရီမင်းဆက် ဒသမမြောက် ရာမာဘုရင်အဖြစ် ဘိသိက်ခံယူကာ ထီးနန်းဆက်ခံ စိုးစံနေပါတော့သတည်း။ ဤသည်ကား ထိုင်းနိုင်ငံရဲ့ သမိုင်းကြောင်းစဉ်လာ စိတ်ဝင်စားစရာပင် မဟုတ်ပါလော။

**ကိုဇော်**

City by wikipedia.com
Ref:Traditional Thailand.
(Denis Segaller)
Thailand(Insight Guides)APA
S'Fore.
ထိုင်း(စာပေဗိမာန်စာစဉ်)

ဆင်ဖြူကျွန်း အောင်သိန်း

(၁)

ကက်ဆက်သံအစဲတွင် လှည်းဝင်ရိုးအီသံတစည်စည်က ရှည်လျားသောဖုန်တန်းကြီးထဲမှ မညီမညာထွက်ပေါ်လာလေသည်။ အချို့လှည်းက ဘီးတစ်ပတ်ပြည့်မှ တစ်ခါသာမြည်သည်။ အချို့လှည်းက မပြတ်မြည်သည်။ အချို့လှည်းက ဝင်ရိုးတစ်ဘက်၊ အချို့လှည်းက နှစ်ဘက်လုံးမြည်သည်။ သည်တစ်ခါ လှည်းအီသံများ အဘယ်မှာ ညီညာနိုင်ပါတော့မည်နည်း။



> ရွှေမယ်ဆိုလည်း ရွှေလောက်တာပေါ့ဟာ၊ သူ့အဖြစ်က ဆိုးတော့လည်း ရွှေရမလောက်၊ အခုကောင်းပြန်တော့လည်း ရွှေမလောက် ကောင်းလာတာကိုးဟ . . .

သည့် မညီမညာအိုးသံကို သာယာသော အသံတစ်သံက ရုတ်တရက်လွှမ်းမိုးလိုက်၏။ လေချွန်သံတစ်ခု။ လှည်းတန်းအလယ်မှ အောင်သာ၏ လေချွန်သံ။

''အေးပေါ့ကွာ၊ ယောက္ခမအိမ်မှာ ခွေချိန်မယ့် သားမက်များကျတော့ လေကလေးက တချွန်ချွန်နဲ့ကွ''

ရှေ့လှည်းမှ ကိုထွန်းမြင့်က လှည့်ကြည့်ပြီး ပြုံးပြုံးကြီး ခနဲ့လိုက်လေသည်။ ကိုထွန်းမြင့်အားတွင် သနပ်ခါးအဖွေးသားဖြင့် ပါလာသော မလှယဉ်နှင့် စောင်ခြုံထဲမှ သားကလေးတို့ကလည်း လှည့်ကြည့်ပြီး ရယ်မောကြ၏။

သည်အခါ အောင်သာ၏ နောက်လှည်းမှ ကျော်သူက အော်ပြော၏။

''ခင်ဗျားကတော့ ကိုယ်ချင်းစာတတ်တော့ ပြောနိုင်တာပေါ့ဗျာ၊ ကျုပ်တော့ သူ့လေချွန်သံတချို့ချို့ကို နားငြီးလိုက်တာ''

ကာယကံရှင် အောင်သာကား ပြုံးရုံသာ ပြုံးသည်။ လေချွန်မပျက်။ ကိုထွန်းမြင့်ကပင် လှမ်းပြောသည်။

''အောင်သာတဲ့ကွ၊ အောင်လည်း အောင်မြင် သာလည်းသာတဲ့ အောင်သာပဲကွ''

ရယ်မောသံကြီးသည် ရှေ့ဆုံးလှည်း၊ နောက်လှည်းများဆီတိုင်အောင် လွင့်ပျံသွား၏ ရှေ့ဆုံးလှည်း ကက်ဆက်သံက ဆက်လက်ထွက်ပေါ်လာပြန်သည်။

တောင်လှရွာမှ ဂျုံရောင်းအဖွဲ့ ဖြစ်သည်။

ရှေ့ဆုံးလှည်းတွေ အလံတလူလူ လွင့်နေသည်။

ယာခုတစ်ကြိမ် ဖွင့်လိုက်သော ကက်ဆက်သံမှာ နိုးသံဖြစ်ရာ အချို့လှည်းမှလူများ ထကကြသည်။

''ဟေ့ကောင် အောင်သာ၊ ဝမ်းသာတာကို မြူမထားနဲ့ကွာ၊ ထက၊ပါတော့လား''

''မဖြစ်ဘူးကွ–မဖြစ်ဘူး''

''ဘာဖြစ်လို့လဲ''

''လှည်းကျိုးသွားမှာစိုးလို့''

သူ့ဘာစ်ပါးနည်းတူ အောင်သာ မကာ ခုန်ပါ၊ သို့ဖြစ်ငြား တင်ပျဉ်ခွေထားသော ဒူးနှစ်လုံးကို ဒိုးပတ်တီးသလို တီးနေသည်။ သူ့ဝမ်းသာမှု၊ သူ့ပျော်ရွှင်မှုကို သည်နည်းဖြင့် ဖော်ပြနေမိသည်။

သမဝါယမအဝယ်ဒိုင်ကို လှမ်းမြင်နေကြရပါပြီ။

ကက်ဆက်သံ ရပ်သွားပြီ၊ အကအခုန်များလည်း ဆိုင်းသွားပြီ၊ အောင်သာကား ဒူးကို ဒိုးပတ်လုပ်ပြီး တီးဆဲ၊ ပါးစပ်မှ မပီမသ သီဆိုနေဆဲ။

ကိုထွန်းမြင့်၏ သားလေးက အောင်သာ ဖြစ်နေပုံကို လှမ်းမြင်သဖြင့် သူ့အမေကို မေးပြော၏။

''အမေ···ကိုအောင်သာကြီး ရူးနေတယ်''

မလှယဉ် တခွိခွိရယ်မောရင်း ကိုထွန်းမြင့်အား လက်တို့သလို၊ အောင်သာဘက်သို့လည်း မေးငေါ့ပြ၏။

''သားက ပြောနေတယ်၊ ကိုအောင်သာကြီး ရူးနေပြီအမေတဲ့''

ကိုထွန်းမြင့် လှမ်းကြည့်ကာ တအားရယ်သည်။ ရယ်၍ အားရသလောက်ရှိမှ မှတ်ချက်ချ၏။

''ရွှေမယ်ဆိုလည်း ရွှေလောက်တာပေါ့ဟာ၊ သူ့အဖြစ်က ဆိုးတော့လည်း ရွှေရမလောက်၊ အခုကောင်းပြန်တော့လည်း ရွှေမလောက် ကောင်းလာတာကိုးဟ''

အောင်သာ၏ အကြောင်း။

သို့မဟုတ် အောင်သာနှင့် ဥစပယ်တို့အကြောင်းကို အောင်သာနှင့် ဥစပယ်တို့သာ မဟုတ်၊ ကိုထွန်းမြင့်၊ မလှယဉ်တို့သာမက၊ တောင်လှတစ်ရွာလုံးက သိခဲ့ကြသောကြောင့် အဆိုးအကောင်း သတ်မှတ်နိုင်ကြခြင်းဖြစ်ပေ၏။

(၂)

''တော်ပြီ···တော်ပြီ၊ ပညာရှည် ထူးချွန် ထူးချွန်၊ မထူးချွန်···မထူးချွန်၊ ကျောင်းဆက်မထားတော့ဘူး၊ ဘယ့်နှယ်ဗျာ၊ ငါ့သမီးလေး ပညာတတ်ပါစေတော့လို့ ကျောင်းထားတာ၊ အခုတော့ ရည်းစားထားချေတော့လို့ ကျောင်းထွက်ပေးရတာနဲ့ တူနေပြီ''

ဥစပယ်တို့ အိမ်ခေါင်ကို ဆီးလောင်းသောနေ့ ဆိုရမည်။ အဆက်မပြတ် မြည်တွန် ကြိမ်းမောင်းအပြီးတွင် အဆုံးသတ်ပြောချလိုက်သော ဦးလှအေး၏ အမိန့်သံစကားကြောင့် ဥစပယ် ရင်ထဲပိုက်ခနဲဖြစ်သွားရ၏။

''စကားကို စဉ်းစားပြောပါ ကိုလှအေးရယ်၊ ကျောင်းနေရလို့ ရည်းစားထားတာ မဟုတ်ပါဘူး။ ရည်းစားထားချင်တဲ့လူဟာ အိမ်ထဲမှာ သော့ခတ်ထားလည်း ရည်းစားထားမှာပါပဲ၊ ဒါကြောင့်···''

''တော်တိတ်···မရွှေသင် မင်းဘာမှဝင်မပြောနဲ့''

ဒေါ်ရွှေသင်မှာ အငေါက်အငမ်းခံရသော်ငြား နှုတ်ပိတ်နောက်ဆုတ်၍ကား မသွားပါ။

''ရှင်ဟာ တော်တော် တယူသန်ပါကလား''

''သန်တယ်ကွာ–သန်တယ်၊ ကျောင်းမတက်နဲ့ ကနေ့ကစပြီး အိမ်ပြင်မထွက်ရဘူး''

ဒေါ်ရွှေသင် ထပ်ပြောလျှင်လည်း မောရုံသာရှိမည်။ ဦးလှအေးကမူ အမိန့်ကို

**"ပညာရည် ထူးချွန် ထူးချွန်၊ မထူးချွန် . . . မထူးချွန်၊ ကျောင်းဆက်မထားတော့ဘူး။ ဘယ်နှယ်ဗျာ၊ ငါ့သမီးလေး ပညာတတ်ပါစေတော့လို့ ကျောင်းထားတာ၊ အခုတော့ ရည်းစားထားချေတော့လို့ ကျောင်းထွက်ပေးရတာနဲ့ တူနေပြီ..."**

ပြင်မည်မထင်။ ဥစပယ်ဘက်ကလည်း ဦးလှအေး မကြိုက်ဆုံးအလုပ်ကိုမှ လုပ်မိပေသကိုး။

ထိုအလုပ်မှာ ရွာတွင် အဆင်းရဲဆုံး စာရင်းဝင် မောင်အောင်သာနှင့် ညိုငံမိခြင်း ဖြစ်ပေသည်။

ဦးလှအေးမှာ သည် ပုလဲမြို့နယ် တစ်ဝိုက်ရှိ မြေပြင်များတွင် ဂျုံစိုက်ခင်းများ လွှမ်းမိုးနေသည့်ခေတ်မှ ယနေ့ ဂျုံဖြူ မက်ဆီပက်နှင့် ကလျာဆိုးနွား(ကာလီယံဆိုးနွား) ခေတ်အထိ ကုန်လှောင်ပွဲစား၊ ကုန်လှောင်ကုန်သည်အဖြစ်ဖြင့် ကြီးပွားချမ်းသာလာခဲ့သူဖြစ်ရာ မြေကြီးထဲတွင် မြေဝပ်ငုက်လိုလူးမှု၊ စိုက်ပင်ပျိုးပင်ကို မှန်လိုရှုနေနိုင်မှ ထမင်းစားရသော ဂျုံတောင်သူကို အဘယ်မှာလျှင် ကြည်ဖြူပါမည်နည်း။

သည်အကြောင်းမှာ အဓိကအကြောင်း ဖြစ်သည်၊ သို့ကြောင့်လည်း ဖွံ့ဖွံ့မာနံသံ ထန့်သံပေးလျက် အိမ်ရှေ့သို့ ထွက်သွားလေ၏။

ဥစပယ်မှာ ဖိခင်အား မျက်ရည်အရွဲသားဖြင့် မော်ကြည့်မိ၏။ ဝမ်းနည်းညှိုးငယ်စွာ ငေးကြည့်နေသော ဒေါ်ရွှေသင့်မျက်နှာ။

"ရည်းစားနဲ့ ချိန်းတွေ့တယ်ဆိုတာ မဟုတ်ဘူး အမေ။ အမေ့သား မတရားစွပ်စွဲပြီး ကုန်းချောတာ"

ရှိုက်သံအပြည့်ဖြင့် ဥစပယ် ချေပသည်။

"ရွာလမ်းဘက်အဆင်းမှာ သမီးစက်ဘီး စတီယာရင်ချော်ပြီး လဲကျသွားလို့ အောင်သာက စတီယာရင်ကို ပြန်ပြီးတည့်ပေးတာ၊ အဲဒါကို"

ဥစပယ် ငိုရှိုက်လိုက်မိသည်။

"ငါ့ကို မဟုတ်တမ်းတရားပြောတဲ့ နင့်တော့လား"

အဖေ့ကို မလွန်ဆန်နိုင်ရှံ့သာမက အမေ့ထံမှလည်း နှစ်သိမ့်စကားလေးသော်မျှ မရသောအခါ ဥစပယ်၏ နာကျည်းမှုသည် ဖောင်ငယ် သိန်းတိုးဘက်လှည့်တော့သည်။ လှည့်ဆို အပြောမဟုတ်၊ အလုပ်ဖြင့် သက်သေပြရန် တံမြက်စည်းလှမ်းဆွဲလျက် ကုန်းထလိုက်သည်နှင့်တစ်ပြိုင်နက် သိန်းတိုး ခေါ်ပြီးပြေးတော့သည်။

"အမယ်လေး . . . ကြောက်ပါပြီဗျ"

သူက သူ့စကား မည်မျှအောင်မြင်ထိရောက်မှု ရှိသနည်းသိရန် ညှိခန်းဝမှ မယောင်မလည်အကဲခတ်နေခဲ့ရာ ဥစပယ် ထလိုက်သည့်ခဏဝယ် လေနှင့်အတူ ပြေးလွှင့် ပျောက်ကွယ်သွားလေတော့၏။

သိန်းတိုးမှာ မူလက ဥစပယ်နှင့် တစ်တန်းသာကွာသည်။ ရှစ်တန်း တစ်ကြိမ်ကျလိုက်သည့်အတွက် နှစ်တန်းကွာပြီး ကျန်ခဲ့ခြင်းဖြစ်၏။

သို့သော် သည်နှစ်လည်း သိန်းတိုး စာမေးပွဲအောင်ရန် အခွင့်အလမ်းနည်းပါ၏၊ လှသည်။ ကျောင်းတက်ရက်နှင့် ကျောင်းပျက်ရက်တွင် ကျောင်းပျက်ရက်က များသည်။ ကျောင်းတက်ပြန်သော် စာကို စိတ်မဝင်စား။ ကက်ဆက်ဓာတ်လမ်းအကြောင်း၊ ကက်ဆက်သီချင်းအကြောင်း၊ ဟိုအကြောင်း သည်အကြောင်းများက သိန်းတိုး၏အာရုံကို အပိုင်စားရနေကြပြီ။

သိန်းတိုးအား ပြင်ပအာရုံများနှင့် မိတ်ဆက်ပေးသူမှာ လှကြီးမောင်ဖြစ်သည်။

လှကြီးမောင်ကား မြေမှလူသုံးပစ္စည်းထုတ်လုပ်ပေးသော လယ်သမား၊ ယာသမား မဟုတ်၊ တစ်နေရာမှ ပစ္စည်းကို တစ်နေရာသို့ ပို့ဆောင်ကုန်သွယ်နေသော အရောင်းအဝယ်သမား၊ သို့မဟုတ် ကုန်သည်ဖြစ်၏။



**“ စက်ဘီးဖြောင့်ပေးရာတွင် လိုအပ်သည်ထက် အချိန်ကြာမြင့်ခြင်းနှင့် ဆိတ်ကွယ်ရာထင်ပြီး ပြောဆိုသုံးနှုန်းခဲ့မိသော စကားတို့ကြောင့် ဥစပယ် အိမ်ပြန်ရောက်ပြီးမကြာမီ ငိုပွဲဆင်လိုက်ရတော့သည်။ ”**

သိန်းတိုးသည် လှကြီးမောင်နှင့် ရင်းနှီးလာသည်နှင့်အမျှ အမြင်မသားနားသော အောင်သာကို ကြည့်မရခြင်းဖြစ်လာသည်။ သို့ရှိရိုက်တွင် လှကြီးမောင်က ဥစပယ် အပေါ် တိမ်းညွတ်စကား ဆိုလာသောအခါ သိန်းတိုးမှာ အမှတ်ကောင်းကောင်းရအောင် ကြိုးစားမိခြင်းဖြစ်၏။

တောင်လှရွာမှာ ပုလဲ ယင်းမာပင်ကားလမ်းကြားတွင်ရှိ၍ ပုလဲနှင့်နီးသည်။ နီးဆို တစ်မိုင်ကျော် နှစ်မိုင်လျော့လျော့သာ ဝေးသည်။ ကားလမ်းနှင့် ရွာမှာ တစ်မိုင်ပင် မရှိပါတ်။ သို့ကြောင့် တောင်လှမှ ကျောင်းသူ ကျောင်းသားအားလုံး ပုလဲသို့ စက်ဘီးဖြင့် ကျောင်းတက်ကြ၏။

ကားလမ်းမှ တောင်လှရွာသို့ ချိုးဆင်းလျှင်ဆင်းချင်း ညောင်ပင်ကြီးတစ်ပင်ရှိ၏။ တောင်လှရွာမှ ကျောင်းသူကျောင်းသားတွေ ကျောင်းမှအပြန်တွင် အမောဖြေနားနေလေ့ရှိသော ရေချမ်းစင်နှင့် ဇရပ်နှင့် ကွန်းသာယာကလေး။

သိန်းတိုးသည် သည်ဇရိပ်ကွန်းကလေးရှိ ညောင်ပင်ပေါ်တက်ပြီး ချက်ကောင်းစောင့်နေခဲ့ရာ ယနေ့ သူ့အတွက် အချက်ပေါ်တော့သည်။

ဥပစယ်၏ စက်ဘီးမှာ အမှန်ပင် လက်ကိုင်လည်ထွက်ကာ လဲကျခဲ့သော်ငြားသော်တွင် အောင်သာပါသဖြင့် အနာတရ မရှိခဲ့ပေ။ သို့သော် စက်ဘီးဖြောင့်ပေးရာတွင် လိုအပ်သည်ထက် အချိန်ကြာမြင့်ခြင်းနှင့် ဆိတ်ကွယ်ရာထင်ပြီး ပြောဆိုသုံးနှုန်းခဲ့မိသော စကားတို့ကြောင့် ဥစပယ် အိမ်ပြန်ရောက်ပြီးမကြာမီ ငိုပွဲဆင်လိုက်ရတော့သည်။

(၃)

စိမ်းပြေပြေ ကမ္ဘာလာနသည် တစ်လောကလုံးကို ခြုံရုံထားသည်။ ဟိုဘက်မိုး ပြာပြာမှသည် သည်ဘက် မိုးပြာပြာထိ။ သည်ဘက် မိုးပြာပြာမှသည် ဟိုဘက် မိုးပြာပြာအထိ လှသွေးကြွယ်နေသော ကျွဲပင်လယ်ကြီး။

သည်ပင်လယ်ကြီးထဲတွင် မှိုင်းရင့်သော အရောင်များဖြင့် ကျောက်ဆောင်ကျောက်ကျွန်းများနှယ် မိုးတိုးမတ်တတ်ရပ်နေကြသော အရာများမှာ နံစားပြောင်းခင်းများ ဖြစ်ပေသည်။

နေထွက်ခါစပင် ရှိသေးငြား အဝေးတွင်ရော အနီးတွင်ပါ နှင်းမှောင်ငွေ့ဆိုင်းဖွဲ့နေသေးငြား အောင်သာ၏နေဖူးတွင် ချွေးပုလဲဥတို့ စို့သီးစပြုနေပေပြီ။ အနံ့ထွက်စ ကျွဲပင်ကလေးများ၏ ရွက်ဖျားနံ့ဖျားတွင် နှင်းငွေစတို့ သီးခိုနေရာ သည်အထဲဝင်တိုးနေမိသော အောင်သာမှာ ကိုယ်အောက်ပိုင်းတွင် ရွှဲနေသည်။

''ဟကောင်– နှင်းကွဲအောင်များ စောင့်ပါအုံးဟ၊ ဝိရိယကောင်းနေလိုက်တာကွာ''

ခပ်လှမ်းလှမ်းမှ လှမ်းအော်လိုက်သူမှာ ကျော်သူ။ သူနှင့် တစ်နှစ်တည်း ဆယ်တန်းအောင်ခဲ့သလို၊ သူနှင့် တစ်နှစ်တည်း ကျောင်းထွက်ကာ ယာထဲဆင်းနေသော ကျော်သူ။ လေတဟူးဟူးတွင် စောင်ကြီးပိုသီပတ်သီဖြင့် တဖြည်းဖြည်းချဉ်းကပ်လာ၏။

''အလုပ်ပဲကွ၊ စောသေးတယ်၊ အချိန်မရှိတော့ဘူး။ အေးသေးတယ်နဲ့ ဆိုင်းမနေနိုင်ဘူး''

အောင်သာက လှည့်မကြည့်ဘဲနှင့် ကျော်သူမှန်းသိသည်။ ကန်စွန်းပင်လိုလို ကြက်နှာခေါင်းပင်လိုလို ရွက်ရှည်နွယ်ပင်



**"ချစ်သူကောင်းအားချေင်ရင် ဥစပယ်ကို ဖြတ်စာရေးပေးပါ၊ ငွေတစ်သောင်း ပေးပါမယ်တဲ့၊ ငါ ဆွဲထိုးမိတော့မလို့ စိတ်ကိုမနည်းထိန်းပြီး ကျုပ် ဥကိုမပိုင်ဘူး။ ဒါကြောင့် အရောင်းအဝယ်စကားလာပြောတာ အဓိပ္ပာယ်မရှိဘူးလို့ပြောပြီး..."**

တစ်ပင်ကို အရင်းမှပါအောင် ကုန်းနုတ်နေရင်းမှ ပြန်ပြောသည်။

''မင်းတို့ထဲကောပေါ့၊ ရာကျော်ပေါင်းတွေ ဘယ့်နှယ်နေလဲကွ''

အနားသို့ ကျော်သူရောက်လာသဖြင့် မော့မေးသည်။

''ရှိတာပေါ့ကွာ၊ ဒီဂျုံမျိုးနဲ့ ပါလာတဲ့ပေါင်းပဲ''

အောင်သာ မရမက ကုတ်ကပ်နုတ်နေသောပေါင်းမှာ သူတို့ပြောသော ရာကျော်ပေါင်း ဖြစ်၏။

တစ်ကောလျှင် ဆယ့်လေးငါးတောင်း။ တောင်းနှစ်ဆယ်သာထွက်သော စပါးမျိုးနေရာတွင် တစ်ကောလျှင် တင်းတစ်ရာ ထွက်နှုန်းဖြင့် ဝင်ရောက်လာသော စပါးမျိုးသစ်ကို ရာကျော်စပါးခေါ်သည်။ ထိုနည်းတူပင် တစ်ကောလျှင် လေးငါးတောင်းသာ ထွက်သော ဂျုံမျိုးနေရာတွင် တစ်ကောလျှင် နှစ်ဆယ်မှ ငါးဆယ်၊ ရှစ်ဆယ်အထိထွက်သော ဂျုံမျိုးက ဝင်ရောက်လာရာ လွှယ်လွယ်ပင် ရာကျော်ဂျုံ ခေါ်လိုက်ကြ၏။

သည်ဂျုံမျိုးသစ်မှာ မက်ဆီကော်ဖြစ်သဖြင့် သည်မျိုးချမှ ပေါ်လာသော ပေါင်းပင် အသစ်ကိုလည်း မက်ဆီပက်ပေါင်း။ သို့သော် အလွယ်အားဖြင့်ကား ရာကျော်ပေါင်း။

''ပေါ့မနေနဲ့နော်၊ အဲဒီပေါင်းက အမြစ်ကလည်း ပွားတာ၊ တော်တော်ကြာမှ ဂျုံတစ်ခေါ့မှမရဘဲ ပေါင်းပင်တွေ နုတ်ရောင်းနေရမယ်''

ပေါင်းပင်နှစ်ပင် နုတ်လိုက်မှ ပေါ်လာသော ပင်ကြားအက်ကို မြေမှုန့်မြေခဲများဖြင့် ဖုံးအုပ်ပေးလိုက်၏။

''အေး···မင်းက ဒီမှာ ကြီးတာနေ၊ ဥစပယ် ဘာဖြစ်နေတယ်ဆိုတာ သိရဲ့လား''

''သိသားပဲ''

အောင်သာ့အဖြေက အေးစက်စက်မို့ သူ့စကားကို ကျော်သူမယုံ၊ မယုံသည့်အလျောက် အမေးထုတ်သည်။

''သိရင် ပြောစမ်း။ ဥ ဘာဖြစ်နေလဲ''

''လှကြီးမောင်ကွာ၊ မြို့ပေါ်က မှောင်ခိုသမား။ ဥတို့အိမ်ကို အဝင်အထွက်များနေတယ်၊ မှောင်ခိုလက်ဆောင်ပစ္စည်းတွေလည်း သူလာတိုင်းပါလာတယ်၊ ဥအမေက သူ့ကို သဘောကျနေတယ်''

''ဒါနဲ့များ အောင်သာရာ၊ ကိုယ့်ရွာလာပြီး စွာနေတဲ့လူကို ဝိုင်းပြီးသင်ခန်းစာပေးဖို့ ကောင်းပြီကွ''

အောင်သာက အပြုံးဖြင့် ခေါင်းရမ်းရင်း ''မလိုပါဘူးကွာ''ဟု ပြောသည်။

''မင်းတော့···ငိုခန်းဖွင့်ရတော့မယ် အောင်သာ''

''ဥ···သစ္စာဖောက်ရင်တော့ ငိုခန်းပေါ့ကွာ၊ အခုအထိတော့ မြင်းမိုရ်တောင်ကို ယိမ်းယိုင်အောင် လေမတိုက်နိုင်သလို ဥကို ဘာလက်ဆောင်နဲ့မှ မျှားလို့လည်း မရဘူး။ သူ့အမေ ဆဲဆိုပေါက်ကယ်လို့လည်း မရဘူး''

ကျော်သူ အလွန်ကျေနပ်သွားသည်။ ''ဒါမှပေါ့ကွာ၊ သစ္စာတရားဆိုတာ''ဟုရှုံ့လည်း အားရပါးရပြောသည်။



''ဥအကိုက ဘယ်လောက်ခေါင်း မာမာနဲ့ သစ္စာကြီးနေသလဲဆိုရင် လှကြီးမောင်ကိုယ်တိုင် ငါ့ကိုလာပြီး ဈေးဆစ်ယူရတယ်''

'ဟယ်'ခနဲ ကျော်သူ အံ့အားသင့်သွားပြီးမှ···

''ဒါတွေ ငါဘာမှ မသိရပါလား။ အင်း အင်း···လှကြီးမောင်က ဘယ်လိုပြောလဲ''

''ဘာမှဝှက်ထားတာများ၊ ရောက်ပြီလဲလို့ ကိုသစ်ဦးတို့ဆီ သွားဆုံစမ်းတာပါ၊ အဲဒီက အပြန်မှာ သိန်းတိုးနဲ့ သူက လမ်းကွေ့ ညောင်ပင်အောက်က စောင့်နေကြတယ်၊ အတိုချုပ်ပြောရရင်တော့ ချစ်သူကောင်းအားချေင်ရင် ဥစပယ်ကို ဖြတ်စာရေးပေးပါ၊ ငွေတစ်သောင်း ပေးပါမယ်တဲ့၊ ငါ ဆွဲထိုးမိတော့မလို့ စိတ်ကိုမနည်းထိန်းပြီး ကျုပ် ဥကို မပိုင်ဘူး၊ ဒါကြောင့် အရောင်းအဝယ်စကားလာပြောတာ အဓိပ္ပာယ်မရှိဘူးလို့ ပြောပြီးထွက်ခဲ့တယ်ကွ၊ ဒါကြောင့် ငါပြောတာပေါ့၊ ကျောက်တိုင်ကြီးသာ လေတိုက်လို့ လှုပ်သွားမယ်၊ ဥကတော့ သစ္စာမဖောက်ဘူး။ ဒီတော့ အေးအေးပေါ့''

ကျော်သူမှာ ခေါင်းတညိတ်ညိတ်နှင့် ဝမ်းသာနေသည်။

''ဒါပေမဲ့ အနေအထိုင် အသွားအလာတော့ သတိထားကွ''

တွေခနဲ တစ်ချက်ဖြစ်သွားပြီးမှ ကျော်သူ စိုးရိမ်သံဖြင့် ပြော၏။

''သတိကတော့ မလစ်ပါဘူးကွာ၊ အခု ဥတို့ စီးပွားရေး ဘာဖြစ်နေလဲ မင်းသိလား''

''ငါထင်တာကတော့ အတိုးကြီး ဂျုံထိသွားတယ် ထင်တာပဲ''

''အလွန်ဟုတ်၊ အားကြီးဟုတ်ပေါ့ကွာ''

“ ဒါလောက် ရှုံးထားတော့ လှကြီးမောင်ဆီက ငွေကို သူ အားကိုးချင်လာပြီကွ၊ လှကြီးမောင်ကို ပိုင်ပိုင်နိုင်နိုင် အားကိုးဖို့ဆိုတာမှာ သားမက်တော်ရမှပိုင်နိုင်မှာ မဟုတ်လား။ ဒါကြောင့်... ”

အောင်သာမှာ ကန်သင်းထိပ်သို့ ရောက်လာသဖြင့် ရှပ်အင်္ကျီကိုချွတ်၍ ပေါက်တူးရိုးတွင် စွပ်ထားပြီး ကျော်သွေးဘေး ဝင်ထိုင်သည်။ ပေါက်တူးခြေရင်းတွင် ချထားသော ရေဗူးကို မော့သောက်သည်။

''မနှစ်က ဂျုံမှောင်ခိုဈေး တစ်တင်းကို နှစ်ရာငါးဆယ် ဖြစ်သွားတာက သူမြှင့်ပေးတဲ့ ဈေးပဲကွ။ ကဲ–အခု ဂျုံသစ်ပေါ်ဖို့ တစ်လ ကျော်ကျော်ပဲလိုတော့တယ်၊ ဂျုံဈေး ဘယ်လောက်လဲ''

''ခုနစ်ဆယ်–ရှစ်ဆယ်ပဲရှိမှာပေါ့''

''အဲဒီလိုဆို မင်းတွက်ကြည့်ပေါ့၊ အတိုးကြီးလှောင်တဲ့ဂျုံက တင်းတစ်ထောင်မပြည့်တောင် ငါးရာနဲ့ ခုနစ်ရာကြားရှိမယ်။ သူဝယ်တဲ့ဈေးက နှစ်ရာအောက်လျှော့တာ မပါဘူး။ ဒါကြောင့် တစ်တင်းကို တစ်ရာ့ငါးဆယ် ရှုံးတယ်ထား။ တင်းငါးရာတွင်ပဲ ခုနစ်သောင်း၊ ငါးထောင် ရှုံးနေပြီကွ''

''လောဘ အကျိုးပေါ့''

''ဒါလောက် ရှုံးထားတော့ လှကြီးမောင်ဆီက ငွေကို သူ အားကိုးချင်လာပြီကွ၊ လှကြီးမောင်ကို ပိုင်ပိုင်နိုင်နိုင် အားကိုးဖို့ဆိုတာမှာ သားမက်တော်ရမှ ပိုင်နိုင်မှာ မဟုတ်လား။ ဒါကြောင့် ငါသဝဏ်ထားပါတယ်ကွာ''

ကျော်သွေးပြန်သွားမှသာ အောင်သာ ဂျုံခင်းထဲပြန်ဆင်းနိုင်သည်။ နေမြင့်လာသည်နှင့်အမျှ ဂျုံရွက် ဂျုံနှံများပေါ်မှ နှင်းစက်များ ခန်းခြောက်သလို ပြိုးပြက်နေရောင်များလည်း ရင့်မှောင်လာသည်။ အပြာဘက် လှလာသည်။

(၄)

ပုလဲ ဂန္ဓဝါလမ်း တောက်စကာဆိုလျှင် ပုလဲတွင် ဂျစ်ကားနှစ်စီးသာရှိခဲ့ရာမှ ယခု အချိန်တွင် ခြောက်စီးထက်မနည်း၊ မိုလာခြင်းမှာ ဂျုံတောင်သူတွေက ကားပိုင်ရှင် တဖြစ်ခြင်းဖြစ်သည်ဟု ဆိုကြ၏။

အောင်သာမှ ဂျစ်ကားမထောင်နိုင်ပါ။

အိမ်ပြင်ရသည်။ နွားဝယ်ရသည်။ မိဘ နှစ်ပါးတို့ ဆေးကုရသည်။ သို့ပါလျက်နှင့် ရေစုပ်စက်တစ်လုံး ဝယ်ဖြစ်သေးသည်။ ရေစုပ်စက်ရှိမှတော့ ဂျုံပြောင်းမှုတ်(လှေ) စက် ဖြစ်လာရန်မှာ မခဲယဉ်းတော့ချေ။

အောင်သာ ရေစုပ်စက်ဝယ်ခြင်းမှာ အကြောင်းရှိသည်။ သူနေရာမှာ ရေနှင့် လှမ်းသောကြောင့် ဂျုံခင်းကိုစက်ငှားပြီး ရေသွင်းရန်မလွယ်။ သို့ကြောင့် အထွက်တိုးထက် အဆင့်မြင့်သော အထူးအထွက်တိုး သီဝင်ရန် မျိုးပြောင်းလဲစိုက်ရန် စသော စိတ်ကူးဖြင့် ဝယ်ခြင်းဖြစ်သည်။

ယခုလည်း အောင်သာ၏ စီးပွားရေး ထောင်တက်လာချိန်တွင် ဦးလှအေးမှာ ဒုတိယအကြိမ်မြောက် ဂျုံရှုံးပြန်ပြီ။ ရှုံးဆို ငွေမျောလျှင် ငွေချင်းလိုက်မည်ဆိုကာ ဒုတိယနှစ် ထပ်ဝယ်ယူလှောင်ပြန်ရာ ဦးလှအေးလက်ဝယ် ဂျုံတွေရောက်ချိန်မှစ၍ ဂျုံဈေးကျလာခဲ့ရာ ယခုနှစ် တစ်ပတ်လည်ခဲ့ ချိန်တွင် ဂျုံဈေးမှာ သမဝါယမဒိုင်ဝယ် ဈေးအောက်သို့ရောက်အောင် ကျဆင်းသွားသောကြောင့်ပင်။

အောင်သာမှ ဦးလှအေးသတင်းကို နားထောင်ပေမန်နေချိန်မရ၊ သူ့အလုပ်နှင့် သူ အလုပ်ရှုပ်နေ၏။ ဦးလှအေးသတင်းကို အပင်ပန်းခံ နားထောင်နေသူများမှာ စိန် လွင်နှင့် ကျော်သွေး။

''မမလေး ထဘီဖိုး ကြိုးစားလိုက်ကွ နော်''

သူတို့ရောက်လာလျှင် သည်နှယ် ဩဘာပေး၏။ သိန်းတိုးတစ်ယောက် လှကြီးမောင်နှင့် အရောင်းအဝယ်လိုက်သွားရာ ရေဦးဘက်တွင် အဖမ်းခံရကြောင်း သတင်း ရပြန်၏။

''ဩော်…ဟုတ်လား''

အောင်သာ၏ တုံ့ပြန်မှုမှာ သည်မျှ သာ။ သူ့အတွက် သူ့ဂျုံခင်းကို လိုအပ်ချိန် တွင် ရေသွင်းနိုင်ရေးသည်သာ အဓိကဖြစ် ၏။ သူ့ဂျုံမျိုးမှာ ရေသွင်းစိုက်သည်ကို ပို ကြိုက်သော ကာလီယံဆိုးနွားမဟုတ်လား။

''ဟောကောင်–မင်း ကာလျာဆိုးနွားက တယ်ပြီး ပွားပါကလားကွ၊ တို့အခင်းတွေ ဖြင့် ဒါလောက် မပွားပေါင်ကွာ''

''မင်းတို့က ရေမှမသွင်းတာကိုးကွ၊ ရေ သွင်းတာနဲ့ ရေမသွင်းတာ အထွက် ၂ဆ၊ ၃ဆ ကွာတာလည်း ကြည့်အုံးမှပေါ့''

မှန်ပါသည်။ ရေမသွင်းဘဲ အောက် အစိုဓာတ်မှင့်နှင်းအားကိုးပြီး စိုက်သည့်အကွက် က လွန်ရောကျွံရော နှစ်ဆယ်ထွက်လျှင် ရေမှန်မှန်သွင်းသည့်အကွက်၏ အထွက်နှုန်း မှာ ငါးဆယ်ခြောက်ဆယ် အသာလေး။

သို့ဖြင့် ဂျုံခင်းတွင် ရောပက်ကျဲသော ပြောင်းဖူးပင်များပင် နုတ်ယူ၍ ကုန်စင်ချိန်၊ ဂျုံနှံများ ဝါလျှော်ရောင်သမ်းလျက် အိမ်ဂိုက် ချိန်သို့ ရောက်လာခဲ့ပြန်သည့် နေ့တစ်နေ့ တွင် ကျော်သွေးတို့အိမ်ဘက်သို့ အောင်သာ မှာ ကိစ္စတစ်ခုဖြင့် ရောက်လာသည်။



**ခင်ဗျားက ကျွဲပ်ကိုနွားမှတ်လို့ သမီးပြုပြီး ပိုက်ဆံချေးတာလား၊**
**လှကြီးမောင်ဖျ ဦးလှအေးရဲ့ . . .ဒီလိုလုပ်လို့မရဘူး**

ထိုလမ်းတွင် ဥစပယ်တို့ အိမ်ရှိပေမယ့် ရှောင်သွားစရာ တခြားလမ်းမရှိ၊ သည်လမ်းမှပင် မျက်နှာပူပူနှင့် လာရသည်။ ဥစပယ်တို့ အိမ်ရှေ့ မဖြတ်ဖြစ်တော့ပေ။ ကျော်သူနှင့် လမ်းမှာပင်တွေ့သည်။

"ငါ့အခင်း ရိတ်ချင်ပြီကွ၊ မင်းတို့အားရင်တော့ လူအားနဲ့ ရိတ်ချင်တယ်ကွာ။ မင်းတို့မအားမှပဲ စက်ငှားရကောင်းမလား လို့"

ကျော်သူကိုတွေ့လျှင်တွေ့ချင်း အောင်သာက လာရင်းကိစ္စကို ပြောသည်။

"မင့်အခင်းက ရေသွင်းတဲ့အခင်းဆိုတော့ နုတ်လို့လည်းရမှာ မဟုတ်ဘူး။ ရိတ်ရမှာဆိုတော့...အိုကွာ...ဖြစ်အောင်"

ကျော်သူ ခပ်ဆိုင်းဆိုင်းနှင့် စဉ်းစဉ်းစားစား ပြောနေစဉ် ကျယ်လောင်သော အသံများ ဝင်ရောက်လာ၏။

"ခင်ဗျားက ကျွဲပ်ကိုနွားမှတ်လို့ သမီးပြုပြီး ပိုက်ဆံချေးတာလား။ လှကြီးမောင်ဖျ ဦးလှအေးရဲ့...ဒီလိုလုပ်လို့မရဘူး"

"ဟေ့ကောင်၊ မင်းအခုထွက်သွား"

အောင်သာနှင့် ကျော်သူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မျက်လုံးပြူးသွားရာက အသံလာရာသို့ လှမ်း ကြည့်မိကြသည်။

"ငွေငါးသောင်း၊ ဆပ်မလား။ သမီး ပေးမလား...ဒါပဲ"

"ဟာ...ပိုင်လှချည်လားဟ"

ကျော်သူ သရော်သံဖြင့် မှတ်ချက်ချ၍ မဆုံးမီ...

"အမယ်လေး...လာကြပါအုံး။ သတ်ကုန်ကြပြီ၊ လာကြပါအုံး"

ဒေါ်ရွှေသင်၏ ငယ်သံငယ်ရင်းပါအောင် အော်လိုက်သံကြောင့် ကျော်သူရော အောင်သာပါ ပြိုင်တူပြေးလာကြသည်။

အိမ်ပေါ်တွင် လူနှစ်ယောက် လုံးထွေးနေသည်။ လှကြီးမောင်နှင့် ဦးလှအေးဖြစ်သည်။ နှစ်ယောက်လုံး သွေးတွေနှင့်။

လုံးထွေးနေရခြင်းမှာ လှကြီးမောင်က အတိုက်၊ ဦးလှအေးက အခံဖြစ်သည်။ လှကြီးမောင်၏ လက်ထဲမှဓားသွား သူ့ကိုယ်တွင်း ဝင်မလာအောင် ဦးလှအေး ခုခံနေရခြင်း ဖြစ်ပေ၏။

"လာကြပါအုံး။ ကြည့်နေကြတော့ မလား"

ဒေါ်ရွှေသင် သာမက ဥစပယ်ပါ အိမ်တွင်းမှ ပြေးထွက်လာပြီး အော်သည်။ လူတွေ ရုတ်ရုတ်သဲသဲ ပြေးလာကြသည်တွင် အောင်သာနှင့် ကျော်သူမှာ ရှေ့ဆုံးမှဖြစ်သည်။ အောင်သာက သူ့ဘက်သို့ လှကြီးမောင် ဦးလှည့်မလာမီပင် ရေထမ်း ထမ်းပိုးဖြင့် ရိုက်ချလိုက်နိုင်သည်။

"ငါတူရယ်၊ မင်းအရိုက်မြန်ပေလို့၊ နည်းနည်းလေး နောက်ကျသွားရင် ကိုလှအေး သေ...သေ...အမယ်လေး"

လှကြီးမောင်၏ ဓားသွားသည် ဦးလှအေး အသားထဲသို့ စူးဝင်နေပြီဖြစ်သည့်အတွက် အောင်သာအား ဒေါ်ရွှေသင် လှည့်စကားပြောနေခိုက်မှာပင် ဦးလှအေး ပုံလျက်သား လဲကျသွားလေ၏။

လှကြီးမောင်အားအချုပ်ဖြင့်၊ ဦးလှအေးကိုကား အတွင်းလူနာအဖြစ်ဖြင့် ဆေးရုံသို့ပို့ရန် ပြင်ဆင်နေကြစဉ် ဥစပယ်မှာ အောင်သာ၏ရှေ့တွင် မိခင်အားမက်လျက် ငိုရှိုက်နေပေသည်။

"မောင်အောင်သာရှိသားပဲ သမီးရယ်၊ အားမငယ်ပါနဲ့၊ တိတ်ပါကွယ်"

သမီး၏ ကျောပြင်ကလေးကို ပွတ်သပ်ကာ ချော့ရာက အောင်သာကို ပြောပြသည်။



"စလုပ်တာကတော့ မင့်ဦးလေးက စပြီး ဘုတ်နဲ့ရိုက်တာပဲ၊ ဒါပေမဲ့ ပျို့ရွယ်သူနဲ့ အိုမင်းသူပါကွယ်၊ ဟိုက လက်မောင်းနဲ့ ခံပစ်လိုက်ပြီး ဓားနဲ့ဖက်ထိုးတာပါပဲ၊ ငါ့တူရေ—အဒေါ်တို့မှာတော့ သားလည်းထောင်ထဲမှာ၊ လင်လည်းဆေးရုံမှာ..."

"စ.လုပ်တာကတော့ မင့်ဦးလေးက စပြီး ဘုတ်နဲ့ရိုက်တာပဲ၊ ဒါပေမဲ့ ပျို့ရွယ်သူနဲ့ အိုမင်းသူပါကွယ်၊ ဟိုက လက်မောင်းနဲ့ ခံပစ်လိုက်ပြီး ဓားနဲ့ ဖက်ထိုးတာပါပဲ၊ ငါ့တူရေ-အဒေါ်တို့မှာတော့ သားလည်း ထောင်ထဲမှာ၊ လင်လည်းဆေးရုံမှာ သေမလား ရှင်မလား မသိသေးဘူး။ ပစ္စည်းဥစ္စာဆိုလို့လည်း ဘုရားဆုတောင်ရုံပဲ ကျန်ပါတော့တယ်ကွယ်၊ အဒေါ်တို့မှာ···"

သည်မျှဆိုလျှင် အောင်သာ နားလည်ပါပြီ။

အားကိုးလာသူ မိုးမိုးလာလူ၏ မိုးမိုးအားနှင့် အားကိုးဖက်ကို အောင်သာ ခံနိုင်ပါမည်လား။ ခံနိုင်ပါသည်။ လက်မဝါး ခြေဖဝါး မဟုတ်တော့သော အောင်သာမါ၊ အားရာကိုဖိုင်ခံပြီး တာဝန်ယူနိုင်ပြီဖြစ်သော အောင်သာ။

(၅)

သည်အခြေအနေကို ရည်ညွှန်း၍လျက် "ယောကျ်ားဖအိမ်မှာ ရွှေချိန်မယ့် သားမက်" ဟူ၍တစ်မျိုး "အခုကောင်းပြန်တော့လည်း ရွှေမလောက်ကောင်းတာကို" ဟူ၍ တစ်နည်း၊ ဝိုင်းဝန်းပြောကြခြင်းဖြစ်ပေသည်။

ရုံးတွင် သမဝါယမဆိုင်သည့် တောင်လုရွာသားတို့၏ ဂျုံလှည်းများကို ကြည့်နေ၍ ဝမ်းသာစွာ ကြိုဆိုလျက်ရှိပေ၏။ ရုပ်အင်္ကျီ ပခုံးတွင် ဂျုံအထွေးအထွက်တိုးတံဆိပ် ရိုက်နှိပ်ဆင်ယင်ထားသော ဒိုင်ဝန်ထမ်းများသည် လှည်းတိုင်းမှ ဂျုံများကို လိုက်ရိုက်ကြည့်နေကြ၏။

"ဘယ်ဇီးပါကလေးမော့၊ ရေသွင်းဂျုံတွေ ထင်တယ်"

"ကလျာလည်း ကလျာ၊ ရေလည်းသွင်းတော့ အလေးချိန် မစီးခံနိုင်ရှိလောမျာ"

သည်နှယ် အသံမာမာဖြင့် ရင်ကိုကော့ပြီး ပြောလိုက်သူမှာ ကျော်သူဖြစ်၏။ သူက အောင်သာ၏ လှည်းပုံတောင်းပေါ် ခြေတင်ပြီး ပြောနေသည့်အတွက် တောင်လုရွာသားများ ကျိတ်ပြုံးပြုံးနေရလေ၏။

**ဆင်ဖြူကျွန်း အောင်သိန်း**

## ဘာသာစကား အခက်အခဲကြောင့်

သူ့ရဲ့မိခင်ဘာသာစကားဖြစ်တဲ့ အင်္ဂလိပ်ကလွဲလို့ အခြားဘာသာစကားကို နားမလည်တဲ့ အင်္ဂလိပ်တစ်ယောက်က တစ်ခါက ပါရီမြို့ထဲမှာ မျက်စိလည်လမ်းပျောက်နေတယ်။ ဒီတော့ သူတည်းတဲ့ ဟိုတယ်နာမည်ကို စာရွက်တစ်ရွက်မှာ ရေးပြီး လမ်းမှာကြုံတဲ့လူတစ်ယောက်ကိုပြတယ်။

အဲဒီပုဂ္ဂိုလ်ကလည်း ပြင်သစ်လူမျိုးဖြစ်တာကြောင့် သူရေးပေးတဲ့ ဟိုတယ်ကိုသိပြီး အတူလိုက်ပါပြီး လမ်းညွှန်ပေးတယ်။ ဟိုတယ်ပြန်ရောက်တဲ့အထိ နှစ်ဦးသား စကားမပြောဘဲ မိနစ် ၂၀ လောက် လမ်းလျှောက်ခဲ့ကြတယ်။

ဟိုတယ်ကိုရောက်တော့ အင်္ဂလိပ်ကြီးက ဝမ်းသာကျေးဇူးတင်တဲ့အကြောင်း အင်္ဂလိပ်လိုပြောတယ်။ ပြင်သစ်ကြီးက အံ့သြပြီး တကယ့်အင်္ဂလိပ်သံပီပီသသနဲ့ မှတ်ချက်ပေးတယ်–

"ခင်ဗျား ဘာလို့စကားမပြောသလဲ၊ ကျွန်တော်ထင်တာက ခင်ဗျားက ဆွံ့အနားမကြားလို့ပဲ"လို့တဲ့။

**မောင်သီဟ**



ပေါ်နွေလလျှင်
တောင်ကဒြိမ့်မြူး၊ မင်းလွင်ဦးနှင့်
မြန့်မြူးချုပ်ဆိုင်း၊ အင်တိုင်းတောတောင်
နတ်သျှင်နောင်သို့၊ လွမ်းယောင်ဖော်ပြု
မျှော်မရှုနိုင်၊ ရတုချီဆဲ
မဲဇာထဲမှာ၊ လက်ဝဲသုန္ဓရ
စာမသနိုင်၊ အိမ်ကလွှတ်ထား
နွား ကျား နွားညို၊ လည်ဂုတ်တိုတို့
ဘယ်ကိုလျှောက်သွား၊ 'သပေါက်သား'တို့
အားရအောင်ဟစ်၊ အာခေါင်ခြစ်သော်
မှုန်းသစ်ရင်မှာ အလက်ာ။

နေဝင်မိုးချုပ်
ကြိုးအဖြုတ်မှာ၊ တဒုတ်ဒုတ်မာန်သွင်း
နွားစာစဥ်းသံ၊ တောလားသံလား
ပြည့်လျှံပီတိ ငြိမ်းချမ်းဘိ။

ကိုဖိုးတုတ်ရေ
နွား ရေခပ်ရင်း၊ ရေချိုးဆင်းတော့
သက်နှင်းကအော်၊ ရှစ်ဆယ်ပေါ်တည့်
မြူးပျော်သွက်လက်၊ တဲအတက်မှာ
မည်းနက်ကျောပြောင်၊ အကြီးကောင်နှင့်
အာခေါင်ပြဲရှု၊ အငယ်မတို့
ဖြစ်ကြဲဆိုဆဲ၊ ထမင်းပွဲမှာ
သူနည်းငါများ၊ အငြင်းပွားလည်း
ကြားဝင်မစေ့၊ မောသ၍ကို
ဟော့ဟဲ့မဆူ၊ နေတတ်သူတည့်
အိမ်သူသက်ထား၊ ချစ်မယား၏
ချက်ထားဟင်းချို၊ မှိုနတို့နှင့်
ရေချိုငါးပိ၊ လိုက်ဖက်ငြိစွ
အားရှိပေလှ၊ ဆာသမျှကို
အကျထိုင်လွေး၊ ပြီးငိုက်မှေးပြီ
တစ်ရေးအိပ်မက်၊ တစ်ဝက်လက်ာ
ကဗျာတစ်ပုဒ်၊ စာတစ်ပုဒ်ပင်
ဖိုးတုတ်ရတု လှပေစွတကား။ ။

မောင်လွှမ်းနိုင်(စံပယ်ငုံ)

# ဖိုးတုတ်၏ ရတုကဗျာ



# မြို့ပြကိုက ခပ်ဆွေးဆွေး

ငါ . . .ကဏ္ဍရာလမ်းပေါ်ဖြတ်အလျှောက် . . .
ဟွန်းတီးသွားတဲ့ကားများ
ဖြတ်ပျံသွားတဲ့ငှက်များ
သူသူငါငါသွားလာနေတဲ့လူများ . . .
ငေးကြည့်ရင်း . . .

ငါ . . .ရှူရှိုက်နေတဲ့လေထုက
လေထုညစ်ညမ်းမှုမှာ မုဒိမ်းကျင့်ခံထားရတဲ့
အောက်စီဂျင်များ
မြို့ပြတစ်ခုလုံးရဲ့ လူထုနှာခါင်းဝများ
ငေးကြည့်ရင်း . . .

ငါ . . .ရပ်နေခဲ့တဲ့ပလက်ဖောင်းများ
အနီရောင်ကွမ်းတံတွေးကွက်များ
ထို့မှ . . .မလှမ်းမကမ်းမှာတောင်းရမ်းနေတဲ့
သူတောင်းစားကြီးရဲ့ ဥပေက္ခာတရား
ငေးကြည့်ရင်း . . .

ငါ . . .ဝင်ထိုင်ဖြစ်တဲ့လက်ဖက်ရည်ဆိုင်ရဲ့
ဇွန်းတပ်ထားသောရှယ်ကျစိမ့်များ
နိုင်ငံတော်မှကမ္ဘာနဲ့ချီသော . . .
ခုံပုကလေးများပေါ်မှ စကားလုံးရှင်များ
ငေးကြည့်ရင်း . . .

မြို့ပြကိုက . . .
မရေမရာလည်းမဟုတ်
သေသေချာချာလည်းမဟုတ်
ဖရိုဖရဲလည်းမဟုတ်
စနစ်တကျလည်းမဟုတ်
ငေးကြည့်ရင်း . . .ငေးကြည့်ရင်း
တကယ့် . . .ခပ်ဆွေးဆွေးဖီလင်ပါ . . .

သံလွင်ဆေး





ကိုကိုလင်း(အမေ့အိမ်)

# ဒဏ်ရာတွေ ဖုံးဆွဲခြင်း



(၁)

လူမှန်လျှင် လုပ်နေကျအလုပ်တစ်ခုရှိ၏။ လူကြီး၊ လူလတ်၊ လူငယ်မရွေး လုပ်တတ်ကြ၏။ အယုတ်အလတ်အမြတ် မရွေးလည်း လုပ်တတ်ကြ၏။ တခြားမဟုတ်။ မှန်ကြည့်ကြခြင်းဖြစ်၏။ ဟုတ်ပါသည်။ မနက်တိုင်း လူတွေ မှန်ကြည့်တတ်ကြ၏။ တချို့က နေ့လယ်၌လည်း ကြည့်၏။ အလှအပ ခုံမင်သူတွေကတော့ လက်ဆွဲတော် မှန်အသေးစားလေးတွေကို သွားလေရာ သယ်ဆောင်သွားပြီး အားသည်နှင့် ထုတ်ကြည့်တတ်၏။ ရုံးဝန်ထမ်းတွေက ရုံးမဆင်းမီ မှန်ကြည့် အလှပြင်တတ်ကြ၏။ မည်သို့ဆိုစေ မှန်ကြည့်သူများသည် အမှန်ကို တွေ့မြင်မိပါစ။ အမှန် လက်ခံမိပါစ။

လူတွေက မှန်ကြည့်တတ်ကြသော်လည်း အမှန်ကို ဖုံးကွယ်လိုကြ၏။ မဟာနဖူးရှင်များက ရှားပါးဆံပင်လေးများဖြင့် နဖူးပြင်ကို ဖုံးတတ်ကြ၏။

ဝက်ပြီ တင်းတိတ်ရှိသူတွေကလည်း ရှိသမျှ အလှကုန်တွေဖြင့် ဖုံးကွယ်တတ်ကြ၏။ မျက်ခုံးမွေးပါးသူတွေက မျက်ခုံးမွေး ခြယ်ကြ၏။ ဒဏ်ရာအမာရွတ်ရှိသူတွေက ဖုံးအုပ်ကြဖို့ အမျိုးမျိုးကြိုးစားတတ်ကြ၏။ မလှသည်ကို လှအောင် လှသားတို့ ကြိုးစားကြသည်မှာ ဓမ္မတာဖြစ်၏။ သို့ဆိုလျှင် လူတိုင်းမှာ ဒဏ်ရာလေးတွေ ရှိနေတတ်၏။ လူတိုင်းမှာ အမာရွတ်ကလေးတွေ ရှိနေတတ်၏။ လူတိုင်းမှာ ခပျာကွက်၊ ဟာကွက်ကလေးတွေ ရှိတတ်၏။ ထင်သာမြင်သာရှိခြင်း မရှိခြင်းသာကွာခြားမည်ဟု ယုံကြည်မိပါ၏။

လူတွေသည် ကိုယ့်ဒဏ်ရာကိုသာ ဖုံးကွယ်တတ်သော်လည်း တစ်ပါးသူတို့၏ ဒဏ်ရာများကိုမူ မြင်လေ့ရှိကြ၏။ ကိုယ့်အမှားကို မမြင်သော်လည်း တစ်ပါးသူ၏ အမှားကို မြင်တတ်ကြ၏။ ထိုသို့သော လူများသည် ကိုယ့်မျက်ချေး ကိုယ်မမြင်သူများဟု ကင်ပွန်းတပ်ခံကြရသူများဖြစ်၏။ လူလိမ္မာတွေက သူတစ်ပါးအမှားမှ သင်ယူတတ်၏။ လူမိုက်တွေက ကိုယ်တိုင်မှားမှ သင်ယူတတ်ကြ၏။ ပို၍ မိုက်သောသူများကမူ မိမိမှားသည်ကိုပင် မှားမှန်းမသိတတ်ကြဟု ဆိုကြ၏။ ထို့ကြောင့် မိမိကိုယ်ကိုယ် ပြန်လည်ဆန်းစစ်ခြင်းသည် အရေးပါလာ၏။

ညအိပ်ရာဝင်ချိန်၌ မိမိ၏
တစ်နေ့တာကိစ္စရပ်များအပေါ်
ပြန်လည်ဝေဖန်
ဆန်းစစ်တတ်သူများက
ရှားပါးလှ၏။ ထိုအမူအကျင့်ရှိခြင်း၊
မရှိခြင်းကပင် ကျွန်တော်တို့
ဘယ်လိုလူလဲဆိုတာကို
ဖော်ညွှန်းနေတတ်ပါ၏။



လူသည် မိမိကိုယ်ကိုယ် ပြန်လည်ဆန်းစစ်ဖို့ မေ့တတ်သူများဖြစ်၏။ မိမိအမှားကို အမှန်အတိုင်းမြင်ပြီး လက်ခံတတ်ဖို့ တွန့်ဆုတ်နေတတ်ကြ၏။ မိမိအမှားကို ပြန်ဆန်းစစ်ရာ၌ အားနာတတ်သော်လည်း သူတစ်ပါး၏အမှားကို ပြစ်တင်ပြောဆိုရာ၌မူ အားနာခြင်းကင်းနေတတ်၏။ ညအိပ်ရာဝင်ချိန်၌ မိမိ၏ တစ်နေ့တာကိစ္စရပ်များအပေါ် ပြန်လည်ဝေဖန် ဆန်းစစ်တတ်သူများက ရှားပါးလှ၏။ ထိုအမူအကျင့်ရှိခြင်း၊ မရှိခြင်းကပင် ကျွန်တော်တို့ ဘယ်လိုလူလဲဆိုတာကို ဖော်ညွှန်းနေတတ်ပါ၏။ ကိုယ့်အမှားကို မမြင်၊ လက်မခံတတ်သူသည် သူတစ်ပါး၏ အမှား၊ အားနည်းချက် ချို့ယွင်းချက်တို့ကိုလည်း ခွင့်လွှတ်နားလည်ပေးလိမ့်မည် မဟုတ်ပေ။



(၂)

ဒဏ်ရာများအကြောင်း ကျွန်တော် မကြာခဏတွေးနေမိပါ၏။ မြင်နိုင်သော ဒဏ်ရာများ၊ မမြင်နိုင်သော ဒဏ်ရာများ စသည်ဖြင့် ရှိပါသည်။ မြင်နိုင်သော ဒဏ်ရာများ၊ အနာတရများ၊ အားနည်းချက်များက ကျွန်တော်တို့အတွက် မြင်ဖို့လွယ်ကူ၏။ သို့ရာတွင် မမြင်နိုင်သော ဒဏ်ရာများ၊ အမာရွတ်များ၊ အနာအဆာများကိုမူ ချက်ချင်း မြင်ဖို့ ခဲယဉ်းနေတတ်ပြန်၏။ ထို့ကြောင့် အပေါ်ယံ ရှေ့မှန်ကြတတ်သူများကို အပြစ်ထင်မိနေတတ်၏။ အကြောင်းမှာ ၎င်းတို့သည် သူတို့၏ဒဏ်ရာများကို အများမမြင်သာအောင် ဖုံးကွယ်ကြရ၍ ပါရဂူမြောက် တော်လွန်းနေသောကြောင့် ဖြစ်၏။ မည်သူကများ ကိုယ့်ဒဏ်ရာတွေကို အများသူငါရှေ့၌ ချပြဝံ့ပါသလဲ။

ဆက်လက်ပြီး ကျွန်တော်သည် ဒဏ်ရာတွေအကြောင်း၊ အတွေးနယ်ချဲ့နေမိပြန်ပါ၏။ တစ်နည်းအားဖြင့် ဒဏ်ရာများ၏နောက်ကွယ်က ဇာတ်လမ်းများ အကြောင်းဟုဆိုနိုင်မည်ထင်၏။ ခြေထောက်တစ်ဖက် ချို့ယွင်းနေသူသည် စစ်ပွဲ၌ ဒဏ်ရာရလာသောကြောင့်ဖြစ်နိုင်၏။ သို့တည်းမဟုတ် ကားဆိုင်ကယ် စသည်ဖြင့် မတော်တဆမှု တစ်ခုခုကြောင့် ခြေထောက်



ဖြတ်လိုက်ရသည်လည်း ဖြစ်နိုင်တဲ့။

သဘာဝအလျောက်ဖြစ်ပေါ်လာတတ်သော ဒဏ်ရာများ၊ မိမိပယောဂမပါသော ဒဏ်ရာများရှိပါတဲ့။ ဇီဝကမ္မဖြစ်စဉ်အရ ဖြစ်ပေါ်လာတတ်သော ဒဏ်ရာများ။ မတော်တဆ ထိခိုက်မိသောဒဏ်ရာများ ဖြစ်တဲ့၊ သို့ရာတွင် တချို့သောဒဏ်ရာများသည် ပြင်ပယောဂကြောင့်ဖြစ်ပေါ်လာတတ်ပါတဲ့။ အထင်သေးအမြင်သေးအကြည့်များကြောင့် ဆင်းရဲနွမ်းပါးသူ၏နှလုံးသား၌ အားငယ်ခြင်းတို့ ဖြစ်ပေါ်လာရတဲ့။ မိမိ၏အားနည်းချက်၊ လျို့ဝှက်ချက်အား လူပုံအလယ် ထုတ်ပြောတတ်သည့် အလိုက်မသိ စည်းမစောင့်တတ်သော မိတ်ဆွေတချို့ကြောင့် တစ်ပါးသူ၏ရင်ထဲ ဝမ်းနည်းခြင်း၊ စိတ်မလုံခြုံခြင်းများဖြစ်လာရတဲ့။ မမြင်နိုင်သော နှလုံးသားဒဏ်ရာများက လူတိုင်းမှာ နည်းလမ်းအမျိုးမျိုးဖြင့် ဖြစ်ပေါ်လာတတ်ပါတဲ့။ ခေါင်းဆောင်လုပ်သူ၏ လက်အောက်ငယ်သားတို့အပေါ် ဘက်လိုက်မှုကြောင့် ကျွန်တော်တို့နှလုံးသားမှာ ဒဏ်ရာတွေဖြစ်လာရတဲ့။ မိမိ၏တက်လမ်းကို ပိတ်ဆို့တားဆီးသူ လူကြီးများကြောင့် ကျွန်တော်တို့ နှလုံးသားမှာ အမာရွတ်တွေပေါ်လာရတဲ့။ သားသမီးချင်းတူတူဖြစ်သော်လည်း ဘက်လိုက်သူ မိဘတို့ကြောင့် သားသမီးတွေ၏ နှလုံးသားမှာ ကြေကွဲဝမ်းနည်းကြရတဲ့၊ အုပ်ချုပ်သူ လူတန်းစားတို့၏ ဖိနှိပ်ချုပ်ချယ်မှုတို့ကြောင့် တိုင်းသူပြည်သားတွေ၏ နှလုံးသားမှာ နာကျည်းချက်ဒဏ်ရာတွေ ဖြစ်ထွန်းလာရတဲ့။ ကိုယ့်ပယောဂကြောင့် တစ်ပါးသူမှာ ဒဏ်ရာတွေမဖြစ်သွားရအောင် သတိပြုမိဖို့လိုပါတဲ့။

> သူ့ဒဏ်ရာ၊ သူ့အနာအဆာ၊
> သူ့အားနည်းချက်၊ သူ့ဟာကွက်တို့ကို
> မြင်တတ်သလို ကိုယ့်ဒဏ်ရာ၊
> ကိုယ့်အနာအဆာ၊ ကိုယ့်အားနည်းချက်၊
> ကိုယ့်ဟာကွက်တို့ကိုလည်း သတိပြုမိဖို့လိုတဲ့။
> အပြစ်မြင်နေရုံဖြင့် အပြစ်ပြောနေရုံဖြင့်
> လောကကြီးသည် ပို၍လှပမလာဘဲ ပို၍သာ
> အရုပ်ဆိုးအကျည်းတန်သွားရပါသည်။
> ချစ်သောမျက်စိများဖြင့်...

(၃)

လောကမှာ ခြောက်ပြစ်ကင်းသူဟူ၍ ရှားပါးတဲ့။ တစ်နေရာမှာတော်ပြီး တစ်နေရာမှာ ချော်နေတတ်တဲ့၊ တစ်ကွေ့ကွေ့မှာ သူလည်း၊ ချော်ဖူးသလို ကိုယ်လည်းချော်ဖူးတဲ့။ ထို့ကြောင့် သီယံသူ့သမီး၏ စကားလေးကို လောကလူသားတိုင်း လက်စွဲထား ကျင့်သုံးဖို့ လိုပေလိမ့်မည်။ ''အချင်းချင်း အမှုက်အဏ္ဍု တစေ့မရှိ ချစ်သောမျက်စိဖြင့် ရှုကြရစေ၏''ဟူတဲ့။ သူ့ဒဏ်ရာ၊ သူ့အနာအဆာ၊ သူ့အားနည်းချက်၊ သူ့ဟာကွက်တို့ကို မြင်တတ်သလို ကိုယ့်ဒဏ်ရာ၊ ကိုယ့်အနာအဆာ၊ ကိုယ့်အားနည်းချက်၊ ကိုယ့်ဟာကွက်တို့ကိုလည်း သတိပြုမိဖို့လိုတဲ့။ အပြစ်မြင်နေရုံဖြင့် အပြစ်ပြောနေရုံဖြင့် လောကကြီးသည် ပို၍လှပမလာဘဲ ပို၍သာ အရုပ်ဆိုးအကျည်းတန်သွားရပါသည်။ ချစ်သောမျက်စိများဖြင့် ကြည့်နိုင်ကြပါလျှင် လောကကြီးသာယာစိုပြေ၍ တစ်ဟုန်ထိုးတိုးတက်လာမည်ဖြစ်တဲ့။ သူ့အမှား ကိုယ်စောင့်၊ ကိုယ့်အမှား သူစောင့်နေသရွေ့ တိုင်းပြည်က ရှေ့သို့ ဘယ်တော့မှရောက်လာမည်မဟုတ်ပေ။

ဤနေရာ၌ သူတစ်ပါး၏ အမှား၊ အပြစ်၊ အနာအဆာတွေကိုသာ ပြောတတ်ပြီး ငါတကော ကောတတ်သူများနှင့် ပတ်သက်ပြီး ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာတစ်ပုဒ်ကို သတိရမိပါတဲ့။ ၁၉၅၂ ခုနှစ်၊ ဇွန်လထုတ် ငွေတာရီမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ''ပန်းခဲ့သည်ပဲ'' ကဗျာဖြစ်ပါသည်။ မြစ်ဝကျွန်းပေါ် ညနေဆည်းဆာအလှကို နောက်ခံထားရင်း၊ ကျူရိုးရှင်၊ ငါးပျံ၊ ဘုတ်မနှင့် ဗေဒါတို့၏အမူအရာကို လောကလူသားတို့၏ အရောင်အသွေးတို့နှင့် တင်စားရေးဖွဲ့ထားသော လက်ရာတစ်ပုဒ်ဖြစ်ကြောင်း၊ အားလုံးအသိဖြစ်ပါတဲ့။ ကဗျာကို ခံစားကြည့်ကြပါကုန်။



**ပန်းခဲ့သည်ပဲ**

နေလုံးရယ်နီ
တိမ်ပန်းချီနေသွေးနဲ့
နတ်ရေးသည်သို့။
ဒီအကျပေမို့
အလှ လတာပြင်က
ကျူရိုးရှင် လေ့ကလေးနဲ့
မျှော်ငေးလိုလို့။
သူ့ကိုယ်သူလျှင် ဘာထင်လေမသိ
ဘယ်ပြောင်းညာပြန်နဲ့
ဟိုငါးပျံ လတာစွန်းမှာ သူ့ကျွမ်းဟန်ချည့်။
သူ့ကိုယ်သူလျှင် ဘာထင်လေမသိ
ဘုတ်မခုနှစ်သံနဲ့
တည်ညံ့ လတာစွန်းမှာ သူ့လွမ်းသံချည့်။
အိုအချင်း ကျူရိုးရှင်
သူ့မှုရာ သူ့အတင်း မင်းဆိုခဲ့စဥ်
မင်းကိုယ်လဲ မင်းပင်လျှင်ဘာထင်လို့လေလဲ။
မပေဒါ စုန်ဆန်လမ်းမှာ ပန်းခဲ့သည်ပဲ။ ။

ငွေတာရီ၊ အမှတ် ၂၄၊ ဇွန်၊ ၁၉၆၂။

လူတို့သည် ရကန်အမျိုးအနွယ်များဟု ကျွန်တော်ထင်မိ၏။ ကိုယ့်တက်လမ်းအတွက် သူတစ်ပါး၏ ဒဏ်ရာများကို တူးဆွဖော်ထုတ်ကြ၏။ ယှဉ်ပြိုင်မှုလောက ကြီးစိုးထဲ၌ ထိုသို့ သူတစ်ပါး၏ ဒဏ်ရာများကိုတူးဆွပြီး ယှဉ်ပြိုင်နေသူများသည် အောက်လုံးများဖြင့် ပရိသတ်၏လက်ခုပ်သံကို ချူစားသည့် လူရွှင်တော်ကဲ့သို့ရှိ၏။ သူတစ်ပါး၏ ဒဏ်ရာဟောင်းများကို ပြန်မဖော်တတ်ဘဲ သန့်ရှင်းစွာ ယှဉ်ပြိုင်တတ်သူများကို ကျွန်တော်ကြည်ညိုမိပါ၏။

ဒဏ်ရာတွေအကြောင်း ကျွန်တော်တွေးနေမိ၏။ ကျွန်တော်သည်လည်း မှန်ကြည့်တိုင်း ကိုယ့်ဒဏ်ရာလေးတွေကို ဖုံးဖိကွယ်ဖက်နေမိဆဲဖြစ်ပါသည်။ ထို့အတူ တစ်ပါးသူတို့သည်လည်း ထိုနည်းအတိုင်း ဖြစ်ပေလိမ့်မည်။ တစ်ခါတစ်ခါ အများသူငါရှေ့၌ ကိုယ့်ဒဏ်ရာ၊ ကိုယ့်အနာအဆာတွေကို ထုတ်ဖော်ပုံသူများကို ကျွန်တော် ကြည်ညို လေးစားမိပါ၏။ တကယ်တော့ ကိုယ့်ဒဏ်ရာကို မမြင်စေလိုသကဲ့သို့ သူ့ဒဏ်ရာကိုလည်း လျစ်လျူရှုပေးနိုင်ရပေမည်မဟုတ်ပါလား။

တစ်ခါတစ်ခါ အများသူငါရှေ့၌
ကိုယ့်ဒဏ်ရာ၊ ကိုယ့်အနာအဆာတွေကို
ထုတ်ဖော်ပုံသူများကို ကျွန်တော်ကြည်ညို
လေးစားမိပါ၏။ တကယ်တော့
ကိုယ့်ဒဏ်ရာကို မမြင်စေလိုသကဲ့သို့
သူ့ဒဏ်ရာကိုလည်း
လျစ်လျူရှုပေးနိုင်ရပေမည်မဟုတ်ပါလား။

ခေါင်း- -ဒဏ်ရာများနှင့် လူသားများ။

**ကိုကိုလင်း(အမေ့အိမ်)**





ထောင်မှူးဦးပိုင်စိုးက ကျွန်တော့်အားပြောခဲ့ဖူးသည်။ တို့မြန်မာလူမျိုးတွေက အရှက်အကြောက်သိပ်ကြီးတာကွ၊ ဘာကြောင့်ပဲ ထောင်ကျခဲ့ကျခဲ့ ထောင်ထွက်ဆိုရင် မခေါ်ချင်၊ မပြောချင်၊ မကြည့်ချင်လောက်အောင် ရွံကြတယ်။ ကိုယ့်ဇနီး၊ သားမယားတွေကလည်း ဒီအတိုင်းပဲ၊

ထောင်ထွက်ရဲ့ ဇနီး၊ ထောင်ထွက်ရဲ့ သမီးလို့ အပြောခံရသေးတာတောင် မဟုတ်ဘဲနဲ့ အထင်ခံနေရမှာကိုလောက်ပဲ သိမ်ငယ်အားငယ်စိတ် ဝင်နေတတ်တယ်။ ဒါဟာ သူတို့ဘဝ တစ်သက်လုံးအတွက် အရောင်ဆိုးခံလိုက်ရတာပဲ။ အကောင်းဆုံးကတော့ ကိုယ့်ကြောင့် ကိုယ့်မိသားစု မသိမ်ငယ်ရအောင် ထောင်ကျမလာဖို့ဘဲ ရှောင်ပေးပေး ပြစ်မှုဘေးဆိုပါတော့။

ယခု ၁၉၉၂ ခုနှစ်၊ နွေဦးကာလဖြစ်နေချေပြီ။

ကျွန်တော် ထောင်ကျနေသော သုံးနှစ်တာကာလအတွင်း၊ ရန်ကုန်မြို့သည် သိသိသာသာ ပြောင်းလဲသွားခဲ့သည်။ ဗဟိုအကျဉ်းထောင်မှအထွက် ရထားဖြတ်လမ်းကို ခွမိုး၍ဆောက်ထားသော ဈေးမတံတားကြီးကို တွေ့လိုက်ကတည်းက အံ့ဩမကုန်လေလား အောက်မေ့ရသည်။ ဘယ်လိုမှ မမျှော်လင့်ခဲ့သော တံတားကြီးပါပေ။

မလိုအပ်လျှင် လမ်းလျှောက်ခွင့်မရှိသော ထောင်တွင်းအတွေ့အကြုံကြောင့် ယခု ပလူပျံ့မျှသွားသော လှုပ်ရှားနေသော လူများကိုမြင်ရသောအခါ အထူးအဆန်းဖြစ်ရသည်။ ဇနီးမိုး ထမင်းကား၊ အုတ်ခင်းယျဉ်ကာ အဆောက်အဦနေရာများတွင် အုတ်တိုက်အသစ် မြင့်မြင့်မားမားကြီးကို တွေ့လိုက်ရခြင်းမှာလည်း အံ့အားသင့်စရာဖြစ်ခဲ့သည်။ ကိုယ့်မျက်လုံးကိုယ်ပင် မယုံချင်။

တံတားသစ်ကြီးကို ဖြတ်လျှောက်ကြည့်ရင်း ဘဝသစ်ကို ကူးပြောင်းရတော့မှာပါကလားဟူသော အသိတစ်ခုရလိုက်သေးသည်။

ကျွန်တော်က ဆုံးဖြတ်လိုက်ပါပြီတဲ့၊ ကျွန်တော့်ဇနီးချောချောကရော လက်ခံပါမည်တဲ့လား။

ယနေ့ ကျွန်တော် ထောင်ကလွတ်မည်ကို ချောချော သိဦးမည်မဟုတ်။ ကာယကံရှင် ကျွန်တော်ပင်လျှင် ယမန်နေ့ညက ထောင်ပိတ်ပြီးချိန်ကျမှ ဝါဒါတစ်ဦးက လာပြောသဖြင့် သိရသည်။ တစ်ညလုံး အိပ်မပျော်၊ သို့သော် ချောချောကိုတော့ မသိစေချင်။

ထောင်ကထွက်သောနေ့ အကျဉ်းသားတစ်ဦး၏အပျော်ကို ဇနီးသည်ကိုလည်း ကူးစက်မျှဝေခံစားစေချင်သည်။ ထောင်ထွက်တစ်ဦး၏ အပေးနိုင်ဆုံးသော ပထမအခွင့်အရေးမှာ ဤမျှသာဖြစ်သည်။

ချောချောနှင့် ကျွန်တော် ဖူးစာဆုံခဲ့ကြသည်မှာ ကုက္ကိုင်းမီးရှို့ငှက်တွင်ဖြစ်သည်။ ထိုစဉ်က သူမရောကျွန်တော်ပါ တက္ကသိုလ်ကျောင်းသားကျောင်းသူများ ဖြစ်ကြသည်။ ကျောင်းသို့အလာ ကုက္ကိုင်းမီးရှို့ငှက်လမ်းကို ဖြတ်အကူး ချောချော ဖိနပ်ကြိုးပြတ်သွားသည်။ ရှက်ရိပ်ဖြင့် ကြိုးရာမရဖြစ်နေရှာသော ချောချောအဖြစ်ကိုကြည့်ရင်း အိတ်အသင့်ဆောင်ထားတတ်သော ကျွန်တော်

> **ထောင်ကျနေသော**
>
> **သုံးနှစ်တာကာလအတွင်း**
>
> **ရန်ကုန်မြို့သည် သိသိသာသာ**
>
> **ပြောင်းလဲသွားခဲ့သည်။**
>
> **ဗဟိုအကျဉ်းထောင်မှအထွက်**
>
> **ရထားဖြတ်လမ်းကို**
>
> **ခွမိုး၍ဆောက်ထားသော**
>
> **ဈေးမတံတားကြီးကို တွေ့လိုက်ကတည်းက**



က သွားဖိနပ်လေးကို ပြန်ဆက်ပေးလိုက်သည်။

ထိုစဉ်မှအစပြု၍ ရင်းနှီးကြသည်။ ရက်ပေါင်းတစ်ရာမပြည့်မီ ချစ်သူတွေဖြစ်သွားကြသည်။ အဆိုးဝါးဆုံးမှာ ချစ်သူဘဝ တစ်နှစ်မပြည့်မီ ချောချော၌ ကိုယ်ဝန်သုံးလကျော် ရှိလိုက်ခြင်းပင်။ သို့ဖြင့် ကျွန်တော်တို့ လက်ထပ်ဖြစ်ကြသလို၊ တက္ကသိုလ်ကျောင်းသားကျောင်းသူဘဝကိုလည်း အပြီးအပိုင် စွန့်လွှတ်လိုက်ကြရသည်။

ထိုမျှနှင့် မရပ်ကြသေး။ အဖေကွယ်လွန်သွား၍ ကျွန်တော့်အား ထောက်ပံ့၍ ထောက်ပံ့ထားရသော ကျွန်တော့်မိထွေးက နှင်ချသည်။ ချောချောဘက်ကလည်း ထိုနည်းနှင်နှင်ပင်၊ နောက်အိမ်ထောင်ပြုလိုက်သော သူ့အဖေက ကျောင်းမနေဘဲ လင်ယူရကောင်းလားဟု စိတ်ဆိုးမာန်ဆိုးဖြင့် ငွေနှစ်သောင်းနှင့် အမွေပြတ်လိုက်သည်။

ထိုငွေဖြင့် အိမ်ငှားနေပြီး၊ အလုပ်ရှာဖွေခဲ့သည်မှာ သားဦးလေး 'ချောဦး' မွေးဖွားသည့်အချိန်အထိဖြစ်သည်။

ချောချောသည် နာမည်နှင့်လိုက်ဖက်စွာ ချောသည်။ သားဦးလေးမွေးပြီးမှ ပိုပြီးလှလာသည်။ ချောမောလှပသော မိန်းမသားအတွက် လိုက်ဖက်အညီဆုံးမှာ ချမ်းသာကြွယ်ဝခြင်းပင်ဖြစ်မည်။ လင်ယူလိုက်သဖြင့် ဆုံးရှုံးလက်လွှတ်လိုက်ရသော အခွင့်အရေးကို လင်ဖြစ်သူက ဖြည့်စွက်သင့်သည်။ အထူးသဖြင့် ချောချော၏ အပျိုစင်ဘဝက မြင့်မားသောအခွင့်အရေးမျိုးထက် ပိုမိုရသင့်သည်။ ဤသို့လျှင် ကျွန်တော် ဆုံးဖြတ်သည်။

လိုလျှင်ကြံဆ နည်းလမ်းတွေရလာသည်။ ရသမျှအခွင့်အရေးကို ကျွန်တော် မလွှတ်ခဲ့။ အတွေ့အကြုံတွေများလာသည်။ လုပ်နည်းလုပ်ဟန်တွေ များလာသည်။ ဝင်ငွေမစဲ တသဲသဲဖြစ်လာသလို၊ အောင့်နိုင်လျှင် အကျိုးရှိမည့်နည်းကိုလုံးဝမသုံးတော့။ မျက်မှောက်အကျိုးဖြစ်ထွန်းမည့် ငွေရမည့်နောက်သို့ တကောက်ကောက်လိုက်ခဲ့သည်။

ရှာသူက ရှာနိုင်သလို သုံးသူကလည်း သုံးနိုင်သည်။ အသိုင်းအဝိုင်းကြားတွင် ငွေအတွက် ဂုဏ်တက်ခဲ့ရသည်။

သားကြီး မောင်ချောဦး သုံးနှစ်ခန့်ရှိ

လာပြီ။ သားငယ် မောင်ချောလတ် ခြောက်လသားအရွယ်တွင်တော့ ဘဝ၏ အလှည့်အပြောင်းကို ကြုံရသည်။ ခါးသီး လွန်းလှသဖြင့် ဘဝ၏မှတ်တိုင်ပဲဟု ဆိုရ တော့မည်။

အလွဲသုံးစား သုံးမှုအတွက် ထောင် ငါးနှစ် အပြစ်ပေးခံရသည်။ ယင်းအမှုမှ လွတ်လျှင်လည်း နောက်ထပ်ခွဲခံရမည့်အမှု များက တန်းစီနေသည်။ သည်တော့ အထဲ တွင် နေရသည်မှ ခပ်ကောင်းကောင်းဖြစ် သဖြင့် ကြိတ်မှိတ်နေလိုက်ရသည်။ တစ်ခုပဲ ရှိသည်။ ဇနီးချောကို ငွေတစ်သိန်းနီးပါး ချန်ထားနိုင်ခဲ့သည်။ ယင်းအတွက် ကျေနပ် ရသေးသည်။

ပဟိုအကျဉ်းထောင်ထဲတွင် ခြောက် လလောက်တော့ အဆင်ပြေနေသေးသည်။ သည့်နောက်တော့ ရဲဘက်စခန်းထွက်ရ သည်။ မိသားစုနှင့် ဝေးသွားခဲ့သည်။ သည် တော့မှ မိမိလုပ်ခဲ့သမျှအပြစ်ဒဏ်မှာ ထောင်ကျခြင်းမဟုတ်၊ သူတစ်ပါးစိတ်နှင့် ကိုယ့်ကိုယ် အသက်ရှင်လျက် မိမိကိုယ်ကို မိမိမပိုင်တော့သည့်အဖြစ်မှာ အရာရာကို ဆုံးရှုံးလိုက်ရခြင်းဖြစ်ကြောင်း သဘော ပေါက်လာသည်။

ယခု ထောင်ကလွတ်ခဲ့ပြီ၊ အရာရာကို အတိတ်တွင် ချန်ရစ်ချင်ပြီ။

ဘဝကို အသစ်မှပြန်စမည်။ ကိုယ့် ဇနီးသားသမီးများနှင့် သာတောင့်သာယာ အနာဂတ်ဘဝကို တည်ဆောက်မည်။

ကိုယ့်စိတ်နှင့်ကိုယ် ကြည်မွေ့နေဆဲ မမျှော်လင့်ဘဲ ထိုးရပ်လိုက်သော ဘတ်စ် ကားကြောင့် စိတ်ကူးပျက်သွားသည်။ ပတ် ဝန်းကျင်ကို ကြည့်လိုက်တော့ လမ်းနီလေး မှတ်တိုင်၊ ရှေ့ခပ်လှမ်းလှမ်းတွင် ကုက္ကိုင်း မီးပွိုင့်ရှိသည်။ ချောချောနှင့် ကျွန်တော်တို့ ဖူးစာဆုံခဲ့သည့် မှတ်တိုင်လေးကို လှမ်းတွေ့ ရသည်။

ဤတွင် ဘာရယ်မဟုတ်၊ လျှပ်တစ် ပြက် စိတ်ကူးဖြင့် ကားပေါ်မှခုန်ဆင်းနေခဲ့ သည်။ ဆက်၍ ကုက္ကိုင်းမီးပွိုင့်ဆီသို့ လမ်း လျှောက်ထွက်ခဲ့သည်။

ဂျိုင်းစားတော်ဆက်ရှေ့ရောက်တော့ စိတ်ကူးတစ်မျိုး ဖြစ်လာသည်။ ဆိုင်ထဲဝင် ပြီး ချောချော ပေးထားသော ဖုန်းနံပါတ် ကို လှည့်ဖြစ်ခဲ့သည်။

''ဟင်…ကို ထွက်လာပြီဟုတ်လား။ ဝမ်းသာလိုက်တာ၊ ခြော်···အခု ဂျိုင်း စားတော်ဆက်ကနေပြီး ဖုန်းဆက်တာ ဟုတ်လား။ ကောင်းတယ်…ကို…ကောင်း တယ်၊ အဲဒီမှာပဲ ကိုစားချင်တာတွေ မှာ စားနှင့်၊ ချော အခုပဲ အဲဒီကိုထွက်လာခဲ့ မယ်၊ နည်းနည်းနောက်ကျရင်လည်း စိတ် မဆိုးနဲ့နော်''

မကြားရသည်မှာ ကြာ၍လားမသိ။ ချောချော၏အသံမှာ ချိုလွင်နေသည်။ မသိ မသာ တုန်ယင်နေသည်ကိုလည်း သတိ ထားမိသည်။

ပထမတော့ ချောကို ကျိစယ်စကား ပြောဦးမည်ဟု ရည်ရွယ်ခဲ့သေးသည်။ နောက်တော့ မပြောရန်ဆုံးဖြတ်လိုက်သည်။ မကြာမီ မိနစ်ပိုင်းအတွင်း တွေ့တော့မှ စကားတွေ အများကြီးပြောကြတာပေါ့ဟု သော အသိက ဝင်လာသောကြောင့်ဖြစ် သည်။

ဆိုင်ထဲတွင် ချောင်ကျကျနေရာ ကောင်းကို ရွေးချယ်လိုက်သည်။ နံနက်ပိုင်း ဖြစ်၍ လူမကျသေးချေ။ ကြာကြာထိုင်နေ ၍လည်း မကောင်းတတ်သဖြင့် ဟင်နီကင် ဘီယာဘူးကို မှာသောက်သည်။ ကိုယ့်စိတ် ကူးနှင့်ကိုယ် ပျော်နေဆဲ ဘီယာဘူးကုန် သွားသည်။ ချောချော ရောက်မလာသေး။ မထူးတော့သဖြင့် နံနက်စာကို မှာစားရ တော့သည်။ စားကောင်းသောက်ဖွယ်များ နှင့် ကင်းဝေးနေသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီမဟုတ်လား။

စားပြီးခါနီးတွင် ဆိုင်ရှေ့သို့ အက်စ် အီး ဆလွန်းအဖြူရောင်ကားလေး ထိုးရပ် လာသဖြင့် လှမ်းကြည့်ဖြစ်သည်။ ကားထဲ မှာ ထွက်လာသူလေးမှာ ချောချော ကျွန် တော့် ဇနီးချောချော။

လှလိုက်တဲ့မိန်းမဟု ရေရွတ်မိမတတ် ဖြစ်သွားရသည်။ အဖြူရောင်ခံပေါ်တွင် ရွှေ မျှင်ငွေမျှင်လေးများ ယှက်သန်းနေသော ရောင်ပြေးဝမ်းဆက်အဝတ်အစားနှင့် အကျီ လက်ရှည်တို့က ယဉ်ပါးသိမ်မွေ့နေသည်။



သူကိုယ်သူ 'ချော'ဟု ပြောတတ်သူက
'ကျွန်မ'ဟု နှုတ်ကထွက်လာသဖြင့်
သူ့မျက်နှာကို ဖျတ်ခနဲကြည့်ဖြစ်သည်။
ကျွန်တော့်အကြည့်က
သူ့ကို တုန်လှုပ်သွားစေသည်။

ဝတ်စုံနှင့် ခပ်ဆင်ဆင် ရွှေရောင်ကြိုးရှည် တပ် ဖောင်းအိအိဆလင်းဘက်အိတ်ကို ခပ်ရမ်းရမ်းလေး လွယ်ထားသေးသည်။ ပင်ကိုဖွေးအိသောမျက်နှာပြင်ကို မိတ်ကပ်တို့ရှုံ့မှု တို့ထားပုံရသည်။ အပြုံးတွေဝေနေသော သူ့မျက်နှာတွင် ကြည်စင်တောက်ပသော မျက်လုံးအစုံက သံသယကို ချုပ်တီးဖုံးကွယ်ထားပုံရသည်။

''ဆောရီးပဲကိုရယ် . . .ထွက်ခါနီးမှ ကိစ္စလေးပေါ်လာလို့ ရှင်းပေးနေရသေးတယ်၊ စားပြီးပလား။ ထပ်မှာစားဦးလေ၊ ဘယ့်နှယ့်လဲ စားလို့ကောင်းရဲ့လားကို''

ပြောပြောဆိုဆို ကျော့မော့သော ခြေလှမ်းတို့ဖြင့် ကျွန်တော့်ရှေ့ရောက်လာသည်။ သူဝင်မထိုင်မီ ဂိုယာရေမွှေးနံ့က အလျှံဦး၍ ဝင်လာသည်။

''ချော . . .မင်းပိုပြီးလှလာတယ်ကွာ၊ တကယ်ပါပဲ၊ အဲ . . .အဲ . . .ချောကို ကိုချစ်တယ်''

ပုံ့ပုံ့အိအိလေး သူဝင်မထိုင်မီ ကျွန်တော် ပြောလိုက်သောစကားကြောင့် ချောချော သူစိမ်းယောက်ျားပြောစကားကို ကြားရသူလို မျက်နှာလှလှလေးမှာ ဖြူရော်သွားသည်။ ပတ်ဝန်းကျင်ကို လှမ်းအကဲခတ်လိုက်သေးသည်။ စားပွဲထိုးနှစ်ဦးက ခပ်လှမ်းလှမ်းမှ ကျွန်တော်တို့ကို ကြည့်နေသည်။

''ချော . . .ဘာစားမလဲ''

''ကိုစားတာမျိုးပဲပေါ့၊ အင်း . . .ဒါပေမဲ့ နည်းနည်းတော့ ဆာသေးတယ်ကို၊ နေပါဦးလေ . . .ပြီးတော့မှပဲ''

''ကိုကတော့ တဝတပြကြီးစားမှာ ချောရဲ့၊ အင်းလေ . . .နောက်ပွဲကိုတော့ ချောနဲ့အတူ စားကြတာပေါ့''

ချော ဘာမှမပြောဘဲ ကျွန်တော့်ကို ကြည့်နေသည်။ သူ့အကြည့်မှာ မရေမရာ ဆန်လှသဖြင့် တဒင်္ဂတွင် ကျွန်တော် ဘာပြောရမည်ကိုပင် မေ့သွားသည်။

''ကဲပါလေ၊ ကိုကပဲ ပြောတော့မယ်၊ ကိုတို့ ဘဝအသစ်စကြမယ်၊ အဲသလိုစနိုင်အောင် ကို့မှာ စဉ်းစားဖို့ အချိန်အများကြီးရခဲ့တယ်၊ ကို့အစီအစဉ်ပြောပြမယ်၊ ချောမှာလည်း ပြောစရာတွေ ရှိမှာပေါ့နော်''

''ဟုတ်တယ် . . .ကို၊ ကျွန်မမှာလည်း ရှိတယ်''

သူကိုယ်သူ 'ချော'ဟု ပြောတတ်သူက 'ကျွန်မ'ဟု နှုတ်ကထွက်လာသဖြင့် သူ့မျက်နှာကို ဖျတ်ခနဲကြည့်ဖြစ်သည်။ ကျွန်တော့်အကြည့်က သူ့ကို တုန်လှုပ်သွားစေသည်။

''ကျွန်မ ပြောချင်တာက''

''ကို . . .ဘဝအသစ် စကြဖို့ပဲ မဟုတ်လား''

''ဟုတ်တယ်ကို၊ ဒါပေမဲ့ ကိုနဲ့တော့ တူချင်မှတူမယ်၊ နောက်ပြီး ကို့ဆီမှာလည်း ခွင့်တောင်းရဦးမယ်''

''ချော ဆိုလိုတာက . . .''

''နေဦး ကို၊ ကျွန်မပြောချင်တာတွေ အရင်ပြောပါရစေ''

ချောချောက ကျွန်တော့်စကားကိုဖြတ်၍ ဝင်ပြောသည်။

''ကဲ . . .ဒါဆိုလည်း ပြောလေ''

''ကိုမရှိတော့တဲ့ကျွန်မဘဝအကြောင်းပါ''

''ဟုတ်ပါပြီ ပြောပါ''

''ကိုထားခဲ့တဲ့ ငွေတစ်သိန်းနီးပါးဟာ



တစ်နှစ်တောင်မခံဘူး ကို၊ ကုန်ဈေးနှုန်းတွေ အရမ်းတက်တယ်၊ ပစ္စည်းတစ်ခုရဖို့အတွက် အရင်ကထက် အနည်းဆုံးငါးဆလောက် ပေးရတယ်၊ ငွေဟာ အသုံးမခံဘူး ကို''

''ဟုတ်မှာပေါ့ ကိုလည်းသိပါတယ်၊ ချောဆိုလိုတာက…''

''ချော ဝင်အလုပ်လုပ်ရတယ်ကို၊ ပညာလေး တစ်ပိုင်းတစ်စ၊ ကလေးနှစ်ယောက်နဲ့ဆိုတော့''

''ဘယ်ဌာနမှာလဲ၊ ဘာအလုပ်လဲ''

''ဌာနမဟုတ်ဘူး ကို၊ မီနီမတ်ကက်မှာပါ၊ ငွေကိုင်အလုပ်ပါ''

''အခုလုပ်တဲ့ အလုပ်လား''

''မဟုတ်ဘူး ကို၊ အခုလုပ်တဲ့အလုပ်က အရင်အလုပ်ရဲ့ ဟို…ဟို…ဘာခေါ်မလဲ၊ နိုင်ချုပ်ဆိုတာမျိုး။ သူက အဲဒီ မီနီမတ်ကက်ကလေးတွေကို ပစ္စည်းခွဲပေးရတဲ့အလုပ်ကြီးမျိုး၊ ဟို…''

''ဪ…ကိုယ်သိပြီ၊ လူသိမခံချင်တဲ့ခွေတွေ ပုံအောပြီး နောက်ဆုံးပေါ် သန်းကြွယ်သူဌေးတွေရဲ့ အလုပ်လေ''

''အလုပ်ရှင်နာမည်က ဦးမျိုးသိမ်း။ အသက်က လေးဆယ်ကျော်ရုံ၊ အတော်လေး ရည်မွန်တဲ့လူမျိုး၊ သူမှာ သားမယားမရှိတော့တဲ့ မုဆိုးဖိုတစ်ဦးပေါ''

''အဲဒီလောက်လည်း အသေးစိတ်ပြောမနေစမ်းပါနဲ့ကွာ''

ကျွန်တော်က စိတ်မရှည်စွာ ဝင်ဟန့်လိုက်ရသည်။

''ကို့အနေနဲ့ အားလုံးကိုသိသင့်တယ်ထင်လို့ပါ''

''ချော…ဘာတွေဖြစ်နေသလဲ ပြောစမ်း''

''ကျွန်မတို့ လက်ထပ်ချင်တယ် ကို''

''ဘာ''

ကျွန်တော့်မေးသံက ပေါက်လိုက်သလို ဖြစ်သွား၍လားမသိ။ သူ့အသံကတစ်ပိုင်းတစဖြင့် ရပ်သွားသည်။

''ကျွန်မတို့ဆိုကတည်းက ဟိုကတင်မဟုတ်ဘူး။ မင်းကိုယ်တိုင်ကလည်းသဘောတူလို့ပေါ့ ဟုတ်လား။ နေစမ်းပါဦး။ မင်း အဲဒီလူ ဘယ်သူ…''

''မောင်…အဲ…ကိုမျိုး…ဦးမျိုးသိမ်း''

''ကို့ကို စကားပြောတဲ့အခါ မောင်တွေ ဘာတွေ သုံးမနေစမ်းပါနဲ့ကွာ၊ ဘာလဲမင်းကလည်း၊ သူ့ကိုချစ်လို့လား။ ငါ့ကိုမချစ်တော့ဘူးပေါ့၊ ဒီလိုလား''

သူမက ဘာမျှမပြော၊ လန့်သောကြောက်သော၊ စိုးရိမ်သောအကြည့်ဖြင့်ကြည့်နေရှာသည်။ ကျွန်တော်ကမူ သူမနှင့်ဆန့်ကျင်ဘက်။

''ငါ့ကိုလည်း မင်းချစ်ခဲ့တာပဲမဟုတ်လား''

**သူတို့က ရှင့်ကိုမသိကြတော့ပါဘူး။**

**အကြီးကောင်ဆို ခြောက်နှစ်ကျော်ပြီ၊**

**အကောင်းဆုံးကျောင်းမှာ**

**ကျောင်းတက်နေပြီ၊**

**အငယ်လေးလည်း**

**လေးနှစ်ကျော်ပြီ၊**

**သူတို့အတွက်မပူပါနဲ့၊**

**ဂုဏ်မငယ်စေရဘူး…**

ဤတစ်ကြိမ်တွင်လည်း၊ သူမ ဘာမျှမပြောချေ။

ကျွန်တော် သူမမျက်နှာကို စိုက်ကြည့်ရင်း သဘောပေါက်လာသည်၊ မြို့မြို့မြို့ကြီးပြုံးဖြစ်သွားသည်။

''အေး…ဟုတ်ပြီ၊ ငါသဘောပေါက်ပြီ၊ အရောရောပဲ ပြောင်းလဲနေသလို၊ အချစ်ဟာလည်း၊ ပြောင်းတတ်တာပဲ၊ ကဲ–ပြောငါဘာဆက်လုပ်ရမလဲ''

''ကျွန်မ ဝမ်းနည်းပါတယ် ကို၊ ကို့အနေနဲ့ ကွာရှင်းပေးဖို့ ဝန်လေးနေရင်လည်း၊ လွတ်လပ်ခွင့်တော့ပေးပါ၊ ဒါမှ ကျွန်မတို့လက်ထပ်…''

''လွတ်လပ်ခွင့်ဆိုတာ ဘာလဲကွာ၊ ငါတော့ ဘာတစ်ခုမှ နားမလည်တော့ဘူး''

''ကင်းရှင်းသွားအောင်လို့ပါ''

''ဘာလဲ ကိုက မင်းကိုစွန့်ပစ်ခဲ့တယ်၊ ဒါကြောင့် လက်ထပ်ရပါတယ်ဆိုပြီး၊ ဟိုလူ့ဂုဏ်ကို ဆယ်နိုင်မယ်၊ ဟိုလူ့ သိက္ခာမကျအောင်ပေါ့လေ၊ ဟုတ်လား''

''ချောကို ကူညီပါဦး ကို''

''ဟာ…အခုဟာက မင်းက သစ္စာဖောက်တာ၊ မင်းလုပ်နိုင်းတဲ့ပုံစံက ငါကပဲသစ္စာဖောက်သလိုလို၊ ဒီမှာချော…ကိုလေ မင်းကို အသက်တမျှချစ်ခဲ့တယ်၊ ဒီနေ့ ဒီအချိန်ထိပဲ''

ချောချောသည် ပြောစရာမရှိတော့သလို ငြိမ်နေသည်။ ကျွန်တော် သူ့မျက်နှာကိုကြည့်ရင်း စိတ်ကုန်လာသည်။

''ကောင်းပြီလေ၊ ငါတစ်သက်လုံး လုပ်ခဲ့သလိုပေါ့ တန်ရာတန်ကြေးဆိုတာမင်းနားလည်မှာပဲ၊ အချစ်စွန့်ကြေးအတွက် ဘယ်လောက်တန်ဖိုးဖြတ်မလဲ…ပြော''

''ရှင့်အနေနဲ့ မနှလေ။ လားမျိုးတို့မှာ ပါဖြစ်ဖြစ် ဘဝသစ်ထူထောင်ရင်လည်း ဖြစ်တာပါပဲ၊ ရန်ကုန်ကလွဲရင်ပေါ့၊ ဒီအတွက် ငွေငါးသိန်းရမယ်''

''ဟုတ်လား။ ပျော်စရာကြီးပေါ့ကွာ၊ ထောင်ကထွက်တဲ့နေ့ ငါးသိန်းဆုပေါက်သလိုပေါ့၊ ထောင်ထွက်တွေထဲမှာတော့ ငါက ကံအကောင်းဆုံးနေမှာပေါ့၊ ဟုတ်လား''

''အဲဒီအတွက် ရှင် ကျွန်မကို စွန့်လွှတ်ထွက်ခွာသွားတဲ့ အကြောင်းကြားစာတစ်စောင်တော့ ရေးပေးခဲ့ပါ''

''ပူးပေါင်းဖော်ကြံမှုကြီးပေါ့ကွာ''

''ရှင်ထင်သလို ပြောနိုင်ပါတယ်''

''ဒါဆို ကလေးတွေကကော''

''သူတို့က ရှင့်ကိုမသိကြတော့ပါဘူး။ အကြီးကောင်ဆို ခြောက်နှစ်ကျော်ပြီ၊ အကောင်းဆုံးကျောင်းမှာ ကျောင်းတက်နေပြီ၊ အငယ်လေးလည်း လေးနှစ်ကျော်ပြီ၊ သူတို့အတွက်မပူပါနဲ့၊ ဂုဏ်မငယ်စေရဘူး''

''ဒါပေါ့ကွာ၊ ထောင်ထွက်ရဲ့ဇနီးနဲ့သားတွေမှ မဟုတ်ကြတော့တာကိုး''

တောင်းပန်ဟန်ပေါက်နေသော သူ့မျက်နှာလေးကို မဖိတ်မသုန်ကြည့်ဖြစ်ရင်း ကျွန်တော့်ခေါင်းထဲ အံ့ကြိတ်ခုန်လိုက်ရသည်၊ ရင်ထဲမှာတော့ အနင့်သား။

''တို့တစ်တွေဟာ ကံကံ၏အကျိုးကို လက်ခံယုံကြည်ကြတဲ့ လူမျိုးမဟုတ်လား။

ဒီတော့ ကံက ခွင့်ပြုမပြုကိုတော့ ခန်းကြည့်စေချင်တယ်''

''ရှင် ဘာလုပ်ချင်သေးလို့လဲ''

ချောက အမောတကောမေးတော့သည်။

ကျွန်တော်က အင်္ကျီအိတ်ထဲမှ ကျပ်စေ့ဒင်္ဂါးပြား သုံးလေးပြားများကို ချန်ထားလိုက်သည်။ ထို့နောက် လက်နှစ်ဖက်လုံး စားပွဲအောက်သို့ ချလိုက်ပြီး ဒင်္ဂါးပြားကို ဆုပ်ထားလိုက်သည်။ ပြီးမှ လက်သီးဆုပ်နှစ်ခုလုံးကို စားပွဲပေါ်တင်ပြီး ခပ်လျောင်လျောင်အပြုံးဖြင့် သူမကိုကြည့်ပြီး အစီအစဉ်ကို ပြောပြလိုက်သည်။

''ဟောဒီ လက်သီးဆုပ်နှစ်ခုထဲက တစ်ခုခုမှာ ကျပ်စေ့ရှိတယ်၊ မှန်အောင် ပြောနိုင်ရင် မင်းဆန္ဒပြည့်ရစေမယ်၊ ကဲ–ဘယ်လား၊ ညာလား ရွေးပေတော့''

စိုးရိမ်ကြီးသောအသွင်ကို သူမမျက်နှာပေါ်တွင် တွေ့လိုက်ရသည်။

''မင်းကြောက်နေပြီလား ချောချော''

ခပ်လျောင်လျောင်အသံဖြင့် ကျွန်တော်မေးလိုက်သည်။

''ကံတရားရဲ့ အဆုံးအဖြတ်ထက်ကောင်းတာ ဘာရှိသေးလို့လဲကွာ၊ ကဲ– ပြောပါ။ ဘယ်လား…ညာလား''

အစိုးရိမ်ကြီးလွန်းသဖြင့် သူမ၏အပြုံအမှုမှာ တွဲနေးနေသည်။ သို့သော် မတတ်သာမှန်း သိသွားဟန်တူသည်။

သက်ပြင်းရှိုက်သံ၏အဆုံးတွင် သူမ၏လက်တစ်ဖက်က ကျွန်တော့်ဘယ်လက်ကို လာထိသည်။ ကျွန်တော်က လက်သီးဆုပ်ကို ဖြည်းပြလိုက်သည်။

ကျပ်စေ့ပြားလေးကို တွေ့လိုက်ရသဖြင့် သူမမျက်နှာ ထိန်ဝင်းရွှင်လန်းသွားသည်။ ကံတရား၏ဖေးမမှုကို ပြောမပြနိုင်လောက်သည့် ကျေးဇူးတင်မှုမျိုးဖြင့် ကျွန်တော့်ကို ဘာတတ်နိုင်သေးလဲဟူသော အကြည့်ဖြင့် လှမ်းကြည့်သည်။

''အဲ…ဟုတ်ပြီ၊ မင်းနိုင်တယ်၊ မင်းပြောတဲ့အတိုင်း ငါလုပ်ပေးမယ်၊ ကဲ–ငါစိတ်

**အချစ်သည်ဘဝ၊**

**ဘဝသည် အသက်သာ**

**ဖြစ်မည်ဆိုလျှင်**

**ကျွန်တော့်စွန့်လွှတ်မှုသည်**

**အသက်တမျှပါပဲ**

မပြောင်းခင် မင်းသွားပေတော့''

သူမ ချက်ချင်းထရပ်သည်။ ဆလင်းဘက်ကို ကောက်လွယ်သည်။

''ရှင် ဘယ်မှာရှိနေမလဲ၊ ကျွန်မ ငွေငါးသိန်းပို့ပေးချင်လို့''

''ဗဟန်းကြားတောရလမ်းမှာ အသစ်ဖွင့်ထားတဲ့ စိန်တည်းခိုခန်းမှာရှိနေမယ်၊ အို– မင်းပါးပေါ်ကမျက်ရည်တွေ သုတ်ပစ်စမ်းပါ၊ ငိုစရာမရှိတဲ့ဟာ၊ ကဲ–သွားတော့၊ သွားပေတော့ ချောချောရေ''

စွန့်လွှတ်ခြင်းအမျိုးမျိုးရှိသည့်အနက် ထောင်ကထွက်သောနေ့တွင်မှ ဇနီးနှင့်သားများကို စွန့်လွှတ်လိုက်ရသော ကျွန်တော့်အဖြစ်ကို ထောင်မှူးဦးပိုင်စိုးအား ပြောပြချင်ပါသည်။

ချောချောထွက်ခွာသွားပုံမှာ လျှင်မြန်လွန်းလှသည်၊ တကယ်တော့ ဗဟန်းကြားတောရလမ်းတွင် မည်သည့်တည်းခိုခန်းမျှ မရှိကြောင်းကို ချောချောသိမည်မဟုတ်ပါ။ ထို့ထက် ကျွန်တော့် ဘယ်လက်သီးဆုပ်ထဲတွင်သာမက ညာလက်သီးဆုပ်ထဲတွင်လည်း ကျပ်စေ့လေးတစ်စေ့ ထည့်ဆုပ်ထားသည်ကို ချောချောသိရှာမည် မဟုတ်ပါ။

အချစ်သည်ဘဝ၊ ဘဝသည် အသက်သာဖြစ်မည်ဆိုလျှင် ကျွန်တော့်စွန့်လွှတ်မှုသည် အသက်တမျှပါပဲဟူ၍…။

**ဘသက်ဆွေ**











# လုပ်ငန်းခွင်အတွက် အလုပ်သမားဥပဒေရှိသည်

မိုးပန်းမွှန်(ရာမည)

မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်နေသော နိုင်ငံဖြစ်သည်။

စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သကဲ့သို့ စက်မှုလက်မှုလုပ်ငန်းများကို အမှီသဟဲပြုသည်အထိ တိုးတက်လာသည်။ စက်မှုဇုန်များကို တည်ဆောက်ပြီး စက်ရုံ၊ အလုပ်ရုံများ ထွန်းကားလာအောင် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့သည်။ စက်မှုဇုန်များရှိ အထည်ချုပ်လုပ်ငန်းမှအစ အမျိုးမျိုးသော စက်မှုလုပ်ငန်းများတွင် နိုင်ငံခြားသားပိုင်စက်ရုံများ ဖွင့်လှစ်လုပ်ကိုင်စေခဲ့သည်။

စာရေးသူသည် အလုပ်သမားအရေးကို စိတ်ဝင်စားသူဖြစ်ပြီး၊ ဝန်ထမ်းဘဝက ''အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန''တွင် တာဝန်ထမ်းခဲ့သူလည်းဖြစ်သည်။ ထို့ကြောင့် အလုပ်သမားရေးရာအကြောင်းကို ရံဖန်ရံခါရေးဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ အလုပ်ရှင်နှင့် အလုပ်သမားများအတွက် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းသော ဥပဒေများရှိသည်။ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ထားပြီးဖြစ်သည်။ လိုက်နာဆောင်ရွက်ရန်လိုကြောင်းလည်း ညွှန်ကြားထားသည်။ အနည်းဆုံးအခကြေးငွေဥပဒေကိုလည်း ပြဋ္ဌာန်းထားပြီးပြီ။ မြန်မာနိုင်ငံတွင် အနည်းဆုံးလုပ်ခလစာကို တစ်နေ့လျှင် ကျပ် ၃၆၀၀ ဖြင့် (၁-၉-၂၀၁၅)နေ့တွင် သတ်မှတ်ပေးခဲ့သည်။ ထပ်မံပြင်ဆင်သည့် ဥပဒေဖြင့်





ယခု ကျပ် ၃၆၀၀ အစား ကျပ် ၄၈၀၀ ဖြင့် ပြောင်းလဲသတ်မှတ်နိုင်ခဲ့သည်။

အလုပ်သမားများ ရသင့်ရထိုက်သော အခွင့်အရေးကို အကောင်အထည်ဖော်ရန် ကြိုးပမ်းနေဆဲလည်းဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် စက်မှုလက်မှု လုပ်ငန်းများမှ အထောက်အကူပြုလျက်ရှိသည်နှင့်အညီ၊ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ ဆက်ဆံရေးသည်လည်း အရေးပါလျက်ရှိနေသည်။ အလုပ်ရှင်နှင့် အလုပ်သမားအချင်းချင်း ဆက်ဆံရေး ကောင်းမွန်စေရေးသည်လည်း ကုန်ထုတ်လုပ်မှု မြင့်မားစေသည့် အကြောင်းရင်းတစ်ရပ်ဖြစ်သည်။

စက်ရုံ၊ အလုပ်ရုံများသို့ ''အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန''မှ တာဝန်ရှိအရာရှိများ သွားရောက်စစ်ဆေးရသည်။ အလုပ်သမား အငြင်းပွားမှု၊ လုပ်ငန်းခွင့်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လူမှုဖူလုံရေး၊ ဝင်ထားခြင်း ရှိ၊ မရှိ စသည်တို့ကို စစ်ဆေးဖြေရှင်းရသည်။

စက်ရုံ၊ အလုပ်ရုံနှင့် ကုန်သွယ်အလုပ်ဌာနများတွင် လူငယ်လူရွယ်များ၊ အများဆုံးလုပ်ကိုင်ကြသည်။ မြန်မာနိုင်ငံ ကျေးလက်ရှိ လူငယ်အများစုသည် နီးစပ်ရာမြို့ကြီးပြကြီးများသို့ အလုပ်အကိုင်အတွက် စွန့်စားရောက်ရှိကြ၏။ ပညာတတ်သူပါသလို၊ အတန်းပညာ အနည်းငယ်ဖြင့်၊ ငွေစ အနည်းငယ်ဖြင့်သာ ရှိသူလည်းပါသည်။ ခက်ထန်သူလည်း ပါသလို၊ နူးညံ့သူလည်း ပါသည်။ လုပ်ငန်းခွင်အတွင်း ရောက်ရှိပြီး အတူတူအလုပ်လုပ်ချိန်တွင် ညီညွတ်ချစ်ခင်နေကြလျှင် လုပ်ငန်းခွင်သာယာမည်။ အလုပ်ရှင်ကလည်း၊ အလုပ်သမားများ၏ ခံစားချက်ကိုစာနာ၍ လုပ်ငန်းခွင်သာယာရေးကို ဆောင်ရွက်သင့်သည်။

ပြဿနာမရှိသော၊ သိက္ခာရှိသော၊ ပျော်ရွှင်သော၊ ကုန်ထုတ်လုပ်မှု အောင်မြင်သော လုပ်ငန်းခွင်မျိုးဖြစ်ရန် အလုပ်သမားများကိုချည်း လမ်းညွှန်နေ၍မရပါ။ အလုပ်ရှင်ဘက်မှလည်း၊ ပူးပေါင်းမှ အဆင်ပြေလိမ့်မည်။

ရုံးတာဝန်ထမ်းစဉ်က အထည်ချုပ်စက်ရုံများစွာကို ရောက်ဖူးသည်။ ဦးစီးအရာရှိ ဆရာကြီး၏ စာရင်းထဲမှ စက်ရုံဟု မှတ်ပုံတင်ထားသော အထည်ချုပ်စက်ရုံဖြစ်သည်။ စက်ရုံဆိုသော်လည်း ခြံကျယ်ဝန်းကျယ်နှင့်မဟုတ်။ စနစ်တကျတည်ဆောက်ထားသည့် စက်ရုံလည်းမဟုတ်။ ခြံဝင်းအပြည့်ဆောက်ထားသော အုတ်ခံအိမ်ကြီးတစ်လုံးသာဖြစ်သည်။

---

**စက်ရုံဆိုသော်လည်း**
**ခြံကျယ်ဝန်းကျယ်နှင့်မဟုတ်။**
**စနစ်တကျတည်ဆောက်ထားသည့်**
**စက်ရုံလည်းမဟုတ်။**
**ခြံဝင်းအပြည့်ဆောက်ထားသော**
**အုတ်ခံအိမ်ကြီး**
**တစ်လုံးသာဖြစ်သည်။**

---

''အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန''မှ ညွှန်ကြားထားသည့် ညွှန်ကြားချက်များစွာရှိသည်။ လုပ်ငန်းခွင်ကျန်းမာရေးနှင့် သန့်ရှင်းရေးဥပဒေ ပုဒ်မများစွာအနက် -

ပုဒ်မ (၁၅) တွင် ''အလုပ်ရုံ၏ အလုပ်ခန်းတိုင်းတွင် လေကောင်းလေသန့် လုံလောက်စွာရရှိစေရန်နှင့် အပူအအေးမျှတစေရန် ဆောင်ရွက်ထားရမည်''

ပုဒ်မ (၁၉) တွင် ''အလုပ်ရုံအစိတ်အပိုင်း အသီးသီးတွင် အလင်းရောင် လုံလောက်စွာ ရရှိစေရန် စီမံထားရမည်''

ပုဒ်မ (၂၀) တွင် ''သန့်ရှင်းသော သောက်ရေများကို လုံလောက်စွာပေးထားရမည်။ သောက်ရေကို လျှော်ဖွပ်သည့်နေရာနှင့် ကျင်ကြီး ကျင်ငယ်စွန့်သည့် နေရာများမှ ပေ ၂၀ အတွင်း မရှိစေရ''

ပုဒ်မ (၂၁) တွင် ''အိမ်သာများကို လုံလောက်စွာနှင့် သန့်ရှင်းစွာထားရမည်။ အမျိုးသားများနှင့် အမျိုးသမီးများအတွက် သီးခြားထားပြီး ထင်ရှားအောင် အမှတ်အသား ပြုလုပ်ပေးရမည်။ အိမ်သာများကို သန့်ရှင်းရေးအလုပ်သမား အလုံအလောက်ထားရှိပေးရမည်။ အလုပ်သမား ၂၅၀ ကျော်သော အလုပ်ရုံများတွင် အိမ်သာများနှင့် ကျင်ငယ်စွန့်ရန် နေရာများ၌ ကြမ်းပြင်မှ ၃ပေအမြင့်အထိ ကြွေရည်သုတ်ကျောက်ပြားများဖြင့် စီမံထားရမည့်အပြင်၊ အနံ့ပျောက်ဆေးများ ဖြန်းထားရမည်''။

အစရှိသည်ဖြင့် အလုပ်ရုံများအက်ဥပဒေ အခန်း(၃)အရ ညွှန်ကြားထားပြီးဖြစ်သည်။ လုပ်ငန်းပိုင်ရှင်နှင့် မန်နေဂျာတို့က ကျန်းမာရေးအတွက် လိုက်နာဆောင်

ရှက်ရန် တာဝန်ရှိသည်။ လုပ်ငန်းစတည် ကတည်းကပင် ဥပဒေများ၊ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပါမည်ဟု သဘောတူညီပြီးဖြစ်သည်။ သို့ရာတွင်--

စက်ရုံဟု အမည်ခံထားသော ထိုအိမ်ကြီးရှိ အထည်ချုပ်လုပ်ငန်းခွင်မှ ခန်းမကျယ်ထဲဝင်လိုက်သည်နှင့် အနံ့အသက် ဆိုးလှသည်။ အောက်သိုးသိုးအနံ့ကို ရှူရှိုက်လိုက်ရသည်။ အပ်ချုပ်စက် အလုံးနှစ်ဆယ်ကျော်ဖြင့် လည်ပတ်နေသော 'အလတ်စား' စက်ရုံဖြစ်သည်။လေဝင်လေထွက်မကောင်း။ အလင်းရောင် လုံလောက်စွာမရ၊ စိတ်ထဲကျဉ်းကြပ်လှသည်။ ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်းမျိုး ဖြစ်သောကြောင့် နဂိုအနေအထားကို တွေ့ရခြင်းဖြစ်သည်။

ထို့အပြင် အလုပ်သမားများ ထမင်းစား နားချိန်ဖြစ်သဖြင့် အလုပ်သမားအချို့ ထမင်းစားနေကြသည်။ ယိုင်နဲ့နဲ့ ထမင်းစား စားပွဲရှည်များနှင့် ခုံတန်းရှည်များကို တွေ့ရသည်။ အိမ်သာခန်းနှင့် ထမင်းစားသည့်နေရာမှာ အလွန်နီးသည်။ သောက်ရေအိုး ထားသည့်နေရာသည် အမှိုက်ပုံး

**အသေးစား၊ အလတ်စား၊ အကြီးစား၊ စက်ရုံ၊ အလုပ်ရုံပိုင်ရှင်များအနေနှင့် လူသားဆန်စွာ တွေးချင့်သင့်သည်။ အလုပ်သမားများသည် ငွေကြေးမပြည့်စုံ၊ ပညာကောင်းစွာမသင်နိုင်သောကြောင့် အလုပ်လုပ်ကြရသူများဖြစ်သည်။ အလုပ်ရှင်များက စာနာစိတ်ရှိရန်လိုသည်။**

နှင့် နီးနေသည်။ အိမ်သာနှင့်လည်း အလှမ်းမဝေးလှ။ ယင်ကောင်များက ဝဲပျံ နားနေသဖြင့် မသန့်ရှင်းဟု ခံစားရသည်။ အမြင်မတင့်တယ်သည့်အပြင် ကျန်းမာရေးအတွက် ရင်လေးစရာဖြစ်နေသည်။ စိတ်မသက်သာလှ။ စက်ရုံအလုပ်သမားလေးများမှာ လူငယ် လူရွယ်များဖြစ်သဖြင့် မျက်ဝန်းများက ရှက်ရွံ့သလို၊ အားနာသလိုဖြစ်နေရှာသည်။ စာနာ နားလည်စွာဖြင့် ပြုံးပြနှုတ်ဆက်၍ ထွက်ခဲ့ရသည်။

စစ်ဆေးရေးအဖွဲ့သည် စက်ရုံခန်းမကို သာမက၊ အိမ်သာ၊ ထွေးခံ၊ သောက်ရေအိုး စသည်များကိုလည်း စစ်ဆေးခြင်းဖြစ်သည်။ စစ်ဆေးပြီးလျှင် အထက်ညွှန်ချုပ်သို့ အစီရင်ခံစာတင်ရသည်။ ပြုပြင်ရမည့် အခြေအနေများကို စက်ရုံလုပ်ငန်းရှင်ထံ ညွှန်ကြားစာပို့ရသည်။ အချို့က အလျှင်အမြန် လိုက်နာပြုပြင်သည်။ အချို့စက်ရုံများကျတော့ အကြိမ်ကြိမ်သတိပေးမှ ပြုပြင်ဆောင်ရွက်ပြီးကြောင်း စာပြန်ပို့သည်။

အသေးစား၊ အလတ်စား၊ အကြီးစား၊ စက်ရုံ၊ အလုပ်ရုံပိုင်ရှင်များအနေနှင့် လူသားဆန်စွာ တွေးချင့်သင့်သည်။ အလုပ်သမားများသည် ငွေကြေးမပြည့်စုံ၊ ပညာကောင်းစွာမသင်နိုင်သောကြောင့် အလုပ်လုပ်ကြရသူများဖြစ်သည်။ အလုပ်ရှင်များ



က စာနာစိတ်ရှိရန်လိုသည်။ လုပ်ငန်းခွင်တွင် အလုပ်သမားများ ပျော်ရွှင်စွာ အလုပ်လုပ်နိုင်မည့် အနေအထားကိုလည်း ဖန်တီးပေးကြရမည်။ အချို့ အလုပ်ရုံကြီးများတွင် လေဝင်လေထွက် ကောင်းစွာရရန် ဆောင်ရွက်ထားပြီး၊ သီချင်းသံများဖြင့် စိတ်ကိုကြည်လင်စေအောင် ကြားသာရုံဖွင့်ပေးထားသည်။ စက်ရုံတွင်းမှ အလုပ်သမားများတိုးတိုးဖွဖွ သီချင်းလိုက်ဆိုနေသေးသည်။ လုပ်ငန်းခွင်သာယာနေကြောင်းကို ကြည့်ရုံနှင့် သိနိုင်သည်။

လုပ်ငန်းခွင်နေထိုင်မှု အဆင့်အတန်းကို မြှင့်တင်ပေးခြင်း၊ စိတ်ကြည်လင်လန်းဆန်းအောင် ဖန်တီးပေးခြင်းဖြင့် ကုန်ထုတ်စွမ်းအားတိုးရန် အထောက်အကူဖြစ်လိမ့်မည်။ လုပ်ငန်းရှင်သည် လောဘဆန္ဒကိုဦးစားပေး၍ စက်ရုံတစ်ရုံမှ နှစ်ရုံဖြစ်ရေးကိုသာ ကြိုးစားမနေသင့်။ အလုပ်သမားများအတွက်လည်း တွေးရမည်။ ''လူသားချင်းစာနာထောက်ထားမှု''ဆိုသော အသိစိတ်ထားလျှင် အလုပ်ရှင်အလုပ်သမား ပဋိပက္ခဖြစ်ရန် အကြောင်းမရှိတော့ပါ။ ဂုဏ်သိက္ခာရှိသော လုပ်ငန်းရှင်သည် မိမိဂုဏ်အတွက်

> အလုပ်ရှင်ဘက်မှ
> ''ငွေရင်းစိုက်ထုတ်သည်''ဆိုပြီး
> မာန်တက်၍မရသလို၊
> အလုပ်သမားဘက်မှလည်း
> ''ငါတို့မရှိရင်
> စက်ရုံမလည်ပတ်နိုင်ဘူး''ဟု
> မရှိမာနထား၍မဖြစ်ပြီ။

အလုပ်သမားများကို ကြင်နာစိတ်ထားသည်။ အချို့သော လုပ်ငန်းရှင်များသည် လုပ်သားများကို ချိုးနှိမ်ဆက်ဆံသည်များရှိနေသည်။

လူရှေ့ထွက်၍ အလှူအမျိုးမျိုး လှူပြနေသော လုပ်ငန်းရှင်အချို့သည် မိမိပိုင်စက်ရုံမှ လုပ်သားများကိုကျတော့ စေတနာမပိုကြ။ ထုတ်ကုန်များများထွက်ရှိရေးသာ တွေး၍ နည်းမျိုးစုံဖြင့် ခေါင်းပုံဖြတ်နေကြသည်။ တိုင်းတစ်ပါးသို့သွား၍ အလုပ်လုပ်သူများ လုပ်အားခေါင်းပုံဖြတ်ခံရခြင်းကို လူတိုင်း သိသည်။ မြန်မာနိုင်ငံအတွင်းရှိ စက်ရုံအလုပ်၊ ကုန်သွယ်အလုပ်ဌာန အစရှိသော လုပ်ငန်းခွင်အတွင်းမှ အလုပ်သမားများ ခေါင်းပုံဖြတ်ခံရခြင်းကို သိသူနည်းမည်။ ထိုသို့သော ခံစားရမှုများ ပေါက်ကွဲလာသောအခါ ဆန္ဒပြမှုများ၊ ပေါ်ပေါက်လာတော့သည်။ ဥပဒေကြောင်းအရ ဖြေရှင်းပေးနိုင်လျှင် နှစ်ဦးနှစ်ဘက် ပြေလည်နိုင်သည်။ ကာလဒေသကြည့်၍ အလျဉ်းသင့်သလို ဖြေရှင်းလိုက်လျှင် ဆန္ဒပြမှုများကို ငြိမ်းအေးစေမည် မဟုတ်ပါ။

၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် အကျုံးဝင်ခဲ့သော ''အလုပ်ရုံများ အက်ဥပဒေ''ရှိသည်။ ထိုဥပဒေနှင့်အညီ ''အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန''မှ တာဝန်ရှိသူများက သေချာစစ်ဆေး စည်းကြပ်သည်။ ယခင်က လုပ်ငန်းရှင်များသည် ဥပဒေကိုလည်း၊







လူသားအားလုံးသည်
ကိုယ့်ဝမ်းစာကိုယ်ရှာ၍
ဘဝအတွက် တက်လမ်းကို
လျှောက်လိုကြသူချည်းဖြစ်သည်။
ဂုဏ်သိက္ခာနှင့် သမ္မာအာဇီဝ
မျှတရန်တော့ လိုလိမ့်မည်။
အလုပ်ရှင်နှင့် အလုပ်သမားဟူသည်
"ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ"
အနေအထားဖြစ်သည်။

အလေးအနက်မထားကြ၊ မည်သို့ အရေးယူပါစေ မမှုလှ။ ရောင်တိမ်းနိုင်ကြသည်မှာ အုံလောက်စရာပင်။ စက်ရုံ အလုပ်ရုံမှ မပြေလည်မှုများတွင် လုပ်သားဘက်က ချည်း ခံကြရသည်။ နှစ်စဉ် အလုပ်ရှင်နှင့် အလုပ်သမားများ၏ပြဿနာကို အုပ်ချုပ်ရေးမဏ္ဍိုင်ကလည်း ရှင်းပေးနေရဆဲဖြစ်သည်။

လူသားအားလုံးသည် ကိုယ့်ဝမ်းစာကိုယ်ရှာ၍ ဘဝအတွက် တက်လမ်းကို လျှောက်လိုကြသူချည်းဖြစ်သည်။ ဂုဏ်သိက္ခာနှင့် သမ္မာအာဇီဝ မျှတရန်တော့ လိုလိမ့်မည်။ အလုပ်ရှင်နှင့် အလုပ်သမားဟူသည် ''ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ''အနေအထားဖြစ်သည်။ ဖေးမပေးမမနှင့် ညှိနှိုင်းတိုင်ပင်ကြမှ အဆင်ပြေမည်။ နိုင်ငံတော်၏ စီးပွားရေးတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ကြသူအချင်းချင်း၊ အမှီသဟဲပြု၍ ကြိုးပမ်းကြရမည်သာဖြစ်သည်။ လူသားတိုင်း ကိုယ့်တန်ဖိုးနှင့်ကိုယ် ရှိကြပြီးသားဖြစ်သည်။

နိုင်ငံတော်၏ ပြောင်းလဲလာသော အခြေအနေအရ အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှု လျော့နည်းစေရန်လည်း အရေးတကြီးလိုအပ်သည်။ အလုပ်ရှင်ဘက်မှ ''ငွေရင်းစိုက်ထုတ်သည်''ဆိုပြီး မာန်တက်၍မရသလို၊ အလုပ်သမားဘက်မှလည်း ''ငါတို့မရှိရင် စက်ရုံမလည်ပတ်နိုင်ဘူး''ဟု မရိုမသေ ထား၍မဖြစ်ပြီ။ ပစ္စည်းထွက်နှုန်း ကောင်းမွန်ရန် အလုပ်ရှင်နှင့် အလုပ်သမား မျှတစွာကျင့်ကြံကြမှာဖြစ်မည်။

ယခု ၂၀၁၈ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုသော အခမ်းအနားကျင်းပသည်။ လှိုင်သာယာမြို့နယ် မိုးလုံလေလုံ အားကစားကွင်းသို့ အလုပ်သမား ငါးထောင်ကျော် ချီတက်သည်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ အလုပ်သမားနေ့သဝဏ်လွှာကို ''အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန''မှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ဖတ်ကြားသည်။ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ (ILO) မှ ဆက်ဆံရေးအရာရှိ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (CTUM) ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် တာဝန်ရှိသူများက အမှာစကားပြောကြားကြသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကျင်းပဖြစ်ခြင်းကြောင့် နိုင်ငံတော်အစိုးရနှင့် လုပ်ငန်းရှင်များက အလုပ်သမားများ၏ဘဝကို ပိုမိုငဲ့ညှာလာမည်။ အလုပ်သမားအချင်းချင်းလည်း လုပ်ငန်းခွင်အတွင်း ချစ်ခင်ညီညွတ်နေကြမည်။ ခေတ်သစ် စနစ်သစ်တွင် ''လူနပ်ချမ်းသာ''ခြင်းလုပ်ရပ်ကို အစိုးရက တားဆီးနိုင်မည်ဟု မျှော်လင့်သည်။ အခြေခံလူတန်းစားဖြစ်သော အလုပ်သမားများအနေနှင့် ''မောင်စီးရင်း ရေဝတ်''ရမည့်အဖြစ်မှ ကင်းဝေးမည်ဟု ယုံကြည်သည်။

အလုပ်သမားနေ့ အခမ်းအနားတွင်

(CTUM) အနေဖြင့် ''ထိရောက်သော လုပ်သားဈေးကွက် စီမံခန့်ခွဲမှုမှသည် ရေရှည်တည်တံ့နိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုဆီသို့'' ခေါင်းစဉ်ဖြင့် ၂၀၁၈ ခုနှစ်၊ မေဒေးနေ့ ထုတ်ပြန်ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ကြောင်း သတင်းစာတွင် ဖတ်ရသည်။ အလုပ်သမားများအတွက် အားတက်စေသော ကြေညာချက်ဟု ဝမ်းသာမိသည်။

''အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန''သည် အလုပ်သမားဥပဒေများစွာဖြင့် ရပ်တည်နေသော ဌာနဖြစ်သည်။ အလုပ်သမားအကျိုးကို ကာကွယ်စောင့်ရှောက်ပေးသည်ဆိုသော်လည်း အလုပ်ရှင်၏အကျိုးကို ပျက်စီးရန် လုပ်မည်မဟုတ်ပါ။ အဓိကလိုအပ်ချက်မှာ–''လုပ်ငန်းခွင် အေးချမ်းသာယာရေးနှင့် ကုန်ထုတ်စွမ်းအား မြှင့်တင်ရေး''ဖြစ်သည်။ နိုင်ငံတော်မှလည်း ထိုကိစ္စကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီ။ အနာဂတ်ကာလတွင် အလုပ်ရှင်၊ အလုပ်သမားပြဿနာ လျော့နည်းမှာသေချာသည်။

မြန်မာနိုင်ငံတွင်း နေထိုင်ကြသော အလုပ်သမားများအား လူမျိုး၊ ဘာသာ၊



ကျား၊ မ မခွဲခြားဘဲ ဥပဒေနှင့်အညီ ခံစားခွင့်ရရှိစေချင်သည်။ ''လူသားချင်းစာနာမှု'' နှင့် ''လူ့အခွင့်အရေး''ဆိုသော စကားလုံးများကို အလုပ်သမားများလည်း ခံစားခွင့်ရှိသည်။

ထို့ကြောင့် မြန်မာပိုင်စက်ရုံများမှ လုပ်ငန်းရှင်များ၊ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံခြားသားပိုင် စက်ရုံများမှ ပိုင်ရှင်နှင့် အုပ်ချုပ်သူများအားလုံး ''အလုပ်သမားဥပဒေ''များကို လိုက်နာရန် လိုအပ်နေပြီ။ လုပ်သားများကလည်း လုပ်ငန်းခွင်သာယာရေးကိုတွေး၍ အပြန်အလှန်ဆွေးနွေးကြရန် လိုလပြုသင့်ပြီဟု နိုင်ငံတော်အကျိုးမျှော်ကိုး၍ အကြံပေးတိုက်တွန်းလိုက်ပါသည်။

**မိုးပန်းမွှန်(ရာမည)**

## မှတ်တမ်းမှာရေးသွင်းဖို့



ကပ္ပတိန်က သင်္ဘောရဲ့မှတ်တမ်းထဲမှာ–

''ယနေ့ ဖတ်စ်မိတ်(First Mate)အရက်မူးသည်''လို့ ရေးခဲ့တယ်။

နောက်တစ်နေ့ကျတော့ အရက်မူးပြေတဲ့ ဖတ်စ်မိတ်က ကပ္ပတိန်ကို အဲဒီလိုမရေးဖို့ တောင်းပန်တယ်။ ဒါပေမဲ့ ကပ္ပတိန်က သင်္ဘောမှတ်တမ်းစာအုပ်မှာ ဒီလိုအမှန်ကိုပဲ ရေးသွင်းရမယ်ဆိုပြီး ငေါက်တယ်။ ဖတ်စ်မိတ်က ဘယ်လိုပဲတောင်းပန်ပေမယ့် ကပ္ပတိန်က မဖျက်ပေးဘူး။

နောက်တစ်နေ့ ဖတ်စ်မိတ်က မှတ်တမ်းရေးရမယ့်အလှည့်ဖြစ်တယ်။ ဒီတော့ သူက–

''ယနေ့ ကပ္ပတိန် အရက်မသောက်ပါ'' လို့ ရေးခဲ့တယ်။

**မောင်သီဟ**

# အမေမရှိတော့သော ဇာတိမြို့ကလေး

မုဒုံသမှန်

(၁)

ကျွန်တော့် ဘိုးဘွားများသည် မုဒုံမှာပင်မွေးဖွားကာ မုဒုံမှာပင် သေဆုံးကုန်ကြပါလေသည်။ ထို့အတူ ကျွန်တော့်အဖေနှင့် အမေသည်လည်း မုဒုံမှာမွေး၊ မုဒုံမှာပင် သေဆုံးကုန်ကြသည်။ ကျွန်တော်သည်လည်း မုဒုံမှာမွေးဖွားသော မုဒုံသားအစစ် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်ဇာတိသည် မုဒုံပင်ဖြစ်၏။



ခုတော့ အမေလည်းမရှိတော့။ အဖေလည်း မရှိတော့ပါ။ အမေက အဖေ့ထက် နှစ်ပေါင်း နှစ်ဆယ်နောက်ကျမှ ကွယ်လွန်ပါသည်။ ကျွန်တော်ကတော့ အဖေ၊ အမေတို့ အသက်ထင်ရှားရှိစဉ်ကတည်းက တစ်ကိုယ်တည်း ရန်ကုန်ကို ထွက်ခဲ့ပါသည်။

ကျွန်တော့်စိတ်ထဲ မှာဖြို့ကလေးမှာ နေရသည်က ကျဉ်းကြပ်သည်ဟု ထင်ပါ၏။ မိဘများနှင့်နေရတာ ချုပ်ချယ်မှုများလွန်းသည် ထင်ပါသည်။ အထူးသဖြင့် အမေတို့ အိမ်သည် ကျွန်တော့်အတွက် လှောင်အိမ် သဖွယ် ဖြစ်နေပါ၏။

ထို့ကြောင့် အနည်းငယ်မျှ ပျော်ရွှင်မှု မရခြင်းကြောင့် လောကမျက်နှာစာသစ်ကို ဖွင့်လှစ်ရန်အတွက်ဆိုပြီး ရန်ကုန်သို့ ထွက်လာခဲ့သည်။

ကျောင်းမနေချင်သော ကျွန်တော်။ စာကျက်ရမှာကို သေမလောက်ကြောက်ရွံ့ နေသော ကျွန်တော်။ မိဘအရိပ်အောက်မှာ နေရတာကို မွလောင်သည်ဟုထင်သော ကျွန်တော်သည် မြန်မြန်အသက်အရွယ်ရ လာ၍ မြန်မြန်လူလားမြောက်ချင်သည့် ဆန္ဒသာရှိ၏။

ဘာကြောင့် မြန်မြန်လူလားမြောက် ချင်ရတာလဲဆိုတော့ ကျောင်းမနေရတော့ စာမဖတ်ရ၊ စာမကျက်ရတာကို ဦးစွာ ခေါင်းထဲထည့်ထားမိ၏။ နောက်တော့ သည်မိသားစုရှိရာ အိမ်ကြီးကို မြန်မြန်စွန့်ခွာ သွားမည့်အရေးကိုလည်း ထည့်တွက်ပါသေး သည်။

ထို့ကြောင့် အသက်နှစ်ဆယ်လောက် တွင် ကျွန်တော်သည် အသိုက်အမြုံကို စွန့်ခွာကာ တစ်ကိုယ်တည်း လွတ်လပ်စွာ ရန်ကုန်သို့ထွက်ခွာလာသည်။ ကိုယ်ဖြစ်ချင် တာ၊ ကိုယ်လုပ်ချင်တာကို အတားအဆီး မရှိ လုပ်ကိုင်ရပြီဖို့ အားရွှင်လန်းနေပါ၏။

တကယ်ဆိုတော့ ကျွန်တော့်ဘဝ သည် နေရောင်မရောက်သေးသော နှင်း ပွင့်ပမာ ဖြစ်ပါလေတော့၏။ နေရောင်ဆို တာ တဖြည်းဖြည်း အပူချိန်မြင့်လာရင်း နောက်ဆုံး အပူဆုံးအချိန်ကို ရောက်ရမြဲ ပါ။ ထိုနေအပူဆုံးအချိန်မရောက်မီမှာပင် နှင်းပေါက်သည် ပျောက်ကွယ်သွားပါလေ တော့သည်။

ကျွန်တော့်ဘဝသည် အပူလောင်ဆုံး

ကျွန်တော်သည် ဖျိုရာမှ အိုလာသည်။ ကာလယန္တရား ရွေ့လျားလာသည်နှင့်အမျှ ရုပ်သဘောသည် သခါရဆန်လာတော့သည်။ ထိုအခါ ကျွန်တော်သည်လည်း အလွမ်း၊ အသော၊ အကြမ်းအရမ်းမှသည် ဘီလူးသရဲခန်းအထိ သရုပ်ဆောင်ကပြရသည်။

အချိန်သို့ ရောက်ခဲ့ပြီးဖြစ်၏။

## (၂)

နှစ်ပေါင်း လေးငါးဆယ်လောက် ရန်ကုန်မှာနေခဲ့သည်။ လေးငါးဆယ်ဟု ဆိုသော ကိန်းဂဏန်းသည် အကြာကြီးဟု ထင်ရပေမင့် ကာလယန္တရားအနေနှင့်ကြည့် ပါက မနေ့တစ်နေ့ကလိုပင်ဖြစ်၏။

ထိုခေတ်ထိုကာလအတွင်းမှာပင် ကျွန် တော်သည် ဖျိုရာမှ အိုလာသည်။ ကာလ ယန္တရား ရွေ့လျားလာသည်နှင့်အမျှ ရုပ် သဘောသည် သခါရဆန်လာတော့သည်။ ထိုအခါ ကျွန်တော်သည်လည်း အလွမ်း၊ အသော၊ အကြမ်းအရမ်းမှသည် ဘီလူး သရဲခန်းအထိ သရုပ်ဆောင်ကပြရသည်။

ရှေးဦး ရန်ကုန်ရောက်ခါစတွင် ကျွန်တော့်ဘဝသည် ငိုခြင်းဖြင့် နိဒါန်းဖွင့် ခဲ့သည်။ အမေတို့ကိုလွမ်း၍မဟုတ် အိမ်ကို လွမ်းသော ရောဂါကြောင့်လည်း မဟုတ်ပါ။

ထိုစဉ်က ကျွန်တော်သည် အဖေ့တူမ များအိမ်တွင် ကပ်၍နေပါသည်။ တူမတွေက လေးယောက်စုကာနေကြသည်။ ဒုတိယ အစ်မက မိသားစုနှင့် အိမ်ထောင်ရှင်ဖြစ် သည်။ ကျွန်တော်ရောက်လာတော့ အဖေ့ တူမတစ်ယောက်က ကျွန်တော့်အား မျက်စိ စပါးမွေး စူးနေပါသည်။

ကျွန်တော့်အား သူကအလိုလိုနေရင်း မျက်မုန်းကျိုးနေသည်။ သူ မုန်းကို အလည် လာနိုက် ကျွန်တော့်အား ချိုသာပျူငှာစွာ ဆက်ဆံသလောက် ကျွန်တော် ရန်ကုန် ရောက်နိုက်မှာ အတိုက်အခံလုပ်ပါ၏။ ကျွန် တော့်အား အိမ်မှာမနေနိုင်အောင် မျက်နှာ အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာ တို့ဖြင့် နှိပ်စက်သည်။

ထိုစဉ်အခါက ကျွန်တော် အလုပ်ရှာ သဲမို့ ဝင်ငွေကမရှိ။ ဝင်ငွေမရှိသည့်အထဲ ခေါ့လာယ်နေခြင်း အိမ်တွင်းပုန်းနေ၍မဖြစ်။ သူနှင့် မျက်နှာချင်းဆိုင်ရမှာကိုကြောက်၍ တစ်နေကုန် အပြင်မှာသွားနေသည်၊ သို့ဖြစ် ၍ သူငယ်ချင်း၊ ကိုမြတ်ကျော်တို့ရှိရာ ချိုတေးသံ စာစောင်တိုက်မှာ သွားနေရ သည်။

ထိုသို့ သွားနေရ၍ ကျုန်အစ်မများက နံနက်စာကို သူ့အလစ်မှာ ခိုးကျွေးသည်။ ကျွန်တော်ကလည်း ထမင်းကို အရသာ ခံမစားသဲ ကတိုက်ကရိုက်စားပြီး ချိုတေးသံ တိုက်မှာ သွားနေရသည်။ ညဘက်ကျမှ ပြန်လာသည်။

ပြန်လာတော့လည်း မမြင်ချင် မကြည့် ချင်သော မျက်နှာကို ပြန်မြင်ရသည်။ သူ့ အကြည့်က မျက်စောင်းထိုးအကြည့်ဖြစ်၏။ ပါးစပ်ကလည်း ကျွန်တော့်ဆီ ဆီမန်းမန်း သလို အကြောင်းမဲ့အပြစ်ဆိုနေပါ၏။

''သူစိမ်းတွေချစ်တာ မိဘတွေမုန်း၊ သလောက်ရှိတာ''

ညဖိုက်ရာဝင်တော့လည်း တော်တော် နှင့် အိပ်မပျော်ပါ။ မျက်စိကိုမှိတ်လိုက်တိုင်း အမေ့မျက်နှာ ပေါ်လာသည်။ အမေ့မျက်နှာ နှင့်အတူ အမေပြောလိုက်သောစကားကို လည်း ကြားယောင်လာတော့သည်။ အမေ သည် စာပေကောင်းစွာမတတ်ပေမင့် ထို ကဲ့သို့ အဖိုးတန်စကားမျိုးကို ပြောတတ်ပါ သည်။ တစ်ခွန်းပြောလျှင် တစ်ခွန်းဆိုသလို နားထဲစွဲနေပါတော့၏။

စဉ်းစားရင်းနှင့် မျက်ရည်တွေကျလာ ပါ၏။ အလုပ်ကလည်း မရသေး၊ အစ်ကို ဖြစ်သူက အလုပ်ဌာနတစ်နေရာတွင် ပြော ထားခဲ့ပြဲသည်။ အလုပ်နေရာ မကျသေး သရွေ့ တွေ့နေရဦးမည်။ တစ်နေကုန် ကို မြတ်ကျော်တို့ဆီ သွားနေရဦးမှာတော့ စိတ်

ချမ်းသာနေပါ၏။ ညနေရောက်တော့ စိတ်တွေကို လင်ပုပ်ဖမ်းသလို ညစ်ထေးလာပါတော့၏။

သည့်နောက် ကျွန်တော်လည်းအလုပ်ရသွားပါသည်။ အစ်ကိုပြောပေးသောအလုပ်ဖြစ်သည်။ ကံအားလျော်စွာ ကျွန်တော့်အလုပ်ဌာနကအလုပ်သမားတန်းလျားတွင် နေခွင့်ရ၍ ကျွန်တော်သည် ကျွန်တော်က မမြင်ချင်သောမျက်နှာ၊ သူကလည်း မကြည့်ချင်သော မျက်နှာကို မမြင်ရတော့ပါ။

ကျွန်တော်သည် အလုပ်လက်မဲ့ဘဝ၊ နှိုက်စရာ အိမ်မရှိစဉ်က ဇာတိမြို့ကလေးက အိမ်ကို အလွန်သတိရပါသည်။ သတိရပါသော်လည်း အမေတို့ဆီပြန်ဖို့ စိတ်မကူးမိပါ။ ထိုမြို့ကလေးတွင် ကျောင်းဆရာအလုပ်၊ ကုန်သွယ်စာရေးအလုပ်၊ ကျွန်တော့်ယောက်ဖတော်သူ မန်နေဂျာလုပ်နေသော ကုန်သွယ်လယ်ယာစာရေးအလုပ်တို့ ရှိပါသည်။ ထိုစဉ်က ကျွန်တော် ဟိုက်စကူးဖိုင်နယ်(ကိုးတန်း)အောင်ထားပါသည်။

ကျွန်တော် မြို့ကလေးဆီ မပြန်ချင်သည့် အကြောင်းကား ကျွန်တော်သည် ပညာတန်ဖိုးကိုသိရှိနားလည်လာခြင်းကြောင့်ဖြစ်သည်။ ငယ်စဉ်က စာကျက်ရန်ပျင်းသော၊ ကျောင်းစာဖတ်ရမှာကို အလိုလိုကြောက်နေသော ကျွန်တော်သည် ဦးကျည်ပွေ့လို အသက်ကြီးခါမှ အတက်ပေါက်ချင်လာသည်။ ပြီးတော့ ကျွန်တော်စာရေးဆရာဖြစ်ချင်သေးသည်။

ထို့ကြောင့်လည်း စာမေးပွဲအောင်၍လုပ်သားများကောလိပ်တက်သည်။ တက်ရင်းနှင့် စာရေးဆရာဖြစ်ရန် အားထုတ်သည်။ သည်လိုနှင့် ဇာတိမြို့ကလေးနှင့် မိဘများကိုမေ့ကာ လက်ရှိဗိုင်ဆိုင်သော လောကတွင်သာ ပျော်နေပါတော့၏။

အလုပ်ဝင်စတွင် ကျွန်တော့်လခ ၉၀ ကျပ် ရသည်။ ပထမဦးဆုံးလခရတော့ အစ်ကိုတော်သူ၏ တိုက်တွန်းချက်ကြောင့် ကျွန်တော် အဖေ၊ အမေတို့ဆီ ၅၀ ကျပ် ပို့လိုက်သည်။ သူတို့ထံမှ ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း ဇာပြန်ကြားရတော့ ကျွန်တော် ပီတိဖြစ်ရပါသည်။ သည် ၅၀ ကျပ် ပို့ရတာကလည်း ပထမဦးဆုံးနှင့်နောက်ဆုံးပါပဲ။

ကျန်လများမှာတော့ ကျွန်တော်သည် အကြွေးတွေနှင့် ချာချာလည်သွားပါတော့၏။ အကြွေးဆိုတာ တစ်ခါတင်ခါပြီဆိုလျှင် သံသရာလိုလည်နေပါတော့၏။ ကျေသည်ဟူ၍ မရှိတော့ပါ။ ကျွန်တော် ကောလိပ်တက်တော့ လခ ၁၂၆ ကျပ်ရ၏။ ခရီးစရိတ်၊ စားစရိတ်၊ အသုံးစရိတ်တွေနှင့် အကြွေးတွေပိနေသည်။ ထို့နောက် ၂၁၀ ကျပ်သို့ လခတိုးလာတော့လည်း ထူးမလာပါ။ ထူးလာတာက အကြွေးတွေဖြစ်၏။

ကျွန်တော် ဘွဲ့မရခင် အဖေဆုံးသည်။ ကျွန်တော်တို့အိမ်ကို အသစ်ပြန်ဆောက်လိုက်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့အိမ်သည် အဖေ့ဘက်မှ အမွေဆိုင်ခြံကြီးထဲမှာ ဆောက်ထားသည်။ အဖေမရှိတော့၍ ခြံကို ဝေပုံကျခွဲလိုက်သည်။ ကျွန်တော်တို့ တစ်ပုံရသည်။ ထိုနေရာတွင် အိမ်ဟောင်းကိုဖျက်ကာ အမေက အိမ်အသစ် ပြန်ဆောက်လိုက်သည်။

"ဒီအိမ်ကြီးကို မရောင်းလိုက်နဲ့နော်၊ မင်းတို့တွေ လာနေကြ"

အိမ်ကြီးဆောက်ပြီးတော့ အမေက ပြောပါသည်။ အမေက သူ့ရည်မှန်းချက်ရှိသည့်အတိုင်း ကျွန်တော်တို့ လာနေရန်ဆိုပြီး အိမ်ကိုအကြီးကြီးဆောက်ထားပါသည်။ ကျွန်တော့် ညီမများကလည်း တစ်နေ့နေ့တွင် လာနေမည်ဟု ရည်ရွယ်ထားသည်။

ကျွန်တော်က အိမ်ထောင်ကျသွားပါသည်။ အမေရှိစဉ်က တစ်နှစ်တစ်ခေါက် မှန်မှန်ပြန်ပါသည်။ အမေ့အိမ်ကိုလည်း တန်ဖိုးထားရကောင်းမှန်းမသိပါ။ လူပျို့လူ လွတ်ဘဝကလို ညအိပ်ရုံသာ သဘောထားပြီး ညီမငယ်များကလည်း မော်လမြိုင်မှာ အလုပ်လုပ်နေ၍ ဘော်ဒါနေကြသည်။ ကျွန်တော်တို့ သားသမီးတွေရောက်မှ အိမ်ကြီးက အသက်ဝင်လာပါ၏။

နောက်တော့ အမေဆုံးသွားသည်။ ညီမငယ်များကလည်း ရန်ကုန်သို့ အလုပ်ပြောင်းလာသည်။ အိမ်ကြီးကိုလည်း တစ်နေ့ သူတို့ပြန်လာမည်ဆိုပြီး သည်အတိုင်း မိုးထဲရေထဲမှာ ပစ်ထားလိုက်သည်။



(၃)

သည်နှစ်တော့ ကျွန်တော့်ဇာတိမြို့ကလေးဆီ ပြန်ရောက်လာသည်။ သင်္ကြန်တွင်း တောင်စွန်းကျွန်း ကလေးတောင်မှာ ဒုလ္လဘဝတ်ပြီး သင်္ကြန်လွန်သည်နှင့် ဇာတိ

မြေကို ပြန်လာသည်။ မရောက်တာကြာပြီ ဖြစ်သည်။

ညီမများကလည်း ပင်စင်ယူတော့မည် ဖြစ်၍ ကျွန်တော်နှင့် နီးနီးနားနားနေချင်သည်ဟုဆိုကာ ယုဇနဥယျာဉ်မြို့တော်မှာ တိုက်ခန်းဝယ်ထားသည်။ သူတို့သည် အမျိုးကြီးဘဝမို့ ဘာမှနောက်ဆံမတင်းကြပါ။

မုဒုံကအိမ်ကြီးကိုလည်း ရောင်းချလိုက်ပြီးဖြစ်၏။ မိုးထဲရေထဲမှာ ပစ်ထားတာက တစ်ကြောင်း၊ ဈေးမြည့်လာတာက တစ်ကြောင်း။ သူတို့လည်း ပြန်လာပြီး မနေတော့တာက တစ်ကြောင်းကြောင့် ရောင်းလိုက်ခြင်းဖြစ်သည်။

ကျွန်တော်ပြန်လာတော့ အမေ့အိမ်နေရာသည် ဟာလာဟင်းလင်းကြီး ဖြစ်နေပါတော့၏။ သည်အဖြစ်ကို မြင်လိုက်တော့ ရင်ထဲဟာနေသလို ဖြစ်နေပါ၏။ ဦးစွာ အမေ့ကို သတိရမိခြင်းဖြစ်သည်။ နောက်တော့ အိမ်ကြီးကိုပင်ဖြစ်၏။ အမေမရှိလေမှ အမေနှင့်တကွ ပတ်သက်ရာပတ်သက်

ကျွန်တော်ပြန်လာတော့ အမေ့အိမ်နေရာသည်
ဟာလာဟင်းလင်းကြီး ဖြစ်နေပါတော့၏။ သည်အဖြစ်ကိုမြင်လိုက်တော့
ရင်ထဲဟာနေသလို ဖြစ်နေပါ၏။
ဦးစွာ အမေ့ကို သတိရမိခြင်းဖြစ်သည်။

ကြောင်းကို သတိရလာခြင်းဖြစ်၏။

ကျွန်တော်သည် မုဒုံသားအစစ်ဖြစ်၏။ မုဒုံတွင် ဆွေတစ်ရာ မျိုးတစ်ရာမက ရှိပါသည်။ ထို့ကြောင့် အမေနှင့်တကွ အမေ့အိမ်မရှိပေမင့် ကျွန်တော်မမှုပါ။ မပူပါ။ ဦးစွာ ရွှေမှုန်တို့မိသားစုရှိသည်။

ကျွန်တော့်ဝမ်းကွဲတူမ ညိုညိုသည် တောင်ဒဂုံ၊ အောင်ဇေယျတိုက်ခန်းမှာနေသည်။ သူ့သမီး ရွှေမှုန်နှင့် မိသားစုကတော့ မုဒုံမှာနေသည်။ သူ့မိခင်၏ အဘွားသည် ကျွန်တော့်အဖေ၏ အစ်မကြီးဖြစ်သည်။ မြို့ကြီးကို အမွေခွဲစဉ်က ထိုအဘွားလည်း အမွေရပါသည်။ ထိုမြေပေါ်တွင် ရွှေမှုန်တို့အဘိုး၊ အဘွားများ၊ အိမ်ဆောက်ထားပါသည်။ ထိုအိမ်တွင် ရွှေမှုန်တို့မိသားစု နေပါသည်။

အိမ်ကြီးက ကြီးလည်းကြီး၊ ကောင်းလည်း ကောင်းပါသည်။ ကျွန်တော်ရောက်သွားတော့ ရွှေမှုန်တို့မိသားစု ရန်ကုန်သွားရန် ပြင်ဆင်နေကြပါသည်။ ထိုအခါ ရွှေမှုန်က…

''ဘိုးလေး ဘယ်တော့လောက် ပြန်မှာလဲ''

ရောက်လာတာမှ မကြာသေး။ ကောက်ခါငင်ခါ မေးလိုက်ခြင်းကြောင့် ကျွန်တော် ကြောင်တက်တက်ဖြစ်သွားရပါသည်။ အမှန်မှာဆိုလျှင် ခုတစ်ခေါက် ဇာတိမြေကို ပြန်လာသည်မှာ အပျော်သက်သက်ချည်း မဟုတ်ပါ။

ကျွန်တော်သည် ရော်ဘာနှင့် ပတ်သက်သော အကြောင်းအရာများကို မြူစုရေးသားရန်အတွက် ရောက်လာခြင်းဖြစ်သည်။ ကျွန်တော်တို့ အမွေဆိုင်ခြံထဲတွင် ညီမဝမ်းကွဲ မစန်းရီတို့မိသားစု ယာရလက်ရှိနေကြပါသည်။ သူ့တွင် စန္ဒာမိုးဆိုသည့် သမီးတစ်ယောက်ရှိပါသည်။ ထိုသမီးသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဘွဲ့ရပြီး အစ္စရေးနိုင်ငံမှဖွင့်လှစ်သော သင်တန်းမှ ဒီပလိုမာရပြီးသူလည်း ဖြစ်သည်။ မုဒုံ ရော်ဘာစိုက်ပျိုးရေးရုံးမှာ ဖန်နေရာလည်း ဖြစ်သည်။

ကားပေါ်က ဆင်းဆင်းချင်း မစန်းရီနှင့်တွေ့ပြီး စန္ဒာမိုးကို မေးကြည့်တော့…

''သူ ရိုပ်သာဝင်နေတုန်းပဲ၊ လကုန်မှ ထွက်လာမှာ''

မစန်းရီ၏ စကားကြောင့် ကျွန်တော် စဉ်းစားရပါ၏။ လကုန်ရက်အတွက်ဆို ဘ၅ ရက်လောက် လိုသေးသည်။ ကိစ္စမရှိ။ ရွှေမှုန်တို့ထံမှာ တည်းခိုရင်း စောင့်ဆိုင်းမည်။ သို့မှသာ ကျွန်တော်သိလိုသော နှစ်ရှည်သီးနှံရော်ဘာအကြောင်းကို မေးမြန်းစုံစမ်းရမည်ဟု တွေးထင်ထားပါ၏။



**ကျွန်တော်သည် အိပ်စရာ အပန်းဖြေနေရာကို ရှာလိုက်ရာ ဈေးမျက်နှာစာတန်းကို တွေ့ရှိပါသည်။ ထိုနေရာသည် အရောင်းအဝယ်မကောင်းခြင်းကြောင့် ပိတ်ထားရသော ရွှေဆိုင်တန်းနေရာဖြစ်၏။ ထိုနေရာတွင် မောမောနှင့်အိပ်လိုက်ရာ . . .**

ထိုသို့ တွေးရင်းနှင့် ရွှေမှုန်ထံရောက်ခါမှ ထိုသို့ အမေးခံလိုက်ရခြင်းကြောင့် ကျွန်တော် ဘာပြေရမှန်းမသိ ဖြစ်သွားပါတော့တော့၏။ ဒါပေမင့် ကျွန်တော် အမှန်အတိုင်း ပြန်ပြောလိုက်၏။

"စန္ဒာမိုးနဲ့ တွေ့ချင်တာပါပဲ၊ ဘာလို့မေးရတာလဲ"

"သမီးတို့တစ်အိမ်လုံး သော့ခတ်ပြီး ရန်ကုန်သွားတော့မှာမို့ပါ။ ဘိုးလေး ဦးလေးငယ်တို့ဆီမှာ သွားတည်းပါ၊ အဆင်ပြေမှာပါနော်"

"ပြောမှာပါ၊ ပြောမှာပါ"

ကျွန်တော်က အလျှာသင့် အနံ့သင့် ပြန်ပြောရပါ၏။ စိတ်ထဲမှာတော့ အမျိုး



အမည် မဖော်ပြတတ်သော ဝေဒနာတစ်မျိုးကို ခံစားသွားရပါသည်။ ပြတင်းပေါက်မှ လှမ်းမျှော်ကြည့်လျှင် အမေ့မြေ၊ အမေ့အိမ်နေရာဟောင်းကို တွေ့နေရသည်။ ခုတော့ အမေလည်းမရှိတော့၊ အမေ့အိမ်ရော၊ မြေရော မရှိတော့တာမို့ ရင်ထဲဟာသွားသလိုဖြစ်နေရ၏။

ရွှေမှုန်ပြောသော ဦးလေးငယ်ဆိုတာ ကျွန်တော့်လက်ပေါ်တင်ကြီးလာသော သူ့ဦးလေးအရင်းဖြစ်သည်။ အောင်ဖေမျှတိုက်ခန်းမှာနေသော ကျွန်တော့်တူမ မညီညီ၏မောင်အရင်း အငယ်ဆုံးဖြစ်သည်။ သူ့မိသားစုနှင့်သူ သဘော်ဦးရပ်တွင် နေပါသည်။ သူ့ဇနီးသည်က ဈေးထဲတွင် ပလာတ်စတစ်ပစ္စည်းရောင်းနေသည်။ သူတို့မိသားစုက ချို့တဲ့သည့်အပြင် သူကိုယ်တိုင်ကလည်း ကျန်းမာရေးကောင်းသူမဟုတ်ပါ။

အထုပ်ဆွဲကာ ဦးလေးငယ်အိမ်သို့ လာခဲ့သည်။ အိမ်ကြီးသည် ရှေးခေတ် ပျဉ်ထောင်အိမ်ကြီးဖြစ်သည်။ ထိုအိမ်ကြီးကို ကျွန်တော့်အစ်မငယ် (သူ့အမေ)က အမွေအဖြစ်ပေးထားပါသည်။ အင်္ဂလိပ်လက်ထက်က ဆောက်ထားသော အိမ်ကြီးအိမ်ကောင်းဖြစ်သော်လည်း ကာလတွေရှည်ကြာလာပြီဖြစ်၍ အိုဟောင်းနေပါပြီ။

သူတို့မှာ ဆင်းရဲကြ၍ ပြုပြင်မွမ်းမံခြင်းလည်း မရှိ၊ မီးဖိုချောင်ကလည်း ပြိုပျက်နေသည်။ ထို့ပြင် တစ်နေကုန် ဈေးထဲမှာ သူတို့မိသားစုရှိနေခြင်းကြောင့် အိမ်တံခါးကို အစဉ်ပိတ်ထားရသည်။ ကျွန်တော် ရောက်မှ တံခါးဖွင့်လိုက်ခြင်းကြောင့် အောင်းနေသော အပူငွေ့များ လှိုက်ကာ ထွက်လာပါသည်။

ထို့ပြင် သူတို့အိမ်နှင့် ဘေးချင်းကပ်လေးငါးပေအကွာတွင် လောင်စာဆီရောင်းချနေသော အိမ်ရှိနေပါ၏။ ထိုလောင်စာဆီအနံ့သည် နေရှိန်ကြောင့် ပျံ့လွင့်နေ၏။ ကျွန်တော့်မှာ ထိုအနံ့အသက်ကို မခံနိုင်ပါ။ တုံးလုံးပက်လက်လှဲနေဖို့ နေနေသာသာ ထိုအနံ့ဆိုးကြီးကြောင့် မကြာခဏ အိမ်ထဲမှ လမ်းပေါ်ရောက်လာပါတော့၏။

နေကလည်း ကျဲကျဲတောက်ပူလောင်နေခြင်းဖြစ်၏။ ယခုနှစ် တန်ခူး၊ ကဆုန်နေသည် ထူးထူးကဲကဲပူနေပါ၏။ လမ်းပေါ် ကျွန်တော်ရောက်နေပြီဖြစ်ပါသော်လည်း ကျွန်တော် ဘယ်သူ့ဆီသွားရမှန်းမသိပါ။

ကျွန်တော်သည် ဇာတိမြေမှ ဝေးကွာနေသည်မှာ နှစ်ပေါင်းလေးဆယ်ကျော်ကြာဖြစ်၍ သက်တူရွယ်တူ သူငယ်ချင်းများလည်း မရှိတော့ပါ။ နောက် မျိုးဆက်သစ်လူငယ်များကလည်း ကျွန်တော်နှင့် အလှမ်းဝေးကာ သူစိမ်းတွေဖြစ်နေပါ၏။ သို့နှင့် ကျွန်တော်သည် ဦးလေးငယ်တို့ဆိုင်ရှိရာကို ထွက်ခဲ့သည်။

သူတို့မိသားစုကလည်း အရောင်းအဝယ် ပါးနေ၍ တုံးလုံးလှဲသူလှဲ၊ အိပ်သူအိပ်ရှိနေကြသည်။ ကျွန်တော်သည် နွေခင်းထမင်းစားပြီး တစ်ရေးတစ်မောအိပ်သည့်အကျင့် ရှိပါသည်။ သူတို့ကိုမြင်မှ အိပ်ချင်လာသည်။ သူတို့က ထိုင်ပါဟုဆိုသော်လည်း ဆိုင်နေရာက ကျဉ်းနေတာမို့ ထိုင်ခွင့်မသာပါ။

သို့နှယ် ကျွန်တော်သည် အိပ်စရာ အပန်းဖြေနေရာကို ရှာလိုက်ရာ ဈေးမျက်နှာစာတန်းကို တွေ့ရှိပါသည်။ ထိုနေရာသည် အရောင်းအဝယ်မကောင်းခြင်းကြောင့် ပိတ်ထားရသော ရွှေဆိုင်တန်းနေရာဖြစ်၏။ ထိုနေရာတွင် မောမောနှင့်အိပ်လိုက်ရာ . . .

"ဆရာ . . . ဆရာ"

ခေါ်သံကြောင့် ကျွန်တော် အိပ်ပျော်နေရာမှ နိုးလာပါ၏။ ခေါ်သူက မြို့ခံစာရေးဆရာ လမင်းသစ္စာဖြစ်၏။ သူနှင့်အတူ ဦးလေးငယ်လည်း ပါလာသည်။ ဦးလေးငယ်က သူ့အား ခေါ်လာခြင်းဖြစ်၏။

"မြင်လို့မကောင်းပါဘူး ဆရာရယ်၊ ဟိုလက်ဖက်ရည်ဆိုင်ကို သွားရအောင်"

သူညွှန်ပြသော လက်ဖက်ရည်ဆိုင်ကို ကြည့်လိုက်တော့ ဝေဝင်လောထွက်လည်း မကောင်း။ ပူမည်၊ အိုက်မည်ဖြစ်၍ သူ့အား

## ဆွေတစ်ရာ မျိုးတစ်ရာရှိခဲ့သော ကျွန်တော့်ဇာတိမြို့ကလေးတွင် တည်းခိုစရာမဲ့နေသော ကျွန်တော်သည် မိသားစုရှိရာ…



ပြောလိုက်ရာ သူက ချိုတေးသံလက်ဖက်ရည်ဆိုင်သို့ ခေါ်လာသည်။ ထိုဆိုင်နေရာသည် ယခင်ကာလက ဥယျာဉ်ခြံကလေးမို့ သရက်ပင်ကြီးတွေ၊ ဒူးရင်းပင်ကြီးတွေ အရိပ်ကျသည့်နေရာဖြစ်၏။ လေက တဖြူးဖြူးမို့ ကျွန်တော် မကြာမကြာဝိုက်ပါ၏။

ဤအခါ အမေ့အိမ်ကလေးကို အမှတ်ရလာသည်။ အိမ်ကလေးရှိစဉ်က တန်ဖိုးမထားခဲ့သော ကျွန်တော်သည် ယခုတော့ အမေ့အိမ်ကို တမ်းတလာမိတော့သည်။ သည်လို ဒုက္ခသုက္ခခံစားရင်းနှင့် စန္ဒာမိုးခိုဝ်သာအထွက်ကို ကျွန်တော်စောင့်နိုင်မှာလား။

ကျွန်တော်သည် အပူဒဏ်၊ လောင်စာဆီ အခံ့ဒဏ်ကို ၂ ညတာမျှ ပင်ပန်းကြီးစွာ ခံရင်း ရှတ်တရက် ညနေခင်းတွင် အထုပ်ဆွဲကာ ရန်ကုန်ပြန်ရန် ပြင်ဆင်ပါတော့သည်။

''ဟင်…ဘိုးလေး၊ အကြာကြီးနေမယ်ဆို''

ဦးလေးငယ်၏ သမီးအငယ်မ ဖိုဖိုက အံ့သြစွာမေးတော့ ကျွန်တော် မချိပြုံးပြုံးကာ ရယ်ပြရင်း ကားဂိတ်ဆီထွက်လာခဲ့၏။

ခုတော့ ဆွေတစ်ရာ မျိုးတစ်ရာရှိခဲ့သော ကျွန်တော့်ဇာတိမြို့ကလေးတွင် တည်းခိုစရာမဲ့နေသော ကျွန်တော်သည် မိသားစုရှိရာ ရန်ကုန်ပြန်ရတော့မှာပါလား။

အမေမရှိသော ဇာတိမြို့ကလေးတွင် ကျွန်တော်သည်လည်း နောင်အခါ ရွှေမှန်တို့မိသားစု မရှိတော့လျှင် ငေးသွားငေးလာ အဖြစ် သူစိမ်းဆန်စွာ ရောက်လာစရာ အကြောင်း မရှိတော့ပါ။

''နှုတ်ဆက်ပါတယ် မြို့ကလေးရယ်''

(ရှင်နှည်းရာ အဂ္ဂလူထွက်ဆိုသလို ဆင်းရဲရှိတဲ့ပါသည်ဆိုသော ဦးလေးငယ်တို့ အိမ်သည်လည်း ကျွန်တော် ရန်ကုန်ရောက်ပြီး မကြာမီမှာပင် လောင်စာဆီရောင်းချနေသောအိမ် မီးလောင်ရာမှာ ပါဝင်သွားကြောင်း ဝမ်းနည်းစွာဖြင့် သိရပါသည်။)

**မုဒုံ–သုမှန်**

## ထပ်ဆောင်းအသုံးစရိတ်လိုတယ်

လူအတော်များများဟာ ပြည်ပခရီးသွားရင် အရေးပါတဲ့ အမှတ်တရတွေကို ပြန်မပါတတ်ကြဘဲ တက္ကစီစီးတဲ့ ကိစ္စ၊ ဟိုတယ်ကိစ္စ၊ စားသောက်ဆိုင်မှာ စားပွဲထိုးနဲ့ ကိစ္စတွေကိုပဲ အမှတ်တရပြန်သယ်လာတတ်ကြတယ်။

အီမာဆန်(Emerson) ရဲ့ အသိတစ်ယောက်က အဲဒီလိုမဖြစ်ရလေအောင် ကြိုတင်စီမံထားတတ်တယ်။ ခရီးမထွက်မီ ကိုယ်သွားလည်မယ့်ခရီးစဉ် သုံးစွဲမယ့်ငွေကြေး၊ ဝယ်ယူမယ့်ပစ္စည်း စသဖြင့် စာရင်းပြုစုထားတယ်။ ဒါ့အပြင် ထပ်ဆောင်းပြီး ''မားပြတိုက်ခံရနိုင်သည့် ငွေကြေး''ကိုပါ ထည့်တွက်ထားတယ်။

ဒီတော့ သူ့ခရီးစဉ်ဟာ ချောမွေ့အေးဆေးပြီး စိတ်အနှောင့်အယှက် မဖြစ်ခဲ့ရဘူးလို့ဆိုတယ်။

**မောင်သီဟ**





မြို့တော်ရန်ကုန်ဧရိယာမြေပြင်နှင့်ဆက်စပ်နေသော

# မြောင်းများ၊ ချောင်းများ၊ မြစ်ထွက်ပေါက်များ

■ မြလင်း

မြို့ပြတည်ဆောက်မှု (Rapid Urbanization) ပြုလုပ်ရာတွင်၊ မြေပြင်ဧရိယာအတွင်း၊ ရေကြီးရေလျှံမှု ဖြစ်စဉ်များကိုလည်း ထည့်သွင်းတွက်ချက် ဆောင်ရွက်ရသည်များရှိပါသည်။ ယခု မြို့တော်ရန်ကုန်၏ မြို့ပြတည်ဆောက်မှုသည် ကိုလိုနီလက်အောက် မြို့ပြလူဦးရေ ၃ သောင်းမှ ၆ သောင်းအထိ နေထိုင်မှု အပေါ် တွက်ချက်ဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ထို့ကြောင့်ပင် လွတ်လပ်ရေးခေတ်ဦး ကာလတွင် ရန်ကုန်သည် အာရှ၏ လှပသောမြို့တော်စာရင်းတွင် ထိပ်တန်းကပါဝင်ခဲ့ပါသည်။

မြို့နေလူဦးရေ ထူထပ်ခြင်းနှင့် ပြည်နယ်နှင့်တိုင်းတို့မှ ရန်ကုန်သို့ လူဦးရေစိမ့်ဝင်မှု(Migration) များပြားလာသည့်အလျောက် မြို့သစ်များတိုးချဲ့ရာတွင် ရေစီးရေလာနှင့် သန့်ရှင်းရေးဆောင်ရွက်ရသည့် မြို့တော်စည်ပင်အဖွဲ့အနေဖြင့် တည်ဆောက်ပြီးသား မြို့သစ်များကို လွှဲပြောင်းလက်ခံပြီးမှ ရေစီးရေလာတို့ကို





တဖန်ပြန်လည် စီမံဆောင်ရွက်ရသည့် အခြေအနေများကြောင့် ရေကြီးရေလျှံမှုများကို မြို့သစ်များတည်ဆောက်သည့်အချိန်များနှင့် တပြေးညီ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ထို့အတူ မြို့တော်စည်ပင်မှ ၁၉၈၈ နောက်ပိုင်း မြို့တွင်းမြို့နယ်များ၏ လမ်းများတိုးချဲ့ခဲ့ရာတွင်လည်း လမ်းဘေးရေမြောင်းများကို အဓိကလမ်းမကြီးများမှလွဲ၍ တိုးချဲ့နိုင်သော မြေပြင်အနေအထား မရှိသောကြောင့် မြစ်ထွက်ပေါက်များကိုသာတိုးချဲ့ပြီး ရေကြီးရေလျှံမှုများကို ကာကွယ်နိုင်ရေး စီမံဆောင်ရွက်နိုင်သည်ကိုသာ တွေ့ရှိရပါသည်။ ၁၉၈၀ ပြည့်လွန်နှစ်တွင် မြို့တော်ရန်ကုန်ကို မြို့နယ် ၂၃မြို့နယ်မှ ၃၃ မြို့နယ်အထိ တိုးချဲ့လာသည်ကို တွေ့ရှိရပါသည်။ မြေပြင် ဧရိယာသုံးစွဲမှု ကျယ်ပြန့်လာခြင်းဟုလည်း ဆိုနိုင်ပါသည်။

မြို့နယ်များ တိုးပွားလာခြင်းသည်လည်း ရေကြီးရေလျှံမှု ဖြစ်စဉ်တွင် အကြောင်းရင်းတစ်ခုအဖြစ် ပါရှိသည်ဟုဆိုပါက ထို အကြောင်းရင်းများကို လေ့လာကြည့်ပါလျှင် အောက်ပါအတိုင်း တွေ့ရှိနိုင်ပါသည်–

- မြို့ပြထူထောင်မှုအချိန် လျင်မြန်ခြင်း (Rapid Urbanization)
- ရေစီးနှုန်းမြင့်လာတော ရေမြောင်းများအဆုံး၌ ရေထုတ်သည့်နှုန်းများ ပိုမိုမြန်ဆန်မြင့်တက်လာခြင်း (High Peak Flow)
- ရေစိမ့်ဝင်မြေဧရိယာလျော့လာ၍ ရေစီးဆင်းသောထုထည် ပမာဏ ထုထဲများပြားလာခြင်း (Thick Flood Discharge)
- ရေဆိုးရေညစ်များ စွန့်ထုတ်မှုများ ဖြစ်ပေါ်လာခြင်း (Waste Water Rate)
- မြစ်ထွက်ပေါက်များသည် ရေထရက် (Spring Tide) ဒီရေမြင့်တက်ချိန်တွင် အချို့နေရာများရှိ မြေပြင်(Gravity Flow) ထက် ရေထုတ်မြစ်ထွက်ပေါက်က နိမ့်ကျသွားသဖြင့် ထိုမြစ်ထွက်ပေါက်ရေစီးမှာ နောက်ပြန်ကာ ဒီရေများ မြို့အတွင်းဝင်ရောက်ခြင်းဟူသော အခြေအနေများသည် ရေကြီးရေလျှံမှု ဖြစ်စဉ်များအတွက် အကြောင်းရင်းအချက်အလက်များဟု ဆိုနိုင်ပါသည်။

**၁၉၈၈ နောက်ပိုင်း မြို့တွင်းမြို့နယ်များ၏ လမ်းများတိုးချဲ့ခဲ့ရာတွင်လည်း လမ်းဘေးရေမြောင်းများကို အဓိကလမ်းမကြီးများမှလွဲ၍ တိုးချဲ့နိုင်သော မြေပြင်အနေအထား မရှိသောကြောင့် မြစ်ထွက်ပေါက်များကိုသာတိုးချဲ့ပြီး ရေကြီးရေလျှံမှုများကို ကာကွယ်နိုင်ရေး စီမံဆောင်ရွက်နိုင်သည်ကိုသာ••**



လေ့လာတွေ့ရှိချက်များအရဆိုလျှင် လွန်ခဲ့သော နှစ်ပေါင်း ၃၅ နှစ်အတွင်းတွင်မှ နေ့တစ်နေ့၏ မိုးရေချိန် (24 hours rainfall) မှာ (၁၃ ဒသမ ၅၄ လက်မ) သို့မဟုတ် (343mm) အထိရှိခဲ့ကြောင်း ၂၀၀၇ ခုနှစ်အထိ တွေ့ရှိရပါသည်။ ပျမ်းမျှ နှစ်စဉ်မိုးရေချိန်မှာ လက်မ (၁၀၀) (2500 mm) ခန့်ရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

လက်ရှိအခြေအနေအရဆိုလျှင် ရန်ကုန်မြို့သည် မိုးရေချိန် ၄ လက်မကျော်ရွာသည်ဆိုလျှင်ပင် ရေကြီးရေလျှံခြင်း (Flooding) ကို



တွေ့ကြုံနေရကြောင်း သိရှိရပါသည်။

ရန်ကုန်မြို့၏ ရေကြီးရေလျှံမှုလျော့ပါးရေး(Flood Mitigation of Yangon Area) မှာ မြို့ပြအတွင်းရှိ မြောင်းများ၏ ရေစီးဆင်းမှုကို ကွန်ယက်ပုံစနစ် (Network System) ဖြင့် (Master Plan) ရေးဆွဲလုပ်ဆောင်ရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် သိရှိသင့်သည့် မြို့တွင်းမြို့နယ်များပြင်ပရှိ အခြားမြို့နယ်များတွင် ရေဝင်စီးဆင်းမှု (External Inflow) ကို လေ့လာဖော်ပြသွားပါမည်။ ထိုသို့ဖော်ပြရာတွင် ပုဇွန်တောင်ချောင်း၊ ရန်ကုန်မြစ်နှင့် လှိုင်မြစ်အတွင်းသို့ဦးတည်နေသော မြို့တွင်း ၈ မြို့နယ်အပါအဝင် မြစ်ထွက်ပေါက်စာရင်း၊ ငမိုးရိပ်ချောင်းအတွင်းသို့ စီးဝင်သည့် အဓိကချောင်းများစာရင်း၊ ပုဇွန်တောင်ချောင်းသို့စီးဝင်သည့် အဓိကချောင်း၊ ပဲခူးမြစ်အတွင်းသို့စီးဝင်သော အဓိကချောင်းများစာရင်းနှင့် လှိုင်မြစ်အတွင်းသို့စီးဝင်နေသော အဓိကချောင်းများစာရင်းများအား အစဉ်လိုက်အတိုင်း ဖော်ပြသွားမည်ဖြစ်ပါသည်-

**ပုဇွန်တောင်ချောင်း၊ ရန်ကုန်မြစ်နှင့် လှိုင်မြစ်အတွင်းသို့ ဦးတည်လျက်ရှိသည့် မြစ်ထွက်ပေါက်များ**

အေးတံတား မြစ်ထွက်ပေါက်၊ ညောင်တန်း မြစ်ထွက်ပေါက်၊ သီတာမြစ်ထွက်ပေါက်၊ အောက်ပုဇွန်တောင်လမ်း မြစ်ထွက်ပေါက်၊ ရေတပ်ပင်မ စက်မှုလက်မှုတပ် မြစ်ထွက်ပေါက်၊ ရေမြှင့်လမ်း မြစ်ထွက်ပေါက်၊ ရေဆိုးသန့်စင်စက်ရုံ မြစ်ထွက်ပေါက်၊ ကျောင်းလမ်း မြစ်ထွက်ပေါက်၊ မြနန္ဒာလမ်း မြစ်ထွက်ပေါက်၊ စန္ဒကူးလမ်း မြစ်ထွက်ပေါက်၊ ဗိုလ်တထောင်ဈေးလမ်း မြစ်ထွက်ပေါက်၊ ဗိုလ်တထောင်ဘုရားလမ်း မြစ်ထွက်ပေါက်၊ ဗိုလ်မြတ်ထွန်းလမ်း မြစ်ထွက်ပေါက်၊ သိမ်ဖြူလမ်း မြစ်ထွက်ပေါက်၊ ဗိုလ်အောင်ကျော်လမ်း မြစ်ထွက်ပေါက်၊ နန်းသီတာ မြစ်ထွက်ပေါက်၊ ပန်းဆိုးတန်းလမ်း မြစ်ထွက်ပေါက်၊ မဟာဗန္ဓုလမ်း ပန်းခြံလမ်းမှ **မြစ်ထွက်ပေါက် ၂ပေါက်**၊ ဆူးလေဘုရားလမ်း မြစ်ထွက်ပေါက်၊ ရွှေဘုံသာလမ်း မြစ်ထွက်ပေါက်၊ ရွှေတိဂုံဘုရား မြစ်ထွက်ပေါက်၊ ၂၂ လမ်း မြစ်ထွက်ပေါက်၊ ၁၉ လမ်း မြစ်ထွက်ပေါက်၊ လမ်းမတော်လမ်း မြစ်ထွက်ပေါက်၊ ဘုန်းကြီးလမ်း မြစ်ထွက်ပေါက်၊ လမ်းသစ်လမ်း မြစ်ထွက်ပေါက်၊ ဝါးတန်းလမ်း မြစ်ထွက်ပေါက်၊ ရွာသစ်ချောင်း မြစ်ထွက်ပေါက်၊ သစ်မျှောချောင်း မြစ်ထွက်ပေါက်၊ သစ်တော မြစ်ထွက်ပေါက်၊ ပုလဲနှင့်ငါး မြစ်ထွက်ပေါက်၊ ကွင်းကျောင်းလမ်း မြစ်ထွက်ပေါက်၊ ပန်းလှိုင်လမ်း မြစ်ထွက်ပေါက်၊ တောလမ်း မြစ်ထွက်ပေါက်၊ ဗားဂရာလမ်း မြစ်ထွက်ပေါက်၊ ကျောင်းကြီးလမ်း မြစ်ထွက်ပေါက်၊ ရွှေလှိုင်လမ်း မြစ်ထွက်ပေါက်၊ နတ်စင်လမ်း မြစ်ထွက်ပေါက်၊ နီဗ္ဗာန်လမ်း မြစ်ထွက်ပေါက်၊ ဗိုလ်စောပုလမ်း မြစ်ထွက်ပေါက်၊ ဟံသာဝတီလမ်း





မြစ်ထွက်ပေါက်ဟူ၍ စုစုပေါင်း မြစ်ထွက်ပေါက် ၄၂ ခု ရှိပါသည်။ မြို့တွင်း ၈ မြို့နယ်များတွင် ရေတွက်ပါက ယခုအခါ မြစ်ထွက်ပေါက် ၂၃ ခုအထိရှိပြီးဖြစ်ပါသည်။ မြစ်ထွက်ပေါက်သို့ထွက်သည့် ကွန်ကရိုပုံး အုတ်စီနံရံမြောင်းများကို အနက်နှင့်အကျယ် တိုးချဲ့ခြင်းများကိုလည်း စီမံကိန်းချမှတ် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ အချိန်ကာလ အတိုင်းအတာတစ်ခုအတွင်း၌ ရေကြီးရေလျှံမှုများကို နာရီပိုင်းမှ အချိန်တိုအပိုင်းအထိ အဆင့်ဆင့် ကျဆင်းနည်းပါးသွားစေမည့် ဆောင်ရွက်မှုများဟုလည်း ဆိုနိုင်ပါသည်။ ထို့ကြောင့် ရေစီးရေလာကောင်းရေးအတွက် မြစ်ထွက်ပေါက် ၄၂ ခုပြင့်ဆောင်ရွက်ရန် အရေးကြီးသကဲ့သို့ မြစ်ထွက်ပေါက်များ ရေစီးရေလာကောင်းမွန်ရန် အမှိုက်သရိုက်ကင်းစင်ရေးလည်း အရေးကြီးကြောင်း သတိထားရမည့်အချက်အဖြစ် ဆင်ခြင်နိုင်ပါသည်။

**ငမိုးရိပ်ချောင်းအတွင်း စီးဝင်သော အဓိကချောင်းများစာရင်း**

သစ်မျောချောင်း။ မြေပုတ်ချောင်း(အောင်မင်္ဂလာမြို့ပတ်



## မြောင်းရေစီးများတွင် အမှိုက်သရိုက်ကင်းစင်နေရန်နှင့် အမှိုက်သရိုက်၊ ပလတ်စတစ်စသည်တို့သည် ရေစီးရေလာ၏ အဓိကအနှောင့်အယှက်များဟုလည်း သတိပြုမိရန် လွန်စွာအရေးကြီးကြောင်း…

ချောင်း)၊ နတ်ချောင်း၊ ခုနစ်ပင်လိပ်ချောင်း၊ မြယာမုံချောင်း၊ ကျိုက္ကဆံချောင်း၊ ဘဲချောင်း၊ ရေပေါက်ကြည်ချောင်း၊ ဖွဲဆုံချောင်း၊ သီတာချောင်း၊ မယ်လမုချောင်း၊ ရွှေလှေချောင်း၊ ထားဝယ်ချောင်ချောင်း၊ သုနန္ဒာချောင်း၊ မဏိရတနာချောင်း၊ မဒချောင်း၊ ရေနှင့်ရိုးချောင်း၊ သားပိုက်ရိုးချောင်း၊ အလံအုတ်ရိုးချောင်း၊ ဆက်ဖုံရိုးချောင်းဟူ၍ စုစုပေါင်း အဓိကချောင်း ၂၀ ချောင်းရှိပါသည်။ အဆိုပါချောင်းများ၏ ရေစီးရေလာကောင်းစေရေးမှာ မြို့နယ်များအတွင်းမှ ၎င်းတို့ဆီသို့ စီးဝင်နေသော အဆောက်အဦရှေ့၊ နောက်နှင့် ဘေးတို့၏ မြောင်းရေစီးများတွင် အမှိုက်သရိုက်ကင်းစင်နေရန်နှင့် အမှိုက်သရိုက်၊ ပလတ်စတစ်စသည်တို့သည် ရေစီးရေလာ၏ အဓိကအနှောင့်အယှက်များဟုလည်း သတိပြုမိရန် လွန်စွာအရေးကြီးကြောင်း သိရှိဆင်ခြင်နိုင်ပါသည်။

**ပုဇွန်တောင်ချောင်းအတွင်းသို့** အဓိကစီးဝင်နေသော ချောင်းကြီးမှာမူ **သဲဖြူချောင်း** တစ်ခုသာလျှင်ရှိကြောင်း တွေ့ရှိရပါသည်။

**ပဲခူးမြစ်အတွင်းသို့စီးဝင်သည့် အဓိကချောင်းကြီးများစာရင်း**

စုစုပေါင်း ချောင်းကြီး ၈ချောင်းရှိပါသည်။ ၎င်းတို့မှာ–

ဆည်ပေါက်ချောင်း၊ တာပုဇွန်ချောင်း(၁)၊ တာပုဇွန်ချောင်း(၂)၊ ကျားချောင်း၊ ဒဂုံတံတားချောင်း၊ စက်မှုဇုန်ချောင်း၊ မထားစုချောင်း(၁)၊ မထားစုချောင်း(၂)တို့ ဖြစ်ကြပါသည်။

**လှိုင်မြစ်အတွင်းစီးဝင်သည့် အဓိကချောင်းကြီးများစာရင်း**

လှိုင်မြစ်အတွင်းသို့ စီးဝင်လျက်ရှိသော အဓိကချောင်းကြီး



၂၂ ချောင်းရှိပါသည်။ ၎င်းတို့မှာ–


ရွာသစ်ချောင်း၊ သစ်မျောချောင်း(ဟာဘီချောင်း)၊ ကွင်းကျောင်းချောင်း၊ ကမာရွတ်ချောင်း၊ ချောင်းဝချောင်း၊ ဝီတောက်ချောင်း၊ ညောင်ချောင်း၊ သပိုင်းချောင်း၊ ရိုးကြီးချောင်း၊ ရှမ်းချောင်း၊ သာယာကုန်းချောင်း၊ ပေါက်တောချောင်း၊ လှိုင်သာယာချောင်း၊ ရွှေလင်ပန်းချောင်း၊ ကသွယ်ချောင်း၊ ရွာမချောင်း၊ တံကျဉ်ချောင်း၊ ဥကြီးချောင်း၊ ကျူချောင်း၊ တူးချောင်း၊ သမင်တာတ်ရိုးချောင်း၊ လိန်ကုန်းချောင်း တို့ ဖြစ်ပါသည်။

ယခုဖော်ပြခဲ့သော ငမိုးရိပ်ချောင်း၊ ပုဇွန်တောင်ချောင်း၊ ပဲခူးမြစ်၊ လှိုင်မြစ်၊ ရန်ကုန်မြစ်များအတွင်းသို့ စီးဝင်လျက်ရှိသော အဓိကချောင်းကြီးပေါင်း ၅၁ ချောင်း၏ ရေစီးရေလာကောင်းခြင်းနှင့် မြစ်ထွက်ပေါက် ၄၂ ခု၏ ရေစီးရေလာကောင်းခြင်းတို့သည် မြို့နယ် ၃၃ မြို့နယ်ဖြင့် ဖွဲ့စည်းထားသည့် မြို့တော်ရန်ကုန်၏ မြေပြင်ဧရိယာ၌ ရေကြီးရေလျှံမှုမဖြစ်စေရန် အဓိကအကြောင်းခြင်းရာတစ်ခုဟုလည်း ဆိုနိုင်ပါသည်။ ဥပမာဆိုရပါမူ မြို့တော်ရန်ကုန်ဧရိယာ၌ လူဦးရေ ၅ သန်းကျော်ရှိရာ လူတစ်ဦးချင်းစီအနေဖြင့် တစ်ကြိမ်သတိလက်လွတ် အမှိုက်တစ်စ ပစ်ချလိုက်သည်နှင့် အမှိုက်စ ၅ သန်းသည် မြို့နယ် ၃၃ မြို့နယ်၏ မြေပြင်ဧရိယာပေါ်တွင် ကျရောက်သွားပါလိမ့်မည်။ အကြိမ်ကြိမ်ပစ်ချသော အမှိုက်စများသည် ရေစီးများနှင့်အတူ မြစ်ထွက်ပေါက် ၄၂ ခု၊ ချောင်း ၅၁ ချောင်း၏ ဆုံရပ်များ၌ ရုပ်ပြိပိတ်ဆို့သွားသော်ဟူသော အန္တရာယ်သည် အလွန်ကြီးမားကြောင်း တွေ့ရှိနိုင်ပါသည်။ နိုင်ငံကြီးသားများ ဖြစ်ကြပါစေဟူသော သတိပေးခေါင်းလောင်းကို ထိုးခတ်လိုက်ရပါသည်။

မြူလင်း



# ရှိုင်မြစ်အတွင်းသို့ စီးဝင်သည့် အဓိကချောင်းကြီး (၂၂) ချောင်း



# ငမိုးရိပ်ချောင်းအတွင်းသို့ စီးဝင်သည့် အဓိကချောင်းကြီး (၂၀) ချောင်း






# အာရှဒေသမှ ဆွဲဆောင်မှုအရှိဆုံးနေရာများ

ရဲမာန်ခ

ဇွန်လ ၁၅ ရက်က ထုတ်ပြန်သည့် www.wonderslist.com တွင် စာရေးသူ Ahsan Hayat ၏ The 10 Most Magical Places in Asia ဆောင်းပါးတွင် ရှေးခေတ်လက်ရာများအပြင် သဘာဝ ပတ်ဝန်းကျင်အနေအထားတွေကြောင့် သွားရောက်လည်ပတ်ဖို့ အကောင်းဆုံး အာရှတိုက်ရဲ့ဆွဲဆောင်မှုအရှိဆုံးစာရင်းမှာ မြန်မာနိုင်ငံရဲ့ ပထမဆုံးမြို့တော် ပုဂံ ဒေသနှင့် အာရှဒေသမှ အခြားသွားရောက်လေ့လာလည်ပတ်သင့်သည့် အကောင်းဆုံးနေရာ ၁၀ နေရာကို ဖော်ပြလိုက်ပါတယ်။




## (၁) Kashgar (တရုတ်)

ပိုးလမ်းမကြီးအနီးမှာရှိပြီး ရှေးခေတ် အိုအေစစ် မြို့ဟောင်းတည်ရှိခဲ့တဲ့နေရာဖြစ်ပါတယ်။ ဒါ့အပြင် ကျေးလက် လမ်းမတွေ၊ လှည်းတွေ၊ ရှေးခေတ် ဆန်ဆန်နေထိုင်ပုံ ဓလေ့စရိုက်တွေကို လေ့လာမြင်တွေ့နိုင်မယ့် အကောင်းဆုံးနေရာပါ။ ယခုချိန်ထိတိုင်အောင် အဆိုပါဒေသမှဈေးသို့ အနယ်နယ်အရပ်ရပ်မှ လှည်းတွေနဲ့ အသုံးပြု လာရောက်ရောင်းချနေဆဲဖြစ်ပြီး ဒေသထွက် ကျောက်မျက်တွေကနေ ပိုးထည်၊ အသား၊ ငါးတွေထိအောင် ရနိုင်တဲ့ဈေးလည်း ဖြစ်ပါတယ်။

## (၂) Siem Reap / Angkor Wat (ကမ္ဘောဒီးယား)

ကမ္ဘာ့အံ့ဖွယ်စာရင်းမှာ နံပါတ် (၈) စာရင်းဝင် ဘုရားကျောင်းလည်း ဖြစ်ပါတယ်။ ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားသားအများဆုံးဝင်ထွက်ရာ နေရာတစ်နေရာဆိုရင်လည်း မမှားပါဘူး။ အဆိုပါ ဘုရားကျောင်းကနေ အထူးသဖြင့် နေထွက်အရုဏ်တက်ကို စောင့်ကြည့်ကြပါတယ်။










### (၃) Sapa (ဗီယက်နမ်)

နိုင်ငံရဲ့ မြောက်ပိုင်းမှာရှိတဲ့ တောင်စောင်းတွေကို လှေကားထစ်လယ်ကွက်တွေအဖြစ် ဖန်တီးစိုက်ပျိုးထားတဲ့ လယ်မြေတွေနဲ့ အမြဲစိမ်းစိုနေတဲ့ ရှုခင်းက ဆွဲဆောင်မှုရှိစေတာပါ။ မြေပြန့်နည်းပါးတဲ့ ဗီယက်နမ်တွေဟာ အခုလို တောင်စောင်းတွေမှာ လယ်ယာမြေကို စနစ်တကျ ဖော်ထုတ်ခဲ့ကြတာပါ။ရှေးဟောင်းသဘာဝဥယျာဉ်မြေအဖြစ် လည်း ယူနက်စကိုက အသိအမှတ်ပြုထားပါတယ်။

### (၄) Hunza Valley (ပါကစ္စတန်)

ကာရာကိုရမ်တောင်တန်းရဲ့ တစ်ခုတည်းသော အိုအေစစ်တောင်ကြားဒေသလည်း ဖြစ်ပါတယ်။ ဟန်ဇာမြစ်က တောင်ကြားရဲ့အလယ်ကနေ ဖြတ်သန်းစီးဆင်းနေပါတယ်။ တောင်က အမြင့်ကနေအောက်ဘက်ရောက်လာတိုင်း မီးခိုးပြာရောင် ဖြစ်လာတယ်။ သဲဆန်တဲ့မြေပြင်နဲ့အတူ ကျေးလက်ရွာတွေလည်း ရှိပါတယ်။ ဒ့ါအပြင် ဒေသခံတွေရဲ့ဓလေ့တွေကိုလည်း အကောင်းဆုံး လေ့လာနိုင်မှာလည်း ဖြစ်ပါတယ်။ သဘာဝတရားရဲ့ အရသာစစ်စစ်ကို လိုချင်သူတွေအတွက် အကောင်းဆုံးနေရာလို့လည်း ဆိုပါတယ်။

### (၅) Varanasi (အိန္ဒိယ)

အိန္ဒိယမှာရှိတဲ့ သက်တမ်းအရင့်ဆုံး ဗာရာဏသီရှေးဟောင်းမြို့တော်လည်းဖြစ်ပါတယ်။ ဒီမြို့မှာ နေထိုင်သူ လူဦးရေက ၁ ဒသမ ၂ သန်းကျော် ရှိပါတယ်။ ဟိန္ဒူရိုးရာမီးနင်းပွဲ၊ ရေချိုးပွဲလုပ်တဲ့ နေရာ ၁၀၀ ကျော်ရှိပါတယ်။ ဟိန္ဒူ၊ ဂျိန်းနဲ့ ဗုဒ္ဓဘာသာတွေရဲ့ သမိုင်းဝင်ဘုရားကျောင်းပေါင်း ၂၀၀ ကျော် ရှိနေပါတယ်။ Vishwanath၊ Durga Tulsi Manas ၊ New Vishwanath ၊ Bharat Mata နှင့် Annapurna ဘုရားကျောင်းတွေက နာမည်ကြီးပါတယ်။




## (၆) Guilin-Yangshuo (တရုတ်)

ကမ္ဘာလှည့်ခရီးသွားတွေ အများဆုံးလာရောက်တတ်ကြပါတယ်။ တစ်နေရာတည်းမှာမဟုတ်ပေမယ့် စားသောက်ဆိုင်၊ ဟိုတယ်၊ ဘားနဲ့ အပန်းဖြေစခန်းတွေကတော့ နေရာအနှံ့ရှိနေပါတယ်။ လုံးဝန်းပြီး မတ်စောက်တဲ့တောင်တွေ အများအပြားရှိနေမှု၊ ချောင်းနဲ့ ထူးခြားတဲ့ပတ်ဝန်းကျင်ကိုခံစားနိုင်လို့ သဘောကျနှစ်ခြိုက်ကြတဲ့နေရာလည်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိဗ္ဗာန်ဘုံလေးပါပဲ။ နောက်ပြီး Li အမည်ရှိ မြစ်က ဖြတ်သန်းစီးဆင်းနေပါတယ်။ မနက်ခင်းပတ်ဝန်းကျင်ရှုခင်းကို အများဆုံးနှစ်ခြိုက်သဘောကျကာ ကြည့်ရှုကြသလို စက်ဘီးနဲ့လည်း နေရာအနှံ့သွားလာနိုင်ပါတယ်။

## (၇) Bagan (မြန်မာ)

စေတုရန်းကီလိုမီတာ ၄၀ အတွင်းမှာ ထောင်ပေါင်းများစွာသော စေတီတွေ၊ ဘုရားကျောင်းတွေရှိပါတယ်။ အဲဒီထဲက ၂၀၀၀ လောက်က မူလအတိုင်း မှမ်းမံထိန်းသိမ်းထားပါတယ်။ လျှောင်ကြောင့် ပျက်စီးအက်ကွဲနေတဲ့ စေတီတွေကို တွေ့မြင်နိုင်ပါတယ်။ နေ့စဉ် ဘုရားဝတ်ပြုနေတဲ့ ရဟန်းတော်တွေ တွေ့နိုင်ပါတယ်။ မနက်ခင်းပိုင်းထွက်လည်တာ အကောင်းဆုံးဖြစ်ပြီး အားလုံးက ပကတိတိတ်ဆိတ်နေတဲ့ သဘာဝအရသာကို ပေးစွမ်းနိုင်တဲ့ မြန်မာတို့ရဲ့ ဂုဏ်ယူမြတ်နိုးဖွယ်နေရာလည်း ဖြစ်ပါတယ်။



## (၈) Lhasa (တိဗက်)

အာရှရဲ့ အဆန်းကြယ်ဆုံးနေရာထဲမှာ Lhasa ဒေသလည်း ပါဝင်ပါတယ်။ ယခုချိန်ထိအောင် မူရင်းဒေသခံတွေရဲ့ ရိုးရာအတိုင်း အများဆုံးနေထိုင်နေဆဲ ဖြစ်ပါတယ်။ အရုဏ်တက်ချိန်မှာ Lhasa နယ်အတွင်းက ဘုရားကျောင်းတွေကို လိုက်ပြီးလေ့လာဖို့ အကောင်းဆုံးအချိန်လည်း ဖြစ်ပါတယ်။ နေ့စဉ် တိဗက်ဘုန်းတော်ကြီးတွေရဲ့တရားသံတွေက နားထဲမှာ ပြည့်နေပါတယ်။

## (၉) Luang Prabang (လာအို)

အင်ဒိုချိုင်းနားပင်လယ်ကျွေ့ရဲ့ အသည်းနှလုံးလို့ ဆိုနိုင်တဲ့နေရာလည်း ဖြစ်ပါတယ်။ မနက်ခင်းရှုခင်းတွေဟာ ဆွဲဆောင်မှုအကောင်းဆုံးနဲ့ ကမ္ဘာလှည့်ခရီးသွားတွေ သဘောအကျဆုံး ဖြစ်ပါတယ်။ ထောင်နဲ့ချီတဲ့ ရဟန်းတော်တွေ အစဉ်လိုက် အရုဏ်ဆွမ်းခံထွက်ချိန်ဟာ ဆွဲဆောင်မှုဖြစ်စေပါတယ်။

## (၁၀) Bhaktapur (နီပေါ)

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်ပြီး ထူးခြားချက်အနေနဲ့ ယဉ်ကျေးမှုဇရိယာနယ်ပယ်အတွင်း ကားမောင်းဝင်ခွင့်ပေးမထားပါ။ ဒါဟာလည်း ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းခြင်းလည်း ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရှေးကာတည်းက လမ်းတွေကို အုတ်နီခဲတွေနဲ့ ခင်းထားတဲ့ လက်ရာကိုလည်း ပြသရာရောက်အောင် တားမြစ်ထားခြင်းလည်း ဖြစ်ပါတယ်။ ဒေသခံတွေကတော့ ရှေးခေတ်လူနေမှုဓလေ့စရိုက်အတိုင်း နေထိုင်ကြတာများပါတယ်။










ရဲမာန်ခ

Source: The 10 Most Magical Places in Asia by www.wonderslist.com

# CITY CARTOON



# CITY CARTOON



# CITY CARTOON





SHORT STORY

လွမ်းဆွတ်သတိရလိုက်တာ မောင်ရယ်…။

မောင်တစ်ယောက် ဘယ်အုံ့ဘဝ ရောက်နေသလဲကွယ်။ အခုဆို မောင်နှင့်မေတို့ သားအမိ ခွဲခွာခဲ့တာ ဒီဧပြီလဆို တစ်နှစ်တင်းတင်းပြည့်ပြီမောင်။ မောင်တစ်ခါက ပြောခဲ့သလို သက်ဆုံးတိုင် ရိုးမြေကျ ပေါင်းဖက်နိုင်ပါရစေဆိုတာလေး၊ ဒီစကားကို မောင် ခဏခဏပြောတိုင်း မေ့ရင်ခုန်မှုများ ဝေဆာကြည်နူးခဲ့ရတာအကြိမ်ပေါင်း မနည်းတော့ဘူး။ အခုတော့ မောင်ပြောခဲ့တဲ့ ရိုးမြေကျဆိုတဲ့စကားက မေနဲ့မောင့်သမီးလေး၊ ထာဝရလွမ်းဆွတ်နေဖို့ ပြောခဲ့တာလား မောင်ရယ်၊ မေ့ နှလုံးသားမှာ ဒီစကားတွေ စွဲနစ်နေခဲ့တာ ဒီနေ့အထိပါပဲ။

အခုဆို မောင့်သမီးငယ်လေးက ၃ နှစ် ပြည့်နေပြီဆိုတော့ တစ်ခါတစ်ရံ "ဖေဖေကော" လို့မေးရင် မေ့ရင်ထဲမှာ ဆို့နစ်ကြေကွဲ ခံစားရတဲ့အထိပါပဲ။ ဖခင်ပီသစွာ သမီးလေးကို ထိန်းကျောင်းတာလည်း မြင်ပူးခဲ့တယ်။ မေနဲ့ သမီးလေးရှေ့မှာ မားမားမတ်မတ် ဦးစီးဦးရွက် လုပ်ကိုင်ရှာဖွေကျွေးမွေးခဲ့တာလည်း သတိရနေတယ်။ မောင် အခုလို လူလောကထဲက အစောကြီး ထွက်ခွာသွားတာ ကံကြမ္မာကြောင့်လို့ အပြစ်တင်နေမိတယ်။ မောင့်အပေါ် မေ ထာဝရသစ္စာရှိနေတယ်ဆိုတာ မောင် တစ်ယောက် သိနိုင်ပါ့မလား…၊ဟင်။

မောင်နဲ့နေခဲ့ရတဲ့ နေ့ရက်များက အလွန့်ကို လုံခြုံစိတ်ချမ်းသာခဲ့ရတယ်။ စိတ်ရဲ့ အေးချမ်းပျော်ရွှင်မှုတွေ အပြည့်အဝရရှိစေခဲ့တယ်။ သာယာလှပပြီး ပျော်ရွှင်စရာကောင်းတဲ့ မိသားစုဘဝကလေးအဖြစ် တစ်သက်လုံး နေသွားရမယ်လို့ မေမှတ်ယူထားခဲ့မိတာ။ သို့သော် အခုအချိန်မှာ မျှော်လင့်ချက်များ ဆုံးရှုံးသွားခဲ့ရပြီ။ မောင့်စကားသံများ။ မောင့်လှုပ်ရှပ်များ။ မောင့်ရဲ့ တာဝန်ကျေပွန်မှုတွေကို မေတို့သားအမိအတွက် မေ့မရသလို အင်အားတွေလည်း မွေးဖွားခဲ့ရပြီလေ။ ဘာကြောင့်လဲဆိုရင် အနာဂတ်အတွက် ကြယ်တစ်ပွင့်ဖြစ်လာမယ့် မောင့်သမီးလေးရဲ့ရှေ့ရေးက ရှိသေးသလို မောင့်ကိုယ်စား၊ ဖေကပဲ အခဖေနေရာကော၊ အမေနေရာကပါ တာဝန်အပြည့်ယူထားရတယ်။

မောင်…မေတို့သားအမိကို စိတ်ချပါနော်။ မောင့်ကို မေတို့သားအမိ သက်ဆုံးတိုင် လွမ်းဆွတ်သတိရနေမှာပါ…။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

သမီးလေးက မွေ့ရာပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပြီ။ ပတ်ဝန်းကျင်က တိတ်ဆိတ်နေပေမယ့် ခွေးဟောင်သံက အဆက်မပြတ်ဆူနေတယ်။ မေက ဖယောင်းတိုင်အလင်းရောင်မှိန်မှိန်နဲ့အတူ မောင့်ဓာတ်ပုံလေးကြည့်ကာ အတိတ်ကခြေရာတွေကို ခံစားနေမိတယ်။

တကယ်ဆို မောင်နဲ့အတူနေခဲ့တဲ့ အိမ်မှာ သမီးလေးနဲ့အတူ ဆက်နေသင့်တာ၊ ဒါပေမဲ့ မေနဲ့သမီးလေးဘဝအတွက် မိခင်လက်အောက်သာ လုံခြုံစိတ်ချရတယ်ထင်ပြီး မေမေ့အိမ်ကို ပြန်နေခဲ့တယ်။ အိမ်နဲ့ခြံ ရောင်းရငွေလေးကိုလည်း၊ မေ မသုံးဘဲ ဘဏ်တစ်ခုမှာ အပ်နှံထားရတယ်။ အခုလို အပ်ထားတာကိုလည်း အမေကို အသိမပေးခဲ့ဘူး။ အစကတော့ အမေတစ်ယောက်တည်း ထင်ခဲ့တာ၊ အခုတော့ အမေနဲ့အတူ အမေ့နောက်ယောက်ျားလည်း ရှိနေသေးတယ်။ အမေ့အိမ် ရောက်တဲ့နေ့က အမေမျက်နှာမကောင်းခဲ့ဘူး။ မေလည်း လှည့်ပြန်လို့မဖြစ်။ အမေက မေ့ကိုကော သမီးလေးကိုပါ မိခင်စိတ်အပြည့်နဲ့ ကြည့်ကာ…

"သမီး…မြင်တဲ့အတိုင်းပဲ၊ အမေလည်း အားကိုးရမလားဆိုပြီး ယောက်ျားယူလိုက်တယ်၊ အမေ့လက်ထဲရောက်မှ အရက်သမားဖြစ်နေတယ်၊ အဲ့တော့ သမီးက အမေတို့နဲ့ အတူနေလို့မဖြစ်ဘူး။ ခြေရင်းက တဲလေးမှာပဲ သမီးတို့ သားအမိနေကြပေါ့ကွယ်"

မေတို့သားအမိအတွက် နေရတဲ့ တဲအိမ်ကလေးက ရည်ပင်မြောင်းကို အနည်းငယ် ခွဆောက်ထားတယ်။ အမေက မေတို့ သားအမိအပေါ် ကောင်းပါတယ်။ မလွှဲသာလို့သာနေရိုင်းတာ၊ အမေရင်ထဲ မကောင်းဘူးဆိုတာ မေ သိနေတယ်။



အခုအချိန်မှာ မျှော်လင့်ချက်များ ဆုံးရှုံးသွားခဲ့ရပြီ။ မောင့်စကားသံများ။
မောင့်လှုပ်ရှပ်များ။ မောင့်ရဲ့ တာဝန်ကျေပွန်မှုတွေကို
မေတို့သားအမိအတွက် မေ့မရသလို အင်အားတွေလည်း
မွေးဖွားခဲ့ရပြီလေ။ ဘာကြောင့်လဲဆိုရင် အနာဂတ်အတွက်
ကြယ်တစ်ပွင့်ဖြစ်လာမယ့် မောင့်သမီးလေးရဲ့ရှေ့ရေးက…

အမေက ပွဲစားအလုပ်နဲ့ နေရာအနှံ့သွားရတယ်။ ပြီးတော့ လူမှုရေးကိစ္စတွေကိုလည်း ကူညီဆောင်ရွက်တဲ့အပြင် ရပ်ကွက်ကလည်း ဘယ်ကိစ္စမဆို အမေ့ကိုသာ အားကိုးအားထားပြုကြတယ်။ လူမှုရေး စီးပွားရေး ပညာရေးအပြင် အခြားကိစ္စပါ အမေက လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိတယ်။ တချို့ဆို အမေ့ကို 'ငွေစိန်' လို့ခေါ်ကြတယ်။ ဘာကြောင့်ခေါ်တယ်ဆိုတာ မေ နားမလည်ဘူး။ ဘာပဲဖြစ်ဖြစ် အလုပ်သိပ်များတဲ့ အမေက သတိတော့ပေးရှာတယ်။

''သမီး အမေ့ကိုလည်း အစစအရာရာ အားမကိုးနဲ့၊ အမေမှာက သမီးသိတဲ့အတိုင်း ဟိုသွား ဒီသွားနဲ့၊ တစ်ခါတစ်လေ မိုးကချုပ်တယ်၊ အဲ့တော့ သားအမိနှစ်ယောက်စလုံး သတိထားပြီးနေပါ၊ ပထွေးဆိုတာ သိတဲ့အတိုင်းပဲ''

မေ သဘောပေါက်နားလည်လိုက်တယ်။ သမီးလေးပြောလိုက်တဲ့ စကားကြောင့်လည်း မေ တွေဝေသွားခဲ့ရသေးတယ်။

''မေမေ…သမီးကို ဘာလို့ နေ့ရှထဲ ခေါ်လာတာလဲ၊ မေမေအပြင်သွားတိုင်း သမီးကို အမြဲခေါ်တယ်၊ သမီးက အိမ်မှာ သူငယ်ချင်းတွေနဲ့ ဆော့ပြီးနေခဲ့ချင်တာ''

သမီးစကားကြောင့် မေ ထင့်ခနဲဖြစ်သွားတယ်။ မေ ဘယ်နေရာသွားသွား သမီးလေးကို အမြဲခေါ်သွားမှဖြစ်မယ်။ အခုချိန်က ကလေးသူငယ်တွေအတွက် မလိုလားအပ်တဲ့ အမှုတွေဖြစ်နေတယ်။ မေတို့သားအမိက ပထွေးဖြစ်သူနဲ့ အရှေ့အနောက်ဆိုတော့ ဘာဖြစ်ဖြစ်စိုးရိမ်ရတယ်။ မေတို့သားအမိအပေါ် ပထွေးရဲ့အကြည့်ကလည်း တဏှာအရိပ်အငွေ့တွေနဲ့။

မေတို့သားအမိဘဝက အခုမှ ပိုပြီး စိတ်ဆင်းရဲရတယ်။ ပိုပြီးလည်း မွန်းကျပ်ခဲ့တယ်။ လွတ်လပ်မှုမရှိ။ မျက်နှာငယ်လေးနှင့် နေရတာကို မောင့်အား သိစေချင်တယ်။ နောက်ပြီး အခုထိတော့ ချုပ်ထည်ကရတဲ့ငွေနဲ့ စားရေးအတွက်အဆင်ပြေတယ်။ ရှိတဲ့ငွေနဲ့ အရင်းအနှီးလုပ်လို့လည်း အခုချိန်ခါ မဖြစ်နိုင်သေး။ အားကိုးရမယ့် ဦးလေးတစ်ယောက်ကလည်း မကြာသေးခင်က ဆုံးပါးသွားခဲ့တယ်။ ပြီးတော့ ဒီနေ့ဆို့ လုယက်မှုတွေများတဲ့အပြင် မတရားနှိပ်စက်မှုများကလည်း နေ့တိုင်းလိုလို ကြားနေရတယ်။ ဒါကြောင့် မေ မယုံကြည်ရဲဘူး။

တစ်ခါတလေ ပတ်ဝန်းကျင်ရဲ့ မလိုတမာ ယုတ်မာတတ်သူများကလည်း ဒုနဲ့ဒေး။ မြေနိမ့်ရာလှံစိုက်ချင်တဲ့သူတွေလည်း ပေါပါ့။ ''နင်တို့သားအမိ သိပ်ပြီးအဆင်ပြေတာမှ မဟုတ်တာ၊ အဲ့တော့ နင့်သမီးလေးအရွယ်ရောက်လာရင် အလုပ်တစ်ခုခုလုပ်နိုင်။ ပညာတတ်အောင်သင်ဖို့က ပိုက်ဆံရှိမှဖြစ်တာ''

ဒီစကားက မေ့နှလုံးသားတည့်တည့်ကို လှံနဲ့ထိုးစိုက်သလို တဆစ်ဆစ်နာကျင်ခံစားရတယ်။ မေကတော့ သမီးလေးကို ပညာတတ်တစ်ယောက်ဖြစ်အောင် ထားမယ်။ ဘယ်လိုအခြေအနေပဲ ဖြစ်ဖြစ်ပေါ့။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

မောင့်ပုံကိုကြည့်ပြီး မေ့ရင်ထဲက ခံစားချက်တွေ မောင့်ကိုပြောပြရသလို ခံစားရတော့ မေစိတ်ထဲ ပေါ့ပါးသွားတယ်။ မောင် မေတို့နဲ့ ကမ္ဘာခြားသွားပြီးနောက် မေ့ဒုက္ခတွေက အချိန်တိုင်းရင်ဆိုင်နေရတယ်။

တစ်နေ့…သူငယ်ချင်းတစ်ယောက်က မေ့ဆီ အကူအညီလာတောင်းတယ်။

''မေခင်ရယ်…ငါ့ကို တစ်ခုလောက်ကူညီပါ။ အခု ငါ့ယောက်ျား မူးယစ်ဆေးဝါးနဲ့ ထောင်ထဲရောက်နေတယ်၊ နောက်ပြီး တတ်နိုင်ရင် ငွေလည်းချေးပါ၊ အဖော်လည်း လိုက်ခဲ့ပါဟယ်''

အမှန်တိုင်းပြောရရင် မေ မလိုက်ချင်ဘူး။ မူးယစ်ဆေးဝါးမှု၊ လူသတ်မှုများကို မေ မကြားချင်၊ မပတ်သက်ချင်။ နောက်ပြီး သူက အဖော်လည်းလိုက်ရတဲ့အပြင် ငွေလည်း ချေးရဦးမယ်ဆိုတော့ အားနာနာနဲ့ပဲ ငြင်းလိုက်ရတယ်။

''စိတ်မရှိပါနဲ့ သူငယ်ချင်းရယ်၊ ရုံးဆို ဘယ်ရုံးမှမလိုက်ချင်ဘူး။ ငါက ကြောက်တတ်တယ်၊ နောက်ပြီး ငါတို့သားအမိနှစ်ယောက်က ငွေကို ရှန်းကန်ရှာဖွေစားသောက်ရတာ အပိုအလျှံမရှိပါဘူးကွယ်၊ နင်



မေတို့သားအမိဘဝက အခုမှ ပိုပြီး စိတ်ဆင်းရဲရတယ်။
ပိုပြီးလည်း မွန်းကျပ်ခဲ့တယ်။ လွတ်လပ်မှုမရှိ။
မျက်နှာငယ်လေးနှင့် နေရတာကို မောင့်အား သိစေချင်တယ်။

အခက်အခဲဖြစ်ရင် ငါ့အမေ 'ငွေစိန်'ဆီ အကူအညီသွားတောင်းပါလားနော်''

မေ ငြင်းလိုက်တော့ သူမ မျက်နှာ ညှိုးသွားတယ်။ ပြီးတော့ အမေ့ကို အကူအညီတောင်းဖို့ကတည်း အမေကသူ့အလုပ်နဲ့သူ ရှုပ်နေတယ်။

မေ သတိရလိုက်တယ်။ အခုချိန်အထိ အမေပြန်လာတဲ့အသံ မကြားရသေး။ အချိန်ကလည်း ညဥ့်နက်နေပြီ။ မေ ဖယောင်းတိုင်မီး မှုတ်လိုက်တယ်။ မေ အိပ်ရာထဲလှဲသော်လည်း ကြောက်စိတ်ကရှိနေတယ်။ ပိုဆိုးတာက ခွေးအူသံက ခပ်စူးစူး ကြားရပြန်တယ်။ မေတို့သားအမိ ငြိမ်သက်စွာ အိပ်နေလိုက်တယ်။

''ဝုန်း…ဝုန်း''

အိမ်ရှေ့တံခါးက အသံမြည်လာပြီ။ မေ ထထိုင်လိုက်တယ်။ ရင်ဘတ်ကိုဖိပြီး နှုတ်က 'ဘုရား…ဘုရား'လို့ တနေမိတယ်။ နောက်ထပ် 'ဝုန်း…ဝုန်း'ထပ်ကြားရပြန်တယ်။

''ဟင်…''လို့ တိုးညှင်းစွာ ညည်းညူလိုက်တယ်။ ဟိုဘက်လှည့်အိပ်လိုက်၊ ဒီဘက်လှည့်အိပ်လိုက်နဲ့ ဘာလုပ်ရမှန်းမသိ။ ချွေးတွေကလည်း စီးကျလာတယ်။ မေ သတ္တိမွေးအားတင်းရင်း အိပ်ရာမှထပြီး



တံခါးနားသွားလိုက်တယ်။

''ဝုန်း…ဝုန်း''

မေ တွန့်သွားတယ်။ ထိတ်လန့်တကြား ကြောက်ရွံ့စွာနဲ့ မေးလိုက်တယ်။

''ဘယ်သူပါလဲရှင်''

''မင်းအမေ ယောက်ျားပါ၊ တံခါးဖွင့်စမ်း''

''ညကြီးမင်းကြီး ဘာကိစ္စရှိလို့လဲ၊ မဖွင့်ပေးနိုင်ဘူး။ ရှင်ပြန်သွားပါ၊ မဟုတ်လို့ကတော့ 199 ကို ဖုန်းဆက်လိုက်မယ်''

''တောက်…လူပါးဝလို့ ငါ့အကြောင်း နင်သိစေရမယ်''

တောက်ခေါက်သံပြင်းပြင်းနဲ့ ပြန်လှည့်ထွက်သွားတော့မှ မေ့ရင်ထဲ အလုံးကြီးကျသွားတယ်။ မေ ဆုံးဖြတ်ချက်တစ်ခုချလိုက်တယ်။ မေတို့သားအမိ စိတ်ချရတဲ့နေရာကို ပြောင်းနေမယ်။ ပြီးတော့ သမီးနဲ့အတူတူ အနာဂတ်ဆီသို့ ရဲရဲဝံ့ဝံ့လျှောက်လှမ်းတော့မယ်။ ဒီအတွေးတွေက မေ့ရင်ထဲ အလင်းတွေ လင်းလက်လို့…တောက်ပလို့ပေါ့။ မောင်ရေ…မောင့်သမီးလေးဘဝကို မေ အသက်နဲ့ထပ်တူ စောင့်ရှောက်ပြီး ပညာတတ်ကြီးတစ်ယောက်ဖြစ်အောင် ကြိုးစားပါ့မယ်လို့ ကတိပေးပါတယ်…မောင်။

လောကမှာ မဖြစ်သေးတာကို တွေးပူကြောက်ရွံ့နေမယ့်အစား ဖြစ်သင့်တာကို ရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်တာက အကောင်းဆုံးလို့ မောင်တစ်ခါ ပြောခဲ့ဖူးတယ်မဟုတ်လား။

မနက်ဖြန်ကစပြီး မေတို့သားအမိတွေ အတွက် အနာဂတ်ရောင်ခြည်က ဖြိုးဖြိုး ပြက်ပြက်…။

**အေဘုန်းခေတ်**

## ရထားပေါ်မှာ-ဗျာ



''ခရီးဝေးသွားမှာလား''

ရထားပေါ်မှာ အမေးအမြန်းထူပြီး စကားအတော်ပြောတဲ့ ခရီးသည်နဲ့ဆုံပြီ။ သူက ဘေးမှာထိုင်နေတဲ့လူကို မေးမြန်းနေတာဖြစ်ပါတယ်။ အဲဒီပုဂ္ဂိုလ်ကလည်း စကားကို မနားတမ်း ပြောတတ်တဲ့ လူမျိုးဖြစ်တာကြောင့်–

''စပရင်းဖီးလ်(Spring Field)ကိုပဲ သွားမှာပါ၊ ကျွန်တော်က ကြော်ငြာရေးတဲ့ ပန်းချီဆရာပါ၊ ကျွန်တော့် အသက်က ၄၆ နှစ်၊ အိမ်ထောင်သည်ပါ၊ သားတစ်ယောက်ရှိတယ်၊ အသက် ၂၀ ရှိပြီး ဟားဗတ်မှာ ပညာသင်နေတယ်၊ ကျွန်တော့်အဖေက ပြီးခဲ့တဲ့ ဇန်နဝါရီကဆုံးသွားတယ်၊ သူက စတော့အိပ်ချိန်မှာ အလုပ်လုပ်ပါတယ်၊ အမေကရှိသေးတယ်၊ တူမတစ်ယောက်ရှိတယ်၊ ဆံပင်အနီလေးနဲ့ပေါ့၊ အိမ်က ထမင်းချက်ရဲ့ နာမည်က ဘရစ်ဂျက်(Bridget)တဲ့၊ ကဲ– ဘာမေးဦးမလဲ''လို့ တုံ့ပြန်လိုက်ပါတယ်။

**မောင်သီဟ**

City MAGAZINE

# နေခြည် (ကြည်နူး)

## အကာကကအချစ် အနိုင်ကျင့်ခဲ့တာ...



တဝီဝီပျံနေသော ယင်တွေကြောင့်တော့ စိတ်အနှောင့်အယှက်ဖြစ်ရသည်။ သို့ပေငြား ဘေးနားမှာ ချစ်သူပါနေ၍တော့ စိတ်ခုခြင်းမဖြစ်မိချေ။ အချစ်သည် အရာရာကို လှပစေနိုင်လေသည်။

"ဘာနဲ့ စားကြမလဲ မောင်လေးနဲ့ ညီမလေး"

"ဘာတွေရလဲအစ်မ"

ငယ်ငယ်ကတည်းက
ကြက်ဥအနှစ်ကို
ကျွန်တော်မစားတတ်။
ကြည့်ရှုနှင့်ပင်
ပျို့ချင်အန်ချင်လာသည်။
ခပ်မြန်မြန်ပင် ဇွန်းဖြင့်ကော်ကာ
အနှစ်တုံးလေးကိုပါ
ဝါဝါ ပန်းကန်ထဲ
ထည့်ပေးလိုက်ရသည်။



''အမဲသား၊ ဝက်သား၊ ဆိတ်သားနဲ့ ကလီစာတွေတော့ ကုန်ပြီ၊ ဘဲဥရမယ်၊ ကြက်ဥရမယ်၊ ဒီနေ့က ဈေးပိတ်ရက်မို့ပါ၊ အားနာလိုက်တာကွယ်''

''ငါးရော မရှိဘူးလား''

''ထုတ်ငါးက ဥပုသ်နေ့မရဘူးကွယ်''

''ဘဲဥကညီတယ်၊ ကြက်ဥပဲထည့်ပေး အစ်မ''

''ခဏလေး ဟင်းနွှေးပေးမယ်နော်''

''ဟင်းစုံရတဲ့ ဆိုင်ကြီးမှာမစားဘဲ အစ်မဆီ လာအားပေးတာ ကျေးဇူးပါ ကလေးတို့''

ထမင်းဆိုင်ရှင်အစ်မကြီးက ဖော်ဖော် ရွေရွေ ရှိလှသည်။

စန်းကောဝါဖြင့် ပုပုချွေးချွေး ချစ်ဖို့ ဖြစ်လာသော ဝါဝါလှိုင်က နဖူးမှချွေးစတွေ သုတ်နေသည်။ ဘဲဥကို ကိုယ်က ပိုနှစ်သက် သော်လည်း ယခုလိုအချိန်တွင် ဝါဝါစိတ် ကြိုက်သာ ဖြစ်စေချင်နေမိသည်။ ကျွန် တော်က သူ့ကို ချစ်စနိုး ဝါဝါဟုသာ ခေါ်ပါ သည်။ ကျောင်းဆရာမဖြစ်ဘာမို့ တာဝန် ကျရာ သွားရသည်။ ဖြစ်ချင်တော့ ကိုယ်က ကားသမား၊ အတည်တကျမရှိ၊ နှစ်ယောက် ဆုံချိန်မှာ နည်းပါးလွန်းလေရကား အတူနေ ရဖို့က် ချစ်ရသူကို အလိုကျဖြစ်စေချင်သည် မှာ လွန်အံ့မထင်။ စာနာနားလည်နိုင်ကြ ပေလိမ့်မည်။ သရက်သီး၊ သခွားသီး၊ ခါ ကြက်ဥနှင့် ဆလပ်ရွက်ပါသည်။ ငံပြာရည် စပ်စပ်လေးဖြင့် ထမင်းဝင်မှာသေချာပါ သည်။ ပန်းကန်ပြည်းရွက်နှင့် မျှစ် ကြော်ချက် ကလေး၊ ခရမ်းချဉ်သီး နှပ်ပေးထားသည်။ ဘူးသီးဟင်းချို၊ ငါးတံခွန်ငရုတ်ကြော် ကြောင့် ဗိုက်ကပိုဆာလာသလိုပင်။ မြင်ရုံ နှင့် စားချင်နေလေပြီ။

ကားဆရာရပ်ပေးသော ထမင်းဆိုင် ကြီးမှာမစားဘဲ လမ်းဘေးဆိုင်လေးကို ရွေး ချယ်သော ဝါဝါကိုလည်း အံ့သြမိလေသည်။ ယပ်တောင် တဖျတ်ဖျတ်ခတ်သံ၊ ဇွန်းသံ၊ ပန်းကန်သံတို့ ထွက်လာသည်။ ဝါဝါကမူ ဟင်းတွေမြည်းကြည့်နေသည်။ ထမင်းမွဲ လာချေ၏။

''လိုတာရှိရင်ပြောနော် ညီမလေး''

''ဟုတ်…အစ်မ''

''ဟင်းချက်ကောင်းတယ်–ကို၊ ဆိုင် ကြီးတွေမှာဆိုရင် ဗိုက်ဆဲအပိုကုန်တာပဲ အဖတ်တင်တယ်၊ စားရတာ ခံတွင်းမတွေ့ ပါဘူး''

ဝါဝါက ပြောရင်း ကြက်ဥအစ်ခြမ်း ဦးရှုသည်။ ကြည့်လိုက်တော့ ဝါကြည်ကြည် အနှစ်တုံးလေးက ပြုံးပြနေသည်။

ငယ်ငယ်ကတည်းက ကြက်ဥအနှစ် ကို ကျွန်တော်မစားတတ်။ ကြည့်ရှုနှင့်ပင် ပျို့ချင်အန်ချင်လာသည်၊ ခပ်မြန်မြန်ပင် ဇွန်း ဖြင့်ကော်ကာ အနှစ်တုံးလေးကိုပါ ဝါဝါ ပန်းကန်ထဲ ထည့်ပေးလိုက်ရသည်။

''ဟင်း…ကို၊ ကိုစားလေ၊ ဘာလို့ ချစ်ထဲ ထည့်တာလဲ''

ကျွန်တော် ပြုံးပြလိုက်သည်။

''ချစ် မကြားဖူးဘူးလား၊ ဟို…ဘာ တဲ့၊ အကာကအချစ်၊ အနှစ်က မေတ္တာတဲ့၊ အဲဒါ မပြောင်းလဲမယ့် ကိုယ့်သစ္စာကို ချစ် ကို ပေးတာ''

ကြည့်ရှုင်ကာ လှဲနေသော မျက်ဝန်း တစ်စုံအောက်မှာ ပန်းတွေပွင့်လာပါ၏။ မှန် သော လိမ်ခြင်းသာ၊ တကယ်လည်း မြတ် မြတ်နိုးနိုးချစ်သည်ကို ကျမ်းသစ္စာဆိုရဲပါ သည်။ သို့ကာလို မပြောလည်း ကြက်ဥအနှစ် မကြိုက်သော ကျွန်တော့်အဖို့ လွှင့်ပစ်ရန် သာ ရှိသည်။ ယခုမူ ချစ်သူကို အပျော်တွေ စီးဝင်စေလေသည်၊ တစ်ခါတရံ ထိုသို့ လိမ် ညာခြင်းဖြင့် အချစ်တွေ ဒီရေလို တိုးစေနိုင် သည်ထင်၏။ ကြက်ဥအကာဖြင့်ပင် ထမင်း တစ်နပ်ပြီးပါသည်။

''ဘယ်လောက်ကျလဲ အစ်မ''

''နှစ်ပွဲ နှစ်ထောင်ပါကွယ်၊ ရေသန့် တော့ မရှိဘူး၊ အေးတယ် စိမ့်နေတာပဲ၊ ရေအိုးက သောက်ကြပါဦးကွယ်''

အမှန်တကယ် ရေအိုးလေးမှရေမှာ ကျောက်စက်ရေကြားမှလာသလို စေတနာ နှင့် မေတ္တာကို အဓိပ္ပာယ်ဖွင့်ပြနိုင်ပေသည်။

ကားထွက်တော့မှာမို့ ကားဆီပြေးကြ ရသည်။ ဒေါက်ဗိန္ဒ်နှင့် အဆင်မပြေသဖြင့် ချွတ်ခိုင်းကာ ကျွန်တော်က ကိုင်ပေးသည် ကိုမြင်တော့ ကားပေါ်မှလူများ ရယ်ကြ သည်။ မရှင် ဖျာလို့လိပ် ခေါင်းပေါ်တင် ခြင်း မဟုတ်၊ ချစ်ခြင်းကို ကြင်နာရင်းမှ ပြသခြင်းသာ။ ရှက်စရာအလုပ်ဟူ၍ မသတ်မှတ်သင့်။ သူစိမ်းနှစ်ယောက် ရေ ရှည်တည်မြဲရန် ကိုယ့်အချစ်ကို မရှက်မ ကြောက် ထုတ်ပြသင့်သည်ဟု ထင်ပါသည်။

ကားအရှိင်ဘာကာပင် ပွမ်ပွမ်တီးပေးကာ ကျွန်တော်တို့နှစ်ယောက် ထိုင်၍အဆင်ပြေမှ စတင်ထွက်ခွာသည်။ ရုတ်ချည်း အားရက်တိုက်ဆိုင်သဖြင့် မသိလေသေးသော အမေ့ထံ ဖုန်းကြိုတင်ဆက်ထားရသည်။

''ရွှေပြည်မြို့ပြလာပြီ အမေရေ…အမေ့ချွေးမဖို့ ဘာချက်ထားမလဲ ပြော''

''ကြိုပြောပါတော့လား သားရယ်၊ သံချောင်းကို ကြက်ခေါက်ခိုင်း ထားရအောင်၊ အခုကတော့ အရက်ဆိုင်လာစိပြီမရှိတော့ဘူး၊ ကြက်ဥလေးတွေရှိတယ်၊ ချက်ထားလိုက်မယ်နော် သား၊ နောက်ရက်တွေကျ ဟင်းကောင်းစေရပါမယ်ကွယ်''

''သေလိုက်စမ်းပာ''လို့ မရွှတ်မိရုံတမည်ပါပဲ။ ကြက်ဥဖြင့် တစ်နေ့လုံး နှစ်ပါးသွားရမှာပါလား။ ဝါဝါကတော့ ''ကိုရယ်ချစ်က ဘာနဲ့ဖြစ်ဖြစ် စားနိုင်ပါတယ်၊ အမေ့ကို လုပ်ပြီးခုကျွေးမနေပါနဲ့''ဆိုတဲ့။ သည့်တစ်ခါ အပြုံးသည် အားအင်ဖျော့တော့နေမည်လား မပြောတတ်တော့။ အနှစ်ကာလေးတွေသည် ချစ်သူအတွက် ဖြစ်ပြေနိုင်လေပြီ။ မှန်းထားသည့်အတိုင်း ရွာကို ၅ နာရီလောက်မှာ ရောက်ပါ၏။ မဆုံဖြစ်တာကြာသော သူငယ်ချင်းတွေနှင့်တွေ့ရတာ ပျော်မိသလို၊ အမေက ဝါဝါကို သမီး-သမီးဖြင့် ပါးစပ်ကမချ၍ ကျေနပ်ရပြန်ပါသည်။ အဆွေအမျိုးအားလုံးကလည်း ဣန္ဒြေရသော ဝါဝါကို သဘောကျနေကြသည်။ အိမ်မှာ ညည့်မစဲခဲ့။ တချို့က ''နေနဲ့လ ရွှေနဲ့မြ'' လိုက်ဖက်ကြောင်း ချီးမွမ်းကြသလို၊ စီးပွားတွက် တွက်ကြသော မိန်းမကြီးများမှ ''နောင်ဝင်းထွန်းတို့များ ယူတတ်ချက်ကောင်မလေးက ကျောင်းဆရာမဆိုတော့ ထမင်းချိုင့်လေးက ပါပြီသား၊ အားကျကြစမ်း''ဆိုပြန်၏။ ယခုခေတ် မိန်းမကြီးများသည် သတို့သား၊ သတို့သမီးနောက်မှ အမြီးလေးများကိုကြည့်၍ မှတ်ချက်ပေးတတ်ကြလေသည်။ ငယ်ရွယ်သူတို့၏အချစ်သည် မြစ်ဖျားခံရာအရပ် မှန်းဆခက်ခဲကြောင်း မသိကြ။ ငွေသည် ချစ်ခြင်း၏ အစဖြစ်စေရန် သားသမီးများကို ပုံသွင်းနေခြင်းမှာ အာဏာရှင်ဆန်ကြောင်း ဒီမိုကရေစီဟု အော်နေသာ မိဘတို့ နားမလည်ကြပါချေ။ ညဝိုင်း ၈ နာရီခန့်မှပင် လူရှင်းတော့သည်။ ဝါဝါလည်း ဒိုက်ဆာနေလောက်ပြီ ထမင်းပွဲပြင်ကြရသည်။ အမေကတော့မှ သူ့ချွေးမနားမှ ခွာပင်မခွာပါချေ။ အဓိပ်တကြည့်ကြည့်ဖြင့် ရှိချေ၏။

''သမီး ဒါက ရှောက်ရွက်၊ သရက်အစိမ်းစားသီး။ တို့လို့ အရမ်းကောင်းတယ်၊ ငါးပိရည်ကျိုနဲ့ဘက်ပေါ့၊ သားကတော့ ကြိုက်တယ်၊ ကြက်ဥက အလုံးလိုက်တိုင်း ထည့်ချက်ထားတာ၊ ချဉ်ပေါင်ဟင်းချို နွေးပြီးသား၊ အားမနာနဲ့ အားရအောင်စား''

''စိတ်ချအမေ၊ သမီးက ဘာနဲ့ဖြစ်ဖြစ် စားတတ်တယ်၊ နောက်နေ့ကျ အမေ့ကို သမီးချက်ကျွေးမယ်နော်''

ယောကျ်ားမဖြစ်သူနှင့် ခေတ်တည့်နေသော ဝါဝါကိုမြင်ရတော့ ရင်ထဲမှအလုံးကြီးကျသွားသည်။ အစိုးရိမ်လွန်နေခဲ့ခြင်းသာ ဖြစ်မည်။ အမေ့လက်ရာ မစားရတာကြာ၍လား၊ အပျော်တွေဝင်လာနေ၍လားဖြင့် မသိ။ ငါးပိရည်ကျိုနှင့်ပင် ထမင်းတစ်ဇလုံကုန်တော့မည်။ ဝါဝါက မည်သို့ စိတ်ကူးပေါက်သည်မသိ၊ ကြက်ဥအကာကိုခွာလျက် အနှစ်တုံးဝါဝါလေးကို ကျွန်တော့်ပန်းကန်ထဲ ခွတ်ခနဲ ကော်ထည့်ပေးလိုက်လေသည်။ ထိုနေရာတွင် ကိုယ့်သားအကြောင်း အမှမချေးခါးမကျန်သိသော အမေက…

''ဟဲ့…ဝါဝါ သားက ဘဲဥအနှစ်သာကြိုက်တာ၊ ကြက်ဥအနှစ် တအားရွံတာကြီးရယ်ကွဲ့၊ ပေးပေး အမေ့ထဲထည့်''

သွားပါပြီ၊ ကျွန်တော်ပြောခဲ့သည့် ''အကာကအချစ်၊ အနှစ်က မေတ္တာ'' ဖတ်ဝင်ခန်းလေးသည် ဘီလူးဆိုင်းသို့ ရုတ်ချည်းတီးလုံးပြောင်းရန် ပြင်နေသည်ကို မြင်ရသည်။ ကွက်ခနဲပျက်သွားသော မျက်နှာသေအတွင်း ပြောင်းလဲသွားသည့် အစိမ်းရောင် လိုက်ကား၊ စတော်ဘယ်ရီအသွေးတို့ ရှာမွေ့မရတော့။ ကျွန်တော်ကလည်း ကျွန်တော်၏ မကြိုက်တာကို မကြိုက်ဘူးဟု အစကတည်းက ပြောထားသင့်ပါလျက်၊ ဆည်းဆာလှတာကို နေထွက်ခြင်းဖြင့် သွားနိုင်းနှိုင်းမိသည်။

''စားလို့ကောင်းလိုက်တာ အမေ၊ နောက်မှ ကိုကြိုက်တာတွေ အမေ့ဆီက မေးထားဦးမယ်၊ တော်နေကျ ကိုမကြိုက်တာတွေ ချက်ကျွေးမိမှာစိုးတယ်''

မျက်နှာမကောင်းစွာ ထသွားသော ဝါဝါကိုကြည့်ကာ ဘာမဟုတ်တာလေးကို

ငယ်ရွယ်သူတို့၏အချစ်သည်
မြစ်ဖျားခံရာအရပ် မှန်းဆခက်ခဲ
ကြောင်း မသိကြ။ ငွေသည်
ချစ်ခြင်း၏ အစဖြစ်စေရန်
သားသမီးများကို
ပုံသွင်းနေခြင်းမှာ
အာဏာရှင်ဆန်ကြောင်း
ဒီမိုကရေစီဟု အော်နေသာ
မိဘတို့ နားမလည်ကြပါချေ။



အိမ်ထောင်တစ်ခုရဲ့ အစ၊
အစားအသောက်အနေအထိုင်မှ
အစပြု၍ သူ့အကြိုက်
ကိုယ့်အကြိုက် ညှိယူကြရသည်။
မည်မျှလောက်ပင်
ချစ်ပါသည်ဆိုဆို
အထအနကောက်တာလေးတွေ
ဖြစ်ပွားတတ်သည်။
မမြင်နိုင်တာက အချစ်စိတ်မှုန်
နေသော အရောင်မလွင့်ပြယ်ခင်
ကာလအပိုင်းအခြားတစ်ခုသာ။



အမှတ်ယှလိုက်မိသည့်မိမိကိုယ်ကိုယ် အပြစ်တင်နေမိလေသည်။ အမေကတော့ ဘာမှမသိရှာ။

"ဟင်းမကောင်းတော့ အားမရှူဘူး ထင်တယ်"ဟု စိတ်မကောင်းစွာပြော၍ ထမင်းပွဲသိမ်းနေသည်။ စိတ်ကောက်စိတ်ဆိုးသွားဟန်တော့မပြ။

"ပြောတော့ အကာကာအချစ်လေး၊ အနှစ်က မေတ္တာလေး ဘာလေးနဲ့ မကြိုက်ရင် မကြိုက်ဘူးပြောပေါ့၊ သူများကတကာယ်မှတ်ပြီး ကြည်နူးလိုက်ရတာ"

ထိုမျှသာပြောပြီး မျက်စောင်းထိုးပါသည်။ ညဘက် အိပ်ရာပေါ်ရောက်သော်လည်း ငါငါကား စကားစလာခြင်းမရှိချေ။ အနည်းငယ် အောက်ကျက်ဖြစ်နေသယောင်ထင်ရသည့်မှအပ ထူးခြားခြင်းမရှိ။

ဟစ်မနက်ခင်းတွင်ဖြစ်သည်။ အိမ်နီးနားချင်းလည်းဖြစ် ငယ်စဉ်ကပင် ညီငယ်တစ်ယောက်လို ကျွန်တော့်ကိုချစ်ခင်ခဲ့သော အစ်ကိုကြီး လှမောင် ရောက်လာသည်။

"ဟေ့…ညီလေးရေ ဘာတွေလုပ်နေလဲ၊ ဒီမှာ မင်းအကြိုက်၊ ညက မိုးလေးကျတာနဲ့ ဖားကောက်ခဲ့သကွယ်"

"ဟာ…အစ်ကိုကြီးလှမောင် ကျေးဇူးရှ၊ ဖားမစားရတာ ကြာပြီဗျ၊ မနက်ကျည်းတက်ကလေးတွေ မဝင်းမာအပင်မှာ နေနေတာတွေ့ခဲ့တယ်၊ ဖားမန်ကျည်းနဲ့ ဒီနေ့ ထမင်းစားကောင်းတော့မှာပဲ"

"ကျေးဇူးလုပ်မနေနဲ့ မောင်၊ မင်းက ဖားညကြိုက်တဲ့ကောင်ဆိုတော့ အမတွေချည်း ရွေးပြီးမှလာပေးတာ၊ ကြည့်လိုက်"

"ကြိုက်ပြီလေ၊ ဟင်းကောင်းပြီပ၊ မနက်အစော ငါးသည်လာတာနဲ့ ငါးပေါက်စ အိုးကပ်ချက်မလို့ ဝယ်ထားလိုက်သေးတာ၊ ညနေ ထွေးညီဖို့ ကျွန်တော်ကောခံမယ် အစ်ကိုလှမောင်"

"အေးပါ၊ ထွန်ကိုင် တစ်ရက် နှစ်ထောင်တဲ့၊ မင်းလို ကားမမောင်းတတ်တော့ နွားနဲ့ဖက်ရုန်းဖို့ သွားဦးမယ်ဟေ့၊ ညီမလေး သွားပြီ"

အစ်ကိုကြီးလှမောင် ထွက်အသွား ငါငါက နားနားကပ်၍ တိုးတိုးပြောသည်။

"ကို…ချစ်က အဲဒါတွေမချက်တတ်ဘူး"

"ရတယ် ချစ်၊ ကိုချက်ကျွေးမယ်၊ ချစ်က မထလာမကြိုက်ဘူးနော်"

"အင်း…ဟုတ်တယ်၊ အရောင်ပါတဲ့ ဟင်းတွေဆိုရင် ချစ်က မစားတတ်ဘူး။ လက်ဖက်ဆိုရင်တော့ ဆီများများဆမ်းထားရင် ပုစွန်ခြောက်လေးနဲ့ ကြိုက်တယ်"

လာပါပြီ၊ အိမ်ထောင်တစ်ခုရဲ့ အစ၊ အစားအသောက်အနေအထိုင်မှ အစပြု၍ သူ့အကြိုက် ကိုယ့်အကြိုက် ညှိယူကြရသည်။ မည်မျှလောက်ပင် ချစ်ပါသည်ဆိုဆို အထအနကောက်တာလေးတွေ ဖြစ်ပွားတတ်သည်။ မမြင်နိုင်တာက အချစ်စိတ်မှုန်နေသော အရောင်မလွင့်ပြယ်ခင် ကာလအပိုင်းအခြားတစ်ခုသာ။ သည်းခြေကို အသေအချာထုတ်၍ ဥခေါ်မစွန်းပေစေရန် ဂရုတစိုက်လုပ်ရသည်။ သို့မဟုတ်ပါက ဖားတစ်ကောင်လုံး ခါးလေ၏။ ငါးပေါက်စတွေကတော့ ခေါင်းဖောက်စရာမလို၊ ခရမ်းချဉ်သီး အရင်လှီးပြီး အိုးကပ်ဆီနိုင်နိုင်လေး။ မန်ကျည်းရွက်နု သွားခူးရပေဦးမည်။ ကျွန်တော်တို့ အညာသဲဖားက သို့မှသာ ဘက်ကျသည်၊ အမေက သူချွေးမ သူ့ရှိလျှင် မစားတတ်မှာစိုး၍ဆိုကာ ကျွန်တော်တို့ နှစ်ယောက် စားပြီးမှသာ စားတော့သည်။ ဟင်းချေးများတတ်သူ နှစ်ယောက်ကြား မဝင်ချင်တာလည်းပါမည်။ ထမင်းပန်းကန်လုံးထဲ ဟင်းယူမစားသေးသဖြင့် ငါငါ ပန်းကန်ထဲ ဖားချက်ခပ်ထည့်ပေးလိုက်သည်။

"ဟင့်…အမလေး မစားဘူး၊ ဖားခေါင်းကြီး ဖြုတ်ပေး"

ဟုတ်သား။ အတော်များများက ဖားခေါင်း မစားရဲကြဘူးပဲ။ မြန်မြန်ဆန်ဆန် ခေါင်းဖြုတ်ပေးပြီး ပြန်ထည့်ပေးရသည်။

"ကို…ဘောင်းဘီ၊ အကျီတွေချွတ်ပေး"

"ဟင်…ကိုက ဘာကိုချွတ်ပေးရမှာလဲဟင် ချစ်၊ ထမင်းစားဘုန်း တန်းသန်းကြီးကို"

"ဟာ…ကိုကလဲ၊ ငယ်ငယ်တုန်းက ဖားချက်တိုင်း အဖေက ချစ်ကို အရေခွံ ကြည့်ပြီး မစားရဲလို့ ခွာပေးရတယ်၊ ကိုလည်း အရေခွံခွာပေး၊ ကိုယ်လုံးကြီးမစားဘူး၊ ခြေထောက်နဲ့ လက်ပဲ စားမယ်"

"သေစမ်းဟာ"ဟူ၍သာ အော်လိုက်ချင်တော့သည်။

သို့ပေပြား ချစ်ရသူပေမို့ စိတ်ရှည်လက်ရှည် လုပ်ပေးမိလေသည်။ ဖားချက်ဖြင့် အဆင်မပြေနိုင်တော့ ငါးလေးအိုးကာဝ်ချက်ထားတာ ခပ်ထည့်ပေးရသည်။

"ကို့ . . . ချစ်က ငါးခေါင်းတွေမစားဘူး"

"ဟူး"

ဤမျှသေးငယ်သော ကလေးလက်သန်းလောက် ငါးကလေးတွေကို ခေါင်းမစားဘူးဆိုတော့၊ ဂရုတစိုက်ဖြတ်ပေးရပြန်သည်။ ကျွန်တော်က ဝါဝါအတွက် ဆောင်းဘီ၊ အင်္ကျီချွတ်ပေးလိုက်၊ ခေါင်းဖြတ်ပေးလိုက်နှင့်သာ ထိုထမင်းပွဲတွင် လျှာအရသာ မသိလိုက်တော့ချေ။ "ဧဧလေလေ . . . ဧဧလေလေ"ဖြစ်ရချေ၏။ နောက်တစ်နေ့ နေ့လယ်စာဖြစ်သည်။ ဟင်းနွဲ့ကလေးမွှေးနေ၍ အုပ်ဆောင်းကို လှပ်၍ကြည့်မိသည်။ မဆလာနံ့မွှေးမွှေး။ ကြက်သွန်ကြီးဖြင့် နံ့နံ့ပင်အုပ်ကာ မှန်ရောင်ဟင်းချို။ ခရမ်းချဉ်သီးကို အိနေအောင် ဘဲဥဖြင့်ချက်ထားတာ။ ထိုဟင်းပုံစံသည် ကျွန်တော်၏အကြိုက်ဖြစ်လေသည်။ သို့သော် ဝါဝါက မဆလာမကြိုက်သလို၊ အရောင်တင်များသော ထိုသို့ ဟင်းချက်ပုံများကိုမစားချေ။ ကျွန်တော် အမေ့ကို လှမ်းကြည့်မိသည်။

"အမေချက်ထားတာလားဟင်၊ ဝါဝါက ဘဲဥမစားဘူးလေ"

"ဟုတ်ပါဘူးတော်၊ တစ်မနက်လုံး သူပဲ မီးဖိုချောင်ဝင်နေတာ၊ ဘဲဥချက်ချင်တယ်ဆိုလို့ ဝယ်ပေးထားတာပါ"

ဝါဝါက ကျွန်တော့်ကို နောက်ကျောမှ လာသိုင်းဖက်သည်။

"ချစ် ချက်ထားတာ ကိုရဲ့ ကိုကြိုက်တာကို ချစ်လည်းကြိုက်အောင်စားမယ်၊ ချစ်ကြိုက်တာကို ကိုလည်း ကြိုက်နိုင်အောင် ကြိုးစားထားပါ၊ ညနေစာ ကြက်ဥလာမယ်လေ၊ ဘယ်လိုလဲ ကို"

ကျွန်တော်ပြုံးလိုက်သည်။ ဝါဝါ့ဘက်လှည့်ကာ ပါးလေးကို ရွှတ်ခနဲမွှေးပစ်လိုက်၏။ အမေ့ချောင်းသံ ဝေးသွားသည်။

**နေခြည်(ကြီးနီ)**



## ကိုယ့်အထင်နှင့် သူတို့အမြင်

တစ်ခုသော ညနေညမှာ ကျွန်တော်ဟာ မိသားစုနဲ့အတူ အသင့်စား စားသောက်ဆိုင်တစ်ဆိုင်ကို သွားစားသောက်ခဲ့ပါတယ်။

ကျွန်တော် ဆိုင်ထဲဝင်လိုက်တာနဲ့ ထောင့်စားပွဲတစ်လုံးရဲ့အောက်မှာ အမျိုးသမီးပိုက်ဆံအိတ်တစ်လုံးကိုတွေ့တာနဲ့ ကောက်ယူပြီး ဆိုင်မန်နေဂျာကို အပ်လိုက်ပါတယ်။

မကြာမီ အသက်ကြီးကြီးစုံတွဲတစ်တွဲ ပြူးပြူးပြာပြာနဲ့ရောက်လာပြီး မန်နေဂျာနဲ့ပြောဆိုကာ ပိုက်ဆံအိတ်ကို မန်နေဂျာက ပြန်ပေးလိုက်တယ်။

ပိုက်ဆံအိတ်ပြန်ရတဲ့အခါ အဖိုးကြီးက ကျွန်တော့်ရဲ့ရိုးသားမှုအတွက် ဆုအနေနဲ့ ဆယ်ဒေါ်လာပေးခဲ့ပါတယ်။



အိမ်အပြန်လမ်းမှာ ကျွန်တော့်ကလေး သုံးယောက်က "ကြီးမြတ်တဲ့ ပုဂ္ဂိုလ်"ဆိုတဲ့ ဘုရားကျောင်းသီချင်းကို သံပြိုင်သီဆိုကြပါတယ်။ ကျွန်တော်က သူတို့ကို ဘာမှ ထွေထွေထူးထူး လုပ်ပေးခဲ့တာမရှိကြောင်း၊ ဒါပေမဲ့ ဘယ်လိုဖြစ်ဖြစ် သူတို့ရဲ့ သီချင်းသီဆိုမှုကို ကောင်းမွန်ကြောင်းတော့ ပြောပြပါတယ်။ ဒီတော့ သူတို့ကလေးတွေက–

"သားတို့က အဖေ့ကိုရည်ရွယ်ပြီး သီချင်းဆိုနေတာမဟုတ်ဘူး။ ဟို–ဆယ်ဒေါ်လာပေးသွားတဲ့ ဖိုးဖိုးကြီးကို ရည်ရွယ်တာပါ"လို့ ပြန်ရှင်းပြကြပါတယ်။

**မောင်သီဟ**

မြန် မာ နိုင် ငံ ဓာတ် ပုံ အ သင်း

# လစဉ်ဓာတ်ပုံပြိုင်ပွဲများ

အကြီးတန်းစံပြမယ်

သန့်ဇင်

MODEL မုဏ်း



ပထမ

မေတောလွင်



ဒုတိယ

ဆန်းဝင်း



တတိယ

ရဲထွန်း

မြန်မာနိုင်ငံဓာတ်ပုံအသင်း

# လစဉ်ဓာတ်ပုံပြိုင်ပွဲများ

ပြင်ပရိုက်ကူးရေး(OUTING)အစီအစဉ်

သန့်ခင်

ပဲခူးခရီးစဉ်(အကြီးတန်း)



၂၀၀၉

မေဓာလွင်



ဒုတိယ
ဉာဏ်ဝင်းထွန်း



တတိယ
ရဲကျော်သူ

# တစ်မြေတစ်သား ရေမခြား

မြစ်ကြီးငယ် ချောင်းသွယ်ခက်
လက်ယှက်လို့ ကျွန်းကွက်ဖော်
လမ်းဖောက်သော် ဟန်မကျ
မြစ်ဝကျွန်းပေါ်၊
ခေတ်ဆက်ဆက် အိပ်မက်ပုံဖော်
လွှားမကျော် အဟန့်အတား
'ရွက်' 'စက်' 'လှေ' လှော်ခတ်သွား
ရေဝတီသား။

ဝက်ရှ နဒီသဘော
ကောက်ကွေ့သော မြစ်မာယာ
တက်ဆင်းချည် ဒီရေတစ်မှောင့်
စိုးနှောင့်ဗျာပါ၊
ရွက်လွှင့်လို့ စက်လှေကူကာ
သင်္ဘောပါ နေမနား
ကျွန်းပတ်ကာ ကောက်ကွေ့သွား
အချိန်ကုန် မိုင်ရှည်လျား
မလွဲသာ ရှောင်နိုင်အား
နှစ်ရှည်လများ။

ကူးတို့ငယ် ကူးတို့ကြီး
'ဖက်ကြီး'နဲ့ 'လှေ'ငယ်ငယ်
ရေပြင်ကျယ် တွဲလှယ်ပို့
ကူးတို့တွင်ကျယ်၊
ခုများတော့ တံတားကြီးငယ်
လမ်းသွယ်သွယ် ကွန်ရက်အလား
ချောင်းငယ်ကို အမှုမထား
မြစ်ကြီးကို ကျော်ကာလွှား
လမ်းနဲ့တံတား။

ဆင်တစ်ရပ် ရေနက်ကွင်း
မြေကျင်းဖို့ မြောက်မြားစွာ
ဆင်တစ်ရပ် သာသာပိုး
တာရိုးပေါ်လာ၊
ကျောက်ခင်းလို့ ဖြည့်တင်းကတ္တရာ
လမ်းပေါ်လာ ထင်အရှား
နိုင်ငံတော် စေတနာထား
ပူးပေါင်းကာ ပြည်သူ့အား
ရေနဲ့မြေ ကွာမခြား
ကျွန်းဆက်ကာ တစ်မြေတစ်သား
မြစ်ချောင်းကျော်လွှား။

မြေကြောပင် ရှုံ့လေသလား
မိုးများသည့် ရာသီပင်
နေ့ညအစဉ် မရှောင်ကူး
အိမ်ဦးကြမ်းပြင်၊
ကားလမ်းက ဟိုဝင်သည့်ဝင်
ရွာစည်ပင် မြို့စည်ကား
စီးဆင်းသော ကုန်စည်အများ
တိုင်းပြည်နယ် နှံ့အပြား
သွေးရင်းချာ ပြန်လှန်သွား
ချစ်ကြည်စွာ မမေ့အား
ပြည်ထောင်စုသား။

ကျော်စောဟန်





# ယမမင်းကြီး ညည်းညူသံ

နတ်ပြိတ္တာမျိုး၊ ဘုမ္မစိုးစံသည့်
ရုပ်ဆိုးကျည်းတန်၊ ဘုံဗိမာန်နှင့်
ခံစားအာရုံ၊ ကာမဂုဏ်နှင့်
ပြည့်စုံချမ်းသာ၊ နေရပါလည်း
လူ့ရွာကိုတ၊ သံဝေဂနှင့်။

ငရဲမခံ၊ 'ငရဲစံ'၏
ဖန်ဖန်စစ်ဆေး၊ အပြစ်ပေးကာ
'ကယ်ပါ့၊ယူပါ'၊ တစာစာနှင့်
ဟစ်ကာ့ညည်းတွား၊ ငရဲသားတို့
မြင်ကြားတွေ့ရ၊ ခဏခဏကြောင့်
'သံဝေဂဖြစ်'၊ စိတ်တွေညစ်၏။

လူ့ရပ်လူ့ရွာ၊ လူတကာတို့
များစွာဆိုးပြု၊ မကောင်းမှုကြောင့်
ယခုတစ်ဖန်၊ ငရဲခံရ
ဒုက္ခကြီးကား၊ လွန်ကြီးမား၏။

'ငါကားလူ့ရွာ၊ လူဖြစ်ပါက'
'မြတ်စွာဗုဒ္ဓ၊ ဖူးလိုလှ၏'
'ဗုဒ္ဓဟောကြား၊ မြတ်တရားကို'
'နာကြားရက၊ ကောင်းလေစွ'ဟု
'ယမမင်းကြီး . . .ညည်းညူသတတ်'။ ။

မင်းမောင်နွယ်(မွန်ဌာနီ)

# ရည်မှန်းချက်

ဝမ်းစာတောင်အနိုင်နိုင်
ကျောင်းစရိတ်က ယိုင်ယိုင်ရယ်
ကျောင်းဝတ်စုံတစ်ထည်နဲ့
ညတွေကို လျှော်ဖွပ်နေဆဲ။

အဖေရဲ့ တစ်နေ့ဝင်ငွေ
အမေရဲ့ တစ်နေ့ဝင်ငွေ
အောက်ခြေအဆင့်အတန်းနဲ့
အမြင့်မျှော်မှန်း
အဲဒီလမ်းမှာ
ဒုက္ခတွေထမ်းပိုးလို့နေတယ်။

ဆုံးခန်းတိုင်အောင်မရေရာ
ရသလောက်အခွင့်အရေးနဲ့
ခက်ခဲတဲ့ရှေ့ရေး
မျှော်တွေးရင်း
မျှော်တွေးရင်း
တရွေ့ရွေ့ ရွေ့လာခဲ့တယ်။

ချွေးစွန်းထင်းတဲ့အိမ်
သွေးစွန်းထင်းတဲ့အိမ်
ခပ်မှိန်မှိန်နေရပါစေ
ပီတိတွေနဲ့ တည်ဆောက်ဝံ့နေဆဲ။

ရှိုးတံ(ပုလဲနယ်)



ဇာနည်စိုး

# တံခါးတွေက ပြောတဲ့ အဖေ့အကြောင်း

(တစ်)

ကမ္ဘာပေါ်မှာရှိတဲ့ အဖေတိုင်းဟာ ပိတ်ထားတဲ့တံခါးတွေနဲ့ တူတယ်လို့ပြောရင် သင်သဘောတူနိုင်မလား။

(နှစ်)

ကျွန်တော့်အလုပ်က နေရာတစ်နေရာထဲမှာ အမြဲကျောက်ချ ရပ်နားပြီး လုပ်လို့ရသည့် အလုပ်မဟုတ်။ ကျွန်တော့်အလုပ်က ကျောင်းဆရာဆိုတော့ လခစားဝန်ထမ်း။ တစ်နည်းဆိုသော် သက်ဆိုင်ရာတာဝန်ရှိသူတွေ၏ အမိန့်ညွှန်ကြားမှုအောက်မှာ ထားရာနေ စေရာသွားနေရသူ။ ဝန်ထမ်းဘဝဆိုတော့ နေရာအတိအကျမရှိ၊ ခြေသလုံးအိမ်တိုင် ဘဝ၊ နေရာခဏခဏ ရွှေ့နေရသူ။ ကျွန် တော်တို့ ဝန်ထမ်းဘဝတွေကိုကြည့်ပြီး ပြည်မြို့သား ကဗျာဆရာ မောင်ချောနွယ်က သူ့ကဗျာစာသားတစ်နေရာမှာ ယခုလိုမျိုး ဖွဲ့ခဲ့ဖူးပါသည်။ ကဗျာခေါင်းစဉ်က "ငါ့ကို ကျားတံဆိပ် ဘီယာမတိုက်တဲ့နေ့က" တဲ့။ သူ့ကဗျာ စာသားပါ တစ်နေရာမှာသည်လို–





''လူ့ဘဝဆိုတာ၊ ခြကုန်မှာနေရသလို ခဏခဏ ရွေ့ရွေ့နေရမယ်၊ မရွေ့ရင် ခြားခံရမယ်''တဲ့။ ကျွန်တော်တို့ ဝန်ထမ်းဘဝတွေကလည်း ဆရာမောင်ချောနွယ် ပြောလည်းပြောချင်စရာ၊ ခဏခဏ ဟိုပြောင်း သည်ပြောင်း လုပ်နေရသည်ကို။ ကဗျာနှင့် တစ်ခုကွာသည်က ကျွန်တော်တို့က ကိုယ့်ဘာသာ ပြောင်းချင်လို့ ပြောင်းရတာမဟုတ်ဘဲ အထက်အမိန့်ကြောင့် ပြောင်းရသူ။ သည်တစ်ခုတော့ကွာသည်၊ ဆရာပါလေ။

ကျွန်တော် အပြောင်းအရွှေ့ကျရာ နေရာတိုင်းကို အမြဲလိုလို လိုက်ပို့သူတစ်ဦးရှိသည်။ ထိုသူမှာ အခြားမဟုတ်။ ကျွန်တော့်အဖေ။ ကျွန်တော် ဘယ်နေရာကိုကျကျ အမြဲလို ငြိငြင်မှုမရှိဘဲ လိုက်ပို့တတ်သောအဖေ။ ကျွန်တော်တာဝန်ကျရာနေရာက ကျွန်တော့်ဇာတိနှင့် မနီးမဝေးဆိုလျှင်တော့ ဆိုင်ကယ်နှင့် လိုက်ပို့တတ်သည်။ ဝေးဝေးလံလံ တစ်နေရာဆိုလျှင်တော့ အထူတ်အငိုးရွေးပြီး (Express Car) နှင့် လိုက်ပို့နေကျ။ ပြောချင်သည်မှာ ဆိုင်ကယ်နှင့်လိုက်ပို့သောအခါ ခံစားရသော ကျွန်တော့်အတွေးလေးကိုပါ။

ပဲခူးတိုင်း၊ ကဝမြို့နယ်ထဲရှိ ရွာလေးတစ်ရွာမှာ ကျွန်တော် တာဝန်ထမ်းဆောင်ရမည်ဟု အမိန့်ထွက်လာတော့ ထုံးစံအတိုင်း အဖေလိုက်ပို့ခဲ့သည်။ တစ်ရှို သောက်ဖို့ နေဖို့ အစရှိသဖြင့် သေချာနေရာတကျ စီစဉ်ပေးပြီးသွားသောအခါ အဖေပြန်သည်။ ကျွန်တော်က ဝန်ထမ်းဆိုတော့ အချိန်မရွေး အိမ်ပြန်လို့မရ။ ကျောင်းရက်ရှည်ပိတ်တဲ့ လများကျမှ ပြန်ရသည်။ ဥပမာ– သီတင်းကျွတ်ကျောင်းပိတ်ရက်၊ တန်ဆောင်တိုင်ကျောင်းပိတ်ရက်၊ နွေရာသီကျောင်းပိတ်ရက်မျိုးကျမှ ပြန်ရသည်။ အိမ်ပြန်တိုင်း အဖေ့ကို လာကြိုဖို့ အမြဲမှာဆက်သည်။ အဖေကလည်း အမြဲတမ်းလာကြိုပေးသည်။ ပိတ်ရက်စေ့သောအခါ အဖေကိုယ်တိုင်ပဲ ပြန်လိုက်ပို့ပေးသည်။ ကျွန်တော်က ဆိုင်ကယ်မောင်းတာ သိပ်မကျွမ်းကျင်တော့ အဖေကိုယ်တိုင်ပဲ မောင်းပြီးလိုက်ပို့ပေးသည်။ အဖေက ရှေ့က၊ ကျွန်တော်က ဆိုင်ကယ်နောက်က။

အဖေနှင့်အတူ ခရီးတော်တော်များများ ဆိုင်ကယ်နဲ့သွားဖူးသည်။ သွားဖူးတိုင်း ကျွန်တော် ပြောပြမည့်အတွေးတို့က ဘယ်တော့မှ ပြောင်းလဲသွားသည်မရှိ။ နေဟာ အနောက်အရပ်က ထွက်ချင်ထွက်သွားမည်၊ ကျွန်တော့်အတွေးတို့က မည်သည့်အခါမျှ တိမ်းစောင်းယိုင်လဲသွားသည်မရှိ။ သို့ဖြစ်၍ နှင့်ပြောရလျှင် ထာဝရအမှန်တရား (Absolute True)။ အဖေကိုယ်တိုင် ဆိုင်ကယ်မောင်းတိုင်း နောက်ကလိုက်စီးသူ ကျွန်တော် ဘာတစ်ခုမှ စားအရှုံးရမယ်ကျ ရောက်လိမ့်မည်မဟုတ်ဟု ယုံကြည်နေသော အတွေး။ ကြိမ်ဖန်များစွာ အဖေ့နောက်က လိုက်စီးရတိုင်း ကျွန်တော်အမြဲတွေးမိသော အတွေး။ ထူးတော့ထူးဆန်းသည်၊ ကားအစီးပေါင်းမြောက်မြားစွာ၊ ဆိုင်ကယ်အစီးပေါင်းမြောက်မြားစွာ စီးဖူးသော ကျွန်တော်က တခြားသူတွေမောင်းတာဆိုလျှင် ဘယ်လိုမှ စိတ်မချ။ မယုံကြည်ရဲ။ ပါးစပ်မှ ထုတ်မပြောသည့်တိုင် စိတ်ထဲကနေ ဘုရားစာ အကြိမ်ကြိမ် အခါခါ ရွတ်မိသည်ကအမှန်။ ကားထဲမှာ ငိုက်မြည်းဖို့၊ ဆိုင်ကယ်နောက်မှာ ငိုက်မြည်းဖို့ဆိုတာ ဝေလာဝေး။ ငိုက်မြည်းခြင်းဟာ မေ့လျော့ပေါ့ဆခြင်းတစ်ခုဖြစ်တယ်လို့ ကျွန်တော်ရှုစိုက်ရသော အကာသေးဆရာ ကို ကြည်က သူ့အက်ဆေးစာအုပ်တစ်နေရာမှာ သတိပေးထားသည်မဟုတ်ပါလား။ ထို့ကြောင့် ကျွန်တော် မငိုက်မြည်းရဲ။

သို့သော် ဘာဖြစ်သည်မသိ။ အဖေမောင်းတဲ့ ဆိုင်ကယ်ဆိုလျှင်တော့ ဘေးဘီဝဲယာကိုမကြည့်တော့ဘဲ မျက်လုံးလေးမှိတ်ပြီး လိုက်စီးနေကျ။ ဘယ်အရာတွေက

> **အဖေမောင်းတဲ့ ဆိုင်ကယ်ဆိုလျှင်တော့**
> **ဘေးဘီဝဲယာကိုမကြည့်တော့ဘဲ**
> **မျက်လုံးလေးမှိတ်ပြီး လိုက်စီးနေကျ။**
> **ဘယ်အရာတွေက ကျွန်တော့်ကို**
> **အခုလိုလုပ်ရဲအောင်**
> **တွန်းပို့နေတာပါလိမ့်။**





အဖေတွေလိုမျိုး စိတ်ချယုံကြည်မှု အပြည့်ပေးသည့် အရာတစ်မျိုး
ဤလောကမြေတစ်ခွင်မှာ ရှိသေးသည်ဟုဆိုလျှင်
စာဖတ်သူ အံ့အားသင့်သွားစေမလား။ ထိုအရာက
သက်ရှိလူသားတော့မဟုတ်။ သက်မဲ့အရာ ဝတ္ထု။ သို့သော် ...

ကျွန်တော့်ကို အခုလိုလုပ်ရဲအောင် တွန်းပို့နေတာပါလိမ့်။ ကိုယ့်စိတ်ထဲ အနည်းငယ်တော့အံ့ဩမိသည်။ အမှန်တော့ နည်းနည်းတောင်မဟုတ်ပါ။ အများကြီးပိုအံ့ဩမိသည်။ စာအုပ်စာပေတွေထဲမှာ ဖတ်ဖူးသလို၊ ပတ်ဝန်းကျင်မှာ တခြားသူတွေပြောသလို မိဘတွေဟာ သားသမီးတွေအတွက် ရှေ့က မားမားမတ်မတ် ရပ်တည်ပေးတဲ့ တံတိုင်းကြီးတစ်ခုဖြစ်နေလို့လား။ ဒါကြောင့်များ ဒီစိတ်တွေကြောင့်များ အဖေဆိုင်ကယ်မောင်းရင် ဘာအန္တရာယ်မှ ကျရောက်မှာမဟုတ်ဘူးလို့ ကျွန်တော် ထင်မြင်နေတာလား။ အဖေ့ဆိုင်ကယ်နောက်က ငိုက်မြည်းပြီးတော့တောင်လိုက်ရဲနေတာလား။ တခြားလူကို မောင်းခိုင်းဖို့မဆိုထားနှင့် ကိုယ်ကိုယ်တိုင်မောင်းလျှင်တောင် ဘယ်လိုမှမရဲ၊ မယုံကြည်။ တစ်ခုခုအတိမ်းအစောင်းဖြစ်တော့မယ်လို့ စိတ်ပူဖွဲထင်နေသူ။ ဘုရားဟောအဆိုနှင့်များ ဆန့်ကျင်နေသလား။ လူဆိုတာ မိမိကိုယ်ကိုအချစ်ဆုံး။ မိမိကိုယ်သာ မိမိကိုးကွယ်အားထားရာလို့ ဆိုထားတယ်မဟုတ်လား။ ကျွန်တော့်အဖြစ်က အခုတော့ ဘုရားအဆိုနှင့် ဗိလာ။ ကိုယ်ကိုယ်တိုင်မောင်းလျှင် ဘယ်လိုမှစိတ်မချ။ အဖေမောင်းမှ စိတ်ခိုင်းခိုင်းချပြီး စီးနိုင်သည်။ မမြင်နိုင်တဲ့ စွမ်းအားတစ်ခုခုများ အဖေ့ကိုယ်မှာ ရှိနေသလား။



## (သုံး)

အဖေတွေလိုမျိုး စိတ်ချယုံကြည်မှု အပြည့်ပေးသည့် အရာတစ်မျိုး ဤလောကမြေတစ်ခွင်မှာ ရှိသေးသည်ဟုဆိုလျှင် စာဖတ်သူ အံ့အားသင့်သွားစေမလား။ ထိုအရာက သက်ရှိလူသားတော့မဟုတ်။ သက်မဲ့အရာ ဝတ္ထု။ သို့သော် သက်ရှိနည်းတူ ယုံကြည်စိတ်ချမှုကိုပေးသည်။ ထိုအရာက တံခါးရွက်တွေ။ တိတိကျကျပြောရလျှင် ဖွင့်ထားသော တံခါးရွက်တွေမဟုတ်။ ပိတ်ထားသော တံခါးရွက်တွေ။

စာဖတ်သူသည် ညညအိပ်လျှင် တံခါးဖွင့်ပြီး အိပ်တတ်ပါသလား။ တံခါးပိတ်ပြီး အိပ်တတ်ပါသလား။ သေချာတာကတော့ အများစုသည် တံခါးပိတ်ပြီး အိပ်တတ်သူများ ဖြစ်လိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။ တခြားလူတွေတော့ ကျွန်တော်မသိ။ ကျွန်တော်ကတော့ တံခါးဖွင့်ပြီး ဘယ်လိုမှအိပ်မရ။ မအိပ်တတ်။ အိပ်မပျော်။ တစ်ခါ တံခါးဖွင့်ပြီး အိပ်ကြည့်ဖူးသည်။ ဘယ်လိုမှ အိပ်မပျော်။ ခဏခဏ လန့်နိုးသည်။ စိတ်ထဲ တစ်မျိုးကြီး။ အကြောင်းအရင်းကို တိတိကျကျ ရှာလို့မရ။ ဖွင့်ထားတဲ့တံခါးကနေ

တစ်စုံတစ်ယောက်လာပြီး ကိုယ့်ကို ဒုက္ခလာပေးသွားမလား စသဖြင့် ပူပန်မိပြီး ဘယ်လိုမှ အိပ်လို့မရ။

နောက်ဆုံး ခဏခဏလန့်နိုးနေရသည့် ကိုယ့်အဖြစ်ကိုသနားပြီး တံခါးထပိတ်လိုက်ရတော့သည်။ ပြီး အိပ်ရာဝင်သည်။ တစ်ရေးတည်း။ နံနက်မိုးသောက်မှ အိပ်ရာကနိုးသည်။ ထူးတော့ထူးဆန်းသည်။ တံခါးဖွင့်ပြီး အိပ်တုန်းက ဘယ်လိုမှအိပ်မရတဲ့ ကျွန်တော်က တံခါးပိတ်ပြီးအိပ်တော့ ခဏလေးနဲ့အိပ်ပျော်သွားသည်။ တံခါးထပိတ်လိုက်တော့မှ လုံခြုံသွားသည်ဟု ကိုယ့်ဘာသာကိုယ် ခံစားမိသည်။ တံခါးပိတ်မထားမချင်း လိပ်ပြာမလုံ။ တစ်နည်းအားဖြင့် လိပ်ပြာမလုံချင်။ တံခါးပိတ်ထားခြင်းကြောင့် ဘာဖြစ်လို့များ ကိုယ့်ကိုယ်ကိုယ် စိတ်ချလုံခြုံအေးချမ်းသွားပြီလို့ ယူဆရပါသလဲ။ ယုံကြည်စိတ်ချရလို့ ကျွန်တော်က အခန်းထဲမှာ အိပ်တောင် နေသေး။ ကျွန်တော့်လို စိတ်ခံစားချက်မျိုး စာဖတ်သူတွေမှာလည်း ရှိလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။ မမြင်နိုင်တဲ့ စွမ်းအားတစ်ခုခုများ တံခါးတွေမှာ ရှိနေသလား။

(လေး)

ကျွန်တော်ချစ်ခင်လေးစားသော အက်ဆေးဆရာကြီးတစ်ဦးက အချို့ အလှတရားများသည် တိမ်းစောင်းသွားခြင်းကြောင့် ပိုလှသွားသည်ဟု သူ့အက်ဆေးတစ်ပုဒ်ထဲမှာ




အသေအချာထည့်သွင်းခဲ့ဖူးပါသည်။ ကျွန်တော် တွေးကြည့်မိသည်။ အဖေတွေနှင့် တံခါးရွက်တွေမှာရှိတဲ့ ဘယ်လိုအလှတရားတွေကြောင့်များ ကျွန်တော်တို့ရဲ့စိတ်တွေက သူတို့အပေါ် မသိသလိုလိုနဲ့ သိသိသာသာကြီးကို တိမ်းစောင်းသွားရတာပါလိမ့်။ အဖေတွေနှင့် ပိတ်ထားတဲ့တံခါးရွက်တွေတွေကြောင်း ကျွန်တော် အမည်နာမတစ်ခု ရေးထိုးချင်ပါသည်။ သို့သော်——ကျွန်တော့် စုတ်ချက် မပီပြင်မှာ၊ မပေါ်လွင်မှာစိုးတဲ့ အတွက် မရေးထိုးလိုတော့ပါ။

မည်သို့ဆိုစေ-----ကျွန်တော့်ဘက်က သေသေချာချာပြောလိုသည့် အချက်တစ်ချက်တော့ ရှိပါသည်။

နိဒါန်းတစ်နေရာမှာ ကျွန်တော်ပြောခဲ့သလို ကမ္ဘာပေါ်မှာရှိတဲ့ အဖေတိုင်းဟာ သူတို့ သားသမီးတွေအတွက် အိမ်တစ်အိမ်မှာ လုံခြုံမှုကိုပေးနိုင်တဲ့ ပိတ်ထားတဲ့တံခါးရွက်တွေနဲ့ တူတယ်လို့ဆိုထားတဲ့ ကျွန်တော့်အဆိုကို စာဖတ်သူ ကျေကျေနပ်နပ်ကြီး သဘောတူလိမ့်မည်ဟု ထင်ပါသည်။

စာနည်စိုး





■ ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)

# ဆယ်ကျော်သက်လူငယ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်



ယနေ့အချိန်အခါတွင် ဆယ်ကျော်သက်လူငယ်များသည် မူးယစ်ဆေးဝါးမျိုးစုံကို သုံးစွဲနေကြပါသည်။ တစ်ကိုယ်တည်း အထီးကျန်ဖြစ်နေခြင်း၊ စိတ်ရွှင်လန်းချမ်းမြေ့မှု မရှိခြင်းနှင့် ပျော်ရွှင်သောဘဝကို အပြည့်အဝမရရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ အချို့သော လူငယ်များသည် မူးယစ်ဆေးဝါးကို သုံးစွဲနေသော ခေတ်မီသူများ၊ အဆိုတော်များနှင့် အနုပညာရှင်များကို အားကျ၍လည်း သုံးစွဲကြပါသည်။ ဆယ်ကျော်သက်လူငယ်များ၏မိဘများ၊ ဆရာများ၊ ဆွေမျိုးနီးစပ်သူများနှင့် အပေါင်းအသင်းမိတ်ဆွေများ စသည်တို့သည် အရက်သောက်ခြင်း၊ ဘိန်းရှူခြင်း၊ ဆေးလိပ်



စိတ်လိုက်မာန်ပါ ဒေါသထွက်ပြီး ရိုက်ပွဲများ၊ ချိန်းပွဲများ ကျင်းပကြပါသည်။ ကားပြိုင်ပွဲများ ပြုလုပ်ကြပါသည်။ ပညာရေးကို အဓိကမထား၊ ပျော်ရွှင်ရေးကိုသာ အဓိကထားလာပါသည်။ ဘဝရည်မှန်းချက်ပန်းတိုင်ကိုလည်း ရောက်ရှိအောင် ကြိုးစားချင်စိတ်များလည်း မရှိကြပါ။ ဆိုးကျိုးအနေဖြင့် မူးယစ်ဆေးဝါးကိုသာ အပြိုင်အဆိုင်သုံးစွဲတတ်သည် . .





သောက်ခြင်း၊ ကော်ရှူခြင်းနှင့် ကွမ်းစားခြင်းများ ပြုလုပ်ကြပါသည်။ ၎င်းတို့အား ကြည့်၍ လက်တည့်စမ်းသည့်သဘောဖြင့်လည်း သုံးစွဲခြင်းကြောင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ခံစားနေရပါသည်။ မူးယစ်ဆေးဝါး အန္တရာယ်ကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးခြင်း၊ တရားဥပဒေအရ အရေးယူခံရခြင်း၊ ကိုယ်ကျင့်တရား ပျက်ပြားခြင်း၊ ပညာရေး ထိခိုက်ခြင်း၊ မိသားစုအ စီးပွားရေးကို ထိခိုက်စေခြင်းနှင့် လူမှုရေးကိစ္စများအား အနှောင့်အယှက်ဖြစ်ခြင်းများ ကြုံတွေ့နေရပါသည်။

ဆယ်ကျော်သက်လူငယ်များသည် မူးယစ်ဆေးဝါးသုံးစွဲမှုမှာ တစ်နေ့တစ်ခြား များပြားလာပါသည်။ ကျောင်းသားလူငယ် ကလေးများသည် ကျောင်းသို့မသွားဘဲ ဆေးလိပ်ကိုစုဖွဲ့သောက်ခြင်း၊ အရက် ကလေး တမြမြဖြစ်လာခြင်း၊ စက်ဘီးနှင့် ဆိုင်ကယ်များ၏ဘီးများကိုဖာရာတွင် အသုံးပြုသော ကော်များ၊ သုံးထပ်သား၊ ငါးထပ်သားများကပ်ရာတွင် အသုံးပြုသော ကော်များကို ရှူကြခြင်း၊ ကျောင်းပတ်ဝန်းကျင်တွင် တိတ်တဆိတ်ရောင်းချရာ မူးယစ်ဆေးဝါးကို သုံးစွဲခြင်းများကို တွေ့ရှိနေရပါသည်။ အနာဂတ်၏ ရင်လေးစရာဘဝများကို စိတ်မကောင်းစွာ ကြုံတွေ့နေရပါသည်။

မူးယစ်ဆေးဝါးသုံးစွဲခြင်းအကြောင်း အရင်းများစွာ ရှိနိုင်ပါသည်။ အပေါင်းအသင်းများ၏ ဖိအားပေးမှု၊ စေ့ဆော်မှုနှင့် ဆွဲဆောင်မှုဒဏ်ကို မခံနိုင်ခြင်း၊ စမ်းသပ်လိုသောသဘောဖြင့် သုံးစွဲရာမှ သုံးစွဲခြင်း၊ စိတ်ခေတ်ကျဆင်းမှုကို ဖုံးကွယ်လိုသောသဘောဖြင့် သုံးစွဲခြင်း၊ မိမိကိုယ်ကိုယ် ယုံကြည်မှုမရှိခြင်း၊ မိဘ၊ အုပ်ထိန်းသူများကို ဆန့်ကျင်လိုခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲပါက ပေါင်းသင်းဆက်ဆံရေးတွင် အဆင်ပြေကောင်းမွန်သည်ဟု ယူဆခြင်းနှင့် စမ်းသပ်သောက်သုံးရာမှ ကြိုက်နှစ်သက်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ယခုခေတ် ဆယ်ကျော်သက်လူငယ်များသည် စည်းကမ်းပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ရှိသေမှုပိုင်းဆိုင်ရာများ တဖြည်းဖြည်း အားနည်းလာပါသည်။ နိုင်ငံခြားယဉ်ကျေးမှုကို အထင်ကြီးကြပါသည်။ စည်းကမ်းသည် လူ့တန်ဖိုးဆိုသည့်အတိုင်း စည်းကမ်းသေဝပ်မှု အားနည်း၍ မိမိကိုယ်ကိုယ် ထိန်းချုပ်နိုင်စွမ်းအားနည်းလာပါသည်။ တာဝန်သိခြင်း၊ တာဝန်ရှိခြင်း၊ တာဝန်ယူခြင်းနှင့် တာဝန်ကျေပွန်ခြင်းများလည်း ကင်းမဲ့လာပါသည်။ ယရာဟိတလုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်မှု နည်းလာပါသည်။ အတ္တကို ရှေ့တန်းတင်ဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်နှင့် ဆက်ဆံရာတွင် အဆင်မပြေဖြစ်လာပါသည်။ မိမိ၏ ကိုယ်ကျိုးကို ရှေ့ရှုလာကြပါသည်။ ပျော်ရွှင်သာယာမှုကို အပြိုင်အဆိုင်ရှာဖွေကြပါသည်။ ရှိုးပွဲများ၊ ကလပ်များ၊ တီးမှုတ်ကခုန်ပွဲများတွင် သွားထက်ငါဦးစွာ သွားနေကြပါသည်။ စိတ်လိုက်မာန်ပါ ဒေါသထွက်ပြီး ရိုက်ပွဲများ၊ ချိန်းပွဲများ ကျင်းပကြပါ

**ဆယ်ကျော်သက်လူငယ်များသည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့် ခေတ်နှင့်အညီ လိုအပ်ချက်များ များပြားလာသည့်အတွက် မိမိဘဝကို မကျေမနပ် ဖြစ်လာပါသည် ။ လက်ရှိအခြေအနေကို မကျေနပ်ဘဲ အခြားလူငယ်များကိုသာ အားကျလာပါသည်။ ချမ်းသာလိုကြပါသည်။ ထို့ကြောင့် . . .**





သည်။ ကာနီဗြိုင်ပွဲများ ပြုလုပ်ကြပါသည်။ ပညာရေးကို အဓိကမထား။ ပျော်ရွှင်ရေးကိုသာ အဓိကထားလာပါသည်။ ဘဝရည်မှန်းချက်ပန်းတိုင်ကိုလည်း ရောက်ရှိအောင် ကြိုးစားချင်စိတ်များလည်း မရှိကြပါ။ ဆိုးကျိုးအနေဖြင့် မူးယစ်ဆေးဝါးကိုသာ အပြိုင်အဆိုင်သုံးစွဲတတ်သည့်အခြေအနေ ရောက်ရှိသွားပါသည်။

ဆယ်ကျော်သက်လူငယ်များသည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့် ခေတ်နှင့်အညီ လိုအပ်ချက်များ များပြားလာသည့်အတွက် မိမိဘဝကို မကျေမနပ်ဖြစ်လာပါသည်။ လက်ရှိအခြေအနေကို မကျေနပ်ဘဲ အခြားလူငယ်များကိုသာ အားကျလာပါသည်။ ချမ်းသာလိုကြပါသည်။ ထို့ကြောင့် မူးယစ်ဆေးဝါး ဖယ်ယူရောင်းချရေးသမားများနှင့်ဆက်သွယ်၍ အလုပ်လုပ်ကြပါသည်။ မိမိကိုယ်တိုင် မူးယစ်ဆေးဝါး၏သားကောင်ဖြစ်မှန်းမသိ ဖြစ်လာကြပါသည်။ ကျန်းမာရေးကိုထိခိုက်ခြင်း၊ အမှုအခင်းများ ကျူးလွန်ခြင်းများ ဖြစ်လာတတ်ပါသည်။

ဆယ်ကျော်သက်လူငယ်များသည် ပညာရေး၊ စီးပွားရေးများအပြင် အခြားအကြောင်းအရာများကို စိတ်ဝင်စားမှုမရှိဘဲ မူးယစ်ဆေးဝါးကိုသာ သုံးစွဲလာပါသည်။ စိတ်ရောကိုယ်ပါပေါင်းရမည့် မိတ်ဆွေအစစ်များလည်း နည်းပါးပြီး စိတ်ပေါင်းကိုယ်ခွာရမည့် အပေါင်းအသင်းများသာ ရှိလာပါသည်။ ထိုအပေါင်းအသင်းများ၏ လွှမ်းမိုးခြယ်လှယ်မှုကို အလွယ်တကူခံရပြီး မူးယစ်ဆေးဝါးကို အဖော်ပြုလာတတ်ပါသည်။

မိဘ/အုပ်ထိန်းသူများသည် မိမိ၏ဆယ်ကျော်သက်လူငယ်များ၏ မူးယစ်ဆေးဝါးသုံးစွဲသည့် လက္ခဏာများကို သိရှိထားသင့်ပါသည်။ ဆယ်ကျော်သက်လူငယ်များ မူးယစ်ဆေးသုံးစွဲနေပါက ကျောင်းပညာရေး၊ အားကစားလှုပ်ရှားမှုများနှင့် အခြားဝါသနာပါသော လုပ်ငန်းများတွင် စိတ်ဝင်စားမှု လျော့နည်းလာပြီး အကျင့်စာရိတ္တများ ယိုယွင်းပျက်စီးလာပါသည်။ အရက်၊ ဆေးလိပ်နှင့် ကွမ်းယာအနံ့များထွက်လာခြင်း၊ အရက်ပုလင်း၊ ဆေးလိပ်နှင့် ကွမ်းယာများ



ကို ဝှက်ထားတတ်ခြင်း၊ မူးယစ်ဆေးနှင့် ဆက်စပ်ပစ္စည်းများကို ကိုင်တွယ်တတ်ခြင်း များ ပြုလုပ်လာတတ်ပါသည်။


မူးယစ်ဆေးဝါးသုံးစွဲသူ လူငယ်များသည် ကျန်းမာရေးချို့ယွင်းလာခြင်း၊ မကြာခဏ အအေးမိလွယ်ခြင်း၊ ဂဏှာမငြိမ်ဖြစ်နေခြင်း၊ မျက်လုံးများနီနေခြင်း၊ အစားအသောက်များ နည်းလာတတ်သကဲ့သို့ များစွာ စားခြင်းများ ရှိတတ်ခြင်းနှင့် ခန္ဓာကိုယ်ပြောင်းလဲမှုများရှိခြင်းတို့ ခံစားရနိုင်ပါသည်။ ထို့အပြင် အကြမ်းဖက်လိုသောစိတ်များ ရှိခြင်း၊ စိတ်ဓာတ်လွန်စွာကျလာခြင်း၊ အမူအကျင့်များပြောင်းလာခြင်း၊ အိမ်မှ ထွက်ပြေးလိုစိတ်များ ဖြစ်လာခြင်း၊ ကျောင်းစာတွင် စိတ်မဝင်စားခြင်း၊ တစ်ယောက်တည်း သီးခြားနေတတ်ခြင်း၊ မိမိ မိသားစု၊ ဆွေမျိုး၊ အပေါင်းအသင်းများ ခသည့်ရင်းနှီးသူများနှင့် ရှောင်နေတတ်ခြင်း၊ မိသားစုအား လိမ်လည်ပြောဆိုကာ ဆင်ခြေပေးပြီး ကတိမတည်တတ်ခြင်း၊ အကျင့်စာရိတ္တများပျက်ပြားကာ အိမ်မှငွေကြေးများ ခိုးယူခြင်း၊ အခြားသူများထံမှ လုယက်၊ ခိုးဝှက်တတ်ခြင်းများ ဖြစ်လာတတ်ပါသည်။

ဆယ်ကျော်သက်လူငယ်များအား မူးယစ်ဆေးဝါးမှ ကင်းဝေးအောင် လူတိုင်းမှ ဆောင်ရွက်ရပါမည်။ အပေါင်းအသင်းမများစေရန် စိတ်ချရသူများနှင့်သာ ပေါင်းစေရပါမည်။ စိတ်ဝင်စားသောကိစ္စများကို အားပေးကူညီရပါမည်။ အားကစားတစ်ခုခုလုပ်နိုင်းရပါမည်။ ဆယ်ကျော်သက်လူငယ်များအား သီးခြားဘေးဖယ်မထားဘဲ ကောင်းမွန်စွာ ဆက်ဆံပေးရပါမည်။ မူးယစ်ဆေးဝါးသုံးစွဲသူ၊ အရက်စွဲသူ ဆယ်ကျော်သက်လူငယ်များကို အားမကျဘဲ ဘဝအတွက် ကောင်းမွန်သူများကိုသာ အားကျစေရပါမည်။ မိမိဘဝရည်မှန်းချက်ပန်းတိုင်ရောက်ရှိအောင် စည်းကမ်းနှင့်နေတတ်သူ ဖြစ်အောင် ပြုပြင်ပေးရပါမည်။ ပတ်ဝန်းကျင်၏ ဆွဲဆောင်မှု၊ သိမ်းသွင်းမှုမခံရလေအောင် ဆုံးမသွန်သင်ထားရပါမည်။ မူးယစ်ဆေးဝါး၏ ဆိုးကျိုးကိုလည်းသိရှိအောင် ပညာပေးသင့်ကြောင်း အကြံပြုအပ်ပါသည်။




**ဒေါက်တာမြင့်သန်းထွန်း**
**(ပြည်သူ့ကျန်းမာရေး)**

## အပိုးနည်း ဝန်ပါ



စမစ်(Smith) ။ ကျွန်တော့်အမျိုးသမီး အတော်လေးနေမကောင်းဖြစ်လို့ ဆေးခန်းသွားပြတယ်၊ ဆရာဝန်က ပင်လယ်တက်ခမိုးတွက်ပြီး ပင်လယ်လေကို ရှုရှိုင်းတယ်၊ ကျွန်တော့်မှာ ပိုက်ဆံမရှိတော့ တစ်မျိုးစီစဉ်လိုက်ရတယ်၊

ဘလိတ်(Blake) ။ မင်းက ဘယ်လိုစီစဉ်လိုက်တာတုံး။

စမစ်(Smith) ။ ပင်လယ်လေရဖို့ အဝိကာမို ကျွန်တော်က ပင်လယ်ငါးတစ်ကောင်ဝယ်ပြီး အိုဒါနဲ့ ယပ်ခပ်ပေးလိုက်တယ်။

**မောင်သီဟ**

City MAGAZINE

# ငလျင် သို့မဟုတ် လျှပ်တစ်ပြက်ရန်သူ

အပိုင်း(၂)

သိပ္ပံစာရေးဆရာကိုကိုအောင်




ငလျင်လှုပ်မည့်အရေးကို လူတို့က ကြိုတင်မသိရှိနိုင်၊ မခန့်မှန်းနိုင်ကြသေးသော်လည်း တိရစ္ဆာန်မျိုးစိတ်အချို့က အာရုံခံစား၍ ကြိုတင်သိရှိနိုင်သည်ဆိုသော ယူဆချက်များလည်း ထွက်ပေါ်လာခဲ့သည်။ သာဓကအားဖြင့် အီတလီနိုင်ငံ အယ်လ်အကွီလာမြို့၌ ငလျင်မလှုပ်မီ ထောင်နှင့်ချီသော ဖားများ လမ်းပေါ်သို့ တက်ရောက်လာခဲ့ကြသလို၊ တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ ငလျင်မလှုပ်မီ ရာပေါင်းများစွာသောမြွေများ မြေပြင်ပေါ်သို့ တက်ရောက်လာခဲ့ကြခြင်းများကို ကြုံတွေ့ခဲ့ကြရသည်။

ငလျင်လှုပ်ခါနီးဆဲဆဲတွင် ဘူမိဆိုင်ရာ လှုပ်ရှားမှုများကြောင့် မြေအောက်ရေအပါအဝင် ဒြပ်စင်များအပြောင်းအလဲဖြစ်သည့်အပေါ် တိရစ္ဆာန်အချို့က အာရုံခံသိရှိနိုင်ကြသည်ဟု သုတေသီအချို့က ယုံကြည်ခဲ့ကြသည်။ ငလျင်လှုပ်ရန် နာရီပိုင်းခန့်အလို၌ နွားများ ဂဏှာမငြိမ်ဖြစ်လာခြင်း၊ ခွေးများ အုပ်စုလိုက်အူခြင်း၊ ငှက်များအသိုက်ပြောင်းရွှေ့ခြင်း၊ စင်ရော်များ မြေပြင်ပေါ်၌ ပျံသန်းနေရာမှ ကုန်းပေါ်သို့ အုပ်စုလိုက် ဦးတည်ပျံသန်းခြင်း၊ မိကျောင်းများ ခေါင်းထောင်လာခြင်း၊ ဝက်များ ဆောက်တည်ရာမရဘဲ အော်မြည်ပြေးလွှားခြင်း စသော ထူးခြားသည့်အပြုအမူများသည် အချို့သော ငလျင်များနှင့်တိုက်ဆိုင်ခဲ့သည်ကို သုတေသီအချို့က သတိပြုမိခဲ့ကြသည်။

သို့ရာတွင် တိရစ္ဆာန်အချို့၏ ထူးခြားသော အပြုအမူများသည် ငလျင်လှုပ်တော့မည့် ရှေ့ပြေးနိမိတ်များဖြစ်သည်ဆို





သော နိုင်လုံတိကျသည့် ထုတ်ပြန်ချက်မျိုးကို လုပ်ဆောင်နိုင်ခြင်း မရှိကြသေးပေ။ အဘယ်ကြောင့်ဆိုသော် သုတေသနပြု စမ်းသပ်ချက် အကြိမ်ပေါင်းများစွာတွင် အနည်းစုကသာ တိုက်ဆိုင်မှန်ကန်ပြီး အများစုကမူ ငလျင်လှုပ်ခြင်းနှင့် တိုက်ဆိုင်မှု မရှိကြသောကြောင့်ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် နွားများနှင့်စမ်းသပ်သည့် သုတေသနကဲ့သို့သော စမ်းသပ်ချက်အများအပြားက ထိုယူဆချက်များ မှန်ကန်ခြင်းမရှိကြောင်းကို ထောက်ပြခဲ့ပြီးဖြစ်သည်။

ငလျင်လှုပ်မည့်အရေးကို တိကျစွာကြိုတင်ခန့်မှန်းခြင်း မပြုနိုင်သေးသည့်အတွက် ငလျင်ကြောပေါ်၌ ကျရောက်နေသည့် မြို့ရွာများနှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် ငလျင်ကြောင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသော ပျက်စီးဆုံးရှုံးမှုများကို လျော့ပါးသက်သာအောင် ကြိုကြိုတင်တင် စီမံဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ငလျင်ဘေးအန္တရာယ်ကို ကြိုတင်တွေးဆပြီး ပူပင်သောကပွားနေကြရန် မလိုအပ်သော်လည်း လျှပ်တစ်ပြက်ရန်သူနှင့်တူသော ငလျင်ဘေးကိုမူ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆမနေသင့်ကြပေ။ အထူးသဖြင့် ငလျင်လှုပ်ခဲ့ဖူးသော မြို့ရွာဒေသများ၊ ငလျင်လှုပ်ခဲ့ဖူးခြင်းမရှိသည့်တိုင် ငလျင်ကြောအတွင်း ကျရောက်နေသည့် မြို့ရွာဒေသများသည် ငလျင်အန္တရာယ်ကို ကြုံတွေ့ကြရနိုင်သော နေရာများပင်ဖြစ်ကြသည်။

နိုင်လုံသော အထောက်အထားများအရ မြန်မာနိုင်ငံ၏သမိုင်းတွင် အများဆုံးကြုံတွေ့ခဲ့ရသော သဘာဝဘေးအန္တရာယ်မှာ ငလျင်ဖြစ်သည်ကို သိရှိထားကြရန် လိုအပ်သည်။ မြန်မာနိုင်ငံ၏ သဘာဝအတားအဆီးများသည် အခြားသော သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်ခဲ့သည့်





တိုင် ငလျင်၏ထိုးနှက်မှုများကိုမူ ခါးစည်းခံခဲ့ကြရကြောင်း အတိတ်ဖြစ်ရပ်များစွာတို့က သက်သေပြလျက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လှုပ်ခဲ့ဖူးသော မြေငလျင်ပေါင်းများစွာတို့သည် အနာဂတ်ကာလတွင် မြန်မာနိုင်ငံသားအားလုံးတို့ကို မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြရန် သတိပေးထောက်ပြလျက်ရှိနေကြသည်။

မြန်မာနိုင်ငံတွင် လှုပ်ခဲ့သော ငလျင်အကြိမ်ရေများစွာအနက် ထူးထူးခြားခြား ပျက်စီးဆုံးရှုံးမှုများပြားခဲ့သည့် ငလျင်အချို့ကို လေ့လာသုံးသပ်ကြည့်ရန် လိုအပ်မည်ဖြစ်သည်။ ၁၇၆၂ ခုနှစ်၊ ဧပြီလ ၂ ရက်က ရခိုင်ပြည်နယ်၌လှုပ်ခဲ့သော မာကယ်လီစကေး အဆင့် ၉ ရှိသည့် ငလျင်ကြီးသည် ရခိုင်ကမ်းခြေ ကုန်းမြေအစိတ်အပိုင်းအချို့ကို ပင်လယ်ရေအောက်သို့ ရောက်ရှိသွားစေခဲ့သည်။

**မြန်မာနိုင်ငံ၏သမိုင်းတွင် အများဆုံးကြုံတွေ့ခဲ့ရသော သဘာဝဘေးအန္တရာယ်မှာ ငလျင်ဖြစ်သည်ကို သိရှိထားကြရန် လိုအပ်သည်။ မြန်မာနိုင်ငံ၏ သဘာဝအတားအဆီးများသည် အခြားသော သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်ခဲ့သည့်တိုင် ငလျင်၏ထိုးနှက်မှုများကိုမူ . . .**



တန်ဖိုးမဖြတ်နိုင်သည့်
ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်
တရင်းဝင် စေတီပုထိုးများကို
ပြိုလဲစေခဲ့သည့်အတွက်
ကမ္ဘာကျော် လူသိများသော
ငလျင်တစ်ခုဖြစ်ခဲ့သည်။
အဆိုပါ ငလျင်သည်
ဧရာဝတီမြစ်ရေ စီးဆင်းနေမှုကို
ခေတ္တတုံ့ဆိုင်းသွားစေခဲ့ပြီး

၁၈၃၉ ခုနှစ်၊ မတ်လ ၂၃ ရက်က အင်းဝ၌လှုပ်ခတ်ခဲ့သော မာကယ်လီစကေး အဆင့် ၉ ရှိ ငလျင်ကြီးသည် လူပေါင်း ၃၀၀ ကျော်ကို အသက်ဆုံးရှုံးစေခဲ့သည်။ အမရပူရတစ်မြို့လုံးကို ပျက်သုဉ်းစေခဲ့ပြီး ဧရာဝတီမြစ်ရေကိုပင် ခေတ္တခဏမျှ ပြောင်းပြန်စီးဆင်းစေခဲ့သည်။

၁၈၅၈ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်က ပြည်မြို့၌လှုပ်ခဲ့သည့် မာကယ်လီစကေး အဆင့် ၈ ရှိသည့် ငလျင်ကြီးသည် အဆောက်အဦများစွာကို ဖျက်ဆီးခဲ့ပြီး စေတီတော်အချို့ကို ပြိုလဲစေခဲ့သည်။ ဧရာဝတီမြစ်ရေကို တစ်ခဏမျှ ပြောင်းပြန်စီးဆင်းစေခဲ့ပြီး မြစ်အောက်ကြမ်းပြင်များကိုလည်း အပေါ်သို့ကြွတက်လာစေခဲ့သည်။

၁၉၃၀ ပြည့်နှစ်၊ မေလ ၅ ရက်က ပဲခူးမြို့၌လှုပ်ခဲ့သော မာကယ်လီစကေး အဆင့် ၁၀ ရှိသည့် ငလျင်ကြီးသည် ပဲခူးတစ်မြို့လုံးကို သုသာန်တစပြင်ကဲ့သို့ ဖြစ်သွားစေခဲ့သည်။ အဆောက်အဦအားလုံးနီးပါးကို ပြိုကျစေခဲ့ပြီး လူပေါင်း ၅၀၀ ကျော်ကို အသက်ဆုံးရှုံးစေခဲ့သည်။ ကမ္ဘာ့အမြင့်ဆုံးစေတီတော်မြတ်ဖြစ်သည့် ရွှေမော်ဓောစေတီတော်ကို ပြိုကျစေခဲ့ပြီး စိန်ဖူးတော်ကို ပြုတ်စေခဲ့သည်။

၁၉၁၂ ခုနှစ်၊ မေလ ၂၃ ရက်က ပြင်ဦးလွင်၌လှုပ်ခဲ့သော ငလျင်ကြီးသည် ပြင်ဦးလွင်နှင့် ရှမ်းပြည်နယ်အကြားရှိ တောင်အများအပြားကို ပြိုကျသွားစေခဲ့သည်။ ထိုအင်အားပြင်း ငလျင်ကြီးသည် မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ မိတ္ထီလာ၊ မကွေးစသော မြို့များကိုပါ တုန်ခါသွားစေခဲ့သလို ထိုင်းနိုင်ငံမြောက်ပိုင်းအထိပင် တုန်ခါမှုများကို သက်ရောက်သွားစေခဲ့သည်။

၁၉၅၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၃ရက်က ပူတာအို၌လှုပ်ခဲ့သော ငလျင်ကြီးသည် ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေတို့ကို တောင်မှမြောက်သို့ ပြောင်းပြန်စီးဆင်းသွားစေခဲ့သည်။ ၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်က စစ်ကိုင်း၌လှုပ်ခဲ့သော မာကယ်လီစကေး အဆင့် ၉ ရှိသည့် ငလျင်ကြီးသည်





မန္တလေးမြို့ပေါ်ရှိ အဆောက်အဦဟောင်းများကို ပြိုကျစေခဲ့ပြီး လူ ၅၀ နီးပါးကို အသက်ဆုံးရှုံးသွားစေခဲ့သည်။ အဆိုပါ အင်အားပြင်းငလျင်ကြီးသည် စစ်ကိုင်းတံတားကြီးကိုပါ နေရာအနည်းငယ် ရွေ့သွားစေခဲ့သည်။

၁၉၇၀ ပြည့်နှစ်၊ စက်တင်ဘာလ ၉ ရက်က ရန်ကုန်မြို့၌လှုပ်ခဲ့သည့် မာကယ်လီစကေး အဆင့် ၇ ခန့်ရှိ ငလျင်သည် တိုက်တာအဆောက်အဦ ၆၀ ကျော်ကို ကွဲအက်သွားစေပြီး လူ ၄ဦးကို ဒဏ်ရာရရှိစေခဲ့သည်။ ကမ္ဘာ့အထင်ရှားဆုံး စေတီတော်မြတ်ဖြစ်သည့် ရွှေတိဂုံစေတီ၏ စိန်ဖူးတော်ကိုပါ ယိုင်နဲ့သွားစေခဲ့သည်။ လူအသေအပျောက်မရှိသော်လည်း ထူးခြားသည့်အချက်မှာ ထိုငလျင်မတိုင်မီ အကြိုငလျင်ငယ်များနှင့် နောက်ဆက်တွဲငလျင်ငယ်များ အကြိမ်ရေများစွာ လှုပ်ခဲ့ခြင်းပင်ဖြစ်သည်။

၁၉၇၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်က ပုဂံ-ညောင်ဦးဒေသ၌ လှုပ်ခဲ့သော ရစ်ချ်တာစကေး ၆.၈ ရှိသည့် ငလျင်သည် လူနှစ်ဦးမျှကိုသာ အသက်ဆုံးရှုံးစေခဲ့သော်လည်း တန်ဖိုးမဖြတ်နိုင်သည့် ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်စာရင်းဝင် စေတီပုထိုးများကို ပြိုစေခဲ့သည့်အတွက် ကမ္ဘာကျော် လူသိများသော ငလျင်တစ်ခုဖြစ်ခဲ့သည်။ အဆိုပါ ငလျင်သည် ဧရာဝတီမြစ်ရေ စီးဆင်းနေမှုကို ခေတ္တတုံ့ဆိုင်းသွားစေခဲ့ပြီး မင်းဘူးရွှေ့မီးတောင်အနီးရှိ ကျောက်ခင်းလမ်းမကြီးကို နှစ်ပေခန့်မြင့်တက်သွားစေခဲ့သည်။



မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အကြိမ်ပေါင်းများစွာလှုပ်ခဲ့သော ငလျင်များကြောင့် ငလျင်ဇုန်ရပ်ဝန်းများလည်း အများအပြား ပေါ်ထွက်လာခဲ့သည်။ စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အထက်ပိုင်း၌ရှိသော အထက်မြန်မာပြည် ငလျင်ဇုန်ရပ်ဝန်း၊ စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အောက်ပိုင်း၌ရှိသော အောက်မြန်မာပြည် ငလျင်ဇုန်ရပ်ဝန်း၊ အရှေ့မြောက်ဒေသ ငလျင်ဇုန်ရပ်ဝန်း၊ အန်ဒမန်ပင်လယ်ပြင် ငလျင်ဇုန်



ရပ်ဝန်း စသည်ဖြင့် ဖြစ်ပေါ်လာခဲ့ပြီး လေျှင်ဇုန်ရပ်ဝန်း တစ်ခုချင်းစီ၏အတွင်း၌ ပြည်နယ်နှင့်တိုင်းများအလိုက် ဒေသအများအပြား ပါဝင်လျက်ရှိနေကြသည်။

လေျှင်သည် ရှောင်လွှဲ၍မရနိုင်သော သဘာဝဘေးဆိုးကြီးတစ်ခုဖြစ်သည့်အတွက် လေျှင်ကြောင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသည့် ဘေးအန္တရာယ်အသွယ်သွယ်တို့ကို အတတ်နိုင်ဆုံး လျော့ပါးသက်သာအောင် ကြိုတင်စီမံ ဆောင်ရွက်ကြရမည်သာဖြစ်သည်။ စံသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော အရည်အသွေးနိမ့် အဆောက်အဦများနှင့် တံတားများ၊ ခေတ်ပြုပေါက်ကွဲစေနိုင်သော ဓာတုပစ္စည်း၊ သိုလှောင်ရုံများ၊ ဓာတ်ဆီဆိုင်များ၊ သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များ၊ စနစ်တကျဆောက်လုပ်တပ်ဆင်ထားခြင်း မရှိသော လျှပ်စစ်ဓာတ်အားပေး စက်ရုံများနှင့် ဓာတ်အားခွဲရုံများ စသည်တို့သည် လေျှင်ဘေးနှင့် ကြုံတွေ့ရသည့်အခါ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို ကြီးမားစွာဖြစ်ပေါ်စေနိုင်သော အရာများဖြစ်ကြသည်။

သို့ဖြစ်၍ အင်အားပြင်းလေျှင်များ၏ ဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိသော အဆောက်အဦများကို ခေတ်သစ်နည်းပညာများဖြင့် ဆောက်လုပ်နေထိုင်ခြင်း၊ ဓာတ်ဆီဆိုင်နှင့်သဘာဝဓာတ်ငွေ့အရောင်းဆိုင်များကို လူနေအိမ်များနှင့် အလှမ်းဝေးရာ၌သာ ဖွင့်လှစ်ရောင်းချစေခြင်း၊ ဓာတုပစ္စည်း သိုလှောင်ရုံများကို လူနေရပ်ကွက်နှင့် ဝေးရာ၌သာထားရှိခြင်း၊ လျှပ်စစ်ဓာတ်အားပေး စက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ လျှပ်စစ်ဓာတ်တိုင်များနှင့် ထရန်စဖော်မာများ စသည်တို့သည် လေျှင်ဒဏ်ခံနိုင်အောင် စနစ်တကျတွက်ချက်တည်ဆောက် တပ်ဆင်ထားခြင်း၊ လေျှင်ဘေးကျရောက်သည့်အခါ လုပ်ဆောင်ရမည့် နည်းလမ်းများကို အများသူငါတို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ကြိုတင်နှိုးဆော်သတိပေးထားခြင်း၊ လေျှင်၏သဘောသဘာဝများကို ကောင်းစွာသိရှိအောင် ပညာပေးပို့ချခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်အောင် လေ့ကျင့်သင်တန်းပေးထားခြင်း စသည်တို့သည် လေျှင်ဘေးကြုံရသည့်အခါ ထိခိုက်ပျက်စီးမှုနှင့် အသက်ဆုံးရှုံးမှုများကို များစွာလျှော့ချပေးနိုင်မည့် နည်းလမ်းကောင်းများပင် ဖြစ်ကြပေသည်။

**သိပ္ပံစာရေးဆရာကိုကိုအောင်**






# အစားမရသော အလှများ

အမေရှိစဉ်၊ သွားလာဝင်ထွက်
ခင်တွယ်နေနား၊ သမီးသားတို့
မြေးများလည်းမကျန်၊ သိမ့်သိမ့်ညံ့ခဲ့
အမှန်စည်ကား၊ အလှများနှင့်
ခမ်းနားခဲ့သည့် အမေ့အိမ်။

ဝါထွက်ဝါဝင်၊ ကန်တော့စဉ်လည်း
ရှင်ကြည်လှုပ်ရှ၊ တဖွဖွယ်ရယ်
ဆုံးမသင်သွန်၊ လမ်းပြညွှန်ခဲ့
ဆုမွန်ခြွေသ၊ နှုတ်ချိုမြနှင့်
အလှဝေသည့် အမေ့အိမ်။

တန်ခူးလရောက်၊ လေရှူးနှောက်ချိန်
ပိတောက်ကြိုင်သင်း၊ အခါတွင်းလည်း
ထမင်းရေဆမ်း၊ သင်္ကြန်ပန်းနှင့်
ချမ်းမြစေသား၊ မေတ္တာထားလျက်
သားသမီးတို့၊ အပျော်ဖို့၍
ညို့ငင်လှုပ်ရှား၊ သံစဉ်များနှင့်
စည်ကားခဲ့သည့် အမေ့အိမ်။

ယခုတော့ဖြင့်၊ သားတို့နှင့်ခွဲ
ကြွေလွင့်နှုတ်ဆက်၊ နေ့တစ်ရက်မှာ
အိပ်မက်ပမာ၊ အမေထွက်ခွာခဲ့။

ကသုတ်ကရက်၊ ခြေလှမ်းသွက်နှင့်
ထွက်မြောက်စွန့်ခွာ၊ သွားခဲ့ရှာလည်း
မာတာမိခင်၊ သူရှိစဉ်တွင်
ညင်သာနားနေ၊ သက်သာစေကြောင်း
အမေထိုင်ရာ၊ မှေးစက်ရာတည့်
လက်ရာမပျက်၊ ရှိနေလျက်ပါ
ပက်လက်ကုလားထိုင် အိုဟောင်းနွမ်း။

ညအိပ်ရာဝင်၊ မအိပ်ခင်မှာ
ဆင်ခြင်ပွားစီး၊ စိတ်ပုတီးလည်း
အထီးကျန်ခဲ့ ပိုင်ရှင်မဲ့။

ဝင်းခြံတံခါး၊ သော့ခတ်ထားသည့်
လှုပ်ရှားမှုကင်း၊ တိတ်ဆိတ်ခြင်းသာ
ချဉ်းနင်းမင်းမူ၊ တံခွန်ထူလျက်။

သြော် . . .
သတိတရ၊ လွမ်းတသနှင့်
မှန်းဆမွေ့ရှာ၊ မရေရာခဲ့
မာတာမိခင်၊ မြတ်ထွတ်တင်ကို
ပူးမြင်ချင်ရှာ၊ မနေသာလည်း
သင်္ခါရအား၊ ဆင်ခြင်ပွားမိ
တရားဓမ္မ နိုင်စွာထား။
အငှားဘဝ မပိုင်ပါလား။
အစားမရ နိုင်ပါတကား။ ။

မင်းသစ်ဝင်း(ကျောက်တံခါး)

City MAGAZINE



# ငှက်ဖြူကြွေသည့် ညပြာမှုများ...

သိုက်ကြာ (မြို့မ)

ပန်းသည်လာပြီနော် · · ·မေမြို့ပန်း၊ သစ္စာပန်း၊ သပြေပန်းတွေ အစုံပါတယ်··

တစ်ခုသောရုံးပိတ်ရက်၌ မပြီးသေးသည့် စက်ရုံအလုပ်များကို ညှိခန်းမှာ ထိုင်ရေးနေစဉ် လမ်းထိပ်မှ ပန်းသည်မလေးအသံကို ကြားလိုက်ရသည်။ ပန်းသည်မလေးအသံကို ၂ရက် ၃ရက်ခြား အခုလိုကြားနေရမြဲဖြစ်၏။

"ထွေးငယ်ရေ လာပါဦးကွယ့်"

ဇနီးသည် မခင်သစ်မှ ပန်းသည်လေးကို အခေါ်ပြုသည်။

"လာပါပြီ အန်တီခင်"

ဦးတင့်ဝေ ခြံထိပ်သို့လှမ်းကြည့်လိုက်သည်။ ထွေးငယ်ဆိုသော ပန်းသည်မလေးနှင့် သူမ၏မောင်လေးကို တွေ့ရသည်။ ဝယ်နေကျဖြစ်၍ သူတို့လေးတွေနှင့် ခင်မင်နေပါပြီ။ ကလေးမလေးမှာ အသားညိုညို၊ ဆံပင်ရှည်ရှည်၊ မျက်လုံးဝိုင်းဝိုင်းဖြင့် သိပ်အချောကြီးမဟုတ်သော်လည်း သူ့အလှနှင့်သူတော့ ရှိနေသူပါ။ အပြောအဆို ယဉ်ကျေးသိမ့်မွေ့သည်။ စိတ်ထားကောင်းသည်။

"အနိတီခင်…သပြေငုတ်တွေပါ ပါတယ်၊ မနေ့က မောင်လေးတို့ တောင်ပေါ်တက် ချိုးလာတာ"

"အေး–အေး၊ အနိတီလည်း သပြေလိုချင်နေတာနဲ့ အတော်ပါပဲ"

"ဦးလေးတင့်ဝေ ဒီနေ့ရုံးပိတ်တယ်ပေါ့"

ထွေးငယ်က အိမ်ထဲမှ မိမိအား လှမ်းနှုတ်ဆက်သည်။

"ရုံးပိတ်ရက်လည်း မနားရပါဘူး ထွေးငယ်ရယ်။ ဝက်ရုံကအလုပ်တွေ အိမ်ကို သယ်လာရတာပါပဲ"

ဖြည့်လက်စစာရင်းတွေကို ခဏရပ်ရင်း အိမ်ရှေ့သို့ဆင်းလာခဲ့သည်။

"ရောင်းကောင်းတယ်မလား ထွေးငယ်၊ ပန်းတွေက ဒီနေ့ပိုစုံနေပါလား"

"ဟုတ်တယ် ဦးလေးရဲ့၊ မနေ့က အငယ်ကောင်တွေလည်း သပြေငုတ်များများရခဲ့လို့၊ ပုံမှန်တော့ ရောင်းရပါတယ် ဦးရယ်"

မောင်နှမ ၄ ယောက်တွင် အကြီးဆုံးဖြစ်သော ထွေးငယ်သည် ၁၀ တန်း တစ်နှစ် ကျပြီးနောက် ကျောင်းထွက်ခဲ့သူလေး ဖြစ်သည်။ အောက်က မောင်ငယ်၊ ညီမငယ်တွေကို မိဘတွေနှင့်အတူ ကျွေးမွေးစောင့်ရှောက်နေခြင်းဖြစ်၏။ ပန်းရောင်းလိုက်၊ ရပ်ကွက်ထဲ အထည်လေးတွေ လှည့်ရောင်းလိုက်ဖြင့် မိသားစုကို ကူညီနေသူလေးမို့ မိမိတို့လင်မယားက ကရုဏာ ပိုခဲ့ကြသည်။

"အနိတီခင်…သမီးတို့ ဆက်ရောင်းလိုက်ဦးမယ်နော်၊ ဦးလေးတင့်ဝေ သွားလိုက်ပါဦးမယ်ရှင့်"

"အေး…အေး သမီး"

ထွေးငယ်က ပန်းတောင်းကိုရွက်သည်။ သူမောင်လေးက ဆန်ထည့်ထားသော အိတ်ကိုထမ်း၍ ရှေ့ကလျှောက်နှင့်သည်။

"ပေဘာဒီက ပန်းသည်"

မောင်နှမနှစ်ယောက် ခြံရှေ့မှထွက်သွားကြလေပြီ။

နယ်မြို့လေးတစ်မြို့ရဲ့ အေးသာယာ ရပ်ကွက်မှာ ဦးတင့်ဝေတို့လင်မယား နေထိုင်ခဲ့တာ နှစ် ၂၀ နီးပါးရှိခဲ့ပြီဖြစ်သည်။ ဦးတင့်ဝေက ဘီလပ်မြေစက်ရုံမှ ဌာနစုမှူးတစ်ယောက်ဖြစ်သည်။ သူတို့လင်မယားတွင် ၁၀ တန်းကျောင်းသား မြတ်သူရိန်ဆိုသော သားတစ်ယောက်သာရှိ၏။

"ကိုကျော်ငြိမ်းတို့ ဖိတ်ထားတာရှိသေးတယ်နော်"

"မနက်ဖြန် ၉ နာရီပါကွာ၊ ကျုပ်မှတ်မိပါတယ်"

"အေးပါ။ ကျုပ်က တော်မေ့နေမှာစိုးလို့ပါ"

မနက်ဖြန်မနက်တွင် ရပ်ကွက်ထဲမှ ကိုကျော်ငြိမ်းတို့သမီးလေတ် စေ့စပ်ပွဲရှိပါသည်။ မခင်သစ်က မေ့နေမှာစိုး၍ သတိသပေးခြင်းဖြစ်သည်။ ရပ်ကွက်ထဲမှာဆိုတော့ သာရေးနာရေးအကြောင်းအရာတွေက အချိန်မရွေးရှိနေတတ်သည်။ အိမ်ပေါ်တက်ပြီး မပြတ်သေးသော အလုပ်တွေကို ဆက်လုပ်ရ၏။ မခင်သစ်ကတော့ ဘုရားပန်းလဲဖို့ ပြင်ဆင်နေပါတော့သည်။



* * * * * * *

နောက်နေ့မနက် ၈ နာရီခွဲမှာ ကိုကျော်ငြိမ်းတို့အိမ်ကို အရောက်သွားခဲ့သည်။ မိမိတို့ရပ်ကွက်သည် လူကုံထံရပ်ကွက် မဟုတ်ပါ။ သာမန်ဝန်ထမ်းမိသားစုများ၊ လက်လုပ်လက်စား မိသားစုများသာ အများစု နေထိုင်ကြလေသည်။

"ဦးလေးတင့်ဝေလာပြီ ဖေဖေရေ"

အငယ်ဆုံးမလေး မေနှင်းသူက မိမိကိုမြင်၍ ဖခင်ဖြစ်သူအား လှမ်းအသိပေးခြင်းဖြစ်သည်။ ကိုကျော်ငြိမ်းသည် အိမ်ပေါ်မှ ဆင်းလာပြီး–

"လာဗျာ ကိုတင့်ဝေ၊ ရေနွေးသောက်ချေဦး။ ကောင်လေးမိဘတွေ ရောက်တော့မှာပါ"

ကိုကျော်ငြိမ်းသည် အငြိမ်းစားအမှုထမ်းတစ်ဦး ဖြစ်ပါသည်။ အိမ်ထဲမှာတော့ ရပ်ကွက်လူကြီးတချို့ ရောက်ရှိနေကြပြီဖြစ်သည်။ စေ့စပ်မည့် အလာတ်မ သင်းသင်းထွေက ရေနွေးပန်းကန်တွေ လာချပေးသည်။ ကိုကျော်ငြိမ်းမှ သားသမီး ၃ ယောက် ရှိသည်။

"ကောင်လေးက ဘယ်ကတုန်းဗျ"

"ဈေးရှေ့ ဟိန်းစတိုးကလေ"

''ခြည်... မိတ္တူဆွဲတဲ့ဆိုင်လားဗျ''

''ဟုတ်တယ် ကိုတင့်ဝေရေ''

ထိုဆိုင်ကို ဦးတင့်ဝေ သိပါသည်။ ကောင်လေးမိဘတွေက အတော်အသင့် ပိုက်ဆံရှိပုံရ၏။ ကိုကျော်ငြိမ်းသည် ဖနီးသည် မရှိတော့သော်လည်း သားသမီးတွေကို ပိုင်းကောင်းကျောက်ဖိ စည်းစနစ်တကျ ထိန်းသိမ်းခဲ့သူဖြစ်သည်။ အကြီးဆုံးသားဝင်းသူသည် မိမိနှင့်အတူ ခေတ်မြေဩဇာ စက်ရုံမှာအလုပ်လုပ်နေသူဖြစ်ပြီး အလတ်မ သင်းသင်းဆွေက နောက်ဆုံးနှစ် ဖြေဆိုထားလေသည်။ ဘွဲ့ယူဖို့စောင့်ရင်း အိမ်မှာ စက်ချုပ်၍ ငွေရှာနေသူလည်းဖြစ်သည်။ အနေအထိုင် အေးဆေးတည်ငြိမ်သဖြင့် ရပ်ကွက်ထဲမှာ နာမည်ကောင်းရသူလေးဖြစ်သည်။ အငယ်ဆုံးမလေး ခမနှင်းသူကတော့ အိမ်က သားတော်မောင် မြတ်သူရိန်နှင့် အတန်းတူပင်ဖြစ်၏။ မနက် ၉ နာရီထိုးတွင် နှစ်ဖက်မိသားစုတွေ စုံလင်ပြီဖြစ်၍ လူငယ်တွေအရေးကို ဆွေးနွေးမှုပြုကြလေသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှထိန်၊ ဂေါပကလူကြီး ဦးကြည်သိန်းတို့လည်း ရောက်ရှိနေပါသည်။

''ကျွန်တော်တို့ကတော့ မိဘတို့ဝတ္တရားရှိတဲ့အတိုင်း ဆောင်ရွက်ပေးရုံပါပဲ။ လူငယ်အချင်းချင်း မေတ္တာမျှလို့ ဘဝတစ်ခုထူထောင်တဲ့အပေါ်မှာ သူတို့တွေ နားလည်မှုရှိဖို့က အရေးကြီးပါတယ်''

သတို့သားလောင်း ဖခင်ဖြစ်သူမှ ဦးစွာ ပြော၏။

''ကျွန်မကိုတော့ သားကဖွင့်ပြောထားတာ ၂ နှစ်ရှိပါပြီ၊ အစ်ကိုကြီးတို့သမီးလေး မြို့ထဲမှာ စက်ချုပ်သင်တန်း တက်နေကတည်းက သူတို့ချင်း မေတ္တာမျှတာကို သိခဲ့ပြီးသားပါ။ အပွင့်လင်းဆုံးပြောရရင် ခေတ်ကာလရဲ့ မတော်မရော် မိန်းကလေးတွေနဲ့ ကျွန်မတို့သားလေး ဖူးစာပါသွားမှာကို စိုးရိမ်မိခဲ့ပါတယ်၊ အစ်ကိုကြီးတို့သမီးလေးရဲ့ အနေအထိုင်၊ အပြုအမူတွေကို အချိန်ကာလတစ်ခုထိ စောင့်ကြည့်ခဲ့ပြီးမှ သင့်တော်မယ်ထင်လို့ ခုလို မိသားစုသားဖိုး လာရောက်တောင်းရမ်းကြတာပါ။ ကျွန်မတို့က အတန်းပညာ၊ ဥစ္စာစည်းစိမ်တွေထက် ကိုယ်ကျင့်တရားကောင်းမွန်တဲ့ အမျိုးကောင်းသမီးလေးတွေကိုပဲ ချွေးမအဖြစ်လိုချင်ကြတာပါ''

သတို့သားလောင်း မိခင်ဖြစ်သူက သူမ၏ လိုလားချက်၊ ခံစားချက်တွေကို အပွင့်လင်းဆုံးဆိုသည်။

''ဒါပေါ့... ဒါပေါ့ သတို့သားလောင်းမိဘတွေပြောတာလည်း မှန်ပါတယ်၊ ခုခေတ်ကာလကြီးထဲမှာ ယဉ်ကျေးသိမ်မွေ့ပြီး ရိုးသားအေးဆေးတဲ့ မိန်းကလေးတွေ အတော်ရှားကုန်ပြီလေ၊ ဒါပေမဲ့ ကျုပ်တို့ ရပ်ကွက်ထဲမှာတော့ ဆဟာဒီက ဦးကျော်ငြိမ်းရဲ့ သားသမီးတွေက လူယဉ်ကျေးတွေပါဗျာ''

ဦးကျော်ငြိမ်းနဲ့ အားလုံးကိုယ်စား အုပ်ချုပ်ရေးမှူး ဦးလှထိန်က ပြောကြားလေသည်။

''ကျွန်တော့်သမီးလေးတွေကို သူတို့အမေ မရှိတော့ပေမယ့်လည်း ကျွန်တော်ကိုယ်တိုင် စနစ်တကျသွန်သင်ခဲ့တာပါ၊ မြန်မာမိန်းကလေးပီပီ အရှက်တရား၊ အကြောက်တရားတွေထားတတ်ဖို့၊ ပတ်ဝန်းကျင်အမြင်မှာ ကိုယ့်သိက္ခာ၊ ကိုယ့်မိသားစုသိက္ခာ မထိခိုက်အောင်နေတိုင်ဖို့ အမြဲဆုံးမခဲ့ပါတယ်''

သားသမီး ၃ယောက်ကို တစ်လှည့်စီကြည့်ရင်း ဦးကျော်ငြိမ်းက ရှင်းပြနေပါသည်။

''ဟုတ်ပါတယ်၊ ကျွန်တော်တို့ရပ်ကွက်ထဲမှာ ကိုကျော်ငြိမ်းနဲ့ ဆရာမ ဒေါ်မြင့်မြင့်နွယ်တို့ရဲ့ သားသမီးလေးတွေက အနေအထိုင် ရိုးသားအေးဆေးသူတွေပါ၊ ဆရာမ ဒေါ်မြင့်မြင့်နွယ် မဆုံးခင်ကဆိုလည်း ထတကယ့်ကို ပိုင်းကောင်းကျောက်ဖိ ထားခဲ့တာပါ''

ဦးတင့်ဝေကပါ ထပ်ဆင့်အတည်ပြုပေးလိုက်ပါသည်။

သတို့သားလောင်းနှင့် သတို့သမီးလောင်းတို့ရဲ့ မျက်နှာလေးတွေမှာ ချိုမြသော ကြည်နူးမှုအပြုံးတွေ လိုင်လိုင်ဝေနေပါတော့သည်။ လူကြီးမိဘများက ဆွေးနွေးညှိနှိုင်းမှု ပြုကြလေသည်။ ယခု ဖါဂွန်တွင် လက်ထပ်ပွဲစီစဉ်ဖို့ အတည်ပြုချက်ထွက်ပေါ်လာခဲ့သည်။ စေ့စပ်ကြောင်းလမ်းပွဲလေးက အောင်မြင်စွာပြီးဆုံးခဲ့လေပြီ။

''ကဲ... ကိုကျော်ငြိမ်းရေ ကျုပ်တို့ ပြန်ဦးမယ်ဗျို့''



ကျွန်မတို့က အတန်းပညာ၊ ဥစ္စာစည်းစိမ်တွေထက်
ကိုယ်ကျင့်တရားကောင်းမွန်တဲ့ အမျိုးကောင်းသမီးလေးတွေကိုပဲ
ချွေးမအဖြစ်လိုချင်ကြတာပါ

အုပ်ချုပ်ရေးမှူးက နှုတ်ဆက်သည်။ ဦးတင့်ဝေကလည်း သူတို့နှင့်အတူပြန်ဖို့ ပြင်သည်။

''ဗီတစ်ခုပြီးတော့ ဟိုဘက်တစ်ခု ကူးရဦးမယ် ကိုတင့်ဝေရေ''

အိမ်ထဲကထွက်ထွက်ချင်း ဦးလှထိန်က ဆိုသည်။

''ဘာရှိသေးလို့တုန်း ဥက္ကဋ္ဌကြီးရဲ့''

''မနေ့ညက ဒေါ်တင်လှတို့မိသားစု အရေးပေါ့ဗျာ။ ဦးလှထိန်က စိတ်ပျက်ဖွယ် အသံဖြင့် ပြောလာသည်။

''ဪ···ဟုတ်တယ်၊ ညကတော့ ညဉ့်နက်ပိုင်းမှာ အသံတွေကြားမိသလိုလို ပဲဗျ''

ဦးတင့်ဝေတို့အိမ်နှင့် ဒေါ်တင်လှတို့ အိမ်မှာ တစ်လမ်းတည်း ဟိုဘက်ထိပ် ဒီဘက်ထိပ် နေကြခြင်းဖြစ်သည်။

''ဒေါ်တင်လှတို့ ဘာဖြစ်ကြပြန်တုန်း''

ဇေါ်ပက ဦးကြည်သိန်းမှမေး၏။

''ထုံးစံအတိုင်း သမီးတွေကိစ္စပဲပေါ့ ဗျာ၊ သူ့သမီး အငယ်မလေးက ကားကြီးဝင်းအထွက်က စားသောက်ဆိုင်မှာ သီချင်းဆိုတာ သိတယ်မလား''

''အင်း···သိတယ်၊ သိတယ်''

ဦးကြည်သိန်းက ခေါင်းတညိတ်ညိတ် ဖြင့် ဖြေသည်။

''ညက အဲဒီကလေးမအပြန်မှာ ဟိုဘက်ရပ်ကွက်က ကောင်လေး ၂ယောက်က ဆွဲလားရမ်းလားလုပ်လို့ ဒေါ်တင်လှ သားတွေနဲ့ ရိုက်ကြနက်ကြတယ်လေ''

''ဪ···ဒီကိစ္စ သွားရှင်းပေးရဦး မယ် ဆိုပါတော့''

ဒေါ်တင်လှက မုဆိုးမဖြစ်သည်။ သမီး ၂ယောက်၊ သား ၂ယောက်ရှိ၏။ သမီးတွေက ရပ်ကွက်ထဲမှာ ခေတ်အဆန်ဆုံး၊ အနေအထိုင် အရဲတင်းဆုံးဖြစ်တာကို သတိထားမိသည်။ ဒေါ်တင်လှကိုယ်တိုင် ကလည်း တစ်ခါတရံ မိတ်ကပ်တွေအဖွေးသားနှင့် ရှိနေတတ်၏။ သူ့သားသမီးတွေ နေထိုင်ပုံက ဘယ်တော့မှ အမြင်တင့်တယ်သည်ဟူ၍မရှိ။ ညီအစ်မအချင်းချင်းပင် ပြိုင်ဆိုင်နေကြသေးသည်။ ဟိုကွဲဒီကွဲ အပေါက်အဖာဝတ်စုံတွေဝတ်၍ ဖက်ရှင်ဟု ဆိုကြသေးသည်။

''ကျုပ်ကလည်း အုပ်ချုပ်ရေးမှူးဆိုတော့ ရှင်းပေးလို့ကလည်း မဖြစ်ပြန်ဘူး။ ဒီမိသားစုက အမြဲလိုလိုပဲ ဒီပြဿနာတက်တယ်၊ ဒါလည်း ဆင်ခြင်တုံတရားမရှိဘူး။ အချိန်မတော် ယောကျ်ားသားတွေနဲ့ ဆက်ဆံပြီး သီချင်းဆိုဖျော်ဖြေရတဲ့ အလုပ်ကို ဂုဏ်ယူဝံ့ကြွားနေတာ၊ ဝတ်ကောင်းစားလှဝတ်ပြီး အဲဒီလို ငွေရှာနေရတာကို ကလေးမလေးက သာယာနေတာဗျ ဒေါ်တင်လှကိုယ်တိုင်ကလည်း တားမြစ်ပုံမရဘူး။ သူတို့မိသားစုကလည်း ဒီလောက် အခြေအနေဆိုးတာ မဟုတ်ပါဘူးဗျာ''

ဦးလှထိန်က အရှိန်ဖြင့်ဆက်ပြောလာသည်။

''ကျုပ်သည်၊ အကြံပေးကြည့်ပါသေးတယ်၊ တခြားသူတွေလို စက်ရုံမှာအလုပ်လုပ်ဖို့နဲ့ တခြားအေးအေးဆေးဆေး ဒန်ထမ်းလုပ်ဖို့ပြောတော့ ကလေးမတွေက ကြီးကျယ်တယ်ဗျ၊ အဲဒီလိုအလုပ်တွေ မလုပ်ချင်ဘူး၊ လစာနည်းတယ်တဲ့၊ ရှက်တယ်တဲ့၊ ကဲ-မှတ်ကရော၊ အမူးသမား၊ အရူးသမားစွတ်တဲ့ ပန်းကုံးနဲ့၊ ချည်နှောင်မှ နဲ့ပေးတဲ့ အသပြာငွေကို မက်မောနေမှတော့ သူတို့လေးတွေရဲ့ ဘဝတန်ဖိုးကို ခင်းပျားတို့ပဲ စဉ်းစားကြည့်တော့''

အုပ်ချုပ်ရေးမှူးပြောတာတွေကို ဦးတင့်ဝေလည်း သိတန်သလောက် သိခဲ့ပြီးပါပြီ၊ တလောကပဲ ဒေါ်တင်လှသမီးအကြီးမ ယောကျ်ားနောက် လိုက်ပြေးသည့် သတင်းသဲ့သဲ့ကြားရသည်။ ၃ ရက်လောက် ပျောက်သွားပြီးမှ အိမ်ပေါ်ပြန်ရောက်လာ၏။ ဒေါ်တင်လှကတော့ အမျိုးတွေဆီ အလည်သွားတာဟု ပတ်ဝန်းကျင်ကိုဖြန့်သည်။ သို့သော်လည်း သိသူတွေက သိနေကြသည်။ ကိုကျော်ကြီးလက်ဖက်ရည်ဆိုင်ရှေ့ ရောက်သောအခါ–

''ကျွန်တော်တော့ မလိုက်တော့ဘူး၊ ဥက္ကဋ္ဌကြီးရေ''ဟု နှုတ်ဆက်ရင်းကျန်ရစ်ခဲ့သည်။ ရပ်ကွက်လေးကို ဦးတင့်ဝေငုံ့စောင်းကြည့်လိုက်မိသည်။ သူ့ဟာနဲ့သူတော့ စည်ကားနေဆဲ၊ ရှုံးပိတ်၊ ကျောင်းပိတ်ရက်မို့ ပို၍အသက်ဝင်နေသလို ခံစားရသည်။

* * * * * * *

ရုံးဖွင့်ရက်မနက်ပိုင်းတွင် ဌာနရှေ့မှာ



ညက အဲဒီကလေးမအပြန်မှာ ဟိုဘက်ရပ်ကွက်က ကောင်လေး ၂ယောက်က ဆွဲလားရမ်းလားလုပ်လို့ ဒေါ်တင်လှသားတွေနဲ့ ရိုက်ကြနက်ကြတယ်လေ

တန်းစီပြီး စက်ရုံရှေ့ လက်ဖက်ရည်ဆိုင်သို့ ခြေလှမ်းခဲ့သည်။ ဆိုင်မှာက သတင်းစုံသည်။ သတင်းစာ၊ ဂျာနယ်အပြင် မိတ်ဆွေတွေရဲ့ ချက်တာကာလအတွင်း ထူးခြားသတင်းတွေကိုပါ သိရနိုင်သည်။

''ဆရာရေ…သတင်းထူးပါတယ်ဗျ''

ဆိုင်ထဲထိုင်ရုံရှိသေး၊ စီမံဌာနမှ မြတ်ကိုဦးမှ ဆီးကြိုပြောလာသည်။

''ဟေ…နိပ်သဟ၊ ဘာတွေများတုန်း မြတ်ကိုဦးရ''

မိမိနှင့်သူသည် ဌာနချင်းမတူသော်လည်း လူချင်းရင်းနှီးကြ၏။

''ရှမ်းနီရေ ထုံးစံအတိုင်းကွ''

စားပွဲထိုးကောင်လေး ရှမ်းနီအား သောက်နေကျလက်ဖက်ရည် အသီးသီးမှာလိုက်ကြသည်။

''ဆိုစမ်းပါဦး''

''ဆရာတင့် ဒီမနက်တန်းစီတော့ ဝေမျိုးထွန်းကိုတွေ့လား''

''ပြော်…အေ…ဟုတ်သား။ ဒီကောင် မလာသေးဘူး။ နောက်ကျပြန်ပြီ ထင်တယ်''

ဝေမျိုးထွန်းသည် မိမိဌာနမှ စာရေးတစ်ယောက်ဖြစ်၏။ ဝေမျိုးထွန်းနှင့် မြတ်ကိုဦးက ကျောင်းနေဖက်သူငယ်ချင်းတွေဖြစ်ကြသည်။

''နောက်ကျတာမဟုတ်ဘူး ဆရာတင့်ရေ့ ဒီကောင် ပဲခူးကို မိန်းမခိုးပြေးတာဗျ''

ရေနွေးခွက်ဆေးနေသော မိမိလက်များ တုံ့ဆိုင်းသွားရလေသည်။

''ဟေ…ဟုတ်လား။ ဘယ်က ကောင်မလေးတုန်း''

အံ့ဩတကြီး မေးလိုက်မိသည်။

''ဟိုဘက်မြို့ စိုက်ပျိုးရေးဌာနက ကောင်မလေးနဲ့လို့ ပြောတယ်''

''ဟင်…''

ဝေမျိုးထွန်းဆီမှအဖြေကြောင့် စိတ်ထဲဖဝေဖဝါဖြစ်သွားရပါသည်။

''ဒီကောင်က ငါတို့ရပ်ကွက်ထဲက ကောင်မလေးနဲ့မဟုတ်ဘူးလား။ ဒေါ်တင်လှသမီး၊ အငယ်မကိုဆိုလိုခြင်းဖြစ်ပါသည်။ အရင်တုန်းက ဒီကောင်မလေး မြဝတ်ရည်ကို သဘောကျကြောင်း မိမိအား ဝေမျိုးထွန်း ရင်ဖွင့်ဖူးသည်။ တစ်ခါတလေ သူတို့နှစ်ဦးကို မြို့ထဲမှာတွေ့ရတတ်သေးသည်။



''အစက ဟုတ်တော့ဟုတ်သလိုပဲ ဆရာတင့်ရ၊ ဒီကောင် မြဝတ်ရည်ကို သဘောကျသလို ဖြစ်ခဲ့ဖူးတယ်၊ သူ ဆိုင်သွားထိုင်ရင်း တွေ့တာနေမှာပေါ့၊ ကောင်မလေးကတော့ အတော်လေးရဲတင်းပွင့်လင်းတယ် ဆရာ''

''အင်း…ဆက်စမ်းပါဦးကွာ''

ပရိယာယ် တစ်ငုံသောက်ပြီး မြတ်ကိုဦးအား စကားဆက်ခိုင်းသည်။

''မြဝတ်ရည်နဲ့ပတ်သက်လို့ ဒီကောင် ပြောတာကို ကျွန်တော်မှတ်မိတယ်၊ သူ့ရုပ်ရည်နဲ့ ဖျော်ဖြေမှုကိုတော့ သဘောကျတယ်တဲ့၊ ကျွန်တော်လည်း ဒီကောင် မြဝတ်ရည်ကို ကြွေနေပြီလို့ထင်တာ။ စားသောက်ဆိုင် ကောင်မလေးတွေနဲ့ ပုရိသဓာတ်လမ်းတွေက များတယ်မို့လား။ လေးလလောက်ကြာတော့ ဖွင့်ပြောလိုက်ပြီလားလို့ ကျွန်တော်က မေးမိတယ်၊ သူက နီးဆိုပြီး ပြန်ဖြေတယ်လေ''

''ဟေ…အဆန်းပါလားကွာ''

''ကောင်မလေးနဲ့ပတ်သက်လို့ သူ့ဖိမ်ကလည်း လက်ခံမှာမဟုတ်ဘူးတဲ့၊ ဝေမျိုးထွန်းမိဘတွေက ဂုဏ်သိက္ခာနဲ့ ယဉ်ကျေးမှုကို တန်ဖိုးထားတဲ့သူတွေလေ၊ လူတစ်ဖက်သားကို သူ အထင်မသေးပါဘူးတဲ့၊ ဒါပေမဲ့ ဘဝပေးအခြေအနေကလည်း ဆင်းရဲနေတာမှမဟုတ်ဘဲ၊ ယောကျ်ားသားတွေအတွက် ဖျော်ဖြေမှုပေး၊ ဝါသနာအရ သီချင်းဆိုငွေရှာနေတဲ့ မိန်းကလေးတစ်ယောက်ကို သူမချစ်ရဲဘူးတဲ့၊ သဘောကျတာကသက်သက်၊ ချစ်လို့ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်တာကသက်သက်လို့ သူပြောပြတယ်''

မြတ်ကိုဦးပြောပြနေသော အကြောင်းအရာတွေကို ဦးတင့်ဝေ အလေးအနက်နားထောင်နေခဲ့ပါသည်။

''ဟုတ်တယ် ဆရာတင့်ရ၊ တချို့ မိန်းကလေးတွေက မိသားစုဘဝပေးအခြေအနေအရ လုပ်ကိုင်နေကြတယ်ဆိုပေမယ့် ဘာပဲဖြစ်ဖြစ် ယောကျ်ားတွေရဲ့အလယ်မှာ ဖျော်ဖြေနေရတာ၊ သူတို့ရွတ်တဲ့ ပန်းကုံးတွေ၊ အပိုဆုဘောက်ဆူးတွေရဲ့ဒဏ်ကို ကြာကြာခံနိုင်ပါ့မလားလို့ တွေးမိတယ်၊

တကယ်အလုပ်လုပ်ချင်ရင် အလုပ်အပ ခန္ဓာကိုယ်ကိုရင်းနှီးတဲ့ အလုပ်တွေမှမဟုတ်ပါဘူး။ ခုခေတ် ယောကျ်ားအများစုက မွှင့်လင်းရဲတင်းပြီး ဆွဲဆောင်မှုရှိတာကို သဘောကျပေမယ့် ချစ်သူဘဝ လက်တွဲဖော်အဖြစ် ရွေးချယ်တဲ့အခါကျတော့ အေးဆေးတည်ငြိမ်တာကိုပဲ လိုချင်ကြတာ။ ဒါမှလည်း အိမ်ထောင်ရေးလိပ်ပြာသန့်မယ် မလား''

ပဒိုမိယာရဲ့အရေးသာနဲ့ မြတ်ကိုဦးဆီမှ ဒဿနစကားတို့က လိုက်လျောညီထွေရှိပါ၏။ ၈ နာရီခွဲပြီမို့ ဆိုင်ထဲမှထွက်ခဲ့ကြပါသည်။ ဦးတင့်ဝေ အတွေးထဲမှာတော့ ဝေမျိုးထွန်း မိန်းမနီးပြေးတာထက် မိမိတို့ ပုရိသအများစု၏ အိမ်ထောင်ဖက်ရွေးချယ်မှု ဒဿနတို့သာ စိုးမိုးနေခဲ့သည်။

* * * * * * *

တစ်နှစ်ခန့်ကြာပြီးနောက်. . .

''ပန်းသည်လာပြီနော်၊ မေမြို့ပန်း၊ သစ္စာပန်း၊ ကံ့ကော်ပန်း အစုံပါတယ်''

ပန်းသည်မလေး ထွေးဝေယ်ရဲ့ သာယာနာပျော်ဖွယ်အသံလေးက မနက်စောစောမှာ ထွက်ပေါ်လာခဲ့ပြန်သည်။ ဒီနေ့ သူမရဲ့အော်သံလေးက တစ်မျိုးတစ်ဖုံထူးကဲနေသလား အောက်မေ့ရသည်။ အရင်ကြားနေကျ အသံမျိုးမဟုတ်ပေ။ မိမိစိတ်ထင်နေလို့လားတော့ မသိ။ တစ်ခုခုကွဲပြားနေတာတော့ အမှန်ပင်ဖြစ်သည်။

''အန်တီခင်''

အသံရှည်ဆွဲ၍ ဇနီးသည်ကိုလှမ်းခေါ်နေပါပြီ။ မခင်သစ်က ရပ်ကွက်ဈေးသို့သွားနေပါသည်။

''ထွေးဝေယ်ရေ ညည်းအန်တီက ဈေးသွားနေလေရဲ့၊ ပန်းမှာထားလို့လား''

ဦးတင့်ဝေ အိမ်ရှေ့သို့ဆင်းလာခဲ့သည်။

''မမှာပါဘူး ဦးလေးရဲ့၊ သမီးက ဖိတ်စာပေးချင်လို့''

''ဘာဖိတ်စာတုန်း သမီးရဲ့''

''မမထွေး မင်္ဂလာဆောင်လေ ဘဘရဲ့''

ဘေးမှ သူမ မောင်လေးက ကြားဝင်ပြောပေးမှုကြောင့် ထွေးဝေယ် မျက်နှာလေး ရဲခနဲဖြစ်သွားတာကို တွေ့လိုက်ရသည်။

''ဟော. . .ညည်းအိမ်ထောင်ပြုတော့မှာလား''

''ဟုတ်ကဲ့ ဦး။ ဒီမှာ ဖိတ်စာပါ။ ရှေ့တစ်ပတ် တနင်္ဂနွေနော်၊ အန်တီခင့်ကိုလည်း ပြောပေးပါ၊ ဒီကြားရက်ထဲ သမီးပန်းရောင်းဖြစ်မှာ မဟုတ်သေးဘူး''

ရှက်ပြုံးလေးများဖြင့်ပြောရင်း မိမိအား ဖိတ်စာကမ်းပေးသည်။

''အေး. . .အေး သမီး။ ဦးတို့လာခဲ့ပါ့မယ်ကွယ်''

မောင်နှမနှစ်ယောက် ထွက်သွားတော့မှ ပန်းနုရောင်ဖိတ်စာလေးကို ဖွင့်ကြည့်မိပါသည်။ သူမလက်ထပ်မည့်ခင်ပွန်းလောင်းမှာ ဘွဲ့ရဖြစ်ပြီး မြို့ထဲဝင်ရောက်တစ်ခုမှဖြစ်ကြောင်း ဖိတ်စာအရသိလိုက်ပါသည်။ ကောင်လေးမိဘတွေကလည်း ကျောင်းဆရာ အငြိမ်းစားတွေပင်။ ဖိတ်စာလေးကိုကြည့်ရင်း ထွေးဝေယ်၏မင်္ဂလာပွဲကို ကြိုတင်မြင်ယောင်လာမိသည်။ ချစ်ခင်မြတ်နိုးသူနှင့် အတူတကွပေါင်းသင်းရသည့် မင်္ဂလာပွဲ အခမ်းအနားမှ ထွေးဝေယ်တို့စုံတွဲ၊ ကိုကျော်ငြိမ်းသမီး သင်းသင်းထွေးတို့စုံတွဲပုံရိပ်လေးတွေက ကြည်နူးဖွယ်မြင်ကွင်းများအဖြစ် တလှည့်စီပေါ်နေခဲ့သည်။

အခြေအနေခွင့်မပါပေမယ့်လည်း၊ သူတို့လေးတွေရဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာတန်ဖိုးက နှမ်းပါးခြင်းမရှိခဲ့ပါ။ ရုတ်တရက် ဒေါ်တင်လှသမီးတွေက ခေါင်းထဲ ရောက်လာခဲ့သည်။ ဒေါက်မြင့်ဖိနပ်စီး၊ ပိုက်ဆံအိတ်ကိုလွယ်၊ အပေါက်အဖာနဲ့ ဂျင်းဘောင်းဘီကျပ်တွေဝတ်၊ မလုံတလုံအင်္ကျီတွေနဲ့ ဘဝလမ်းမပေါ်မှာ လျှောက်လှမ်းနေကြသော သမီးတွေရဲ့ဘဝရှေ့ရေးကို ဒေါ်တင်လှ မည်သို့စီမံထားသည်မသိ။

လူတိုင်းက ကိုယ်ယုံကြည်ရာဘဝလမ်းမှာ ပျော်ရွှင်စွာလျှောက်လှမ်းနေကြသည်ဟုမြင်သည်။ တန်ဖိုးထားသင့်သည်ကို တန်ဖိုးမထားဘဲ လစ်လျူရှုထားမိပါက လောကကြီးထဲ ကျင်လည်နေရတာချင်း အတူတူ မိမိတို့က တစ်ပန်းရှုံးနေဦးမည်ဟု ဦးတင့်ဝေ တွေးနေမိတော့သည်။

**နွေကံ့ကော်(မြို့လှ)**



"ယောကျ်ားအများစုက မွှင့်လင်းရဲတင်းပြီး
ဆွဲဆောင်မှုရှိတာကို သဘောကျပေမယ့်
ချစ်သူဘဝ လက်တွဲဖော်အဖြစ် ရွေးချယ်တဲ့အခါကျတော့
အေးဆေးတည်ငြိမ်တာကိုပဲ လိုချင်ကြတာ။ ဒါမှလည်း. . ."

# CELEBRITY SHOWBIZ


## နှင်းဆီသခင်မရဲ့ နှင်းဆီဝတ်ရုံ

ကိုသားကြီး

သူမနာမည်က ဒမ်မီရို့စ်ပါ။ အမေရိကန်နာမည်ကြီး ရက်ပ်ပါတိုင်ဂါနဲ့ ဇာတ်လမ်းဖြစ်ခဲ့တဲ့နောက် ပရိသတ်တွေ သတိထားမိလာသူလေးပေါ့။ သူမရဲ့ Instagram ပရိသတ်က ၅သန်းကျော်သွားပါပြီ။ ဘာမင်ဂမ်သူ မော်ဒယ်ချောလေးဟာ I SAW IT FIRST ဖက်ရှင်ကုမ္ပဏီနဲ့ အကျိုးတူလုပ်ငန်းတစ်ခုထူထောင်ထားပါတယ်။ အဲဒီကုမ္ပဏီအတွက် ကြော်ငြာတွေ ရိုက်ကူးပေးရင်းပေါ့။ ဒီတစ်ပတ် ပရိသတ်တွေပြောနေကြရတဲ့ အကြောင်းရင်းကလည်း I SAW IT FIRST အတွက် ဒမ်မီရို့စ် သရုပ်ဆောင်ပေးထားတဲ့ ဓာတ်ပုံသစ်တွေနဲ့ ပတ်သက်လို့ပါပဲ။ အနီရောင်နှင်းဆီပန်းပွင့်တွေပုံစံ ဖန်တီးထားတဲ့ အလွှာပါးဝတ်စုံမှာ သူမရဲ့ ရင်ခုန်လှိုက်မောစရာကောက်ကြောင်းတွေကို မဖုံးတရှိပြနေတဲ့ ဒမ်မီရို့စ်ရဲ့ပုံရိပ်တွေဟာ Instagram ပရိသတ်တွေကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။ သူမရဲ့ နာမည်ကျော် နောက်ပိုင်းအလှကို မက္ကဆီကိုမှာ ဓာတ်ပုံရိုက်ခံနေတုန်း အဝတ်မဲ့ခန္ဓာကိုယ်နဲ့ အမျိုးသားတစ်ယောက် ဝင်ရောက်လာခဲ့တုန်းကပုံရိပ်တွေလိုပဲ ပရိသတ်တွေနှစ်သက်ခဲ့ကြပါသတဲ့။










# ရေသူမရဲ့ဒဏ္ဍာရီ

ထရီနီဒက်ဖွား အမေရိကန်ရက်ပ်ပါအဆိုကျော် နစ်ကီမင်ဂျာကတော့ သူမရဲ့ သီချင်းဗီဒီယိုသစ် Bed နဲ့ပက်သတ်ပြီး ဝေဖန်မှုတွေခံနေရပါတယ်။ ဒီသီချင်းမှာ အမေရိကန်အဆိုတော်ရုပ်ရှင်မင်းသမီး အရီရာနာဂရန်ဒီက ပါဝင်အားဖြည့်ထားပါတယ်။ အားလုံးသိတဲ့အတိုင်း နစ်ကီမင်ဂျာဆိုတာ မော်ဒယ်နဲ့ရုပ်ရှင်လောကမှာပါ အောင်မြင်နေတဲ့ ညို့ဓာတ်ပြင်းသူလေ။ ဒီသီချင်းသစ်မှာလည်း သူ့ရဲ့အရည်အချင်းတွေကို ထုတ်သုံးထားပါတယ်။ ခက်တာက ဗီဒီယိုမှာ သူမရဲ့သရုပ်ဆောင်မှုတွေက လိင်အသားပေးလွန်းနေတာပါပဲ။ ရေသူမတစ်ယောက်လို ဝတ်ဆင်သရုပ်ဆောင်ထားတာတွေကလည်း စိတ်ကူးယဉ်ဆန်လွန်းတယ်လို့ ဝေဖန်ခံနေရပါတယ်။ အထူးသဖြင့် နောက်ခံမြင်ကွင်းနဲ့ ဘယ်လိုမှမလိုက်ဖက်ဘဲ သူမရဲ့ နောက်ပိုင်းအလှကို ဦးစားပေးပြသနေတာတွေဟာ လိင်ဆွဲဆောင်မှုအတွက်သာ ဖြစ်နေတယ်လို့ဆိုနေကြတာပါ။ Dangerous Woman အယ်လ်ဘမ်နဲ့ နေရာတစ်နေရာရခဲ့တဲ့ ဂရန်ဒီရဲ့သီဆိုမှုနဲ့ သရုပ်ဆောင်ပုံတွေကလည်း အသက်မပါဘူးလို့ အွန်လိုင်းပရိသတ်တွေသာမက ဂီတကြယ်ပွင့်အချို့ကပါ ဝေဖန်နေကြလေရဲ့။



အသက် ၃၆နှစ်အရွယ် ကလေး ၃ယောက် မိခင်တစ်ဦးအနေနဲ့ ဂီတလောကမှာ နေရာတစ်နေရာကြာရှည်မြဲဖို့က သိပ်မလွယ်ပါဘူး။ ခေတ်ကိုက အလန်းဇယားလေးတွေ နေရာပိုရနေတဲ့ကာလမဟုတ်လား။ ဒါပေမဲ့ စစ်မှန်တဲ့အရည်အချင်းပိုင်ရှင် ဘီယွန်းဆေးကတော့ ပန်းပန်နေဆဲပါပဲ။ အီတလီနိုင်ငံ မီလန်မြို့က ဆန်စီရိုကွင်းကြီးထဲမှာ သူမရဲ့ဖျော်ဖြေပွဲကို လာကြည့်တဲ့ပရိသတ်က ၅သောင်းကျော်ခဲ့တယ်။ ဒါဟာ အမေရိကန်သူ Pop နဲ့ R&B အဆိုကျော်ရဲ့ ဒုတိယအကြိမ်မြောက် ကမ္ဘာလှည့်ခရီးစဉ်ပါ။ တိတိကျကျပြောရရင် ဝေလနိုင်ငံ ကာဒစ်ဖ်မြို့ကနေ စတင်ခဲ့တဲ့ ဒီခရီးစဉ် တစ်လပြည့်တဲ့နေ့ပါပဲ။ ဂလက်စဂို၊ မန်ချက်စတာ၊ လန်ဒန်၊ အမ်စတာဒမ်၊ ကိုပင်ဟေဂင်၊ စတော့ဟုမ်း။ ဘာလင်၊ ဝါဆောနဲ့ ကိုလုံးမြို့တွေမှာလည်း အခုလိုပဲ ပရိသတ်ရဲ့တစ်ခဲနက်အားပေးမှုရခဲ့ပါတယ်။ ရောမ၊ ဘာစီလိုနာ၊ ပါရီနဲ့ နိုက်စ်ခရီးစဉ်လောက်ပဲကျန်ပါတော့တယ်။ ခင်ပွန်းသည် ဂျေးဇက်ရဲ့ ပါဝင်အားဖြည့် သီဆိုမှုနဲ့အတူ ဘီယွန်းဆေးရဲ့ ကမ္ဘာလှည့် ဖျော်ဖြေရေးခရီးစဉ်က ပရိသတ်အကြိုက်ဖြစ်နေတာတော့ သေချာပါတယ်။

# ပန်းပန်နေဆဲ ဘီယွန်းဆေး







# စည်းလေးပဲ ခြားထားတယ်

ဂျိုရှ်ဒန်ဖယ်လ်နဲ့အတွေမှာ ကာဇီမီယာ ဘာဖြစ်သွားတာလဲလို့ ပရိသတ်တွေ သိချင်နေကြပါသတဲ့၊ တကယ်တော့ ကာဇီမီယာရဲ့မောင်ဖြစ်သူ YouTube စာရေးဆရာ ကာဗန်နာတောင် ဘာဖြစ်သွားမှန်း နားမလည်နိုင်ခဲ့တာပါ။ကာဇီမီယာဆိုတာက ပြိတိန်နာမည်ကျော် Love Island ရုပ်သံအစီအစဉ်တွေနဲ့ နာမည်ရလာတဲ့ မော်ဒယ် တစ်ယောက်ပါ။ သူမနဲ့ အလုပ်ဖော်တစ်ဦးဖြစ်သူ ဒန်ဖယ်လ်ကတော့ နွတ်ခမ်းနီမလေးတွေ အသဲစွဲတစ်ယောက်ပေါ့။ ကာဇီမီယာဟာ မြီးကောင်ပေါက်အကြိုက် Casa Amor လို လိင်အသားပေး ဟာသရုပ်သံအစီအစဉ်တွေမှာ ပါဝင်သရုပ်ဆောင်တာကို သူမရဲ့မိဘတွေက သဘောမကျပါဘူး။ သူမကလည်း လိင်နှီးဆွတဲ့ အခန်းမျိုးတွေ မရိုက်ပါဘူးလို့ ကတိပေးထားကြောင်း ကာဗန်နာက ဖွင့်ဟလိုက်တာပါ။ ဒါပေမဲ့ ကာဇီမီယာဟာ Casa Amor အစီအစဉ်သစ်မှာ ဒန်ဖယ်လ်နဲ့အတူ အဲဒီအခန်းမျိုး သရုပ်ဆောင်သွားခဲ့ပါတယ်။ ဒါကြောင့် ကာဇီမီယာဆိုတာ ဘဝနှစ်ခုကြားက စည်းလေးပေါ်မှာ ရပ်တည်နေသူပါလို့ ဆိုသူကဆိုနေကြလေရဲ့။





# စည်းလုံးခြင်းအတွက် ခြသေ့်မယ်များ

လိုက်ခွင့်ပေးမယ်၊ လိုက်ခွင့်မပြုဘူး။ လိုက်တော့လိုက်ရမယ်၊ တွေ့ခွင့်မရှိဘူး။ စတဲ့အသံမျိုးစုံဟာ အင်္ဂလန်နည်းပြအစဉ်အဆက်နဲ့ WAGs တွေကြားမှာ မရိုးနိုင်အောင်ကြားခဲ့ရပါတယ်။ ဒါပေမဲ့ ခြသေ့်သုံးကောင်တပ်ဖွဲ့ရဲ့ ချစ်သူဇနီးမယားတွေဟာ ဘယ်လိုပြိုင်ပွဲတွေမဆို တာဝန်ကျေစွာ လိုက်ပါအားပေးခဲ့တာချည်းပါပဲ။ ရုရှားမှာလည်း ကမ္ဘာ့တစ်ဝန်းလုံးက WAGs တွေကြားမှာ အင်္ဂလန်WAGs တွေမျက်နှာငယ်ခဲ့ပါဘူး။ ဆွီဒင်ကိုအနိုင်ရပြီး ၂၈နှစ်အတွင်း ပထမဆုံးအကြိမ် ဆီမီးဖိုင်နယ်တက်ခွင့်ရခဲ့တော့ သူတို့ပိုပိုပျော်နိုင်ခဲ့ကြတာပေါ့။ ထူးခြားတာက ပရီးမီးယားလိဂ်မှာ ဂုဏ်တုဂုဏ်ပြိုင်ဖြစ်နေကြတဲ့ WAGs တွေဟာ ရုရှားမှာ သိုသိပ်စွာစည်းလုံးနေကြတာပါပဲ။ ရီဘက်ကာ၊ ရှူဘီမေ၊ ဖာရန်ပောကင်း၊ လူစီယာလွိုင်း စတဲ့ အင်္ဂလန် WAGs တွေဟာ ဗစ်တိုးရီးယားနဲ့ ကောလင်းတို့လို WAGs ဟောင်းတွေရဲ့အမွေကို အကောင်းဆုံးဆက်ခံခဲ့ကြပါတယ်။ သူတို့ကို ဦးဆောင်ပြီး ဝေဖန်မှုတွေကို ဆတ်ဆတ်ထိမခံတုံ့ပြန်တတ်သူကတော့ တိုက်စစ်မှူး ဗာဒီရဲ့ဇနီး ရီဘက်ကာပဲပေါ့။















# ပြန်မရတော့တဲ့ လှိုက်ဖိုစရာပုံရိပ်များ

ရုရှားကမ္ဘာ့ဖလားမှာ လာရောက်အားပေးကြတဲ့ ကမ္ဘာတစ်ဝန်းက လှပျိုမြူတွေအများကြီးပါ။ ဒီအထဲမှာ အထင်ရှားဆုံးအဖြစ် ထိုးဖောက်ထွက်လာသူကတော့ မာရီယာလီမန်းပါပဲ။ ရုရှားသူ အလန်းဓယားလေးဟာ ဇာတိနိုင်ငံအသင်းကို ပြိုင်ပွဲတစ်လျှောက် တက်တက်ကြွကြွအားပေးခဲ့ပါတယ်။ အဖွင့်ပွဲမှာ ဆော်ဒီကို ၅ဂိုးပြတ်အနိုင်ရတဲ့အချိန်ကစလို့ပေါ့။ အဲဒီတုန်းက အဝတ်မဲ့ခန္ဓာကိုယ်နဲ့ တင်ပါးပေါ်မှာ ၅–၀လို့ ရေးထိုးဂုဏ်ပြုခဲ့တဲ့ မာရီယာရဲ့ပုံရိပ်ဟာ အွန်လိုင်းမှာအ တော်လေး နာမည်ကြီးသွားခဲ့ပါတယ်။ အသက် ၂၄နှစ်အရွယ် Playboy မော်ဒယ်ဟောင်းဟာ စပိန်ကို ပင်နယ်တီအဆုံးအဖြတ်နဲ့အနိုင်ရတဲ့ ရှုံးထွက်ပွဲစဉ်အပြီးမှာလည်း သူမရဲ့ သဘာဝအလှတွေကိုပြသပြီး ဂုဏ်ပြုခဲ့ပါသေးတယ်။ Instagram ပရိသတ် ၄၄၁၀၀၀ ကျော် ရင်ခုန်လိုက်မောခဲ့ရတဲ့ နေ့ရက်တွေဆိုပါတော့။ ဒါပေမဲ့ ဂိုးသမားအက်ကင်ဖက်ဗ်ကို စူပါမင်းလို့ တင်စားခဲ့တဲ့ မာရီယာဟာ ကတိတစ်ခုနဲ့ စိန်ခေါ်သွားခဲ့တာကတော့ ပရိသတ်တွေအတွက် ဘဝင်မကျစရာ ဖြစ်နေပါလိမ့်မယ်။ ကွာတားမှာ ခရိုအေးရှားကိုရှုံးရင် သူမရဲ့မိမွေးတိုင်းဖမွေးတိုင်း အလှတွေကို ဘယ်တော့မှပြသတော့မှာမဟုတ်ဘူးလို့ ဆိုခဲ့တာပါ။ ရုရှားဟာ ခရိုအေးရှားကို ပင်နယ်တီအဆုံးအဖြတ်နဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။

# CITY CARTOON




City MAGAZINE
ပစ္စုပ္ပန်အိပ်
လသာချိန်
ဖနွယ်(ကာဝေလာ)

ကျွန်တော်သည် တောင်ပေါ်ဒေသရှိ ကလေးမြို့နယ်၊ ပြည်သူ့ဆေးရုံကြီးသို့ လက်ထောက်ဆရာဝန်အဖြစ် ပြောင်းရွှေ့လာသော ဒေါက်တာ အောင်ဆင့်ဖြစ်ပါသည်ဟု ထိုဆေးရုံရှိ ဆရာဝန်ကြီးနှင့်တကွ အားလုံးသော ဆေးရုံဝန်ထမ်းများရှေ့မှာ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်မိသောအခါ ရင်ထဲမှာ ဝေဒနာတစ်စုံတစ်ရာ ခံစားနေရသည်ဟု ထင်မိ၏။ ထိုဝေဒနာက ပီတိဝေဒနာလေး လွှမ်းမောတသနေမိသည်လား မဝေခွဲတတ်။ နှစ်မျိုးစလုံးလည်း ဖြစ်နိုင်ပေလိမ့်မည်။ သေချာတာကတော့ သည်ဆေးရုံဝင်းထဲမှာ အတိတ်ပုံရိပ်ဟု ဆိုရမည့် နေ့စဉ်လှုပ်ရှားသွားလာနေခဲ့သော အမေ့အသွင်သဏ္ဌာန်၊ အမေ့ဟန်ပန်တွေကို ကျွန်တော့်စိတ်ထဲမှာ ပြန်လည်မြင်ယောင်နေမိခြင်းကြောင့် ဖြစ်နိုင်ပါသည်။

ကျွန်တော့်ကို ဆေးရုံဝန်ထမ်းအဆင့်ဆင့်တို့က ဆရာဝန်အသစ်တစ်ယောက် ပြောင်းရွှေ့ရောက်ရှိလာခြင်းအတွက် ထုံးစံအတိုင်း ဝမ်းမြောက်စွာကြိုဆိုနေကြသည် မှန်သော်လည်း ကျွန်တော်ကတော့ သည်ဆေးရုံနှင့် စိမ်းနေသူတစ်ယောက် မဟုတ်သည်ကို အားလုံးက သိကြလိမ့်မည်ထင်ပေ။

တကယ်တော့ ကျွန်တော်က သည်ကလေးမြို့ ဇာတိမြေဖွားဖြစ်ရုံမက သည်ဆေးရုံ မွေးလူနာဆောင်မှာပင် သူ့ဘဝကို စိန်ခေါ်သည့် အူဝဲသံပေး ဟစ်ကြွေးပြီး မွေးဖွားလာခဲ့ခြင်းဖြစ်သည်။

သည်ဆေးရုံမှာ လူ့လောကရောက်ရှိလာခဲ့သော ကျွန်တော်သည် မွေးစအရွယ်မှ ဆယ်တန်းအောင်သော ကျောင်းသားကြီးဖြစ်သော ၁၆ နှစ်အရွယ်အထိ သည်ဆေးရုံဝင်းထဲမှာပင် ကျင်လည်ကျက်စား ရှင်သန်ကြီးပြင်းခဲ့ရပါသည်။

ကျွန်တော့်အမေက ဆေးရုံဝန်ထမ်းဖြစ်သည့် ဆရာဝန်၊ သူနာပြုဆရာမ၊ ဆေးရုံ ရုံးအဖွဲ့ဝန်ထမ်း၊ ဓာတ်ခွဲခန်း၊ ဆေးဝါး စသော ပညာရှင်များအဆင့် ဝန်ထမ်းမဟုတ်ဘဲ အတန်းပညာ ၇ တန်းသာအောင်သည့် မြို့ဝန်းကျင် ကျေးရွာသူတစ်ဦးဖြစ်သော အမေ မနန်းယွန်းမှာ အောက်ခြေ ဝန်ထမ်းဖြစ်သော အထွေထွေလုပ်သား သန့်ရှင်းရေး (Ward Servant) ဖြစ်ပါသည်။

ဆေးရုံတွင် ဆရာဝန်များအတွက် တိုက်ဘိမ်လုံးချင်း နှစ်ခန်းတွဲသပ်သပ်၊ သူနာပြုဆရာမများက ပျဉ်ထောင်အိမ်လုံးချင်းများ၊ အလုပ်သမားများအတွက်က တန်းလျားရှည် ၄ ခန်းတွဲများ စသည်ဖြင့် သီးသန့်နေရာမှာ ဆောက်ပေးထားသဖြင့် အမေသည်လည်း အလုပ်သမားလိုင်းခန်း တစ်ခန်း နေခွင့်ရခဲ့လေ၏။

ကျွန်တော့်ကိုမွေးဖွားပြီး အမေနှင့် နှစ်ယောက်နေကြရသော်လည်း ကျွန်တော့်ကို မမွေးခင် အမေနှင့် အဖေကိုစော အောင်တို့ အတူတူနေကြသည်ဟု သိရပါသည်။

အမေ့အခန်းက အစွန်ဖြစ်၍ အမေက ဂေါ်ရခါးစင်စိုက်သည်။ ကလေးအောက်ဘက် ရေယားစခန်းတောထဲက ဝါးတွေ၊ သစ်ဝံ့တိုင်တွေ ကိုယ်တိုင်ခုတ်ပြီး စင်ထိုးသည်။ ဝါးတွေနှင့် ဝက်ခြံဆောက်ပြီး ဝက်မွေးမြူရေးလုပ်သည်။

မိဘမဲ့အမေ့ကို ဆေးရုံမှ အဒေါ်ဖြစ်သူ သူနာပြုဆရာမကြီးက မွေးစားသည်ဆိုကာ ဆရာမကြီးယောက်ျား၏ ကြက်ခြံများ၊ ဝက်ခြံများနှင့် စိုက်ခင်းတွေမှာ အလုပ်ပေးထားသဖြင့် အမေ့ကိုစောအောင်က စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ကျွမ်းကျင်သည်။

ဆေးရုံမှာ အမေနှင့် မကြာခဏဆုံမိကြရင်း ဆရာမကြီးအိမ်မှာ အမေက အဝတ်လျှော်ပေးရခြင်းများကြောင့် အဖေနှင့် အမေ အကြောင်းပါခဲ့သည်။

ဆရာမကြီးက သူ့တူနှင့် အမေ့ကို သဘောမတူသဖြင့် တူကို နှင်ပစ်ထား၏။

ကျွန်တော် အမေ့ဗိုက်ထဲမှာ ၈ လသို့

---

**ကိုယ်ဝန်အရင့်အမာနှင့် မုဆိုးမနန်းယွန်းကို ဆေးရုံမိသားစုများက**
**ကရုဏာသက်ပြီး ဝိုင်းဝန်းကူညီစောင့်ရှောက်နှစ်သိမ့်ပေးကြ၏။**
**ဆရာဝန်၊ ဆရာမများကလည်း**
**နန်းယွန်း နင့်ယောက်ျားက နင့်အတွက် အမွေပေးခဲ့တယ်။**
**နင့်မှာ နောက်အနာဂတ်ရှိတယ်. .**

---

အားကိုးကြ၊ ဝိုင်းပင်းကူညီကြရမှာပေါ့ဟု ဆိုကြလေသဖြင့် နန်းယွန်း စိတ်သက်သာရာရလေသည်။

တကယ်လည်း အမေ မနန်းယွန်းက မွေးဖွားချိန်တိုင်သောအခါ အပြောမဟုတ်ဘဲ အလုပ်နှင့်သက်သေပြကြသည်။

အမေ မီးဖွားခွင့် ၃ လအပြည့်ယူလိုက်သည်။ မီးမဖွားခင် တစ်လခွဲ၊ မီးဖွားပြီး တစ်လခွဲဖြစ်သော်လည်း အစဖသေပြီးစ ကိုယ်ဝန်နှင့် အမေအလုပ်ဆင်းသည်။ ခွင့်ရက်စုခြင်းဖြစ်သည်။ အိမ်မှာနေရင် စိတ်တွေ သောကထဲနစ်နေတတ်၍ဟုဆိုကာ မွေးပြီးမှ ၃လ စုယူကာ အမေက ၃လသားလေးကို တရုတ်ကျောပိုးတဘက်ဖြင့် ရင်ဘတ်မှာသိုင်းချီပြီး ကလေးပိုးလျက် အလုပ်ဆင်းသည်။ ရုံးချိန်ရုံးခါ Duty Off သော အခြားဝန်ထမ်းတာ အမေ့ကလေးကို ပိုင်ဆိုချိန် အမေ ဝက်ချေးကျုံး၊ ဝက်စာကျွေး၊ ဝက်ခြံပြုပြင်လုပ်ရင်း သံစူးမိပြီး ခေါင်းမာစွာ ဆေးရုံဝင်းထဲနေပြီး ဆေးမထိုးဖြစ်၍ မေးခိုင်ပိုးဝင်ပြီး သေဆုံးသွားရှာ၏။

ကိုယ်ဝန်အရင့်အမာနှင့် မုဆိုးမနန်းယွန်းကို ဆေးရုံမိသားစုများက ကရုဏာသက်ပြီး ဝိုင်းဝန်းကူညီစောင့်ရှောက် နှစ်သိမ့်ပေးကြ၏။ ဆရာဝန်၊ ဆရာမများကလည်း နန်းယွန်း နင့်ယောက်ျားက နင့်အတွက် အမွေပေးခဲ့တယ်။ နင့်မှာ နောက်အနာဂတ်ရှိတယ်၊ အားမငယ်နဲ့၊ နင့်ရဲ့ သန္ဓေသားကို စောင့်ရှောက်၊ ငါတို့ မွေးဖွားပေးမယ်၊ လူပြန်ရောက်လာရင် နင်ကြီး ပြောင်းစင်အောင် ကျွေးမွေးပြုစုပညာသင်ပေးဟု ဆို၏။

ကိုယ့်လုပ်ငန်းဌာနမှာ မိသားစုတွေကို ပေးဝေမယ ရှိနေကြတာပဲတဲ့၊ အချင်းချင်း

ပေးကြသည်။

ဤသို့ဖြင့် ဆေးရုံဝင်းထဲမှာ ကျွန်တော် ကြီးပြင်းခဲ့ရသည်။ အသက် ၂၈နှစ်ခွဲအချိန်၌ အမေက ရင်ခွင်ပိုက်ကလေးထိန်းကျောင်းမှာ အပ်လိုက်ပြီး Duty Off ချိန်တွေမှာ အဖေမရှိကတည်းက ပစ်ထားခဲ့ရသော အိမ်တွင်းမှုလုပ်ငန်း၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး ကြက်သွန်ခင်းဘောင်တွေလုပ်ပြီး စိုက်သည်။ ဂေါ်ရခါးပင်ပြန်စိုက်ပြီး အဖေနှင့် လုပ်ဖော်ကိုင်ဖက် ဦးလေးထွန်းထံမှ ဝါးနှင့်တိုင်များ ပြန်ဝယ်ကာ ဦးလေးထွန်းကို ပဲစင်ဆောက်ခိုင်းရသည်။ ထို့နောက် အမေက ငွေရင်းနည်းသဖြင့် ဦးလေးထွန်းထံမှ ဖီးနှင့် ဝက်မတစ်ကောင်အဖက်မွေးအဖြစ် ယူမွေးရသည်။ ဦးလေးထွန်း၏ ငါးများ။ သစ်သားများဖြင့် ဝက်ခြံဆောက်ပေးခဲ့သည်။

ဖက်အဖက်မွေးဆိုသည်က ဝက်ကို ဖက်စားမွေးဟုလည်းခေါ်သည်။ ငွေမပေးဘဲ အစာကျွေးပေးရသည်။ ဝက်ကလေးများပေါက်လျှင် ၂ကောင်ဆို တစ်ကောင်စီ၊ ၄ကောင်ဆို တစ်ယောက် ၂ကောင် ခွဲဝေမျှပိုင်ကြသည်။ ဝက်ရောင်းရလျှင်လည်း ရငွေတန်ဖိုးကို နှစ်ဦးခွဲယူရသည်။

ထို့ကြောင့် အမေက အလုပ်နားချိန်လည်း မအားနိုင်။ ဂေါ်ရခါးရွက်ကြမ်းတွေ ချူပြီး ဝက်စာစင်းကျွေး။ ဈေးမှ ဂေါ်ဖီရွက်တွေ၊ ပန်းမုံလာအရိုးအရွက်တွေ ပယ်ထားသမျှ အမေက ဒိုင်ခံကောက်ပြီး၊ တောင်းအပြည့်သယ်ရွက်သည်။ အစာနည်းလျှင် ချောင်းသောင်ပြောင်းသောမှ အလေ့ကျပေါက်သည့် ကန်နဖော့အရိုင်းပင်တွေ လိုက်ခူးသည်။ ထိုသစ်ရွက်တွေစဉ်းပြီး ဂျုံဖက်တွေမှာ ဂျုံမှုန့်ကြမ်းတွေ ပြည့်ရှင်နှင့်ဝယ်ကာ သစ်ရွက်စိမ်း၊ ဂေါ်ဖီရွက်ကြမ်းအရိုးများနှင့်ရောပြီး ဝက်စာစပ်ကာ ဖယားဝက်စာခွက်မှာ ထည့်ပြီး ကျွေးရသည်။

ဖွဲကြမ်းဖိုးငွေမှတစ်ပါး အလကားရသော သစ်ရွက်စိမ်းများကြောင့် အရင်းအနှီးသိပ်မရှိသော်လည်း လူ၏ခွန်အားကို ရင်းနှီးရသဖြင့် ပင်ပန်း၏။ အမေက မိန်းမသားဖြစ်ရုံမက ဆေးရုံတာဝန်ကျချိန်လည်း ပင်ပန်းသည်။ အမေက ရှိရင်းစွဲအသက်ထက် ပိုပြီး ရင့်ရော်နေလေသည်။

ကျွန်တော်က ကျောင်းစာတော်သည်။ ကြိုးလည်းကြိုးစားသည်။ ကစားတာ၊ ဆော့တာ၊ လျှောက်လည်တာတွေ သိပ်မရှိ။ အမေအလုပ်ဆင်းနေချိန် အမေ့နောက်လိုက်ပြီး အလုပ်လုပ်နေကြသူတွေကို စပ်စပ်စုစု လိုက်ကြည့်သည်။

စတုတ္ထတန်းကျောင်းသားဖြစ်သော်လည်း ကျွန်တော်က ငါအလုပ်လုပ်ရင် ဆေးရုံမှာပဲလုပ်မယ်၊ ဒါပေမဲ့ ဂျူတီကုတ်အဖြူရောင်ဝတ်ပြီး လည်ပင်းမှာ နားကြပ်ချိတ်တဲ့ ဆရာဝန်ပဲလုပ်မယ်၊ မိန်းမယူရင် ဆရာဝန်မပဲယူမယ်ဟု စိတ်ထဲမှာ သတ်မှတ်ချက်ချထား၏၊ အမေ့ကိုပြောပြတော့–

စိတ်ကူးယဉ်နေရုံနှင့် မဖြစ်ဘူး။ စာလည်း တော်၊ ငွေလည်းရှိမှ၊ နင် အခုကတည်းက ပိုက်ဆံစုပေါ့၊ မုန့်တွေလျှော့စားပြီး ဂေါ်ရခါးရွက်ခူးပြီး ဝက်စာစဉ်းကျွေး။ ဒါဆို အဆင်ပြေမယ်၊ အမေက ဤသို့ပြောပြီး ခိုင်းသည်။

ကျွန်တော်ကလည်း ကုလားထိုင်ခုပြီး ဂေါ်ရခါးစင်ပေါ်က အရွက်ရွှေသည့် ကန်နဖော့ရွက်အရိုင်းတွေ လိုက်ခူးသည်။ ဝက်စာစဉ်းကျွေးသည်။

''နန်းယွန်း၊ ကလေးကို မဖြစ်နိုင်တာ စိတ်ကူးယဉ်ဆရာဝန်ရူးတာကို နင်က အခွင့်အရေးယူပြီး ညာခိုင်းနေတာပဲ''

အိမ်ရှေ့ရောင်းစဉ်က သန့်ရှင်းရေးဝန်ထမ်း အဒေါ်မဝင်းကြည်ကဝင်ပြောရသည်။

''မကြည်ရေ–ကျွန်မသားက လူတော်ပညာတော့ချွန်တယ်၊ စာမေးပွဲမှာ အဆင့်



တစ်ချည်းပဲ၊ ဆရာဝန် ဦးသော်ကောင်းက ဉာဏ်ရည်နှင့် ခွန်အားပြည့်စုံရင် ဆရာဝန်ဖြစ်နိုင်တယ်တဲ့၊ သားတင် စိတ်ကူးယဉ်တာမဟုတ်ဘူး။ ကျွန်မလည်း ရည်ရွယ်ချက်ရှိတယ်''

''အလို…မြတ်စွာဘုရား၊ နင်ကတော့ လူနေချုံကြား၊ စိတ်နေဘုံများဖြစ်နေပြီ''

''အစစ်ပဲ မဝင်းကြည်ရဲ့၊ ချုံကြားထဲက ဘုံများအထိမှန်းမှ မှန်းတဲ့အတိုင်းရောက်အောင် တက်နိုင်မှာလေ''

အမေနှင့် အဒေါ်မဝင်းကြည်တို့ ပြောစကားကြားသောအခါ ကျွန်တော်က ခါတိုင်းထက်ပိုပြီး စာကျက်တော့သည်။ အမေနှင့် ကျွန်တော် ဆန္ဒထပ်တူဖြစ်နေသည်ကို သိလိုက်ရ၍ ကျွန်တော် ယုံကြည်ချက်ပိုပြီး ခိုင်မာသွားရသည်။

ကျွန်တော်တို့ အမေတစ်ခုသားတစ်ခု ဘဝတွင် အမေက ''သားမှာ အမေတစ်ယောက်လုံး မားမားမတ်မတ်ရှိတယ် သိလား။ အဲဒီ အမေ့ရင်ထဲမှာ သားအပေါ်ထားတဲ့ မေတ္တာအင်အားတွေအများကြီးပဲ'' အမေက လက်ရှစ်ဖက်ကားပြီးပြောနေသောအခါ အမေ့ကို ပိုပြီးအားကိုးချစ်ခင်မိတော့သည်။

အမေက တကာယ်အပင်ပန်းခံသည်။ သူ့ကိုယ်သူ မညှာ။ သားပညာသင်စရိတ်ရမည်ဆိုလျှင် တစ်ကျပ် နှစ်ကျပ်ပိုရလည်း အပင်ပန်းခံသည်။ အမေ့ ဂေါ်ရခါးစင်က တခြားစင်တွေထက် ပိုကြီးသည်။ အရောင်ပိုစိမ်းပြီး အလုံးချောသည်။ ကုန်သည်တွေ ရောင်းပန်းလှသည်ဆို၏။ ထိုခေတ်ငွေကြေးက တန်ဖိုးရှိသည်။ ဂေါ်ရခါးသီးကို စင်တွေမှာ လိုက်ခူးသည့် ဂေါ်ရခါးသီးကောက်သမားတွေ ဂေါ်ရခါးသီး အလုံးတစ်ရာ ငွေတစ်ရာနှင့်ကောက်ပြီး ပွဲရုံသွားပို့သော် နှစ်ရာဈေး၊ ပွဲရုံကနေ ဂေါ်ရခါးသီးရန်ကုန်ဒိုင်တွေမှာ တွဲနှင့်တင်ပို့ညည့် ဒိုင်တွေဆီမှာ လေးရာကျပ်ဈေးရသည်။

အမေကတော့ အိမ်တွေမှာ ဂေါ်ရခါးသီး လိုက်ခူးပြီး ပုံထားလျှင် အလုံးရေတွက်ချိန်မှာ အာရုံစိုက်ရဲ့ အချိန်မကုန် လူသက်သာလည်း၊ ထိုသူတွေကိုမောက်သည်မလုပ်၊ ပွဲရုံလည်းမသွင်း။ တောင်းကြီးတစ်လုံးမှာ ထည့်သော ဂေါ်ရခါးသီး အလုံး ၇၀၀၊ တစ်ခါတလေ ၁၀၀၀ ပါသည်ကို လည်ပင်း

လည်ကုတ်တွေ ညောင်းနေ၊ လက်တွေ အောင့်နေအောင်ရွက်ပြီး မောဟိုက်ပင်ပန်းလည်း ဘူတာထိသွားသည်။ ဒိုင်တွေဆီ တိုက်ရိုက်သွားသွင်းလျှင် မြို့မြို့မြက်မြက် ရသည်။ ကျွန်တော့်အတွက် စုပုံနီးမှုနိမ့်မှုကြီး ထဲ ထည့်သည်။ ပြည့်သောအခါ ဆေးရုံ ရုံးစာရေးမှ ရွှေဘီက ဘတ်နှင့်ဆက်သွယ် အလုပ်လုပ်ရသောကြောင့် ရွှေဘီနောက် လိုက်ပြီး ဘဏ်စာအုပ်လုပ်ကာ ငွေတွေ ဘဏ်သွင်းသည်။

ဝက်စာခွူးကျွေး စဉ်းကျေးရုံနှင့် ဝက် မွေးမြူရေးအောင်မြင်နေသဖြင့် ဖက်စား ကိုထွန်းက ဝက်ရောင်းပြီး တစ်ဝက်ပေးသောငွေ ပေးသည်တွင်လည်း အမေက ဘဏ်စာအုပ်ထဲပဲထည့်သည့်အတွက် အမေ အမောတွေပြေစေလေသည်။ ချွေးစေးတွေ ယိုနေသည့် အမေ့မျက်နှာမှာ ပြုံးရိပ်ဝိတ်တွေ ဝေနေပြီ တွေ့မြင်နိုင်၏။ အမေ၏ ရုန်းကန်ရင်ဆိုင်ရမှုတွေက တစ်နေ့တစ်ချိန် ကျွန်တော့်ကို ဆရာဝန်တစ်ဦးအဖြစ် မျှော်လင့်ချက်ဖြစ်၏။

နေ့နေ့ညည ပင်ပန်းသော အမေ့စိတ် စွမ်းအားတွေနှင့် တောင့်ခံနိုင်လေသည်။

ညဘက် ဆေးရုံအထူးခန်းတက်သူတွေ ဂျူတီမရှိသည့် ခပါယ်ရှယ်နာ့စ်တွေ ပြန်ငှားကြသည့်အချို့ကတော့ ဒိုင်းချင်ဒိုင်း အောက်ခြေသိမ်းအဝတ်ပါ လျှော်ပေးသော၊ ဈေးပြေးဝယ်ပေးသော အထွေထွေလုပ်သားတွေကိုသာ ငှားကြသည်။ အမေက ညဂျူတီထွက်ပြီး အိမ်စီးပွားရေးကို အချိန်လုလုပ်ပြီး နေ့စောင့် ညဂျူတီမရှိ ညလူနာစောင့်လုပ်ပေးရင်း အပိုဝင်ငွေရှာသည်။

စားတော့လည်း သားကိုသာ စာကျက်လျှင်အားရှိအောင် ကြက်ဥ နွားနို့ ကြက်သား ၁ဝ သားဝယ်လည်း၍ အကျန် ကျွေးသည်။ သူ့ဝမ်းတော့ သူမသထား။ သူနာပြုဆရာမတွေနှင့် ဝိုင်းပြီးစားသောက်မှသာ အမေကောင်းကောင်းစားရသည်။ ကိုယ့်အိမ်မှာတော့ ငေါ်ရခါးသီး ချဉ်ဖတ်နှင့် ပဲပုပ်ကို ခရမ်းချဉ်သီးမီးဖုတ် ကြက်သွန်ဖြူ ငရုတ်သီးစိမ်းထောင်းကို လက်ဆက်စားသည်။ ငေါ်ရခါးညွန့်အညှောင့်တွေ နုရွနေလျှင် မစားရက်။ ဈေးဆိုင်မှာ အစည်း ၅ဝ၊ ၁ဝဝ စည်းပြီး သွားသွင်းသည်။ အရွက် မနုမကြမ်းတွေကို ဟင်းရည်(သို့မ



ဟုတ်) ဆီကျန်ရေကျန် ကြော်စားရုံနှင့် ထမင်းမြိန်အောင်စားပြီး အားမွေးသည်။ တစ်ခါသောနေ့က ငေါ်ရခါးသီးသွားရောင်းပြီး ဆေးရုံဝင်းဝမှာ အမေမူးလဲသဖြင့် ပုလင်းကြီးစိုက်ရသည်။ အသားဓာတ်နည်းသည် အပတရုဆေးပြောလည်း အမေက နေကောင်းသောအခါ မူလအတိုင်း အလုပ်နှင့်လက်နှင့် မပြတ်ပေ။

* * * * *

အမေနှင့် ကျွန်တော် ရည်ရွယ်ထားသည့် ပန်းတိုင်ဆီသို့ ချီတက်နေကြသည်။ ကျွန်တော်က ကျောင်းမှန်မှန်တက် စာမခက်ဆိုသည့်အတိုင်း ကျောင်းမှ ဆရာ/ ဆရာမတွေသင်သမျှ အာရုံစူးစိုက် နားထောင်မှတ်သားသည်။ အချိန်ရလျှင် ပြန်တွေးနေပြီ၊ စာနွှေးနေရသည်။ အမေ ပင်ပန်းနေတာတွေ့ရသည့်အခါ ရည်ရွယ်ချက် ပျောက်လုလုဖြစ်သွားလည်း၊ အမေက နွားကို ကြိမ်တို့မောင်းသည်။

''ငါ့သားလေး၊ စာလုပ်နေတာတွေ့ရတော့ အမေ့ပယ်တွေပြေ၊ အညောင်းတွေပြယ်သွားရပြီ။ ရင်ထဲမှာ အေးမြနေတာပဲ''ဟု ဆိုသောအခါ ကျွန်တော် လျှော့လိုက်ရင်း ယခင်က အမေရုန်းကန်ကြိုးစား ပင်ပန်း မောဟိုက်ခဲ့တာတွေ အချည်းအနှီးဖြစ်ကုန်ပေရော့မည်။ နောက်လည်း အားလျှော့သော သားကိုမြင်တွေ့ရလေလျှင် အမေ တင်းထားသောအားမာန်တွေ လျော့ကျကုန်ပြီး အရုပ်ကြိုးပြတ်ဖြစ်သွားနိုင်သည်ဟု တွေးမိသဖြင့်–

''စိတ်ချအမေ၊ ရှစ်တန်းတုန်းကလည်း ဘာသာစုံဂုဏ်ထူး။ အခု ဆယ်တန်းတက်ရင် ကျွန်တော်ကြိုးစားမှာမို့ ၆ ဘာသာ ဂုဏ်ထူးရှင်က ပြေးမလွတ်ပါဘူး အမေရယ်''

သားနှင့်အမိ အတိုင်အဖောက်ညီသမျှ တချို့ကလည်း အားပေးကြသည်။ တချို့ကတော့–''ဖြစ်နိုင်ပါ့မလားကွယ်ရို့၊ ဆရာဝန်ဖြစ်ဖို့ ပိုက်ဆံလည်းကုန်ဦးမယ်၊ စာတော်တာလည်း တော်တိုင်းရနိုင်လို့လား။ အရင်နှစ်က ဘာသာစုံကျူရှင်တက်တဲ့ ဆရာဝန်ကြီးတူလေး နိုးရိုးပဲအောင်သွားတာ မဟုတ်လား။ အခု နုန်းယွှန်းသား အောင်ဆင့်က ကျူရှင်စာတွေ ကိုယ့်ဘာသာကိုယ်လေ့ကျင့်ပြီး အင်္ဂလိပ်နှင့်သင်္ချာပဲ ကျူရှင်ယူတာတဲ့၊ နုန်းယွှန်းလည်း သားအတွက် အခုရော နောင်ရောအတွက် ပညာသင်စရိတ်အတွက် အားကုန်ရုန်းနေရတာ အမိုးပေါ်အရေတင်ပဲ''

''ရှုံးတာမှ သားအမိနှစ်ယောက်လုံးပဲ၊ ဆရာဝန်တဲ့လေ''

''အခု တောင်ခြေရောက်ပြီဆိုတော့ တောင်ထိပ်ကို မှန်းကြည့်နေကြတာတဲ့၊ တက်နိုင်တာ မတက်နိုင်တာတော့ လက်တွေ့မှပဲ သေချာမယ်''

''အင်း…ဒီသားအမိ ဘုန်းကြီးရှူးနဲ့ လေ့လွှားဆိုတာလိုပဲ''

အမေက ကျွန်တော့်ကို စိတ်ယိုင်သွားမှာ စိုးနေသလို၊ ကျွန်တော်ကလည်း အမေ စိတ်ပျက်အားလျော့သွားမှာ စိုးရိမ်နေမိကြသည်အမှန်။

''သားရေ၊ နားထွေထွထားနော်၊ သူတို့လည်း တို့တွေကို စိုးရိမ်နေလို့ဖြစ်မယ်၊ ရှေ့ဆက်ဖို့ပဲ စိတ်ခွန်အား၊ လူခွန်အားမွေးကြ

ရအောင်''

အမေပြောတာ သဘောပေါက်၍ ကျွန်တော်ကတော့ ကိုယ့်မျှော်လင့်ချက် မကုန်ဆုံးပေ။

* * * * *

ထိုနေ့က ဆယ်တန်းစာမေးပွဲ အောင်စာရင်းထွက်သည့်နေ့။ အောင်စာရင်းကြောင့် ဆေးရုံဝန်းကျင်ရော၊ မြို့ထဲမှာပါ–

''ဟဲ့…ဆေးရုံက သန့်ရှင်းရေးအလုပ်သမား မနန်းယွန်းသားက ခြောက်ဘာသာ ဂုဏ်ထူးတဲ့တော်''

''ဟား…..တယ်ဟုတ်ပါလား။ နန်းယွန်းတော့ ထီဆုကြီးပေါက်တာထက် ပို ပျော်နေတော့မှာပဲ''

''ဟိုအဆောင်မှာ တစ်နှစ်စာ ၁၀ သိန်းပေးပြီး ဘာသာစုံ ဗိုင်းကျူရှင်တက်တဲ့လူတွေ၊ ဟုမ်းကျူရှင်တက်တဲ့လူတွေလည်း ဘာသာစုံပါပေမယ့် တချို့က ဂုဏ်ထူး ၃ ဘာသာ၊ ၄ ဘာသာတော့ ပါတဲ့လူပါတယ်၊ တချို့က အဲဒီလောက် မိဘငွေကုန်ခံ ထတ် နိုင်လို့ လုပ်ပေးတာတောင် ရိုးရိုးအောင်တာလောက်ပဲတဲ့။ အဲ– လုံးဝမအောင်တာလည်း ရှိတယ်''

''ဒါက လူပေါ်မှာမူတည်တယ်၊ တစိုက်မတ်မတ်ကြိုးစားပြီး ရည်ရွယ်ချက်၊ ဦးတည်ချက်တွေထားတဲ့လူနဲ့တော့ မတူဘူးပေါ့''

ပတ်ဝန်းကျင်မှာ စကားသံတွေကယက်ခိုက်နေကြသည်။ အထူးသဖြင့် အောင်ဆင့်၏ ဂုဏ်သတင်းကို ဖော်ကျူးနေကြခြင်းဖြစ်သည်။

''ဒါပေမဲ့ ဆရာဝန်ဆိုတာတော့ ဖြစ်နိုင်ပါ့မလား။ ရ နှစ်ကြီးများတော်''

''သူတို့သားအမိ သဘောပေါက်မှာပါ''

* * * * *

**ချွေးစေးတွေ ပျံနေသည့် အမေ့မျက်နှာမှာ ပြုံးရိပ်ပီတိတွေ ဝေနေမြဲ တွေ့မြင်နိုင်၏။ အမေ၏ ရှန်းကန်ရင်ဆိုင်ရမှုတွေက တစ်နေ့တစ်ချိန် ကျွန်တော့်ကို ဆရာဝန်တစ်ဦးအဖြစ်…**



ကျွန်တော် ၃တိယနှစ်ရောက်သောအခါ အမေက လုပ်သက် ၂၅နှစ်ကျော်သွားပြီဖြစ်၍ ခဆေးပင်စင်ယူခွင့်ရသည်။ စီးပွားရေးလုပ်ဖို့ အချိန်လိုအပ်၍ ဝန်ထမ်းဘဝစွန့်ခဲ့ခြင်းပင်။

အမေက မြို မြ ကေပိုင်သော ဒေါ်သက်ဦးနှင့် ခင်မင်မှုရှိသွား၍ မြေ ၂ကေကို တစ်နှစ်တစ်ကြိမ် စာချုပ်နှင့်ငှားပြီး ဂေါ်ရခါးခင်းလည်းဆောက်၍ ဝက်ခြံပါဆောက်သည်။ ထို့ပြင် ဒေါ်သက်ဦးထံမှ မျိုးမျိုးပင်ပေါက်တွေဝယ်ပြီး မြေတောင်တွေလုပ်ကာ ပန်းစိုက်ခင်းများ၊ ဂန္ဓမာပင်၊ မေမြို့ပန်းပင်တွေစိုက်ပြီး မောက်သည့်ပေးသည်။ ရာသီအလိုက် မိုးပဲသီး၊ ဆောင်းပဲသီး၊ နွေပဲပင်များစိုက်သည်။ ချွေဖရုံပင်များ ခင်ပေး၍ စိုက်သည်။ ဖရုံ အညွန့်အညှောင့်လည်း ရောင်းရ၊ ရန်ကုန်မှ ကုန်ကားကြီးနှင့်လာသော ကုန်စိမ်းဒိုင်သို့ ဂေါ်ရခါးသီး၊ ချွေဖရုံသီးတွေ တင်ပို့နိုင်သည်။

အမေက လူပင်ပန်းသလောက် ငွေတွေရနေပြီး သားဆရာဝန်ကို တွေးလျက် စိတ်အေးချမ်းသာနေရသည်။

ကျွန်တော် ဆေးတက္ကသိုလ်တွဲ့ရတော့ အမေ့ကို ရန်ကုန်ခေါ်ပြီး သားတွဲ့ရတာ မျက်ဝါးထင် မြင်စေခဲ့သည်။

''အမေ့အိပ်မက်ကတကယ်အကောင်အထည်ပေါ်ပြီသားရယ်''ဟုဆိုကာ အမေ ပက်ငိုတော့သည်။

ကျွန်တော် အလုပ်သင်ဆရာဝန် (ဟောက်ဆာဂျင်)အဖြစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်မှာ တာဝန်ကျချိန်၌ ကျွန်တော် ဆန္ဒပြည့်သွား၍လားမသိ၊ ဖောက်ပြန်မှုတစ်ခု ရှိသွားခဲ့၏။ ထိုကိစ္စက အမေ့ကို ထိခိုက်စေသည် မရည်ရွယ်မိပေ။

အမေ့သားလေး ဆရာဝန်ကြီးတစ်ဦးနဲ့ ရှေ့နေမတို့ရဲ့သမီး၊ ကေသီမှူးခင်နဲ့ ချစ်သူဖြစ်နေပါပြီ အမေရယ်၊ ခွင့်လွှတ်ပါနော်၊ သူလည်း ကျွန်တော့်လို အလုပ်သင်ဆရာဝန်ပါ။ သူက မန္တလေးဆေးတက္ကသိုလ်က ဘွဲ့ရခဲ့တာပါ။

အမေ့ခြင်းတဲလေးဆီ အရောက်သွားပြီး အမေ့ကို အလွမ်းသွားတွေ့မိစဉ် ဝန်ခံတော့ အမေက ''နေနဲ့လေ၊ ရွှေခွဲမြဲပေါ့ သားရယ်၊ ဒီအခြေအနေရောက်နေပြီ၊ လူငယ်ဘဝ အချစ်ဆိုတာကြုံဆုံကြစမြဲပဲ၊ မေတ္တာလမ်းကြောင်း ပြောင်းဖြူးသာယာပြီး မိသားစုဘဝက အဆင်ပြေပြေ အခြေအနေကောင်းဖို့ အမေဆုတောင်းပါတယ်''ဟု ဝမ်းမြောက်ဝမ်းသာ ကောင်းချီးမင်္ဂလာစကားတွေ ပြောလေ၏။

သို့သော် အမေ့ဆုတောင်း မပြည့်ခဲ့ပါ။

''စေ့စပ်ကြမယ် ကိုအောင်၊ အမေကို ပြောလှပြီ''ဟုဆိုသည့် သူမအဖေနှင့် တွေ့ဆုံမှု၍ သဘောကျလေ၍ အဆင်ချောသည်ထင်ခဲ့၏။

မိဘတွေက စိုက်ပျိုးရေးခြံတွေလုပ်တာဟု ကေသီက ဝင်ထောက်သဖြင့် များစွာ အင်တာဗျူးမလုပ်ခဲ့ရပေ။

အမေပဲရှိတယ်၊ ခြံစိုက်တယ်ဟု

အလွယ်ပြောထားမိသည့် ပစ္စုပ္ပန်ကာလ သည်လည်း အခြေအနေပဲ့ရှိ မှုသားပါမည် မထင်ခဲ့။

သို့သော် ကေသီနှင့် ကျွန်တော်တို့ အလုပ်လုပ်သည့်ဆေးရုံသို့ ဆရာဝန်တစ်ဦး ပြောင်းရွှေ့လာ၏။ လက်ထောက်ဆရာဝန် ဖြစ်ခဲ့သော ဒေါက်တာဘဝင်းဖြစ်သည်။ ပန်း ဖက်သည့် ကေသီကလည်း အနားမှာရှိ သည်။

''ကောင်လေး အောင်ဆင့်၊ မင်းတို့ သားအမိကတော့ ဂုဏ်ဝင်စံတင်ပဲပေ့၊ ချီး ကျူးဂုဏ်ပြုတယ်ကွာ၊ နှမ်းယွန်း-နှမ်းယွန်း အောက်ခြေဘဝကနေ သားကို ဆရာဝန် ဖြစ်အောင် လုပ်ပေးနိုင်ခဲ့တဲ့ သင်္ချိုအရည် အချင်းတွေက အံ့မခန်းပဲ''

ဆရာဝန် ဦးဘဝင်း၏စကားကို ကြား ရလေသောအခါ ကေသီ အကြီးအကျယ် တုန်လှုပ်သွားသည်။ သတိထားမိလိုက်၏။ ထိုမျှ ပြဿနာကြီးသွားမည် မထင်မိခဲ့ပေ။

''ကိုအောင်က လူလိမ်ပဲ၊ အောက်ဆုံး အဆင့်ကို ထိမ်ချန်ပြီး ခြွင်ရှင်ပုံစံနဲ့ ဒီလို မရိုးမသားမှုန်း၊ အစကမသိလို့ ချစ်သူဖြစ်ခဲ့ ရတာ၊ အခု ဒယ်ဒီက စေ့စပ်ဖို့လုပ်နေပြီ၊ စိတ်ပျက်လိုက်တာ''

ကျွန်တော် ပြောစရာစကားမရှိတော့။ လက်ငင်းအခြေအနေမှန်ကန်မှုကိုသာ ဦး တည်မိကြောင်း ပြောမိသည်။

''ဒီမှာ…၊ကိုအောင်၊ ကေသီက ရှိ ရင်းစွဲ အချစ်စိတ်မေတ္တာတွေနဲ့မို့ စေ့စပ်ပွဲ လုပ်မယ်၊ ဒါပေမဲ့ ကိုအောင့်အမေ မလာ စေနဲ့၊ ကိုအောင့်အမေက နိုင်ငံခြားမှာလို့ ပြောပေး၊ ပြီး-ကိုအောင့်အမေနဲ့ ကေသီကို ဘယ်တော့မှ ဆုံမပေးပါနဲ့၊ ကေသီတို့ သား သမီးမွေးလာရင် အဲဒီလို အနိမ့်စားအဆင့် အတန်းက အဘွားမျိုး မရှိစေချင်ဘူး''

ကျွန်တော့်ရင်ထဲ မိုးကြိုးပစ်ခွင်းလိုက် သော စကားများ။ အချစ်ဆုံးချစ်သူဟု သတ်မှတ်ထားသူ၏ နှုတ်ထွက်စကားများ

**မစေ့စပ်ရရင်နေ၊ ကိုယ့်အမေက ကိုယ့်ဘဝကို ဖန်တီးရှင်၊**

**အမေ့မေတ္တာတန်ဖိုး ကိုယ့်အသက်နဲ့လဲပြီး ဆပ်တောင်မကျေဘူး။**

**ဒီတော့ ကိုယ့်ဘဝ ကိုယ့်ရှင်သန်မှု ကိုယ့်အသက်**

**အဲဒီလိုအမေနဲ့ ဘယ်မိန်းမနဲ့မှ မလဲနိုင်ဘူး…**



ကြောင့် အမုန်းဆုံးလူဟု ချက်ချင်းပြောင်း လဲ သတ်မှတ်လိုက်တော့သည်။

''ဒီမှာ ကေသီ၊ မစေ့စပ်ရရင်နေ၊ ကိုယ့်အမေက ကိုယ့်ဘဝကို ဖန်တီးရှင်၊ အမေ့မေတ္တာတန်ဖိုး ကိုယ့်အသက်နဲ့လဲပြီး ဆပ်တောင် မကျေဘူး။ ဒီတော့ ကိုယ့်ဘဝ ကိုယ့်ရှင်သန်မှု ကိုယ့်အသက် အဲဒီလိုအမေ နဲ့ ဘယ်မိန်းမနဲ့မှ မလဲနိုင်ဘူး။ မင်းနဲ့ကိုယ် ဒီနေရာမှာလမ်းခွဲပြီ၊ မင်းက ကိုယ့်အမေ အပေါ် နှစ်နာတဲ့စကားမျိုးပြောတာ မင်းက ကိုယ့်ရန်သူပဲ''

ကျွန်တော် စိတ်လိုက်မာန်ပါပြောမိ သော ထိုစကားများ ဘယ်သောအခါ ဘယ် ကာလမှာမှ နောင်တရစရာမည်မဟုတ်တာ သေချာသွားလေပြီ။



အမေက သားစေ့စပ်ပွဲကိုတွေးပြီး ကျေနပ်နှစ်သိမ့်နေကာ ပန်းများကို အခင်း လိုက် ရောင်းချပြီးဖြစ်နေ၏။

''သား စေ့စပ်ပွဲမလုပ်တော့သလို မိန်းမယူဖို့လည်း ဆန္ဒမရှိတော့ဘူးအမေ''

* * * * *

ခုတော့ ကျွန်တော်လူဖြစ်ခဲ့သည့် ဘူမိ နက်သန် သည်မြေကို ပြန်ရောက်ခဲ့လေပြီ။ အသက် ၁၆ နှစ်အရွယ် ဆယ်တန်းအောင် အချိန်မှ ယခု ၃၅နှစ်အရွယ်အထိ ကင်းကွာ ခဲ့သောမြေ။

ဘာပဲဖြစ်ဖြစ် သည်ဒေသရဲ့က ဆရာ ဝန်များကိုပေးသော အိမ်ရာကတိုက်ခန်းမှာ အမေ့ကိုပြန်ခေါ်နေစေဖို့ မိုးကုတ်ဝိပဿနာ တရားရိပ်သာက တရားစခန်းသိမ်းပွဲကို စောင့်နေဆဲဖြစ်သည်။

အချိန်ကျရောက်လာလျှင် တစ်ချိန် တစ်ခါ တစ်ခေတ်က အာဂမိခင်တစ်ဦးကို သည်နေရာမှာ အေးငြိမ်းချမ်းသာစွာဖြင့် ဆရာဝန်လူပျိုကြီး၏ အမေအဖြစ် ကျွန် တော်၏ အမြတ်တနိုးကိုးကွယ်ထားရာ အနန္တဂုဏ်နှင့် အမေ့ကို သွားရောက်ကြိုဆို ခေါ်ဆောင်ခဲ့ရပါတော့မည်။

အတိတ်ကာလတုန်းက မှန်းတည့်နေ ရှိန်အောက်မှာ ဖြတ်သန်းလှုပ်ရှားခဲ့ရသမျှ ယခု အမေ့ပစ္စုပ္ပန်နေအိမ်သည် အစဦး-- ----------ချည်းကဲ့သို့ အေးမြချမ်းမြေ့ သာယာစေရမည့် ကျွန်တော့်၏ဆန္ဒ ပြည့်ဝ ပေတော့သည်။

**မနွယ်(ကလော)**



ယနေ့ မြန်မာပြည်သူတို့အများစု လက်မခံ၊ မလိုက်နာ၊ မဆင်ခြင်၊ မယုံကြည် ဖြစ်နေသော မိမိ၏ဆန္ဒစောခြင်းကြောင့် ရောဂါကူးစက်ခံစားမှု မသိခဲ့ရာမှ ဝေဒနာ ခံစားလာရခြင်းရှိသည့် ကာလသမီး၊ ကာလသားများတွင် ဖြစ်ပွားလေ့ရှိ၍ လိင်မှတစ်ဆင့် အဖြစ်များသော ရောဂါတစ်ခုမှာ ကာလသားရောဂါပင် ဖြစ်ပါသည်။

ယင်း ကာလသားရောဂါသည် လူတစ်ဦးနှင့်တစ်ဦး လိင်တူ၊ လိင်ကွဲ ဆက်ဆံကြရာမှ အဓိက ကူးစက်ခံရပြီး တချို့ နာတာရှည်ရောဂါအဖြစ်လည်းကောင်း၊ တချို့ နောက်ဆက်တွဲရောဂါများ ခံစားလာရာမှ မဖုံးနိုင်၊ မဖိနိုင် အခြေအနေရောက်မှ ကုသမှု ခံယူတတ်ကြသော မြန်မာ့လူ့ဘောင်တွင် မီးခဲပြာဖုံးရှိနေတတ်သည့် ရောဂါတစ်ခုဟုဆိုလည်း မှားမည်မဟုတ်ပါ။

အထက်ဖော်ပြခဲ့သော ရောဂါသည် ပိုးမွှားကြောင့် ဖြစ်ပွားကြပါသည်။ ကာလသားရောဂါကို

# ညီကိုတို့ သတိပြုစရာ ကာလသားရောဂါများ

❒ အောင်ကျော်လွင်(ဂျီးမြို့)

ဖြစ်ပွားစေသော ပိုးမွှားအများစုထဲတွင် Virus(ဗိုင်းရပ်စ်)၊ Bacteria (ဘက်တီးရီးယား)၊ မှိုပိုး(Fungus) နှင့် ပရိုတိုဇွားပိုး(Protozoa) များကလည်း အများစုပါဝင်ကြပါသည်။ မိမိနှင့် လိင်ဆက်ဆံကြသည့် အဖော်တွင် ဖြစ်ပွားမှုရှိနေရာမှ မထိန်းနိုင်၊ မနေနိုင်၊ မဆင်ခြင်နိုင်သော လိင်ဆက်ဆံကြရာ ကူးစက်ကြပါသည်။

ကာလသားရောဂါပိုး ကူးစက်ခံရသော အခြားနည်းလမ်းများလည်း ရှိပါသေးသည်။ ရောဂါပိုးဝင်နေသော ဆေးထိုးအပ်များ၊ ဆေးထိုးပြွန်များ အရေပြားကို ထိုးဖောက်ဝင်ရောက်နိုင်သော မသန့်ရှင်းသည့် နားဖောက်ခြင်း၊ ဆေးမင်ကြောင် အရုပ်များထိုးခြင်း၊ စုတ်မင်များပေါက်ခြင်း စသည့်ကိရိယာများမှ ရောဂါပိုးရှိသူနှင့်အတူ မျှဝေသုံးစွဲကြရာမှ တစ်ဦးမှတစ်ဦးသို့ လွယ်လင့်တကူ ကူးစက်တတ်ကြပါသည်။




Syphilis



Genital Wart



Gonorrhoea



Bacterial Viginosis

တချို့ ဆေးသွင်းကုသရသောဝေဒနာရှင်များသည် ရောဂါပိုးပါရှိသော သွေး(သို့မဟုတ်)သွေးမှထုတ်ထားသော ပစ္စည်းများ အသုံးပြုကုသပေးခဲ့ကြရာမှတစ်ဆင့် ကူးစက်ခြင်းခံရခြင်းအပြင် ရောဂါပိုးရှိသော မိခင်မှ သန္ဓေသားသို့ ကူးစက်ခြင်းတို့လည်း ပါဝင်ကြပါသည်။ ယင်းအခြေအနေတွင် စာရေးသူတို့ လူပျိုပေါက်စအရွယ်တုန်းက (SKB) ဆိုသော စကားလေးကို သတိရနေမိပါသည်။ ဘာတဲ့ Saw Kyi Be` (စော်ကြည်ဘဲ)စကားပင်ဖြစ်ပါသည်။မိန်းကလေးအများစုကို ရည်စားအဖြစ်တွဲ ထားခဲ့ကြသူတွေကို တွေ့ခဲ့ဖူး၍ ခေါ်ဝေါ်ကြသည်ကို အားကျမိခဲ့ဖူးပါသည်။

၁၉၈၆ ခုနှစ်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးနှင့် ဆေးပညာသင်တန်းများ၊ ရောဂါကာကွယ်နှိမ်နင်းနည်းများ၊ ရောဂါပိုးနှင့် လက္ခဏာများ၊ လူတွင် ရောဂါဖြစ်ပွားတတ်သော ဝေဒနာများ၊ လေ့လာဆည်းပူးခဲ့ပြီးသည့်နောက်တွင် နောက်ကွယ်သမိုင်းဖြစ်ရပ် မသိသော မိန်းမလှလေးများကို တွေ့ခဲ့လျှင် ချစ်တတ်၊ ကြိုက်တတ်၊ စိတ်ဝင်စားတတ်ပါသော်လည်း ကျီးအာသီးပမာ၊ မယုံနိုင်စရာဖြစ်ရပ်များကို စဉ်းစားတွေးမိတိုင်း မထိရဲ မကိုင်ရဲ ဆောက်ဆဲရဲခဲ့ကြသည်မှာ မိမိကိုယ်မိမိ အံ့ဩမဆုံးဖြစ်ခဲ့ရပါသည်။

ဆေးခန်းလာရင်း ရင်းနှီးသူ လူနာတချို့က "ဆရာ လက်နဲ့ထမင်းစားနေတာ သိပ်မတွေ့ရဘဲ ဇွန်း၊ ခက်ရင်းနဲ့သာ တွေ့နေရတယ်"ဟု ပြောကြလေ့ရှိသည်ကို ကြုံခဲ့ဖူးပါသည်။ မှန်ပါသည်။ အပူပေးသန့်စင်အောင် ဆပ်ပြာနှင့် ဆေးကြောထားသည့် ဇွန်း၊ ခက်ရင်းများဖြင့်သာ ထမင်းစားခဲ့လေ့ရှိသည်။ ဆေးပညာတွေ၊ ကျန်းမာရေးပညာတွေ အထပ်ထပ်သင်ယူခဲ့ပြီးသည့်နောက်တွင် မိမိ လက်သည်းမညှပ်ရသေးသော ကာလများတွင် ဇွန်း၊ ခက်ရင်းများကို အသုံးပြု၍ စားသောက်ခဲ့ရပါသည်။

ဆက်လက်၍ ကာလသားရောဂါအကြောင်း ဆက်လက်တင်ပြပါမည်။ ယင်းကူးစက်ရောဂါများသည် ၎င်းတို့၏ ရောဂါဖြစ်ပွားမှု အနည်းအများပေါ် မူတည်၍လည်းကောင်း၊ ဖြစ်ပွားစေသည့် ပိုးမွှားများအပေါ် မူတည်၍လည်းကောင်း၊ ဆေးကုသမှု ပျောက်ကင်းနိုင်မှုအပေါ် မူတည်၍လည်းကောင်း၊ ရောဂါလက္ခဏာပေါင်းစုံ (Symdromme) ပေါ် မူတည်၍လည်းကောင်း အုပ်စုများ ခွဲခြားနိုင်ပါသည်။ ကာလသားရောဂါ (၁၀)မျိုးထဲတွင် အဖြစ်များသော ကာလသားရောဂါများမှာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-



(၁) ဆစ်ဖလစ်ရောဂါ(Syphilis)
(၂) ဂနိုရောင်းကျရောဂါ(Gonorrhoer)
(၃) ဂနိုမဟုတ်သော ညောင်းကျရောဂါ (Non gonococal Urethritin)
(၄) ရှန်ကရွိုက်ရောဂါ(Chancroid)
(၅) လိင်အင်္ဂါရေယုံရောဂါ(Genital Herpes)
(၆) လိင်အင်္ဂါ မှိုကွက်ရောဂါ(Candidiasis)
(၇) ထရိုင်ကိုမိုးနစ် အဖြူဆင်းရောဂါ (Trichomonias)
(၈) ဘက်တီးရီးယားပိုးကြောင့်ဖြစ်သည့် အဖြူဆင်းရောဂါ (Bacterial Viginosis)
(၉) လိင်အင်္ဂါကြွက်နို့ရောဂါ (Genital Wart)

တို့ ပါဝင်ကြပါသည်။

ကမ္ဘာပေါ်တွင် ကာလသားရောဂါဖြစ်ပွားမှုအခြေအနေကို တင်ပြချင်ပါသေးသည်။ မိမိအိမ်တွင်း၊ မိသားစုများ၊ ဇတ်မှတ်လေ့လာထားကြပါလျှင် လူငယ်လူရွယ်များ လိင်နှင့်ပတ်သက်သော ပါသနာမှ ဆင်ခြင်တုံတရားရှိသော ခေတ်မီသောဝေဒနာ မခံစားကြရသော ကျန်းမာသည့် လူငယ်လူရွယ်များဖြစ်စေဖို့ စောင့်ရှောက်ထားရေးသော လိုက်ပါသည်။

၁၉၉၉ ခုနှစ် WHO အဖွဲ့ကြီး၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် ဆစ်ဖလစ်ရောဂါ၊ ဂနိုရောင်းကျရောဂါ၊ ကာလာမိုင်ဒီးယားရောဂါနှင့် ထရိုင်ကိုမိုးနစ် အဖြူဆင်းရောဂါ ဖြစ်ပွားမှုသည် (၁၅ မှ ၅၅) နှစ်အထိ အမျိုးသား၊ အမျိုးသမီးပေါင်း ၃၄ သန်းရှိသည်ဟု ခန့်မှန်းထားပြီး ယင်း၏ အနက် ထက်ဝက်ခန့်ဖြစ်သော ၁၅ သန်းမှာ တောင်နှင့် အရှေ့တောင်အာရှဒေသတွင် ဖြစ်ပွားနေကြောင်း ခန့်မှန်းထားပါသည်။

ကမ္ဘာပေါ်တွင်နေ့စဉ်ကာလသားရောဂါဖြစ်ပွားသူ စုစုပေါင်း (၆၈၅၀၀၀)ခန့်ရှိကြောင်း ခန့်မှန်းထားပါသည်။ အထက်ဖော်ပြပါ ကိန်းဂဏန်းများအရ ကာလသားရောဂါဖြစ်ပွားမှုမှာ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရေးကြီးသော ပြည်သူ

**ကမ္ဘာပေါ်တွင်**
**နေ့စဉ်ကာလသားရောဂါဖြစ်ပွားသူ**
**စုစုပေါင်း (၆၈၅၀၀၀)ခန့်ရှိကြောင်း**
**ခန့်မှန်းထားပါသည်။ အထက်ဖော်ပြပါ**
**ကိန်းဂဏန်းများအရ**
**ကာလသားရောဂါဖြစ်ပွားမှုမှာ**
**ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်**
**အရေးကြီးသော . . .**



**မြန်မာအမျိုးသမီးများလည်း ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း ဆစ်ဖလစ်ရောဂါတွေ့ရှိ၍ စနစ်တကျမကုသပါက အဆိုပါ မိခင်များတွင် ကလေးအသေမွေး(Still Birth) ၂၅% အထိရှိနိုင်ကြပါသည်။ ထို့အပြင် (၁၄%)ဖြစ်သော မွေးကင်းစကလေး သေနှုန်း (Neonatal Death)များမှလည်း**

ကျန်းမာရေးပြဿနာတစ်ရပ်အနေနှင့်ဆက်လက်တည်ရှိနေပြီး နိုင်ငံအများစုတွင် အဖြစ်များဆုံး ရောဂါ(၅)မျိုးစာရင်းထဲတွင် ပါဝင်လေ့ရှိသော ရောဂါများဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

အမျိုးသားများထက် အမျိုးသမီးများတွင် ဂနိုရီးယားရောဂါနှင့် ကာလာမိုင်ဒီးယား ညောင်းကျရောဂါများကို ပျောက်ကင်းအောင် ကုသမှုမခံယူခဲ့သည် အမျိုးသမီး(၄၀%)ခန့်တွင် ဤရောဂါများ၏ နောက်ဆက်တွဲရောဂါများအဖြစ် (P.I.D) ခေါ်(Pelvic Inflammatory Disease) နာတာရှည်ရောဂါကို ခံစားရနိုင်ပြီး ယင်းတို့အနက်မှ (၂၅%)သော အမျိုးသမီးများတွင် ကလေးမရနိုင်တော့သည့်အခြေအနေ (Infertility)အထိ ရောက်ရှိစေနိုင်ပါသည်။

မြန်မာအမျိုးသမီးများလည်း ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း ဆစ်ဖလစ်ရောဂါတွေ့ရှိ၍ စနစ်တကျမကုသပါက အဆိုပါ မိခင်များတွင် ကလေးအသေမွေး(Still Birth) ၂၅% အထိရှိနိုင်ကြပါသည်။ ထို့အပြင် (၁၄%)ဖြစ်သော မွေးကင်းစကလေး သေနှုန်း(Neonatal Death)များမှလည်း အဆိုပါရောဂါကို ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း စနစ်တကျကုသမှုခံယူခဲ့ခြင်း မရှိခဲ့ခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိရပါသည်။

WHO စစ်တမ်းအရ နှစ်စဉ် အရှင်မွေး (၄၀၀၀)ခန့်(Live Birth)မွေးကင်းစကလေးငယ်များတွင် မျက်စိကွယ်ရသည့် အကြောင်းရင်းတစ်ရပ်မှာလည်း ကိုယ်ဝန်ဆောင် မိခင်များတွင် ဂနိုရီးယားကျ ကာလာမိုင်ဒီးယားညောင်းကျရောဂါများ ကူးစက်ခံရမှုဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နှစ်စဉ်ယင်းရောဂါများ ကူးစက်ခံရသော အမျိုးသမီး(၂၄၀၀၀၀)ခန့်မှာ သားအိမ်ခေါင်းကင်ဆာ (Cervical Cancer) ရောဂါဖြင့် သေဆုံးကြရပါသည်။ ယင်းကင်ဆာဖြစ်ပွားမှု၏ မူလဇစ်မြစ်မှာ ကာလသားရောဂါတစ်မျိုးဖြစ်သည့် လိင်အင်္ဂါ ကြွက်နို့ရောဂါဖြစ်ပွားမှုမှ စတင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထို့ပြင်မက လိင်အင်္ဂါအနာဖြစ်စေသော ကာလသားရောဂါများ၊ လိင်အင်္ဂါအဖြူဆင်း၊ ညောင်းကျရောဂါဖြစ်စေသော ကာလသားရောဂါ ဖြစ်ပွားနေသူများတွင် လိင်ဆက်ဆံရာမှတစ်ဆင့် အိတ်ချ်အိုင်ဗွီပိုး (HIV)ကူးစက်စေနိုင်မှုမှာ သာမာန်လူများထက် (၂)ဆမှ(၁၀)ဆအထိ ပိုမိုမြင့်မား

ကြောင်း ပညာရှင်များတွေ့ရှိထားပါသည်။ မည်သို့ပင်ဆိုစေကာမူ ကာလသားရောဂါများ ဖြစ်ပွားလာသူများကို ထိရောက်သော အလေးထားတိုက်တွန်းစေ့ဆော်မှုပေး၍ ကုသကြရန်လိုအပ်ကြောင်းတွေ့နိုင်ပါသည်။

အများပြည်သူအတွင်း မီးခဲပြာဖုံး တသွင်သွင်ဖြစ်ပွားနေသော ကာလသားရောဂါတို့သည် လူမှုဒုက္ခပေးရုံသာမက မျိုးဆက်သစ်ကလေးများအဖို့ လူ့လောက မရောက်ခင် သေဆုံးခြင်း၊ အရှင်မွေးလာသော်လည်း မျက်စိကွယ်လောက်သည့် ဝေဒနာခံစားကြရခြင်း၊ ဉာဏ်ရည်နိမ့်ကျခြင်း၊ အမျိုးသမီးများတွင် သားအိမ်ခေါင်းကင်ဆာ (Cervical Cancer)ဖြင့် အရွယ်မရောက်ခင်သေဆုံးကြရခြင်းတို့ကြောင့် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် တည်ရှိနေပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) မှ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသုံးပြုရန် အကြံပြုထားသော ကာလသားရောဂါများအား ရောဂါလက္ခဏာပေါင်းစုနည်းဖြင့် ကုသမှုမပြုမီကပင် ကာလသားရောဂါများရှေးရိုးနည်းလမ်းများ(Traditional approaches) ဟု လူသိများသော နည်းလမ်းများဖြစ်သည့် –


(က) ကုသမှုပေးသော ဆေးပညာရှင်၏ အတွေ့အကြုံပေါ် အဓိကအခြေခံ၍ စမ်းသပ်တွေ့ရှိချက်အရ ရောဂါသတ်မှတ်ကုသမှုပေးခြင်း(Clinical Diagnosis) နှင့်

(ခ) ဓာတ်ခွဲစမ်းသပ်မှုမှရရှိလာသော အဖြေပေါ်မူတည်၍ဖြစ်ပွားစေသော ရောဂါပိုးအလိုက် ရောဂါသတ်မှတ်၍ ကုသမှုပေးခြင်း(Etiological diagnosis) တို့ဖြင့် ကာလသားရောဂါများကို ကုသမှုပြုလုပ်ခဲ့ကြပါသည်။



အများပြည်သူတို့သည် တစ်စုံတစ်ရာသော ဝေဒနာခံစားလာရပါက နားလည်တတ်ကျွမ်းသည့် ဆေးပညာရှင်များဖြင့် အနာသိ ဆေးရှိ ဆိုစကားအတိုင်း တိကျလိုက်နာကုသရန် လိုအပ်ပါသည်။ ဆေးမြီးတိုဖြင့် လမ်းဘေးစပ်ဆေးဆိုင်များမှ ကြားဖူးနားဝ စကားများဖြင့်ကုသ၍ အချိန်ကုန်မဖြစ်စေချင်ပါ။ စောစော အနာသိ စောစောကုမှ တန်ရာတော်ရာကျပေမည်။ ဝေဒနာကြီးပါက ဆရာကြီးမှ ကုသမှုစနစ်ပြည့်စုံပေလိမ့်မည်။

အထက်ပါ ဖော်ပြခဲ့သော နောက်ဆက်တွဲအဖြစ်အပျက်များဖြင့် ပြည့်ကြပ်





**ကာလသားရောဂါ**
**ဖြစ်ပွားနေသူများတွင်**
**လိင်ဆက်ဆံရာမှတစ်ဆင့်**
**အိပ်ချ်အိုင်ဗွီပိုး** (HIV)
**ကူးစက်စေနိုင်မှုမှာ သာမာန်လူများထက်**
**(၂)ဆမှ(၁၀)ဆအထိ**
**ပိုမိုမြင့်မားကြောင်း...**

လျက်ရှိသော ရောဂါအပါအဝင် ကူးစက်တတ်သော ရောဂါတိုင်းသည် ဘယ်သူမပြု မိမိမှုပင်ဖြစ်ကြပါသည်။ မဆင်မခြင်၊ မထိန်းနိုင် ကိုယ့်လိင်ဆက်ဆံဘက်အား လျှော့တွက်ကြ၍ အနာဆိုး ဘဝဆုံးတိုင် ရောက်ကြရပါသည်။ သတိမမူ ဂရုမမြင်ဖြစ်ကြ၍သော ရောဂါအများသည် ကျန်းမာရေး ပြဿနာများအဖြစ်၌သာ ဆက်လက်တည်ရှိ လက်ဆင့်ကမ်း သယ်ဆောင်နေကြပါသည်။

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွင် ကူးစက်ပျံ့နှံ့ရာလမ်းကြောင်း (Transmission) ကို ဖြတ်တောက်ပစ်ကြရပါမည်။ ကျန်းမာလျက် ရောဂါပိုးသယ်ဆောင်သူ Healthy Carrier ကို သတိအမြဲချပ်ကြရပါမည်။ မြင်မြင်တိုင်းချစ်ကြိုက်လို့ ကိုင်မကြည့်မိဖို့က အရေးကြီးလှပါသည်။ ရှေးယခင် ရုပ်ရှင်ဇာတ်ကား အမည်တစ်ခုလို "လှလေခက်လေ" လို့တောင် တင်စားပြောချင်ပါသည်။ ရောဂါပိုးမှတိုင်းသည် လူတိုင်း ရောဂါပိုးလက်ခံသူဖြစ်နိုင်သလို၊ ဖြန့်ဝေသူလည်း တစ်ပြိုင်နက်ဖြစ်နိုင်ပါသည်။ သယ်ဆောင်သူအဖြစ်လည်း ရှိနေပါသေးသည်။

အစားအသောက်၊ အသုံးအဆောင်၊ အထိအတွေ့၊ လိင်ဆက်ဆံရာမှတစ်ဆင့် နည်းလမ်းပေါင်းစုံဖြင့် ကူးစက်နေကြသည့် ကူးစက်ရောဂါတို့သည် အဏုဇီဝပိုးကလေးများမှ သွေး၊ သုတ်၊ ပြည်၊ နှာရည်၊ သလိပ်တို့တွင် ကာလများစွာ ကျင်လည်ကာ ဝေဒနာပေးတတ်ကြပါသည်။ ဤနည်းများကို သိထားဆင်ခြင်ကြ၍ ပူပူနွေးနွေး ချက်ပြုတ်စားသောက်ခြင်းဖြင့် လက်ကိုင်ပုဝါဖြင့် အုပ် နှာချေခြင်း၊ အိပ်ရေးဝဝမှန်မှန် အချိန်ပြည့် နားနေအိပ်စက်ခြင်းတို့ဖြင့် ကိုယ်တွင်းအားကောင်းစေရန် လေ့ကျင့်ကြရပါမည်။

အပျော်လိုက်စား လိင်ဆက်ဆံဘက်များအား လျှော့တွက်ယုံကြည်မိ၍ အချိန်မယူမိ၍ မေ့လျော့နေခြင်းသည် ရောဂါအများစုတို့ ကာလသားရောဂါအပါအဝင် HIV ပိုးတို့ကိုပါ အချိန်မီ ငွေဖြင့်ဝယ်ယူနေကြပေဦးမည်။ အစားသာလျှင် ဝယ်စားလို့ကောင်းပါသည်။ ရောဂါကိုတော့ မဝယ်စားသင့်ပေ။ သို့မှသာ ကူးစက်ရောဂါများကို အံတုရှောင်လွှဲနိုင်ကြပါမည်။ နာတာ




**အစားအသောက်၊ အသုံးအဆောင်၊ အထိအတွေ့၊ လိင်ဆက်ဆံရာမှတစ်ဆင့် နည်းလမ်းပေါင်းစုံဖြင့် ကူးစက်နေကြသည့် ကူးစက်ရောဂါတို့သည် အဏုဇီဝပိုးကလေးများမှ သွေး၊ သုတ်၊ ပြည်၊ နှာရည်၊ သလိပ်တို့တွင် ကာလများစွာ ကျင်လည်ကာ ဝေဒနာပေးတတ်ကြပါသည်။**

ရှည် လူနာဘဝသို့လည်း မကျရောက်နိုင်တော့ပါ။

အနှစ်ချုပ်အားဖြင့် ကျန်းမာရေးပညာနှင့် ဆေးပညာပတ်ဝန်းကျင်မှ ပြောလိုသည်မှာ ကာလသားရောဂါများအပါအဝင် လက္ခဏာပေါင်းစုနည်းအရ ဆေးကုသမှုပေးခြင်းတွင် သတ်မှတ်ဆေးဝါးများအသုံးပြု၍ ကုသမှုပေးရုံမျှမက လူနာအား HIV မှ AIDS အပါအဝင် ကာလသားရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးခြင်း(Health Education) နှင့် (Councelling) နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ HIV ပိုး ကူးစက်မခံရအောင် ကွန်ဒုံး(Condom) အသုံးပြုတတ်ရန် သင်ကြားဖြန့်ဝေပေးခြင်း၊ လူနာ၏ လိင်ဆက်ဆံဘက်အား လိုအပ်သော ဆေးကုသမှုခံယူနိုင်ရန် ညွှန်ပို့ပေးခြင်း၊ စသည့်လုပ်ငန်းများ တစ်ပြိုင်နက်ဆောင်ရွက်ပေးခြင်းဖြင့် ပြည့်စုံသော ကာလသားရောဂါကုသမှုလုပ်ငန်း(Comprehensive STD Service)ကိုပြုလုပ်ပေးမှသာ အကျိုးကျေးဇူးများ ရရှိနိုင်ပါကြောင်း သတင်းကောင်းအဖြစ် ရေးသားလိုက်ရပါတော့သည်။

**အောင်ကျော်လွင်(ဂျူးဖြူ)**


# CITY CARTOON



# ဖြန်းစေအောင် ငြိမ့်ရ ထင်ကျန်ခဲ့သော...

မိုးဘဝအတွက် ကြီးစွာသောအလှည့်အပြောင်းသည် ကိုကို့ကုမ္ပဏီတွင် အလုပ်ရခဲ့ခြင်းက အစပြု၏။ မြောက်မြားစွာသော ဝန်ထမ်းမိန်းကလေးများကြားထဲက မိုးကိုမှ ရွေးပြီး ကိုကိုကမ်းလှမ်းခဲ့ခြင်းကလည်း မိုးအတွက် ထူးခြားခဲ့သည်။

ကိုကို့မှာ "တစ်ဝမ်းကွဲ"ဟု ဝန်ထမ်းအားလုံးကသိထားသည့် ညီတစ်ယောက်ရှိ



၏။ သူ့နာမည်က 'ညီညီ'။ ကိုကို ဘယ်သွားသွား၊ ဘာလုပ်လုပ် ညီညီပါလေ့ရှိသလို ညီညီကလည်း ကိုကို့ကို အမြဲဦးစားပေးလေ့ရှိ၏။ သိပ်ချစ်ကြသော ညီအစ်ကိုတွေဟု အများက အသိအမှတ်ပြုကြ၏။ သူတို့နှစ်ယောက်က ရုပ်ချင်းမဆင်သော ညီအစ်ကိုလည်းဖြစ်သည်။ ကိုကိုက အရပ်အမောင်းကောင်းပြီး ဖြူနုသည်။ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်းဘယ်နေရာကို ကြည့်ကြည့် အပြစ်ပြောစရာမရှိလောက်အောင် ကြည့်မဝနိုင်သော ရုပ်ရည်ပိုင်ရှင် ဖြစ်သည့်အပြင် စကားပြောရာတွင်လည်း နူးညံ့သိမ်မွေ့သည်။ မိုးသည် ကိုကိုအား အင်တာဗျူးလုပ်စဉ် ပြင်ပြင်ချင်းကတည်းက အလွန်သဘောကျခဲ့သူ။

'ညီညီ'။ ညီညီက ကိုကိုလောက် အရပ်မမြင့်၊ အသားဖြူသော်လည်း ယောကျ်ားပီသသော ရုပ်ရည်နှင့် မှုတစ်ကြွထနေသော ကြွက်သားများကြောင့် မိန်းကလေးတိုင်းကို ရင်ခုန်ချင်စရာဖြစ်စေသည်။ ဆိုရလျှင် ကိုကိုနှင့်ညီညီက မိန်းကလေးများ နှစ်ခါလည်ပြန်ကြည့်ရလောက်အောင် ဆွဲဆောင်မှုကိုယ်စီရှိကြ၏။ ကိုကိုက မိုးထက် ဆယ်နှစ်ခန့်ကြီးပြီး၊ မိုးက ညီညီအောက် သုံးနှစ်ခန့်ငယ်သည်။ မိုး အလုပ်စဝင်စဉ်က ၁၈ နှစ်ပင်မပြည့်သေး။ မိုးအလုပ်ဝင်ပြီး ခြောက်လခန့်အကြာတွင် ကိုကိုက ကမ်းလှမ်းသလို၊ ညီညီကလည်း မိုးကိုချစ်ကြောင်း ဖွင့်ဟခဲ့သည်။

အများစိတ်ဝင်စားခြင်းခံရသော ညီအစ်ကိုနှစ်ယောက်လုံး၏ ကမ်းလှမ်းခြင်းကို ခံရသော မိုးသည် ကြင်နာပုံလည်းရ၊ ရှည်သွယ်၍ ဆွဲဆောင်မှုကောင်းသော ရုပ်ရည်ပိုင်ရှင် ကိုကိုကို ပိုအလေးသာခဲ့သည်။ မိုးသည် အသားအနည်းငယ်ညိုသောကြောင့် ဖြူဝင်းသော ကိုကိုကို ပိုသဘောကျခဲ့ခြင်းဖြစ်မည်။ မျက်နှာပေါက်ချော ကိုယ်လုံးကိုယ်ပေါက်ပါ အချိုးကျသော မိုးနှင့် ခေါင်ကောင်း၍ ချောမောသော ကိုကိုတို့ တွဲသွားလျှင် အားလုံးက အားကျစွာ ငေးမောရသည့်အထိရှိခဲ့၏။

မိုးက ဒါကိုပင် ငယ်ရွယ်သူပီပီ ဂုဏ်ယူကျေနပ်မဆုံး။ ခက်ခဲသော ဘဝရပ်တည်မှုဖြင့် ကြီးပြင်းခဲ့ရသော မိုးအနေဖြင့် ရည်းစားဆို၍ ကိုကိုမှအပ မှုလို့ရှုစရာမရှိ

> ညီအစ်ကိုနှစ်ယောက်လုံး၏
> ကမ်းလှမ်းခြင်းကိုခံရသော
> မိုးသည် ကြင်နာပုံလည်းရ၊
> ရှည်သွယ်၍ ဆွဲဆောင်မှု
> ကောင်းသော ရုပ်ရည်ပိုင်ရှင်
> ကိုကိုကို ပိုအလေးသာခဲ့သည်။
> မိုးသည် အသားအနည်းငယ်
> ညိုသောကြောင့်
> ဖြူဝင်းသော ကိုကိုကို···

ခဲ့။ ကိုကိုသည်သာ မိုးအတွက် ပထမဆုံးချစ်သူဖြစ်သောကြောင့် မိုးက ကိုကိုကို သိပ်ချစ်သည်။ ကိုကိုကိုကြည့်မိတိုင်း မိုးနှလုံးသားက စည်းချက်မမှန်ဖြစ်ခဲ့ရသည်။

အိမ်ထောင်မကျခင် ကိုကိုနှင့် တွဲလျှောက်ရသောအရသာလောက် မိုးဘဝမှာ ချိုမြိန်တာမရှိခဲ့။ မိုးအပေါ် နေရာတကာ စောင့်စည်းနေထိုင်ပေးသော ကိုကိုကို မိုး အထင်ကြီးလေးစားလိုက်ရသည်မှာလည်း အတိုင်းအဆမဲ့။ သို့သော် ကိုကိုကတော့ မိုးကိုရည်းစားတာတကာတည်းက နှစ်ယောက်အတူတွဲသွားတွဲလာ သိပ်လုပ်လေ့မရှိခဲ့ပါ။ များသောအားဖြင့် ဘယ်နေရာသွားသွား ညီညီကို အပါခေါ်လာတတ်သည်။ မိုးအနေဖြင့် ကိုယ့်အပေါ် ရည်းစားစကားပြောထားဖူးသူ ညီညီကို လိုလိုလားလားမဆက်ဆံရဲ၊ ကိုကိုငြိုငြင်မည်ကိုလည်း မိုးမလိုလား။ ထိုအခါ ညီညီအပေါ် အလိုက်အထိုက် မိုးဆက်ဆံနေရသည်။

✧ ✧ ✧ ✧ ✧

ရည်းစားသက်တမ်း သုံးလမပြည့်ခင် 'ကိုကိုတို့ လက်ထပ်ကြမယ်နော်'ဟု ပြောလာသော ကိုကိုကို မိုးက မိန်းကလေးတန်မဲ့ အရှက်နည်းစွာ ဘယ်နှစ်ကြိမ် ခေါင်းညိတ်ပြမိသလဲ မမှတ်မိတော့ပါ။ မိုး သိပ်ပျော်နေခဲ့သည်ကို၊ ကိုကိုက မိုးကို ခေါင်းလေးပုတ်ပြီး 'သိပ်ပျော်နေတာလား'ဟု မေးချိန် ကိုကိုနှင့် ဘေးချင်းကပ်ထိုင်နေရာမှ မိုးသည် ဟန်ပင်မဆောင်နိုင်ဘဲ ကိုကို့ ရင်ခွင်ထဲ ခေါင်းတိုးဝင်လိုက်မိသည့်အထိ။

'မိုးရယ် ဆိုင်ထဲမှာ လူတွေရှိတယ်လေ၊ ဆင်ခြင်ဦးမှပေါ့ကွယ်'ဟု ကိုကို သတိပေးမှ ပတ်ဝန်းကျင်ကို မိုးသတိရခဲ့သည်။ မိုး၏ ကိုကိုသည် မိုးနှင့်တွဲနေစဉ်အတွင်း ပန်းခြံနှင့် ရုပ်ရှင်ရုံကဲ့သို့ နေရာမျိုးမှာ မိုးကိုချိန်းမတွေ့ခဲ့။ ဒါသည်ပင် မိုးအနေဖြင့် ကိုကို့အပေါ် လေးစားရသောအချက်ဖြစ်ခဲ့၏။ မိုးတို့စုံတွဲသည် ညီညီ အပါအဝင် သုံးယောက်သား တိတ်ဆိတ်သော အအေးဆိုင်၊ ကော်ဖီဆိုင်မျိုးမှာသာ ထိုင်လေ့ရှိသည်။ များသောအားဖြင့် ညီညီ၏ အလိုက်မသိမှုကို မိုးအံ့သြရသည်။ သူ ချစ်ရေးဆိုထားသော မိန်းကလေးနှင့် သူ့အစ်ကိုကြား၊ ကန့်လန့်ကန့်လန့် လိုက်ပါနေခြင်းအပေါ် မိုး စိတ်ပျက်လွန်းလှသည်။ မိုးအနေဖြင့် နေရထိုင်ရခက်သော်လည်း ကိုကိုကတော့ အနှောင့်အယှက်ရှိပုံမရ။

✧ ✧ ✧ ✧ ✧

မိုးအဖေနှင့် အမေတို့က လက်လှမ်းမှီစပ်လှုပ်ရသော ဘဝပိုင်ရှင်များ။ အသက်လေးဆယ်ကျော်မှ သားစွေတည်ခွင့်ရခဲ့သော အမေက မိုးကို ခက်ခက်ခဲခဲမွေးခဲ့ရသည်။ ထို့ပြင် မွေးစမှ သုံးလေးတန်းအရွယ်ထိ မိုးက ချူချာလွန်းခဲ့သည်ဟု သိရ၏။ ကျန်းမာရေးချို့တဲ့လွန်းသော မိုးကို ပင်ပန်းဆင်းရဲသည့်ကြားက ပိုမွေးသလို ပြုစုစောင့်ရှောက်ရင်း နောက်ထပ်သားသမီးလည်း ထပ်မယူခဲ့ကြ။ ခုတော့လည်း မိုးက မြန်မာဆန်ဆန် လုံးကြီးပေါက်လှ မိန်းမပျိုလေး။ ကျန်းမာရေးကလည်း ခေါင်းမူးခေါင်းကိုက်ပင် မရှိ။ 'ငယ်ငယ်က အမေ့သမီးကို သက်ဆိုးရှည်ပါ့မလားတွေးပြီး အမေ ခဏခဏ ငိုခဲ့ရတာ'ဟု အမေပြောလျှင် ပါးစပ်အပြောင်းသားနှင့် မယုံနိုင်သလိုနားထောင်တတ်၏။

အဖေနှင့်အမေက မိုးအတွက်

အကောင်းဆုံးအဖော်ပင်။ ပညာကိုလည်း ဘွဲ့ရသည့်တိုင် ပြည့်ပြည့်ဝဝ အမွေပေးခဲ့သည့်အပြင် အခက်အခဲဟူသမျှ မားမားမတ်မတ် အတူရင်ဆိုင်ဖြတ်သန်းပေးခဲ့သည်။ ရန်ကုန်မြို့အစွန်အဖျား **'ကျူး'**ဟု ခေါ်သောနေရာတွင် တဲထိုးနေရသော မိသားစုဘဝက ဆင်းရဲသော်လည်း မိဘမေတ္တာရိပ်ဖြင့် မိုးဘဝအေးမြလုံခြုံခဲ့ရသည်။ အမေက ကွမ်းစားသည်မှအပ အရက်နှင့် ဆေးလိပ်ပင် မသောက်တတ်သူ။ ဆိုက်ကားနင်းပြီး ရှိသားစွာလုပ်ကိုင်ရှာဖွေကျွေးမွေးသည်။ အမေကတော့ အကြော်လေးရောင်းပြီး အိမ်အတွက်ဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ကူရှာပေးသူ။ မိဘနှစ်ပါး၏ အနီးကပ်ပြုစုစောင့်ရှောက်မှုဖြင့် မိုးဘဝက ငွေကြေးမပြည့်စုံသော်ငြား စိတ်ချမ်းမြေ့ခဲ့ရသည်။

✧ ✧ ✧ ✧ ✧

အဝေးသင်နောက်ဆုံးနှစ်တက်ရင်း အလုပ်ရခဲ့သောမိုးက ဘွဲ့ယူပြီးပြီးချင်းတွင် ''လက်ထပ်တော့မည်''ဟုဆိုသောအခါ အမေက မိုးကိုဖက်ရင်း နှမြောတသစွာ ငိုကြွေးသည်။ အဖေကတော့ ယောက်ျားပီပီ အံကိုသာကြိတ်၍ မျက်ရည်အကျခံခဲ့။ ထိုအချိန်က မိုးသည် ကိုယ့်အပေါ် ဟာကွက်မရှိ အထူးကြင်နာပေးသော မိဘနှစ်ပါးမည်သို့ခံစားရမည်ကို မတွက်ဘဲ လက်ထပ်တော့မည်ဟု တဲ့တိုးပြောချလိုက်ခြင်းအပေါ် နောင်းမှ နောင်တရခဲ့သည်။ သို့ရာတွင် ကုမ္ပဏီပိုင်ရှင်သူဌေးလည်းဖြစ်၍ ဆွေမျိုးညီအစ်ကိုမောင်နှမများလည်း နိုင်ငံရပ်ခြားတွင် နေထိုင်ကြသည်ဟု သိရသောအခါ မိုးအတွက် စိတ်အေးသွားပုံရသည်။

'သမီးလေးအတွက် စိတ်အေးရရင် အမေတို့ အသေဖြောင့်ပြီ'ဟု ပြောကြ၏။

အဖေကတွေးတွေးဆဆဖြင့်

''သူဌေးဖြစ်ရက်နဲ့ ဆွေမဲ့မျိုးမဲ့ ငါတို့ဆင်းရဲသားနှစ်ယောက်ရဲ့ သမီးကိုမှ ရွေးလက်ထပ်တာ ရိုးမှရိုးရဲ့လား မသိဘူး ကွာ''

ဟု စိုးရိမ်ပူပန်စွာ ပြောခဲ့သေးသည်ကိုလည်း မိုး မှတ်မိနေသည်။ အမေကတော့–

''သမီးကို မြတ်နိုးလွန်းလို့နေမှာပေါ့ အဖေကြီးရဲ့၊ သမီးရဲ့ အတိတ်ဘဝကုသိုလ်နဲ့လည်း ဆိုင်လိမ့်မယ်၊ ဒါကြောင့် ခုလိုသားမှတ်မှတ်၊ မယားမှတ်မှတ်ပေါင်းဖို့ ကမ်းတဲ့ သူတော်ကောင်းနဲ့ ဆုံခွင့်ရတာပေါ့၊ ရှင်ကလည်း အတွေးမခေါင်စမ်းပါနဲ့ရှင်''

ဟု ပြောရင်း အဖေ့သံသယကို ပြေလျော့စေခဲ့သည်။ အမေသည် ''ငါ့သမီး ဘုန်းကံနဲ့ အမေတို့ပါ အိုးပိုင်အိမ်ပိုင်နေခွင့်ရပြီ''ဟုပြော၍ မိုးအတွက် ဂုဏ်ယူကျေနပ်စွာရှိခဲ့သည်။

အမေပြောတာလည်း မမှား။ ကိုကိုက အမေနှင့် အဖေ အတည်တကျနေရန် သွပ်မိုးပျဉ်ထောင်အိမ်ကလေးပါသော မြေတစ်ကွက်ကို တောင်ဒဂုံထဲတွင် ဝယ်ပေးခဲ့သည့်အပြင် မိုးကိုလည်း ရွှေတစ်ဆင်စာဖြင့် တင်တောင်းယူခဲ့သည်ကို။ ထိုစဉ်က အဖေသည်–

''သူဌေးရယ် ကျွန်တော်တို့အတွက် ဒါတွေပေးစရာမလိုပါဘူး။ အရေးကြီးတာ ကျွန်တော့်သမီးလေး စိတ်ချမ်းသာဖို့ပါ၊ သမီးကို ရှိမြေကျသည့်တိုင် သစ္စာရှိရှိပေါင်းပြီး ပျော်အောင်ထားပေးရင်ကို ကျုပ်က ကျေနပ်နေပါပြီဗျာ''

ဟု သူ့ရင်ထဲရှိသည့်အတိုင်း ရိုးသားစွာဖွင့်ဟသည်။ ထိုစဉ်က ကိုကို ဘယ်လိုပြန်ဖြေသည်ကို မိုးသတိမထားမိ။ မိုးသည် အဖေနှင့်အမေအတွက် အိုးအိမ်အတည်တကျဖြစ်၍လည်း ဝမ်းသာ၊ ချစ်သောကိုကိုနှင့် အတူနေခွင့်ရတော့မည်ဖြစ်၍ ပျော်ရွှင်နှင့်၊ ထိုအချိန်က ကိုယ့်ကိုယ်ကိုယ် မြေကြီးနှင့်ပင် ထိနေသည်မထင်။

✧ ✧ ✧ ✧ ✧



လုပ်ဖော်ကိုင်ဖက်အားလုံး၏ မနာလိုမှုနှင့် မလိုမုန်းထားအကြည့်များကို ကျေကျေနပ်နပ်နှင့် ပျော်ပျော်ကြီးခံယူရင်း မိုးက ကိုကိုကမ်းလှမ်းပြီး သုံးလအကြာတွင် လက်ထပ်ခဲ့သည်။ ညစာစားပွဲတွင် ဆွေမရှိမျိုးမရှိ မိုးဘက်က အဖေနှင့်အမေတို့သာ



တက်ရောက်နိုင်သဖြင့် မိုး စိတ်မကောင်းဖြစ်မိသော်လည်း ကိုကိုနှင့် ညီညီတို့က လိုလေသည်မရှိ ကောင်းကြ၍ ဖြေသာသည်။ အဖေနှင့်အမေက တပြုံးပြုံး။ ကိုကိုနှင့် ညီညီတို့လည်း ပါးစပ်မပိတ်ရ။ အလွန်ရင်းနှီးသော လုပ်ငန်းရှင်အချို့ကို ညစာစားပွဲဆက်၍သီးသန့်ညှိခံသေးသည်။ ထိုည မိဘနှစ်ပါး အိပ်ပြန်မည်ဆိုသောအခါ မိုးက မိဘနှင့် ခွဲမနေဖူး၍ မျက်ရည်ကျမိသည်။ အဖေကတော့–

''ဘာမှ ဝမ်းနည်းစရာမလိုဘူး၊ သမီးလေးက အဖေတို့ရင်ထဲ အမြဲရှိတယ်၊ အခက်အခဲရှိရင်လည်း အသိပေးနော်''

ဟု အားပေးစကားဆိုသည်။ အဖေတို့ကတော့ မိုးနေခဲ့ရမည့် ကွန်ဒိုတိုက်ခန်း၏ အပြင်အဆင်ကိုကြည့်ပြီး အားရဝမ်းသာရှိနေဖုံ၏။ မိဘနှစ်ပါးကို မမြင်မတွေ့ မိုး ထိုင်ကန်တော့သောအခါ–

''သမီးရေ နေ့ချင်းညချင်း ရွှေဘုံပေါ်စံရပေမယ့် အောက်ခြေမလွတ်နဲ့၊ ဘုရားတရား မမေ့နဲ့၊ ကိုယ့်ကျေးဇူးရှင်ကိုလည်း ဘယ်တော့မှ မပြစ်မှားမိစေနဲ့၊ အမှားမလုပ်မိစေနဲ့၊ ညတိုင်း သွားကိုရှိုးအိပ်၊ အဖေတို့ ဆုံးမထားသလိုပဲ ဘဝမှာ ဆင်းရဲရဲ ချမ်းသာသာ၊ ဒုက္ခနဲ့သုခက ယှဉ်တွဲနေတတ်လို့ သက်လုံကောင်းအောင် အမြဲကြိုးစားနေထိုင်ရမယ်နော် သမီး''ဟု စိတ်မချနိုင်စွာ တတွတ်တွတ် မှာကြားခဲ့သော အဖေနှင့်အမေ။

ထိုညက မိုးကို အလိုက်မခံဘဲ အဖေတို့ကို ပြန်ပို့သော ကိုကိုသည်–

''လူပျိုညမို့ သူငယ်ချင်းတွေက ပြန်မလွှတ်ဘူး မိုးရယ်၊ သိပ်ဆိုးတာပဲ''ဟု အိမ်ဖုန်းကို လှမ်းဆက်၍အသိပေးသည်။

''မိုး ပင်ပန်းနေပြီ၊ အိပ်နှင့်နော်''

ဟု ကိုကိုမှာသော်လည်း မင်္ဂလာဦးညတင်ပေါ်တွင် မိုးတစ်ယောက်တည်း လူးလူးလိမ့်လိမ့်ဖြင့် အိပ်မပျော်နိုင်။ ဘာကို ဝမ်းနည်းသည် အဖြေရှာမရဘဲ မျက်ရည်တွေ တစ်ညလုံးကျနေခဲ့ရသော ''မိုး၏ မင်္ဂလာဦးည''။ ထိုနေ့က ကိုကိုရော ညီညီပါ မိုးလင်းခါနီးမှ ပြန်ရောက်လာသည်။

✧ ✧ ✧ ✧ ✧

ဧရာမျိုးခန်းအိပ်ခန်းသာတွဲလျက် အိပ်ခန်း ၂ ခန်း၊ ရိုးရိုးအိပ်ခန်း ၂ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်းတို့ဖြင့် ကျယ်ဝန်းလှသော ကွန်ဒိုတိုက်ခန်းကြီးက ၁၂ ပေ ပတ်လည်သာသာ တဲအိမ်တွင်နေခဲ့ရသော မိုးအတွက် နတ်ဘုံနတ်နန်းတမျှ ခမ်းနားပြီး ကျယ်လွန်းလှ၏။ တစ်ယောက်တည်းနေချိန်တွင် အခန်းစုံအောင်ပင် လျှောက်ကြည့်မဝ။ အထူးသဖြင့် ညီညီနေမည်ဆိုသော အခန်းနားသို့ မိုး ယောင်လို့မျှ ဖြတ်မလျှောက်။

လက်မထပ်ခင်က ကိုကိုနှင့်ညီညီ တစ်အိမ်စီနေသည်ဟု သိထားသော မိုးက လင်မယားနှစ်ယောက်နေထိုင်မည့် ကွန်ဒိုတွင်–

''ဒါ ညီညီနေမယ့်အခန်းလေ''

ဟု ကိုကိုပြောပြောချင်း အပြင်းအထန်ကန့်ကွက်ခဲ့ဖူးသည်။

''မိုးရယ်···အိမ်က ဒီလောက်ကျယ်တာကို အရေးအကြောင်းဆို ကိုကိုတို့ အားကိုးရတာပေါ့၊ ပြီးတော့ ဒီတိုက်ခန်းဝယ်ဖို့ ငွေလိုနေတာကိုလည်း ညီက သူ့တိုက်ခန်းရောင်းပြီး ဖြည့်ပေးခဲ့တာ မိုးရဲ့''

ဟု ကိုကိုပြောတော့လည်း မိုးလက်ခံပေးရသည်သာ။ ဟုတ်မဟုတ်တော့ မိုးသေချာမသိခဲ့ရ။

လက်ထပ်ပြီး နောက်တစ်နေ့မှာပင် ကိုကိုက မိုးကို အလုပ်သို့မလိုက်နိုင်းတော့ပေ။ ညီညီက မိုးအဖော်ရစေရန် မနက်လာ၍ ညနေပြန်သော အိမ်အကူခေါ်ပေးထားသည်ဟုဆိုသဖြင့် တစ်ယောက်တည်း မနေရဲသောမိုးက ကျေးဇူးတင်ခဲ့ရသေးသည်။

''သူဌေးဇနီးဆိုတာ အိမ်မှာ ကြွကြွရွရွလေး စိမ်အပြည့်နဲ့နေရတယ်မိုးရဲ့''

ဟု ကိုကိုက နဖူးကလေးအသာနမ်းပြီး ပြောသောအခါ မိုး ကြက်သီးတွေ ထလိုက်သည့်ဖြစ်ခြင်း။ ဖြစ်ဆို မိုးအတွက် ကိုကိုက 'အသည်းဦး' မဟုတ်လား။ ပြီးတော့ ကိုကိုက အလွန်စည်းစောင့်သူဖြစ်၍ တစ်ခါလေးမျှပင် မိုးကို မနမ်းဖူးသေး။ ရည်းစားဖြစ်နေစဉ် မထိရက်၊ မကိုင်ရက် သလိုနေခဲ့သော ကိုကို့ကို တစ်ခါတလေ

မိုး အားမလို အားမရဖြစ်နေမိသည်မှာ ပြန် ပြောမပြတတ်။

မင်္ဂလာဦးညတွင် မိုးလင်းပေါက်တိုင် ကိုကိုမရှိ၍ အထီးကျန်ပေါ်င်စင်းစင်းဖြစ်ခဲ့ရ သော မိုးကို ကုမ္ပဏီမသွားခင် ဖွဖွလေး နမ်းပြီး–

''မနက်ဖြန် ဟန်နီးမွန်းထွက်ဖို့ အလုပ်တွေ သွားလက်စသတ်ဦးမယ်နော်''

ဟု အသိပေးတော့ မိုးခုန်ပေါက်မိ သည်အထိ ပျော်လိုက်သည့်ဖြစ်ခြင်း။ စိတ် ထဲမှာလည်း ကိုကိုကို မင်္ဂလာဦးညအတွက် ပါ အတိုးချချော့နိုင်းမည်ဟု တွေးလိုက်မိ သေးသည်။ ထိုနေ့ညတွင်လည်း ကိုကိုအိမ် သို့ ပြန်ရောက်ချိန်က ညနစ်နာရီကျော်။ ညီညီကတော့ ပါမလာခဲ့၊ သူ့သူငယ်ချင်း အိမ်တွင် သွားအိပ်သည်ဟု သိရသည်။ မိုး တို့ကြားထဲ ပထမဆုံးအကြိမ် ညီညီ ရှောင် ပေးခြင်းဖြစ်သော်လည်း မိုး ကျေးဇူးတင် မိသည်။

သို့ရာတွင် ကိုယ်လက်သန့်စင်ပြီး မင်္ဂလာခုတင်ပေါ် ခြေပစ်လက်ပစ်လှဲချလိုက် သော ကိုကိုသည်–

''ပင်ပန်းလိုက်တာ မိုးရယ်''

ဟု ပြောပြီး အသိစိတ်ကင်းမဲ့သူကဲ့ သို့ ဘဝေါဝေါအိပ်ပျော်သွားပြန်သည်။ မိုး ကတော့ ကိုကိုကို နောက်ကျောဘက်မှ သိုင်းဖက်ထားရင်း ထိုညတွင်လည်း မျက် ရည်ကျမိပြန်သည်။ ကိုကိုနှင့် ပတ်သက်လာ လျှင် မိုး မျက်ရည်လွယ်လွန်းသည်ဟု ကိုယ့် ကိုယ်ကိုယ် ထင်မိသည်။ အလုပ်များလွန်း သော ကိုကိုကို မိုး သနားမိသော်လည်း စိတ်ထဲ မတင်မကျဖြင့် နေမထိ ထိုင်မသာ။

◇ ◇ ◇ ◇ ◇

မနက်စောစောမှာပင် ကိုကိုလက်ကိုင် ဖုန်းအသံ မြည်လာသည်။ နယ်မှဆက်ခြင်း ဟု သိရသည်။ နယ်တွင် အလုပ်ကိစ္စ ပြဿနာပေါ်၍ အားချင်းလိုက်ခဲ့ရန်ဖြစ် သည်။ မိုး စိတ်ပျက်သွားမိသည်။ ချောင်း သာသို့ ဟန်နီးမွန်းသွားမည်ဆိုသော ကိုကို က မိုးကို အားနာစွာ အထပ်ထပ်တောင်း ပန်ပြီး အဝတ်အစားများ ကမန်းကတန်း ထည့်ကာ အိမ်မှထွက်သွားပြန်သည်။ အနမ်းမွှမွှပေးရင်း ညီညီကို သူ့သူငယ်ချင်း အိမ်တွင် ဝင်ခေါ်သွားမည်ဟု သိရသည်။ လက်ထပ်ပြီးစ မယားအရောင် မပြောက် သေးသောမိုးကို ထားခဲ့ပြီး ညီညီကို ခေါ် သွားမည်ဆိုခြင်းအတွက် မိုးစိတ်ထဲ အကြီး အကျယ် မနာလိုဖြစ်မိသွားသည်။ သို့ပေ မယ့် မိုးကိုထားခဲ့ပြီး ညီညီကိုခေါ်မသွား၍ လည်း မဖြစ်ပေ။ အိမ်တွင် မိုးတစ်ယောက် တည်း ရှိမည်မဟုတ်လား။

ညနေတွင် ကိုကိုက အလုပ်ကိစ္စ မပြတ်၍ တစ်ပတ်ခန့်ကြာမည်ဟု မိုးကို ဖုန်း ဆက်၍ လှမ်းအသိပေးသည်။ မနေရဲပါက အမေနှင့် အမေကို အဖော်အဖြစ်ခေါ်ထား ရန် မှာကြားသည်။ မိုးက အိမ်အကူကို တစ်ပတ်ခန့်မလာရန် မှာကြားပြီး အမေတို့ ဆီ သွားနေမည့်ဆုံးဖြတ်သည်။ အမေတို့ အိမ်ရောက်သောအခါ မိုး ဟန်းဖုန်းဖြင့် ကိုကိုဆီ လှမ်းဆက်သည်။

''ကိုကို ဘာမှစိတ်မပူနဲ့နော်၊ အလုပ် သာ ပြီးအောင်လုပ်၊ မိုးအမေတို့ဆီမှာပဲ နေလိုက်မယ်၊ ကိုကိုပြန်လာရင် မိုးကိုလာ ခေါ်နော်၊ မိုး မေမေတို့အိမ်မှာ တစ်လှည့် နေချင်လို့ သိလား''

(ထိုစဉ်က သိန်းနှစ်ဆယ်ပေးလျှင်ပင် လိုချင်တိုင်းမရနိုင်သော လက်ကိုင်ဖုန်းကိုင် နိုင်သူထဲတွင် မိုးပါဝင်ခဲ့သည်)

အမေကတော့–

**အခန်းသို့ရောက်ရောက်ချင်း ပိတ်ထားခဲ့သော မိန်းခလုတ်ပွင့်နေသည်ကို မိုး ပထမဆုံးသတိထားမိ၏။ ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ မိုး ကိုယ့်အိမ်အတွင်းသို့ သူခိုးတစ်ယောက်ကဲ့သို့ ခြေဖျားထောက်ပြီး . . .**

''ဒီကောင်လေးနဲ့ယ်၊ ကိုယ့်မိန်းမကို ဒီအခန်းကြီးထဲ တစ်ယောက်တည်းထားခဲ့ ရတာ စိတ်မပူဘူးလားမသိဘူး''ဟု အား မရစွာ ဖေဖန့်သည်။ အမေက အကောင်း မြင်တတ်သူပီပီ–

''လူလေးမှာ မယားကို ပင်ပန်းမှာ စိုးလို့ ဖြစ်ပါလိမ့်မယ်၊ ပြီးတော့ ကျုပ်တို့ သမီးကလည်း လိမ္မာရေးခြားရှိပြီးသားဆို တော့ စိတ်ချလို့နေမှာပေါ့တော်''ဟု ပြော သည်။

မိုးကတော့ ကိုယ့်ဘာသာ အတွေး ရယောဉ်ကြော မျောနေမိ၍ အဖေနှင့် အမေကို ဘာမှဝင်မပြောမိ။ ထိုညကတော့ မိဘ၏မေတ္တာရိပ်အတွင်း မိုး အိပ်ရေးဝခဲ့ ၏။ ခေတ်မီအသုံးအဆောင်များအပြည့်ရှိ သော ကွန်ဒိုတိုက်ခန်းကျယ်ထက် ဂုဏ် ပကာသနမရှိသော မိဘအရိပ်က ပို၍ အေးမြပြီး နွေးထွေးလုံခြုံသည်ကို မိုး စတင် သတိပြုမိ၏။

◇ ◇ ◇ ◇ ◇

ကိုကိုသွားပြီး လေးရက်မြောက်တွင် မိုး အိမ်ကိုစိတ်ပူလာပြန်သည်။ အိမ်ရှင်းချင် စိတ်လည်း ဖြစ်ပေါ်လာသည်။ ကိုကိုလာ လျှင် ဖုန်တက်မနေစေချင်ပါ။ ထို့ကြောင့် မိုးခဏပြန်မည်ဟု အမေ့ကိုမှာခဲ့သည်။ အခန်းသို့ရောက်ရောက်ချင်း ပိတ်ထားခဲ့ သော မိန်းခလုတ်ပွင့်နေသည်ကို မိုး ပထမ ဆုံးသတိထားမိ၏။ ရင်ထဲ ထိတ်ခနဲဖြစ် သွားသည်။ မိုး ကိုယ့်အိမ်အတွင်းသို့ သူခိုး တစ်ယောက်ကဲ့သို့ ခြေဖျားထောက်ပြီး ညင် သာစွာ လှမ်းဝင်လိုက်၏။ အသံထွက်မည် ကို စိုးရိမ်သဖြင့် ဖိနပ်ခမ်းကိုသွားဖြင့်ကိုက် ကာ တင်းတင်းစေ့ထားလိုက်သည်။ အိမ် အကူတွင် သော့ပိုမရှိ၊ သူခိုးဝင်ရောက်နေပါ က နေ့ခင်းကြောင်တောင် မိန်းခလုတ်ဖွင့် မည် မဟုတ်။

ဗီနပ်စင်သို့ ကြည့်မိရာ ညီညီစီးနေကျ 'အောစတားတဲဆိပ်'ဖိနပ်ကို တွေ့လိုက်ရ သည်။ ညီညီ ပြန်ရောက်နေခြင်းဖြစ်မည်။ ကိုကိုရော ပြန်ရောက်နေတာလား။ ဖိနပ် စင်ကို ထပ်ကြည့်မိပြန်သည်။ ကိုကိုစီးလေ့ ရှိသော ကတ္တီပါဖိနပ်များက အရောင်များစွာ မို့ မိုး ဝေခွဲမရ။ ကိုကိုက ပြန်ရောက်လျှင်

မိုးကိုလာခေါ်မည်ဟု အသိပေးထားသည်။ ဒါမှမဟုတ် ပြန်ရောက်ပြီး ခရေ့ထ္အနားယူနေခြင်းလား။

''သူ့ဒီးမဖြစ်နိုင်''ဟူသော အသိကြောင့် မိုး စိတ်အေးသွားသည်။ တစ်ဖန် ညီညီတစ်ယောက်တည်း ပြန်ရောက်နေပါလျှင်ဟု တွေးမိပြန်တော့ မိုးကို ထိတ်လန့်တုန်လှုပ်လာစေသည်။ ထိုအခါ မိုး အဝင်အထွက် တံခါးမကြီးရှိရာသို့ ပြန်လျှောက်မိသည့်အထိပင်။

သို့ရာတွင် အိမ်ထဲတွင် မည်သူရှိနေမည်ကို ထိတ်ကျကျသိချင်နေသော မိုးက ခြေဖျားထောက်၍ ခပ်ဖွဖွလေးပြန်ဝင်လာ၏။ ပထမဆုံး မိုးတို့အိပ်ခန်းကို အရင်စစ်လိုက်သည်။ မည်သူမျှမရှိ။ ထို့နောက် ထမင်းစားခန်း၊ မီးဖိုခန်းသို့ လှမ်းသောခြေလှမ်းတိုင်းက သတိရှိရှိ လုံလုံခြုံခြုံ။ အသံထွက်မည်ကို အလွန်စိုးရိမ်နေသော မိုး နှုတ်ပေါ်မှာ ရွှေးပင်ဆို့လာ၏။ ပတ်ဝန်းကျင်တိတ်ဆိတ်ငြိမ်သက်မှုက မိုးအတွက် အကြောက်တရားကို ပိုစေသည်။ နောက်ဆုံးစစ်ဆေးရန် ညီညီအခန်းသာကျန်သည်။ ခြေကို ဖွသထက်ဖွနင်းကာ အခန်းရှေ့သို့ အရောက်သွား၏။

တံခါးနားကပ်၍ အထဲကအသံကို နားထောင်စဉ် မိုးတစ်ကိုယ်လုံး ဖော့ရွေးတို့ စီးကျနေသလို ခံစားလိုက်ရသည်။ တုန်ရင်နေသော ဒူးခုံဖက်ကို ငြိမ်အောင်ထိန်းရင်းက နှုတ်ခမ်းကိုလည်း ပြတ်ထွက်မတတ် ဖိကိုက်ထားမိသည်။ အခန်းတွင်းမှ ဟောက်သံသဲ့သဲ့ကို ကြားရသည်။ ထိုအခါ စိတ်ထဲရဲသွားသည်။ သေချာနေပြီ။ ညီညီ အိပ်မောကျနေသည်ဆိုတာ။ မိုး အခန်းတံခါးကို အသာလေးတွန်းကြည့်လိုက်သည်။ ခပ်ဟဟလေးဖြစ်သွား၏။ လော့ချမထား။ ဘာပဲဖြစ်ဖြစ် ညီညီဆိုတာ သေချာအောင်ကြည့်မည်ဟု ဆုံးဖြတ်မိသည်။ ကြောက်ရွံ့စိတ်က ကြီးစိုးလာပြန်သည်။ ထိုအခါ တံခါးကိုဆက်တွန်းရန် လက်ကအားမရှိ။

ထိုအချိန်တွင် အခန်းထဲရှိဟောက်သံက အနေအထားထက် ပိုကျယ်လာသည်ကို သတိပြုမိလိုက်၏။ တစ်ကိုယ်လုံးရှိ အင်အားတို့ စုစည်းအပြီး အခန်းတံခါးကို အညင်သာဆုံးဖြစ်အောင် မိုးက တွန်းဖွင့်လိုက်သည်။ ထိုစဉ် တွေ့လိုက်ရသော မြင်ကွင်းကြောင့် တင်းတင်းကိုက်ထားသော နှုတ်ခမ်းပေါ်သို့ လက်တစ်ဖက်ဖြင့် ထပ်မံပိတ်လိုက်ရသည်အထိ။ မိုး ရင်တစ်ခုလုံး ပွင့်ထွက်သွားမတတ် ခြောင်းဆန့်အောင် တုန်လှုပ်သွားပါသည်။ တစ်သက်နှင့်တစ်ကိုယ် မမြင်ဖူးသောမြင်ကွင်းမို့ မိုး မင်သက်စွာ ကြည့်ရင်း ကျောက်ဆစ်ရုပ်ကဲ့သို့ ရှိနေ၏။ ဗလကောင်းသော ညီညီ၏ ခန္ဓာကိုယ်အပေါ်ပိုင်းကား ဗလာကျင်းလျက်။ ထို့အတူ…

> တစ်သက်နှင့်တစ်ကိုယ်
> မမြင်ဖူးသောမြင်ကွင်းမို့
> မိုး မင်သက်စွာကြည့်ရင်း
> ကျောက်ဆစ်ရုပ်ကဲ့သို့ ရှိနေ၏။
> ဗလကောင်းသော ညီညီ၏
> ခန္ဓာကိုယ်အပေါ်ပိုင်းကား
> ဗလာကျင်းလျက်။
> ထို့အတူ…

ဟောက်သံကလည်း စည်းချက်ကျကျ ပေါ်ထွက်နေသည်။ မိုးသည် တွေဝေဝေ ကြည့်နေရာမှ အသာလေးပြန်ထွက်ရန် ဦးဆုံး ဆင်ခြင်မိ၏။ သူမနိုးခင် မိုး အပြင်သို့ ရောက်နေမှဖြစ်မည်ကိုလည်း ဦးနှောက်က အတိအကျသတိပေးသည်။ ပြီးတော့ မိုး တွေ့ခဲ့ရသောမြင်ကွင်းကို ဦးနှောက်ရောနှလုံးသားကပါ ဖျောက်ဖျက်ပစ်ရမည်။ မိုး နှလုံးခုန်သံက တဒုတ်ဒုတ်မမြည်ဘဲ တဒုန်းဒုန်းမြည်နေသည်မို့ ဟောက်သံကိုပင် ဖုံးလွှမ်းသကဲ့သို့ရှိသည်။ အဝင်တုန်းက ထက် ကိုယ်ကိုပေါ့ကာ ညင်သာသော ခြေလှမ်းများဖြင့် အိမ်တံခါးမကြီးရှိရာ လျှောက်ခနစဉ် ခြေလှမ်းတို့က မရွေ့နိုင်သလို။

✧ ✧ ✧ ✧ ✧

ခရီးထွက်သွားပြီး တစ်ပတ်မြောက်သည့်နေ့တွင် ကိုကိုလာခေါ်၍ မိုး ပြန်လိုက်ခဲ့ရသော်လည်း ပြန်လိုစိတ်ကား အလျဉ်းမရှိ။ ညီညီနှင့် မျက်နှာချင်းဆိုင်ရမည်ကိုလည်း စိုးရွံ့နေမိသလို၊ မိုးအပေါ် ဥပေက္ခာပြုထားရက်သော ကိုကို့အပေါ်လည်း မကျေနပ်။ အိမ်ပြန်ရောက်ပြီး နောက်တစ်ရက်မှစတင်ကာ သင်တန်းနှစ်ခု တစ်ပြိုင်တည်းတက်ခွင့်ကို မိုး ကိုကို့ထံတောင်းဆိုလိုက်သည်။

''ကိုကိုအလုပ်သွားနေတုန်း မိုး တစ်ယောက်တည်း ဘာအလုပ်မှမရှိဘဲနေရတာ ပျင်းလွန်းလို့ပါနော်''ဆိုသော အကြောင်းပြချက်က မိုးအတွက် ယုတ္တိအရှိဆုံးနှင့် အသင့်တော်ဆုံးဖြစ်ခဲ့သည်။

အလှပြင်သင်တန်းနှင့် စက်ချုပ်သင်တန်းနှစ်ခုလုံးသည် မိုးနှင့်စိမ်းသော်လည်း မိုး အပတ်တကုတ်ကြိုးစားသင်ယူခဲ့သည်။ မိုး တကယ်အလုပ်ချင်ဆုံးက စာရေးခြင်းဖြစ်သည်။ မြန်မာစာအဓိကဖြင့် ကျောင်းပြီးခဲ့သောမိုးက အေးအေးချမ်းချမ်းနေ၍ စာမရေးနိုင်သေး။ စာရေးသားခြင်းဖြင့် ဝင်ငွေမည်သို့ရှိမည် မသေချာသော မိုးက စက်ချုပ်နှင့် အလှအပဆိုင်ရာ လုပ်ငန်းများကိုတော့ ဘဝရပ်တည်မှုအတွက် နိုင်မာသည်ဟု ယုံကြည်သည်။ တစ်သက်လုံး ထမင်းမငတ်နိုင်သောအလုပ်များဖြစ်၍ ရည်ရွယ်ချက်ကြီးစွာထားကာ အပင်ပန်းခံသင်ယူမည်ဟု မိုးစိတ်ထဲ ကြုံးဝါးနေမိ၏။

✧ ✧ ✧ ✧ ✧

အိမ်အလုပ်ဟူ၍ ကိုကိုနှင့်ညီညီကို မနက်စာပြင်ပေးပြီးသည်နှင့် မိုး အားပြီဖြစ်သည်။ ရံဖန်ရံခါ ညစာကို အိမ်တွင်စားတတ်သော်လည်း နေ့လယ်စာကိုတော့ သူတို့နှစ်ယောက်လုံး အိမ်တွင်စားခဲသည်။ ဒါသည်ပင် မိုးအတွက် အခွင့်အရေးဖြစ်၏။ တစ်နေကုန် သင်တန်းတက်၍ ပင်ပန်းလာသော်လည်း သင်ပြီးသမျှကို မိုးက အချိန်ပေး၍ ညအက်တွင် မပျက်မကွက်ပြန်လေ့ကျင့်၏။ မိုးလင်းမှ အိပ်ချိန်တိုင် ကိုယ့်ကိုယ်ကိုယ် အနားမပေးသော မိုးက အိပ်ရာပေါ်



ရောက် ခေါင်းချသည်နှင့် တုံးခနဲအိပ်ပျော်သွားတတ်သည်မှာ အသေကောင်အလား။

တစ်ခါတစ်ခါ ကိုကို ဘယ်အချိန်ပြန်၍ ဘယ်အချိန် ကိုယ့်ဘေးနားအိပ်နေလဲပင် မသိ။ ကိုကို့အတွက် အဆင်ပြေ၊ မပြေ မိုးကိုယ်မိုး ပြန်တွေးချိန်မပေးခဲ့။ မိုး တစ်ကိုယ်ကောင်းဆန်သည်ဟု ကိုကိုယူဆနိုင်သော်လည်း မိုး ရည်ရွယ်ချက်ပြည့်မည့် အချိန်ထိ ထိုကဲ့သို့သာ နေထိုင်ရပေမည်။ အားချိန်မရှိအောင် အလုပ်နှင့်လက်မပြတ်နေသော်လည်း အတွေးထဲ မကြာခဏဆိုသလို ညီညီ့အခန်းထဲကမြင်ကွင်းက မေ့မရနိုင်သော ပုံရိပ်အဖြစ် ပြန်ပြန်ပေါ်လာသည်။ ထိုအခါမျိုးတွင် မိုးသည် ရင်တွေ တလှပ်လှပ်ဖြင့် ဆောက်တည်ရာမရ။ ခေါင်းကို မူးလောက်အောင် ခပ်သွက်သွက် ခါရမ်းပြီး ပုံရိပ်ကို ကြိုးစားဖျောက်ထုတ်ပစ်လေ့ရှိ၏။

✧ ✧ ✧ ✧ ✧

မှတ်မှတ်ရရ သင်တန်းနှစ်ခုစလုံးပိတ်သောနေ့တွင် မိုးက နေကုန်သည်အထိ သင်ခန်းစာများကို ပြန်လေ့ကျင့်နေသည်။ ညနေပိုင်း အိမ်အကူပြန်သွားချိန်တွင် မိုး တစ်ယောက်တည်း ခုတင်ပေါ်တွင် အညောင်းဆန့်ရင်း တွေးချင်ရာတွေးနေမိသည်။ ဟိုညီအစ်ကိုကတော့ ဘယ်သူတွေ ဘယ်လောက်ပိတ်ပိတ်၊ ပိတ်ရက်မရှိ အပြင်ထွက်လေ့ရှိသည်။ မိုးသည် ခပ်မဲ့မဲ့ပြုံးလိုက်၏။ တောင်တွေးမြောက်တွေးရင်း မိုးသည် ဒေါသထွက်နေမိသည်။ ကိုကို့အပေါ် တစ်စုံတစ်ခုသော မျှော်လင့်ချက်ဖြင့် ရှန်းမထွက်နိုင်သော မိုးကိုယ်မိုးလည်း မကျေနပ်။

ကိုကိုသည် အများရှေ့တွင် မိုးအပေါ် ကြင်နာသလိုနှင့် နောက်ကွယ်တွင် သေွးအေးလှ၏။ အကြင်နာကင်းမဲ့သော သူ့လုပ်ရပ်များအတွက် မိုးစိတ်ထဲ မခံနိုင်။ တကယ်တော့ မိုးသည် ခင်ပွန်းဖြစ်သူ၏စိတ်ကို လုံးဝမမှန်းဆနိုင်သော ခပ်ညံ့ညံ့မိန်းမတစ်ဦးပင်။ ကိုကို့အကြောင်းကို စဉ်းစားမိတိုင်း မိုး ထိတ်လန့်၏။ ကြောက်ရွံ့၏။ ဆောက်တည်ရာမဲ့၏။ မွေ့ရာပေါ်ရှိ မိုးသည် တွေးရင်း မောပန်းလာသည်။ ထိုအခါ အိပ်ရာမှထ၍ ရေခဲသေတ္တာရှိရာသွား၏။ ဖွင့်၏။ အေးစက်နေသော ဝိုင်ပုလင်းကိုထုတ်ယူသည်။ ဖန်ခွက်အပြည့်ထည့်ကာ တစ်ချိုက်ထဲ မော့ချလိုက်၏။ မွှေးသက်သက် ချိုမြမြ ရှတတဖြင့် ခန္ဓာကိုယ်အနှံ့သို့ ပူထင်းသွားသည်။ နောက်တစ်ခွက်ထည့်၍ထပ်သောက်သည်ကို အမှတ်ရသည်။ တစ်ဓာအကြာ အရှိုင်းဖြစ်သော မိုး အိပ်ရာပေါ် မည်သို့ရောက်သည်ပင် မသိတော့ပေ။

✧ ✧ ✧ ✧ ✧

ကျိုးမနိုးခင် ခေါင်းတစ်ခုလုံး ဒိုဝေအုံခဲစွာ မိုး နိုးလာသည်။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။ လှုပ်ပင်မလှုပ်နိုင်။ နံဘေးကို စမ်းကြည့်သောအခါ ကိုကိုရှိမနေပါ။ တရေးနိုးတိုင်း အိပ်ရာပေါ်တွင် ကိုကိုရှိမနေခြင်းက မိုးအတွက်တော့ အဆန်းမဟုတ်။ မနေ့က စားပွဲကနေ အိပ်ရာပေါ်သို့ မိုး ဘယ်လိုရောက်သွားခဲ့တာလဲ။ စဉ်းစားရင်းက အောက်ပိုင်းတစ်ခုလုံး ခံရခက်သော ဝေဒနာတစ်မျိုး ခံစားနေရသည်ကို သတိထားမိသွားသည်။ ပြီးတော့ မှောင်နဲ့မည်းမည်း အခန်းထဲတွင် မိုးအပေါ်က အုပ်မိုးထားသော ခန္ဓာကိုယ်။

မိုး တွေးရင်းပျော်သွားမိသည်။ လက်ထပ်ပြီး လေးပတ်အကြာမှ ကိုကို့ဆီက မရဲတရဲ မျှော်လင့်ခဲ့ရသော တောင့်တမှုကို ပထမဆုံးအကြိမ်အဖြစ် မိုးရရှိခဲ့ပြီလား။ တစ်ကိုယ်လုံး သိမ်းကြုံးအဖက်ခံရပြီး နေရာအနှံ့ရောက်ရှိလာသော ခပ်ကြမ်းကြမ်း အမှတ်အသပ်များနှင့်အတူ သရမ်းလွန်းသော အနမ်းများက အိပ်မက်ဆန်ဆန် ပြန်ပေါ်လာသည်။ သို့ပေမယ့် အမူးလွန်နေခဲ့၍ ဘာကိုမျှ ရေရေရာရာ မိုး မမှတ်မိ။ မိုး မမှတ်မိသော ထိုအဖြစ်ကာပင် မိုးအတွက် တစ်သက်တာဖြတ်မရသော သံယောဇဉ် တစ်မျှင် တိုးခဲ့ရ၏။

✧ ✧ ✧ ✧ ✧

"မိုးမှာ ကိုယ်ဝန်ရှိနေပြီကိုကို"

ဟု မိုးပြောလိုက်စဉ် ကိုကို့မျက်နှာက

ခုတလော ကိုကိုသည် မိုးကိုကျော၍နိုင်း၍ တသိမ့်သိမ့် ရှိုက်နေတတ်မှန်း မိုး သတိထားမိသည်။ မေးမည်ကြံသော်လည်း မိုးနှုတ်က အာစေးထည့်ခံထားရသူပမာ။ မိုးဘက်မှာ သားလေး ရှိနေတယ်ဆိုသော အသိက မိုးကို အားပြည့်စေသည်။

သီသီသာသာ မှိုင်းညို့သွားသည်။ ကိုကိုသည် ချစ်ရှင်ထဲကလို မိန်းမဖြစ်သူ ကိုယ်ဝန်အတွက် မြူးတူးပျော်ရွှင်မနေခဲ့ပါ။ မျက်ရည်ကြည်အချို့ပင် မျက်ဝန်းထဲတွင် ရစ်သိုင်းသွားသလို။ ထိုအခါ မိုး ပျော်ရမည်လား။ ငိုရမည်လား ဝေခွဲမရခဲ့။ သို့သော် မိုးက တော့ အိမ်ထောင်တစ်ခုကို တိုးဝင်လာသော သံယောဇဉ်ကြိုးတစ်ချောင်းဖြင့် ဆက် ထိန်းနိုင်တော့မည်ဟု မှတ်ထင်နေခဲ့မိ၏။

မိုး ကိုယ်ဝန်ဆောင်ပြီးနောက်ပိုင်း ကိုကိုက အနေအထိုင်အထူးဆင်ခြင်သည်။ မိုးကလည်း ကိုကို့ထက် ဗိုက်ထဲရောက်ရှိနေပြီဖြစ်သော ကလေးကိုသာ စိတ်ဝင်တစား ရှိနေခဲ့သည်။ ညီညီသည် ညတက်ညတက် အပြင်မှာသာ အနေများလာသည်။ ကိုကိုနှင့် မိုးက တစ်နေ့ထက်တစ်နေ့ ပိုစိမ်းလာ သလို။ တည်ဆောက်ပြီးသော အိမ်ထောင် ကို မပြိုပျက်လို၍ ကိုကို့သွေးအေးမှုကို မျို သိပ်သည်းခံနေရသော်လည်း ကိုယ့်အဖြစ် ကို ပြန်တွေးမိတိုင်း မိုးအသည်းကနာနေ သည်။ မိုးအတွက်နှင့် မိဘများ၊ စိတ်ဆင်းရဲ မည်ကို မလိုလားသောကြောင့် ဖြစ်သမျှ အကြောင်း၊ ပေတောင်းခံ၍ မိုးအဖြစ်တွေကို ဘာတစ်ခုမျှအသိမပေးခဲ့။ လုပ်ဖော်ကိုင်ဖက် များအကြား မော်ကြွားခဲ့သော မိုးက တိတ် တိတ်လေးကြိတ်မှိန်ရုံမှအပ ဘာမှမတတ်နိုင် ပါ။ အမေပြောခဲ့သော ''အကောင်းနှင့် အဆိုး၊ သုခနှင့် ဒုက္ခ ယှဉ်တွဲနေတာလူ့ဘဝ'' ဟု ဆိုခြင်းကို ယခုမှ မိုး သေချာသဘော ပေါက်ပြီး ကြေကွဲစွာပြုံးလိုက်သည်။

⟡ ⟡ ⟡ ⟡ ⟡

အာထရာဆောင်းရိုက်တုန်းက 'သမီး လေး'ဆိုပေမယ့် မွေးလာတော့ သားလေး ဖြစ်နေသည့် ကံကြမ္မာအလှည့်အပြောင်း အတွက် မိုး အံ့သြရပြန်သည်။ ''ဒါမျိုးက တစ်ခါတလေဖြစ်တတ်ပါတယ်''ဟုဆရာဝန်မ က ပြောလိုက်သော်လည်း ရုတ်တရက် ကိုကို့မျက်နှာ ပြေးမြင်မိသော မိုးက တဒင်္ဂ ဆောက်တည်ရာမရဖြစ်ခဲ့တာ ကိုယ်တိုင်ပဲ သိသည်။

ထိုသို့ ဖြစ်မိသွားသော မိုးသည် သား လေး မျက်နှာ မြင်တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် မိခင်မေတ္တာစိတ်က နိုးထော် လိုက်၍လား မပြောတတ်။ သားအတွက် အရာရာရင်ဆိုင်ရန် အသင့်ဖြစ်သွား၏။ မိုး ကိုယ်မိုးပင် မယုံနိုင်အောင် ခွန်အားအပြည့် ဖြစ်လို့နေသည်။ သားလေးက ကိုကို့လို ဖြူဝင်းမနေဘဲ မိုးကဲ့သို့ အသားညိုသည်။ အဖေနှင့်အမေတွင် ပျော့ပြောင်းသွယ်လျ သော ခြေဆစ်လက်ဆစ်များ ပိုင်ဆိုင်ထား ပါလျက်နှင့် သားလေးက ညီညီကဲ့သို့ တုတ် ခိုင်သော အချိုးအဆစ်များဖြင့် ရှိနေသည်။ ညီညီသည် မိုးဘဝတွင် သားလေးရသည် အထိ ဂွမ်းမိုးနေခဲ့လား။ သားလေးကို ကြည့်ပြီး ပျော်မဆုံးဖြစ်နေသော ညီညီ အသွင်သဏ္ဍာန်။ ကိုကိုသည် သားလေး ကိုကြည့်ပြီး နှုတ်ခမ်းများက ပြုံးနေသော် လည်း မျက်ဝန်းမှာ ပြိုတော့မည့်မိုးကဲ့သို့ အမြဲရှိ၏။ မိုးသည် ကိုကို့အဖြစ်ကိုကြည့် ရင်း ငိုချင်လာမိသည်၊ ကိုကိုနှင့် ပတ်သက် လာတိုင်း မိုးနှလုံးသားက ပျော့ညံ့လွန်းပါ လား။

⟡ ⟡ ⟡ ⟡ ⟡

ခုတလော ကိုကိုသည် မိုးကို ကျော နိုင်း၍ တသိမ့်သိမ့်ရှိုက်နေတတ်မှန်း မိုး သတိထားမိသည်၊ မေးမည်ကြံသော်လည်း မိုးနှုတ်က အာစေးထည့်ခံထားရသူပမာ။ မိုးဘက်မှာ သားလေးရှိနေတယ်ဆိုသော အသိက မိုးကို အားပြည့်စေသည်။ သား လေး မွေးပြီးနောက်ပိုင်း၊ ညီညီက သားကို အရိပ်လိုကြည့်နေတတ်သည်။ မိုး သူ့ အကြည့်တွေကို မကြိုက်။ ဖြစ်နိုင်ရင် သား လေးအနား သူ့ကိုကပ်ခွင့်မပေးချင်။ ကိုကို ကို မလွှန်ဆန်ချင်၍သာ ညီညီကို သည်းခံ နေရသည်။ ဒါကို ရိပ်မိပုံရသော ညီညီ မျက်ဝန်းထဲတွင် ကြေကွဲဟန်တွေ့ရသည်။

သားလေးဆီကို အရှောင်ခိုဖို့ရွဲ့စား တတ်သော ညီညီစိတ်ဓာတ်တွေ ဘယ်လို နည်းနှင့်မှ မိုး အကူမခံနိုင်။ အနေ ကြာ လေ ညီညီသည် ဘာအရည်အချင်းမျှမရှိ ဘဲ ကိုကို့အပေါ်မှီခို၍ ချွဲနွဲ့နိုင်လ်ကျကာ စိတ် ကြိုက်သုံးဖြုန်းနေသူမှန်း မိုး သတိပြုမိခဲ့ သည်။ ထို့ကြောင့် ကိုကို့ထက် ဘဝကို ခပ်ပေါ့ပေါ့ဖြတ်သန်းနေသော ညီညီကို မိုးက ပိုမြင်ပြင်းကပ်သည်။

⟡ ⟡ ⟡ ⟡ ⟡

''စိန့်ကဲကျောက်ကဲထက် လူကဲခတ် ပိုခက်တယ်''ဆိုသောစကားက မိုးအတွက် တော့ သွေးထွက်အောင်မှန်သည်။ မိန်း ကလေးတစ်ယောက်ဖြစ်ပြီး ကိုယ်စီးမည့် မြင်း၏ အထီး အမမှန်း မခွဲခြားတတ်လောက် အောင် မိုး နုံအလွန်းခဲ့သည် မဟုတ်လား။ အဲဒီနေ့က ''အမေ့အိမ်မှာ သားအမိနှစ် ယောက်လုံး ညအိပ်မယ်''ဟု မိုးအကြောင်း ကြားထားခဲ့သော်လည်း သားလေးမနေ၍ ကိုကိုရှိရာ ပြန်လာခဲ့မိသည်၊ ညီညီအခန်း ထဲမှာ ငိုကြီးချက်မနဲ့ တကယ်မတတ်ဖြစ်ပြီး တောင်းပန်တိုးလျှိုးပြောနေတဲ့ ကိုကို့အသံ တွေကို ကြားလိုက်ရတဲ့မိုး။ မိုးအပေါ် အသုံး ချခဲ့မှန်းသိသိနဲ့ ကိုယ့်ကိုယ်ကိုယ်ထက် ကိုကို ကို ပိုသနားမိပြီး ကိုကိုရှိရာမှာ ပေကပ်နေ ပေးခဲ့တဲ့ဘဝကို စွန့်လွှတ်နိုင်ခဲ့ပါပြီ။

''ဗိုကို မထားခဲ့ပါနဲ့ ညီရယ်၊ ညီကို ဒို့မခွဲနိုင်ဘူး။ မိုးကို မှားယွင်းမိခဲ့တဲ့ ညီကို ထပ်အပြစ်မပြောမိအောင် ဒို့ဆင်ခြင်ပါ့မယ်၊ အပြင်မှာ ညီကြိုက်သလိုနေပါ၊ အချိန်တန် ရင်တော့ ပြန်လာပါညီရယ်၊ ခုလေ ဒို့–ဒို့ အသားနားမှာ မကြောက်တော့ဘူးညီ၊ ဒို့ ခွဲစိတ်ခံပါ့မယ်၊ ဒို့အသည်းက နာလွန်းလှပြီ ညီရဲ့၊

ညီရယ် အတုဟာ အစစ်လောက်

မပြီးပြည့်စုံနိုင်တာ ဒို့သိထားပေမယ့် ဒို့လေ-ဒို့ မိုးကိုကြည့်တဲ့ ညှို့မျက်ဝန်းတွေကို ဒီထက်ပို ဥပေက္ခာပြုမထားနိုင်တော့ဘူး။ ဒို့ နှလုံးသားက အဲ့လောက်မမာဘူးဆိုတာ ညီသိပါတယ် ညီရယ်၊ ဒို့ကိုသနားပါနော်၊ ဒို့ကို ဒီလောက်ထိ နှိပ်စက်ရရင် ကျေနပ်ပါတော့ ညီဖြစ်စေချင်သလို ဒို့နေပေးခဲ့တာပါ၊ ဒို့ အချစ်နဲ့ မေတ္တာတွေကို နည်းနည်းလေးတော့ စာနာငဲ့ညှာပေးပါအုံး ညီရယ်၊ သားလေးနဲ့ မိုးကို ဒို့ ကွာရှင်းပါရစေနော်၊ ပြီးရင် ညီနဲ့ဒို့ အဝေးကြီးကို ထွက်သွားကြမယ်လေနော် ညီ၊ ညီရယ် ဒို့အနူးအညွတ်တောင်းပန်ပါတယ်၊ ဒို့ကို မထားခဲ့ပါနဲ့ ညီရယ်၊ နော်- ဟီး-ဟီး''

မိုး ခေါင်းတွေ ချာချာလည်သွားခဲ့ရ၏။ **ကမ္ဘာ့အပြင်ဘက်ကို ဆွဲထုတ်ခံလိုက်ရသူလို၊** ဘဝမှာ ခါးသည်းသောနေ့များစွာထဲက အဆိုးဝါးဆုံးနေ့၊ ငါ ဘာလို့ ဒီလောက်တုံးအခဲ့ရတာလဲ၊ ငါ့ကိုယ်ငါလည်း မုန်းတယ်။ နင့်ကိုလည်း မုန်းတယ်။ သတ်ပစ်ချင်တဲ့အထိ ငါမုန်းတယ်ညီညီ…**အသိစိတ် ကင်းမဲ့နေချိန် ငါ့ဘဝရဲ့ပန်းဦးကို ခြွေခဲ့တာနင်ပေါ့**…ဒါကြောင့် ကိုကိုမပျော်နိုင်ခဲ့တာကို။ ရက်စက်လိုက်တာဟာ၊ နင့်လုပ်ရပ်က ကြာကူလီထက်ဆိုးတယ်၊ ဖြစ်နိုင်ရင် ငါ့သားကိုယ်ထဲ စီးမျောနေမယ့် နင့်ရဲ့ သွေးညစ်တွေကို ငါဖောက်ထုတ်ပစ်ချင်ရဲ့။

ကိုကိုရယ်…ညီညီကိုသိပ်ချစ်နေတဲ့ ကိုကို့စိတ်ထဲ မိုးကို ရှုံးတယ်ထင်နေပေမယ့် ကိုကို့ကို သိပ်ချစ်တဲ့မိုးကတော့ ညီညီကို မုန်းတယ်။ သိပ်မုန်းတယ်…ညီညီဟာ ဖောက်ပြားတဲ့ အောက်တန်းစားစိတ်ခါတ်ပိုင်ရှင်ပါ…ကိုကိုရယ်…ကိုကို့ရဲ့ ပုံမမှန်တဲ့စိတ်တွေကို မိုးသိနေခဲ့ပေမယ့် မိုး ကိုကို့ကို သိပ်ချစ်နေလို့ ကိုကို့နားက မခွာခဲ့တာပါ။ ကိုကို့စိတ်ကို မုန်းဆမတတ်လို့ မိုးကိုကို့ကိုလည်း တစ်ချိန်လုံးကြောက်နေမိခဲ့တာ၊ ခုတော့ မိုး…တကယ်ကြောက်ရွံ့ရမှာ ကိုကိုမဟုတ်ဘဲ ညီညီဖြစ်နေပါလား…



ထိုအခါ သက်ဆုံးတိုင်ထိ မေ့ဖျောက်ရမည်မထင်သောပုံရိပ်က မိုးအတွေးထဲတစ္ဆေချောက်သလို တဝဲလည်လည်ပြန်ပေါ်လာသည်။ **''ကိုကို့ကို ရင်ခွင်ထဲသွင်းကာ ဖက်ရင်း ဗလာကျင်းခန္ဓာကိုယ်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော ညီညီနှင့် အားပါးတရပြန်ဖက်တွယ် အိပ်မောကျနေသော ကိုကိုတို့၏ မြင်ကွင်းပုံရိပ်''**

✧ ✧ ✧ ✧ ✧

လွန်ခဲ့သော နှစ် ၂၀က ယနေ့ခေတ်လို ပွင့်လင်းမြင်သာနေရဲခဲ့ကြလျှင်လည်း မိုး ထိုမျှခံစားရလိမ့်မည်မဟုတ်။ ကိုကို့ဘဝအဖြစ်မှန်ကို ပတ်ဝန်းကျင်က မရိပ်မိစေဖို့ မိုးကိုအသုံးချခဲ့တဲ့ ကိုကို။ ကိုကို့အဖြစ်ကို သိသိနဲ့ မိန်းမသားတစ်ယောက်ရဲ့ မာနကြောင့် အလျှော့မပေးလိုတဲ့ မိုး။ **တကယ်တော့ မိုးနဲ့ ကိုကိုက အစကတည်းက မလျှောက်သင့်တဲ့လမ်းကို မတူညီတဲ့ ရည်ရွယ်ချက်ကိုယ်စီနဲ့ လျှောက်ခဲ့မိသူတွေ။**

**''မယားကြီးမပီ၊ မယားငယ်လည်း မမည်''**ခဲ့သော အိမ်ထောင်ရေးကို သားလေး ခြောက်လသားအရွယ်မှာ မိုး အဆုံးသတ်နိုင်ခဲ့၏။ အိမ်ထောင်သက်အတွင်း မိုးခံစားခဲ့ရသော ဝေဒနာနှင့် နာကျင်မှုများကို အပြစ်ကင်းသောမျက်နှာကိုကြည့်ရင်းသာ ဖြေသိမ့်ခဲ့ရ၏။ ခုဆို မိုး တစ်ဘဝလုံးနှင့်ရင်းပြီး စောင့်ရှောက်ခဲ့ရတဲ့ သားလေးက ယောကျ်ားပီပီသသနဲ့ စက်မှုတက္ကသိုလ်ကျောင်းသားကြီးဖြစ်ခွင့်ရခဲ့ပြီ။

မိုးကို ကွာရှင်းပေးပြီး သားလေးနဲ့အတူ အစီပွာယ်ရှိရှိ ဘဝရပ်တည်ခွင့်ပေးလို့ ကိုကို့ကို မိုးသိပ်ကျေးဇူးတင်ပါတယ်၊ မကြာမကြာဆိုသလို **'မိုးကိုမချစ်ဘဲ လက်ထပ်ခဲ့တဲ့ကိုကို စိတ်ချမ်းသာပါစေ''**ဆုတောင်းပေးနေပေမယ့် မိုးဘဝမှာတော့ ခုချိန်ထိတိုင် ဆယ်ကျော်သက်ရွယ်က ကိုကို့ကို ချစ်မိတဲ့အချစ်မျိုး ဘယ်တော့မှ ထပ်ဖြစ်ပေါ်မလာနိုင်ဘူးဆိုတာ မိုးကိုယ်မိုးမှအပ ဘယ်သူကများ ပိုသိနိုင်ဦးမှာလဲ။ ။

မြနှင်းဝေအောင်

# CITY CARTOON





၂၀၀၄ ခုနှစ်၊ ကျွန်တော် ကိုးတန်းကျောင်းသားဘဝကတည်းက ချက်မြုပ်ကို ကျောခိုင်းခဲ့ရတယ်။ ကျွန်တော်တို့ရွာ စာသင်ကျောင်းက ရှစ်တန်းအထိပဲရှိတာကိုး။ အဲ့ဒီအချိန်ကစလို့ ကျွန်တော်ဟာ မိဘရင်ခွင်နဲ့ ဝေးခဲ့ရသူတစ်ယောက်၊ အိမ်လွမ်းသူတစ်ယောက်ပီပီ စာပေလောကထဲကိုလည်း ရသနွယ်တဲ့စာတွေ၊ ကဗျာတွေနဲ့ပဲ ခြေချခဲ့တယ်။ နိုင်ငံတွင်း တချို့စိတ်တိုင်းမကျတဲ့အချက်တွေ တွေ့ရင်ပဲဖြစ်ဖြစ်၊ ပြုပြင်သင့်တယ်လို့ထင်တဲ့ အချက်တွေတွေ့ရင်ပဲဖြစ်ဖြစ် စိတ်အပေါက်ဖောတဲ့ သဘောဆောင် ကဗျာတွေကိုတော့ အနည်းငယ် ရေးဖြစ်ပါတယ်။ ဒါပေမဲ့ အရိုးစွဲအောင် နှစ်သက်တာဆိုလို့ ရသစာတွေ၊ ရသကဗျာတွေပဲ ရှိပါတယ်။ အဲဒီလိုတွေထဲကမှ ဘဝနဲ့တိုက်ဆိုင်တဲ့ ကဗျာတွေ၊ စာတွေကိုတွေ့ပြီဆိုရင်တော့ အာသာငမ်းငမ်း ဖတ်လေ့ရှိပါတယ်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလထုတ် စာရေးဆရာ မဂ္ဂဇင်းမှာပါတဲ့ လူငယ်ကဗျာဆရာ ချေး(မြိတ်)ရဲ့ ''မြင်းမိုရ်ရဲ့ ဟိုးအဝေး''ကဗျာလေးကို ဒီနေ့ဖတ်ဖြစ်ခဲ့တယ်။ အဖြစ်ချင်းတူလို့ ရင်ခွင်ချင်းများ ကပ်သွားလေသလား။ ကဗျာစာသားတွေဆီမရောက်ခင် ခေါင်းစဉ်မှာကတည်းက ကျွန်တော့်စိတ်နဲ့ ချိတ်မိသွားပါတော့တယ်။ ဖန်တီးသူ ကဗျာဆရာလည်း ခံစားသူ ကျွန်တော့်လို အိမ်ဝေးတစ်ယောက်ဖြစ်ခဲ့ဖူးတယ်ဆိုတာ ကဗျာထဲမှာရေးထားတာ တွေ့ရပါလိမ့်မယ်။ ကဗျာရဲ့ (Log Line) ကို အိမ်ဝေးသူတစ်ယောက်ရဲ့ လွမ်းစိတ်လို့ မှတ်ကြည့်လို့ရပါတယ်။ ကဗျာဖန်တီးသူရဲ့ ကဗျာအစွမ်းကို ကျွန်တော်တို့ အတူတူခံစားကြည့်ကြပါစို့။

''ခလုတ်ထိမှမဟုတ်ဘူး
မြင်ကတည်းက တမိတာပါအမေ။
အရွယ်မရောက်ဘဲ ရင့်မှည့်ပြလိုက်တဲ့ည
အလင်းဆိုတာ အမေပြောပြောနေတဲ့ ရှိုးသားခြင်းလား။
သားလိုက်ရှာတယ်အမေ
သားအကြိမ်ကြိမ်ရှာတာပါ။
အကွယ်ကောင်းတဲ့ကြယ်ဟာ
တိမ်ဖြူနောက်မှာလား
တိမ်နက်နောက်မှာလား၊
ကောင်းကင်ကြီးမှာ အမေ့ကိုမြင်တော့
ရင်ထဲမိုးတွေရွာတယ်။
လည်ကတုံးအင်္ကျီအဖြူလေး
ကြယ်သီးပြုတ်ပြန်ပြီ
အမေဝယ်ပေးလိုက်တဲ့ ပုဆိုးစိမ်းက အတော်ပါးတာပဲ။
ကလေးတွေကို 'တို့မေမေ'ကဗျာသင်တော့
အမေ့ကို သင်ထောက်ကူလုပ်လိုက်မိတယ်။
ခွင့်မလွှတ်နဲ့အမေ။
စွပ်ကျယ်အဖြူလေးပေါ် မီးကျည်ခဲတစ်ခု ရဲခနဲခုန်ဆင်း
'အမေ'လို့ အော်ခေါ်လိုက်တော့
အဆောင်ရှေ့ ခရေပင်က မိုးစက်ကလေး
တောက်ခနဲကြွေတယ်။
မနက်ဖြန် လဆန်းတစ်ရက်နေ့
တင်းနေမယ့် အမေ့ချွေးခံအိတ်ကလေးဆီ စိတ်ကူးနဲ့ပြေးတယ်။



ချွေးခံအိတ်ကလေး မွှင့်ထွန်းလင်းလာပုံများ
အကြွေခံမယ့်ပန်းဟာ
အင်မတန်လှသတဲ့လားအမေ
သားရှာတယ်
သားအကြိမ်ကြိမ်ရှာတာပါ။
ဘယ်ရေမွှေးနံ့ကမှ အမေ့ချွေးနံ့လောက်
ချစ်စရာမကောင်းခဲ့ပါဘူး။
အပြင်မှာ ချွေးတွေအူနေပြန်ပြီအမေ
အိမ်ပေါက်ဝကို ကျောပေးခဲ့ကတည်းက
ရင်ခွင်အိုလေးတစ်ခု ခရီးဆောင်အိတ်ထဲ
ခေါက်ထည့်လာခဲ့ရင်အကောင်းသား
ခလုတ်ထိမှ အမိတတာမဟုတ်ပါဘူးအမေ
မြင်ကတည်းက တမိတာပါ''

ကဗျာက ဒီမှာတင်ဆုံးသွားပေမယ့် ကဗျာကိုဖန်တီးသူရဲ့ အစွမ်းကြောင့် ကျွန်တော့်ခံစားမှုတွေ အဆုံးမသတ်နိုင်သေးပါဘူး။ ''ခလုတ်ထိမှ အမိတ''ဆိုတဲ့ ဆိုရိုးကို လူတိုင်းကြားဖူးကြပါလိမ့်မယ်။ အခက်အခဲနဲ့ကြုံမှ ရှေ့က မားမားမတ်မတ်ရပ်တည်ပေးတဲ့ မိဘကို သတိရကြတယ်လို့ ယေဘုယျဆိုပါရစေ။ ဒါပေမဲ့ ဒီဆိုရိုးကို ကဗျာဖန်တီးသူက ဖျက်ဆီးနိုင်ခဲ့ပါတယ်။ မိဘကို ရင်ထဲမှာ အမြဲတမ်းသတိရနေတာပါဆိုတာကို ''ခလုတ်ထိမှမဟုတ်ပါဘူး-မြင်ကတည်းက တမိတာပါအမေ''ဆိုတာနဲ့ ပြထားတယ်။

အင်မတန်ကို လှလှပပဖန်တီးထားတာဖြစ်ပါတယ်။ စကားလုံး



သုံးပုံရော၊ အစီအစဉ်တကျ ဖန်တီးထားပုံရော အပြစ်ပြောစရာ မရှိအောင် ကောင်းလှပါတယ်။ ''အရွယ်မရောက်ဘဲ ရင့်မှည့်ပြီ လိုက်တဲ့ည''တို့ ''ကောင်းကင်ကြီးမှာ အမေ့ကိုမြင်တော့ ရင်ထဲမှာ မိုးတွေရွာတယ်''တို့ စတဲ့ ကဗျာပါစာကြောင်းတွေဟာ ဖတ်ရတဲ့ အလက်ာလည်းမြောက်ပါတယ်။ ပြီးတော့ ဖန်တီးသူကြုံတွေ့ရတဲ့ လောကဓံကိုလည်း မြင်သာထင်သာရှိပါတယ်။ ကောင်းကင်ကို မော့ကြည့်လိုက်ရင် အမေ့ကိုတွေ့ရသလို တကယ့်ခံစားခြင်းအစစ် တွေကို ကဗျာထဲမှာထည့်ပြီး ဖန်တီးထားပါတယ်။ အဲဒါကြောင့် ဖန်တီးသူရင်ထဲ မိုးတွေရွာသလို ခံစားသူကျွန်တော့်ရင်ထဲကိုပါ စိုထိုင်းထိုင်းဖြစ်ခဲ့ရပါတယ်။ မိဘေ၊ ဖခေ၊ အိမ်နဲ့ဝေးပြီး တစ်ကိုယ်တည်း နေရသူတွေဟာ အမှုကိစ္စတိုင်းကို ကိုယ့်ဘာသာဆုံးဖြတ်၊ ကိုယ့်ကိုယ်ကိုယ် ကြီးကြပ်ကြရပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အိမ်ကနေဝေးလာကတည်းက အခုချိန်အထိ အဝတ်လျှော်၊ ထမင်း ချက် စတဲ့အသေးအဖွဲလေးတွေကစလို့ အလုပ်အကိုင်၊ ဘဝရပ်တည်ရေး၊ ရည်မှန်းချက်စတဲ့ ကြီးမားတဲ့ဆုံးဖြတ်ချက်တွေကိုပါ ကိုယ်တိုင်စီရင်ခဲ့ရတာပါ။ အဲဒါကြောင့် ဖန်တီးသူရဲ့ အကျိုးကြယ်သီး ပြုတ်သံတွေ၊ ပုဆိုးအစိမ်းရောင်လေး နွမ်းပါးသံတွေကို ခံစားသူအနေနဲ့ ကြားရပါတယ်။

ကလေးတွေကို ''တို့မေမေ''ကဗျာသင်တော့ ''အမေ့ကို သင်ထောက်ကူလုပ်လိုက်မိတယ်''တဲ့။ ဒီအချက်က သိပ်ကိုကြီးကျယ်ပါတယ်။ မိဘဆိုတာကို ဘုရားနဲ့တစ်ဂိုဏ်းတည်းထားကြတာ ကျွန်တော်တို့လူသားတွေရဲ့ သိပ်ချစ်စရာကောင်းတဲ့ ဦးတင်ခြင်းပါ။ ဒါကြောင့် ဘုရားနဲ့ တစ်ဂိုဏ်းတည်းထားတဲ့မိဘကို ပမာထားပြီး ကလေးတွေကို သင်ပြခဲ့မှတာဟာ သိပ်ကိုကောင်းမွန်ကြီးကျယ်ပါပေတယ်။ ကဗျာပါ အကြောင်းအရာကြောင့် ဖန်တီးသူဟာ ကျောင်းဆရာတစ်ဦး ဖြစ်ကြောင်းကိုလည်း သိခွင့်ရခဲ့ပါတယ်။ အဲဒါကြောင့် ဖန်တီးသူ ကဗျာဆရာကျောင်းဆရာကို လေးစားပါတယ်။ ဦးညွှတ်ဂါရဝပြုပါတယ်။

''မနက်ဖြန် လဆန်းတစ်ရက်နေ့ တင်းနေမယ့် အမေ့ချွေးခံအိတ်ကလေးဆီ စိတ်ကူးနဲ့ပြေးတယ်''တဲ့။ ဒီအချက်က ဖန်တီးသူရဲ့ အိမ်တွင်းစီးပွားရေးအခြေအနေကို ပြတာဖြစ်ပါလိမ့်မယ်။ ပိုပြီးသေချာအောင် ကဗျာဖန်တီးသူ ဆွေး(မြိတ်)ကို မေးကြည့်ခဲ့ပါတယ်။ ကဗျာရှင်ရဲ့ အမေဟာ လပေးနဲ့ အထည်တွေရောင်းတဲ့ မိခင်ကောင်းတစ်ယောက်။ လကုန်ရင် သူ့ဆီ အကြွေးလာဆပ်ကြတော့ သူ့ချွေးခံအိတ်မှာ ပိုက်ဆံတွေအပြည့်ရှိနေတတ်ကြောင်းကို သိခွင့်ရခဲ့ပါတယ်။

အဲဒီလို သိခွင့်ရတဲ့အတွက် ဖန်တီးသူ ဆွေး(မြိတ်)ကို ကျေးဇူးတင်ပါတယ်။ အဲဒါကြောင့်လည်း ကျွန်တော့်ရဲ့ခံစားမှု ပိုမိုနိုင်မာလာတာ ဖြစ်ပါတယ်။ အသွင်တူဖြစ်ရပ်မျိုးကို ကျွန်တော်လည်း ခံစားဖူးပါတယ်၊ ကျွန်တော်အိမ်မှာရှိစဉ် ကျွန်တော်တို့တစ်အိမ်လုံးရဲ့ ဘဏ်တိုက်က အမေ့ချွေးခံအိတ်ပါပဲ။ အမေ့ချွေးခံအိတ်ထဲမှာ ပိုက်ဆံတစ်ထောင်ကျပ်ရှိရင် ကျွန်တော်တို့အိမ်ရဲ့ချမ်းသာမှုဟာ တစ်ထောင်ကျပ်။ အဲဒီဘဏ်တိုက်ကို ဘယ်အချိန်ပဲ ခေါင်းနဲ့တိုက်ဖွင့်ဖွင့် ပွင့်ပါတယ်။ အဲဒီဘဏ်တိုက်က ကျွန်တော်တို့အတွက် သော့မရှိတဲ့ တစ်ခုတည်းသောနေရာပါ။ အဲဒီလို 'တ'တိုင်းရနေလို့ ကျွန်တော်တို့မှာ ပျော်ခဲ့ရဖူးပါတယ်။ ဒီကဗျာကို ဖန်တီးသူလည်း သူ့အမေရဲ့ ချွေးခံအိတ်ကလေးကို လွမ်းနေသလို ကျွန်တော်လည်း ပြန်လည်လွမ်းရပါတယ်။

ခံစားသူတစ်ယောက်အနေနဲ့ ဒီကဗျာကို ဘယ်နေရာမှာ (Tempo) ဖမ်းရမှန်းမသိဖြစ်ရပါတယ်၊ တခြားကဗျာတွေလို တစ်နေရာတည်းမှာ သိသာထင်ရှားတဲ့ (Tempo) ပေါ်နေတာမျိုး မဟုတ်ဘဲ ကဗျာစာကြောင်းတိုင်းမှာ သာတူညီမျှတဲ့ (Tempo) တွေကို မြှုပ်ထားတာတွေ့ရပါတယ်။ အနိမ့်အမြင့်တွေနဲ့ (Tempo) ကို လှလှပပကစားသွားတဲ့ ကဗျာပါ။ ဖန်တီးသူရဲ့ အစွမ်းက လေးစားလောက်ပါတယ်။ ဒီကဗျာမှာ အဓိက(Conflict) ဖြစ်တာက ဖန်တီးသူနဲ့ သူ့ရဲ့ (Self) ပါ။ ဖန်တီးသူဟာ သူ့လို အိမ်ဝေးတစ်ယောက်ရဲ့ ဘဝအခြေအနေကို သူသိသလိုမရေးဘဲ ခံစားသူတိုင်း သိနိုင်အောင်ရေးတယ်။ သူနားလည်သလိုမရေးဘဲ ခံစားသူတိုင်း နားလည်အောင် စကားလုံးအဆင်တန်ဆာတွေနဲ့ သိုင်းဖိုင်းထားတယ်။ အဲဒါကြောင့် ခံစားသူတစ်ယောက်အနေနဲ့ ကျွန်တော့်မှာ ပေါ့ပေါ့ပါးပါး ခံစားစီးမျောခွင့်ရခဲ့ပါတယ်။ ကဗျာခံစားသူတွေ ကွင်းကွင်းရှင်းရှင်းခံစားလို့ရအောင် ဖန်တီးပေးထားတဲ့ ဆွေး(မြိတ်)ရဲ့ စေတနာကိုလည်း တန်ဖိုးထားပါတယ်။ အခုလို ကောင်းမွန်တဲ့ ကဗျာတွေကို ရေးသားပြုစုရင်း စာပေအကျိုးကို သယ်ပိုးနိုင်ပါစေကြောင်း ထပ်လောင်းမေတ္တာပို့ပါတယ်။

**ညီဆောင်းဦး**

"ငါ့သားများ စစ်ထဲဝင်ရင်လေ၊ သူ့ကိုပြောလိုက်စမ်းပါကွာ၊ စစ်တပ်ဆိုတာ အမှန်သာလိုက်နာနိုင်ရင် တကယ့်ယောကျ်ားကောင်း ယောကျ်ားမြတ် ဖြစ်စေနိုင်တဲ့ တရားတွေကို သင်ကြားပေးတဲ့ ကျောင်းကြီးပေါ့"



စစ်သည်တော်ဟောင်းကြီးတစ်ဦး၏ အထက်ပါ အဆိုအမိန့်အား ရန်ကုန်မြို့ ပြည်လမ်းမကြီးဘေးရှိ ဟိုတုန်းက စစ်သားစုဆောင်းရေးတပ်၌ စစ်ထဲဝင်ရန်အလာမှာ မောင်မောင် စတင်မြင်ဖူးသည်။ စစ်သားစုဆောင်းရေးတပ်၏ တန်းစီကွင်းရှေ့တွင် ကြီးမားသော ဆိုင်းဘုတ်ကြီးနှင့် စိုက်ထူထားခြင်းဖြစ်၏။

လွန်ခဲ့သည့် အနှစ်သုံးဆယ်ကာလသို့မဟုတ် ၁၉၆၆ ခုနှစ်၊ နှစ်ဦးအစက မောင်မောင် မအူမလည် နှင့် စစ်ထဲဝင်ခဲ့သည်။ စစ်တပ်အကြောင်း၊ အကောင်းအဆိုး ဘာဆိုဘာမှ သိသည်မဟုတ်။ ကိုယ့်ကိစ္စနှင့်ကိုယ်၊ ကိုယ့်ခံစားချက်နှင့်ကိုယ်၊ စစ်ထဲဝင်လာခဲ့ခြင်းသာဖြစ်၏။ ရယ်တော့ ရယ်ရပါသည်။

ဒါတွေက ကြာခဲ့ပါပြီလေ။

အခုတော့ မအူမလည် စစ်သားလေး

# သောင်းဝေဦး

## ငါ့သားမျှား စစ်ထဲရောက်ခဲ့လေ...

ဘဝမှ ယောက်ျားမြတ်တွေ ဖြစ်စေနိုင်တဲ့ တရားတွေ သင်ကြားပေးခဲ့တဲ့ စစ်ကျောင်းကြီး တစ်ခုမှာပင် မောင်မောင်တစ်ယောက် အာစရိယဂိုဏ်းဝင် ကျောင်းအုပ်ဆရာကြီး တစ်ယောက်တောင် ဖြစ်လာခဲ့ပါပြီ။

ဗိုလ်လောင်းရွေးချယ်ရေးတွင်လည်း မကြာခဏ တာဝန်ယူနေရပါသည်။ ယခုလည်း မင်္ဂလာဒုံ ဗိုလ်ရွေးအဖွဲ့တွင် ဘွဲ့ရ ဗိုလ်လောင်းများရွေးနေရသည်မှာ လေးရက်ရှိပြီ။ ယနေ့ နောက်ဆုံးရက်ဆိုတော့ အပြတ်ဖြတ်ရမည်။ ကြည်း၊ ရေ၊ လေ ဖြစ်၍ ဖြေသူများလှ၏။ နောက်ဆုံးဖြေသူ လူငယ်လေးဝင်လာတော့ ညနေလေးနာရီ ထိုးပြီ။ ဘုတ်အဖွဲ့အတွင်းရေးမှူးက အနည်းငယ်စစ်ဆေးသည်။ ကျန်အဖွဲ့ဝင်များကလည်း အသီးသီးမေးကြသည်။ လူငယ်လေးက မေးခွန်းတိုင်းအား ကောင်းမွန်သွက်လက်စွာ ဖြေနိုင်ပါသည်။ ကျန်အမှတ်များကလည်း ကောင်းနေသဖြင့် ကျေနပ်



ရောပါ။ ရွှေမည်ဆိုပါက လွတ်လွတ်ကျွတ်ကျွတ် ရွေး၍ရသည်။ အားလုံးပြီးတော့ အတွင်းရေးမှူးက မောင်မောင့်အား-

''ကဲ ... ရွှေချယ်ရေးအဖွဲ့ဥက္ကဋ္ဌကြီး မေးပေးပါဦးခင်ဗျာ''

''မင်းနာမည်က သက်လွင်အောင် နော်၊ အသက် နှစ်ဆယ့်လေးနှစ်၊ စက်မှု အင်ဂျင်နီယာတွဲ့ရဟုတ်လား''

မောင်မောင်က စမေးသည်။ စိတ်ထဲတွင်တော့ ဒီမျက်နှာဝိုင်းဝိုင်းလေးကို ကြည့်ရတာ သူ့ အလွန်ရင်းနှီးခဲ့သည့် ဟိုတုန်းက အသိအကျွမ်းတစ်ယောက်ယောက်နှင့် တူသလိုလိုပင်။ မည်သူဆိုသည်ကို မော်လို့တော့ မရ။

''ဟုတ်ပါတယ် ခင်ဗျာ''

''နေပါဦးကွာ... မင်းက စက်မှုအင်ဂျင်နီယာတွဲ့ရပြီး ကြည်။ ရေ မလေ လုံးခုစလုံးမှာ ဘာဖြစ်လို့ ကြည်းတစ်ခုတည်းလျှောက်ရတာလဲ''

''ကျွန်တော်က ကြည်းတပ်ပဲ ဝါသနာပါလို့ပါ ခင်ဗျာ''

''မင်းမိဘတွေက ဘယ်ကလဲ''

''ဦးကိုကိုအောင်နဲ့ ဒေါ်ထားထားပါ ခင်ဗျာ၊ ဖေဖေက ရေတပ်က အငြိမ်းစား ဗိုလ်မှူးပါ၊ တပ်ကနေပြီး နယ်ဘက်ပြောင်း အမှုထမ်းနေရာက မနှစ်က ဆုံးသွားပါပြီ ခင်ဗျာ''

သူ့အဖြေကို မောင်မောင် ချက်ချင်း စိတ်ဝင်စားလာသည်။

''ဪ... မင်းအမေကရော ဘာလုပ်လဲကွ''

မောင်မောင်က ကိုယ်ရေးရာဇဝင်ဖိုင်အား လှန်ကြည့်ပြီး ဆက်မေးလိုက်ရာ-

''မေမေက အထက်တန်းပြဆရာမကြီးပါခင်ဗျာ''

''အခု မင်းတို့နေတော့ရော''

''ဖေဖေ မဆုံးခင်က ဦးဝိစာရအိမ်ရာမှာနေပြီး အခုတော့ မှော်ဘီဘက်က အဘွား အိမ် ပြောင်းနေပါတယ်''

''မင်းအဘွားက ဘယ်သူလဲကွ''

အဘွား ဘယ်သူလဲဟု မေးခံလိုက်ရသည်ကို သက်လွင်အောင်က ရုတ်တရက် အံ့ဩသွားဟန်နှင့်...

''အဘွားသက်... အဲ... ဒေါ်သက်ပါ ခင်ဗျာ''

''အင်း... သေချာသွားပါပြီ၊ ဪ- လက်စသတ်တော့ မမထား သားနဲ့မှ လာတိုးနေတာကိုး။ ဒါကြောင့် ဒီမျက်နှာလေး မြင်ဖူးပါတယ်လို့ ထင်နေတာ''

စိတ်ထဲမှ အတွေးအား ချက်ချင်းရပ်၍ မောင်မောင်က...

''အေး... အေး... သက်လွင်အောင် ရပါပြီကွာ၊ ကဲ... ကဲ... မင်းသွားနိုင်ပါပြီ''

ဟု ဆိုလိုက်သည်။

နောက်ဆုံးဖြေဆိုသူလေးက အခန်းတွင်းမှ ဦးညွှတ်ပြီး ထွက်ခွာသွားပါသည်။

''ဪ... မမထားရယ်၊ မမရဲ့ သားနဲ့မှ လာပြီးကြုံရပလေ''

စစ်သားဟောင်းကြီး မောင်မောင် တစ်ယောက် တန်းဖြုတ်ပြီး ရိပ်သာအပြန်တွင်တော့ ဟိုအတိတ်ကိုတမ်းတပြီး လွမ်းရမလိုလိုနဲ့ ကြာတော့လည်း ကြာခဲ့ပါပြီလေ။ ဒါပေမဲ့...

❖ ❖ ❖ ❖ ❖ ❖ ❖

ဪ-လက်စသတ်တော့

မမထား သားနဲ့မှ

လာတိုးနေတာကိုး။

ဒါကြောင့် ဒီမျက်နှာလေး

မြင်ဖူးပါတယ်လို့ ထင်နေတာ



ချစ်ခင့ ခုနှစ်က ဖြစ်ရပ်များ။

မောင်မောင်နဲ့ ထားထားတို့သည် ရန်ကုန်(ယ)နယ်ပညာအုပ်ရုံးမှ အထူးမူလတန်းပြဆရာများ လောကတွင် ကျော်ကြားသော အတွဲကလေးတစ်တွဲဖြစ်သည်။ မကျော်၍လည်း မရပါ။

မောင်မောင်က ယောကျ်ားဆိုပေမယ့် လူက အသားဖြူဖြူ၊ ကျပင်လို ဖွံ့ဖွံ့၊ ဝေ့ဝဲကျနေသည့် ဆံနွယ်ခွေများနှင့် ပါးပါးလျလျ လေး။

ထားထားကတော့ အသားလတ်၍ လှပကျော့ရှင်းပြီး တောင့်တင်းကြံ့ခိုင်သည့် ကိုယ်လုံးကိုယ်ထည်နှင့် အမြဲလိုလို သပ်သပ်ရပ်ရပ်၊ တစ်ပတ်လျှိုဆံထုံးတွင် နှင်းဆီပန်း တစ်ပွင့်နဲ့ ရှိုင်းချိတ်လုံချည် အကျႌလက်ရှည်နဲ့ မြန်မာဆန်ဆန်လှပသူ။

အဆိုတော်ကြီး ကိုမင်းနောင်ရဲ့ 'တက္ကသိုလ်ကျောင်းသူတစ်ဦး' သီချင်းထဲကအတိုင်း-

**''တစ်ပတ်လျှိုဆံထုံးကျော့မှာ x x တစ်ပွင့်ပန်းပန်ကာ x x x နုပါသွေး ရှကာငေး x x x လက်ရှည်ထူထူလေး ဝတ်ကာ ကြက်သွေးနီနီ x x x ထဘီ ပန်းခက် ယဉ်သထက်ယဉ်ကာ x x နက်မှောင်ကတ္တီပါ x x x လှပယဉ်ကျေး ပုံတော်လေးနဲ့ပါ''**

ဟု ဆိုရပါမည်။

ထိုစဉ်က မောင်မောင်က အသက် ဆယ့်ကိုးနှစ်ကျော်၊ နှစ်ဆယ်ပင်မပြည့်တတ်သေး။ ထားထားကတော့ မောင်မောင့်ထက် လေးနှစ်ခန့်ကြီးသည်။ ထို့ကြောင့် အပေါင်းအသင်းများက သူတို့အတွဲကို မမထားနဲ့ အပါဟုလည်း အမည်သညာ ပေးထားကြပါ၏။

ဒီအတွဲက အတော်သဲသည်။

သူတို့တာဝန်ကျရာ စာသင်ကျောင်းတွင်ပင်သာမက သူတို့ နောက်ဆုံးနှစ်တက်ရာ လုပ်သားကောလိပ်တွင်လည်း တပူးပူး တတွဲတွဲ၊ စားအတူ ဘာသာတွဲကလည်း တူသဖြင့် အတန်းတက်လည်း၊ အခန်းတူ၊ ကုန်ကုန်ပြောရလျှင် ညအတန်းပြီး၍ ပြန်ရာတွင်ပင် ကျောင်းသူများဖယ်ရီကား၌ မောင်မောင်က ထားထားနဲ့အတူ လိုက်ပို့ပြီး ပြန်တတ်သည်။ လွန်ကြင်ငှက်မောင်နှံလို မခွဲနိုင် မခွာရက်။ ဒါကို ထားထားကလည်း

ကျောချပ်နေသူ။ ထိုင်တာ နည်းနည်းစောရင် တောင် ''မောင်မောင်…ဒီဘက်တိုးလေ'' ဟု ပြောတတ်သူ။ ဒါကို သားက ''ဟင်း– သိကို သိတယ်''ဟု မေးငေါ့ကြ၏။

ဒီလို တပူးတွဲတွဲနဲ့ သဲခြင်း ကဲခြင်း ကြောင့်လည်း သူတို့အတွဲက နာမည်ကျော် ခြင်းပါ။

❖ ❖ ❖ ❖ ❖ ❖ ❖

ဘွဲ့ကြိုဘွဲ့ရ မူလတန်းပြဆရာ သင် တန်းတွင် မောင်မောင်နဲ့ထားထားတို့ စတင် ရင်းနှီးခဲ့ကြသည်။

တစ်ပတ်လျှိုဆံထုံးနှင့် နှင်းဆီနီတစ် ပွင့် အမြဲပန်တတ်သည့် မြန်မာဆန်ဆန် အလှပိုင်ရှင် ထားထားကို သင်တန်းအစမှာ ပင် မောင်မောင်က သတိပြုမိခဲ့သည်။ ရန်ကုန်လိုနေရာမျိုးတွင် ထားထားရဲ့ မြန်မာ ဆန်ဆန်အလှမျိုးက ခပ်ရှားရှားမဟုတ် လား။

ဒီလိုပင် သင်တန်းသားအားလုံးတွင် အသက်အငယ်ဆုံးဖြစ်သူ မောင်မောင်အား လည်း ထားထားက သတိထားမိသည်။ ယောက်ျားလေးဆိုပေမယ့် အသားက ဖြူ ဖြူ လူက နွဲ့နွဲ့၊ စကားကို အေးအေးညင် သာစွာ ပြောတတ်သူ၊ ရစ်ဝဲကျနေသော ဆံနွယ်ခွေများအောက်မှာ အစဉ်ရီဝေညို မှောင်နေသော မျက်လုံးများနှင့် ဝမ်းနည်း ဟန်ပေါက်နေတတ်သူ။ မိန်းကလေးများကဲ့ သို့ ပါးတွင် ပါးချိုင့်ကလေးရှိသူ၊ သင်တန်း တွင် စာအတော်ကြီးစား၍ ဉာဏ်ပညာထက် မြက်သူ၊ ရှိုင်လုံချည်အနီနှင့် ကော်လာပေါ် ဘက်ထရွှန်အင်္ကျီအဖြူရောင် ထက်ရှည် အမြဲဝတ်ပြီး အညိုရောင် တိုက်ပုံအင်္ကျီကို ဘယ်တော့မှမချွတ်ဘဲ ဝတ်တတ်သည့် လူကြီးလေးလိုနေသူ၊ ဤသို့သော မောင် မောင်အား ထားထားက စတင်ခင်မင်ရင်း နှီးစကပင် ဘယ်ရေးရေစက်ကြောင့်မှန်း မသိ မောင်ငယ်လေးသဖွယ် သံယောဇဉ် တွယ်ငြိမိခဲ့ပါ၏။

❖ ❖ ❖ ❖ ❖ ❖ ❖

သင်တန်းပြီးတော့ ရန်ကုန်၊ ပုဇွန် တောင်က မူလတန်းကျောင်းတစ်ခုမှာ အတူ တာဝန်ကျပြန်သည်။ ထားထားက ပုဇွန်တောင်ဘုတာရုံအနီးက လမ်းတိုလေး တစ်ခုထဲတွင် အမေတို့၊ အစ်မကြီးတို့နဲ့နေ သူ။ မောင်မောင်က ပုဇွန်တောင် ဘုန်းကြီး ကျောင်းတစ်ကျောင်းမှာနေပြီး ဘဝကို ပင် ပန်းချို့တဲ့စွာ ရုန်းကန်ရင်း ကိုယ့်ကျောင်း စရိတ်ကိုယ်ရှာ၍ တက္ကသိုလ်တက်နေရသူ။

မူလတန်းပြဆရာဘဝတွင် တစ် ကျောင်းတည်းကျ၍ လူချင်းပိုမိုရင်းနှီးလာ သောအခါ မောင်မောင်ဆိုသည်မှာ မြန်မာ နိုင်ငံအထက်ပိုင်း မိုးရေထားလမ်းဘေး မြို့ ကလေးတစ်မြို့က မိဘမဲ့သား၊ ငယ်စဉ်က ပင် အမျိုးဘုန်းကြီးက ကောက်ယူမွေးစား၍ ကျောင်းထားပေးခဲ့သူ။ ဉာဏ်ပညာထက် မြက်၍ ပညာလိုလားပြီး အတော်ကြိုးစား သူဖြစ်သဖြင့် အသက်ငယ်ငယ်နှင့် ဆယ် တန်းအောင်လာသူ၊ အမွေးစားဖခင်ဘုန်းကြီး ၏ စီစဉ်ပေးမှုဖြင့် ပုဇွန်တောင်ရှိ ဘုန်းကြီး

**မောင်လေးအရွယ်မို့**

**မောင်လေးလိုတစ်မျိုး၊ ဘဝတူ**

**ကျောင်းဆရာအဖြစ်သာမက**

**လုပ်သားကောလိပ်**

**တက်ဖော်တက်ဖက်မို့ သူငယ်ချင်းလို**

**တစ်မျိုး၊ သံယောဇဉ်ဖြစ်ခဲ့ရ**



ကျောင်းတစ်ကျောင်းမှာနေပြီးရန်ကုန်တက္ကသိုလ် တက်နေသူ။ ဒါတွေကို ပြည့်ပြည့်စုံစုံသိလာရ သည်။

မောင်မောင့်ဘဝကို သိလာရသည် တွင် မောင်မောင့်ကို ''ဩော်…သူ့ခမျာ ငယ်ငယ်ရွယ်ရွယ်နဲ့ သနားစရာပဲ''ဟု ထား ထား ကရုဏာသက်မိပါသည်။ ဘဝကို ပင်ပန်းချို့တဲ့စွာ တစ်ဦးတည်း ရုန်းကန်နေ ရှာသည်ကို သနားသည်။ မောင်လေး အရွယ်မို့ မောင်လေးလိုတစ်မျိုး၊ ဘဝတူ ကျောင်းဆရာအဖြစ်သာမက လုပ်သား ကောလိပ် တက်ဖော်တက်ဖက်မို့ သူငယ် ချင်းလိုတစ်မျိုး၊ သံယောဇဉ်ဖြစ်ခဲ့ရပါသည်။ နောက်ဆုံးတော့ ထိုကဲ့သို့သော အကြောင်းရာ များစွာနဲ့ မောင်မောင့်ကို သဒ္ဓါပြီး၊ ချစ်သူလို ပါ ထားထား ချစ်ခဲ့မိပါသည်။

မောင်မောင်ကလည်း ဘဝမှာ အထီး ကျန်စွာ တစ်ယောက်တည်းနေခဲ့ရာမှ ထား ထားနဲ့တွေ့ခဲ့ရရာ အဖေ၊ အမေသာမက သူ့ဘဝမှာ အစ်မပင်မရှိဘူးသူမို့ ထားထား ကို ချစ်သူလိုသာမက အစ်မလိုပါ ပွတ်သီး ပွတ်သပ်ဖြင့် မပြတ်တွယ်တာချစ်မိခဲ့ရှာ သည်။

❖ ❖ ❖ ❖ ❖ ❖ ❖

ထားထားတို့က မောင်နှမငါးယောက်၊ ရန်ကုန်ကြီးတွေ။

အစ်မကြီး၊ ဌေးဌေးက အကြီးဆုံး၊ အမျိုးကြီး၊ အဖေက အနိုးရအမှုထမ်း ပင်စင် စား အရာရှိကြီး။ ကွယ်လွန်ခဲ့ပြီးပြီ။ အဖေ ဆုံးပြီးကတည်းက ဌေးဌေးက ထားထားတို့ ကို ထိန်းလာတာ။ ဌေးဌေးအောက်မှာ ကို ကိုး၊ ကိုမျိုး၊ ကိုတိုးတို့ ညီအစ်ကိုသုံးယောက်၊ ပြီးတော့မှ ထားထားက အငယ်ဆုံး။

ထားထားက ငယ်ငယ်က အစ်ကိုတွေ နဲ့ တရှုန်းရှုန်းနေလာတာမို့ နွဲ့နွဲ့နှောင်း၊ နှောင်းနဲ့ မိန်းကလေးလို မနေတတ်လှ၊ အစ်ကိုတွေ တစ်ယောက်ပြီးတစ်ယောက် စစ်ထဲဝင်သွားကြမှ အစ်မကြီးဌေးဌေးရဲ့ သွန်သင်မှုအောက်မှာ ကြီးပြင်းလာခဲ့သူ၊ အငယ်ဆုံးဖြစ်၍ အားလုံးရဲ့ အလိုလိုက်မှုကို ခံခဲ့ရသူ။

အစ်မကြီးဌေးဌေးက သူနာပြုဆရာမ ကြီး။ အရင်က စစ်ဆေးရုံမှာလည်း လုပ်ဖူး

သေးသည်။ ဖေဖေ့ ကျန်းမာရေးကြောင့် အလုပ်ကနားပြီး အိမ်မှာ အမေ့ကို ပြုစုနေရသူ။ အမေက အသက်ကြီးပြီ။ အမေ့ ကိုယ်စား ထားထားကိုလည်း သူပဲထိန်းလာတာ။ အစ်မကြီး အမီအရာ။ အမေ ခေါ် သက်၊ အဖေ ဦးညီဖြုဆုံးပြီး အသက် ငါး ဆယ်ကျော်လောက်ကတည်းက စချွချာ လာသည်။

အမေက သူ့သမီးလေး ထားထားကို စိတ်မချ။ သူ မျက်စိမမှိတ်ခင် အိမ်ထောင်ချထားပေးချင်သည်။ သားငယ် ကိုတိုးနဲ့ ရေတပ်ထဲအတူဝင်သည့် ဗိုလ်ကြီးကိုကို အောင်နဲ့ မနှစ်က စေ့စပ်ပေးထားသည်။ ကိုကိုအောင်က ငယ်ငယ်ကတည်းက ထား ထားကို ကိုတိုးနဲ့ပတ်သက်ပြီး အိမ်ကို ဝင် ထွက်ရာမှ တွေ့မြင်ချစ်ခင်သဘောကျနေသူ။ မျိုးကောင်း ရိုးကောင်း။ ထားထားကို လာပြီး စေ့စပ်တော့လည်း အဆင့်အတန်း ရှိရှိနဲ့ အားလုံးကကျေနပ်ကြသည်။ ထား ထားကိုလည်း ဘွဲ့ရပြီးကတည်းက ကိုကို အောင်နဲ့လက်ထပ်ဖို့ အားလုံးက ဝိုင်းပြီး သဘောတူနားချထားကြသည်။

ထားထားကတော့ "အမေ့ဆန္ဒပြည့်ဝ ရပါစေမယ်"ဟု ကတိပေးခဲ့သည်။ ဗိုလ်ကြီး ကိုကိုအောင်ကိုတော့ ချစ်လှချည်ရဲ့ မဟုတ် ခဲ့ပါ။

မောင်မောင်နဲ့ ထားထားတို့ နွေတွင် ကျောင်းဆရာလုပ်ရင်း ညတွင် ဝိဇ္ဇာနောက် ဆုံးနှစ်အတွက် လုပ်သားကောလိပ်တက်ကြ သည်။ ယူသည့် ဘာသာတွဲက တူသည်။ နေရာချင်းကလည်း မဝေးလှသဖြင့် ထား ထားတို့အိမ်ကို ကျောင်းကိစ္စများဖြင့် မောင် မောင် အဝင်အထွက်များလာသည်။ တပူး ပူး တတွဲတွဲနှင့် အသွားအလာတွေကလည်း များလာသည်။ ဒါကို စောင့်ကြည့်နေသည့် အစ်မကြီး ချွေချွေက သိသည်။ သူလည်း ငယ်ရာက ကြီးလာတာပဲ။ ရိပ်မိသည်ပေါ့။

မောင်မောင်က မကြာခဏ ထား ထား ပန်ဖို့ရာအတွက် စပယ်၊ နှင်းဆီ၊ ဒေလီယာ စတဲ့ပန်းများ ဝယ်လာတတ် သည်။ စာများ ကူးရေးပေးသည်။ ကျောင်း ပိတ်ရက်များတွင် အိမ်လာပြီး ထားထားနဲ့ အကြာကြီးထိုင်ကာ အတူစကားပြောသည်။ ညဉ့်နက်သန်းခေါင်မှ ပြန်တတ်သည်။ နောက်ပိုင်း ထမင်းပါစားတတ်လာသည်။ ဒါတော့ လွန်ပြီ။

"ကဲ···မချွေထား။ ညည်းဆရာလေး က ထမင်းတွေဘာတွေ ဝင်စားလို့ လွန်လာ ပြီ၊ ကြည့်လည်းလုပ်နော်၊ ဟင်း···တော် ကြာ အပျက်ပျက်နဲ့ နာခေါင်းသွေးထွက် မယ်၊ ခွေးကလေးအရောတဝင် ပါးလျက် နားလျက်နဲ့၊ မမကြီးကတော့ ဒီလောက် တပူးပူး တတွဲတွဲလုပ်နေတာ မကြိုက်ဘူး။ အမေနဲ့ ညည်းအစ်ကိုတွေ မျက်နှာပျက် အောင် မလုပ်နဲ့၊ ကိုကိုအောင်နဲ့ စေ့စပ်ထား တာလည်း မေ့မနေနဲ့ဦး"

**ကဲ...မချွေထား။ ညည်းဆရာလေးက ထမင်းတွေဘာတွေ ဝင်စားလို့ လွန်လာပြီ၊ ကြည့်လည်းလုပ်နော်၊ ဟင်း...တော်ကြာ အပျက်ပျက်နဲ့ နာခေါင်းသွေးထွက်မယ်၊ ခွေးကလေးအရောတဝင် ပါးလျက် နားလျက်နဲ့..**

"မမကြီးရယ် မောင်မောင်က လူ အေးလေးပါ၊ ထားထားကို ရိုးရိုးသားသား ခင်တာပါ။ ဘာမှမဖြစ်ပါဘူး။ စိတ်မပူပါနဲ့၊ အခုဟာကလည်း အလုပ်အတူတူလုပ်နေရ လို့ လာနေတာပါ"

ထားထားက မမချွေကို နှစ်သိမ့်ထား ခဲ့သည်။

သို့ရာတွင်···

❖ ❖ ❖ ❖ ❖ ❖ ❖

ထိုနှစ် ဆောင်းနှောင်းကာလ။

လုပ်သားကောလိပ်မှ စာမေးပွဲအောင် စာရင်းများ ထွက်လာသည်။ မောင်မောင် ရော ထားထားပါ ဝိဇ္ဇာအပိုင်း(ခ) အောင် မြင်ကြသည်။ ဘွဲ့ရပြီပေါ့။ အညာက ထား ထားတို့ ဆွေမျိုးတွေက ဒီအချိန်မှ အပူ သက်သာသည်ဆို၍ အမေ့ကို ဘုရားဖူးခေါ် သည်။ အမေက တစ်ယောက်တည်းဖြစ် နေသည်မို့ ထားထား ရုတ်တရက်ခွင့်ယူကာ အညာကို အမေနဲ့ ဘုရားဖူးလိုက်သွားရ သည်။ တစ်ပတ်ခန့်ကြာသည်။ ချွေချွေ အိမ်စောင့်ကျန်ခဲ့သည်။ မောင်မောင် နှစ်ခါ၊ သုံးခါလာသည်။ ထားထားမရှိ၍ နေမထိ၊ ထိုင်မထိ ဖြစ်နေပုံရသည်။ ထားထား ခွင့် တင်ပြီး ရုတ်တရက် ခရီးထွက်သွားတာ မောင်မောင် မသိလိုက်။ မောင်မောင်က အစ်မကြီးချွေချွေနဲ့ကျတော့ ဘာစကားမှ သိပ်မပြော။



ထားထားတို့ ပြန်ရောက်လာသည်။ ထားထားမရှိတုန်း မောင်မောင်လာတာကို ဌေးဌေးက မပြော။ ထားထား ကျောင်းပြန်တက်သည်။ တစ်ရက် နှစ်ရက်အကြာတွင် ထားထား၊ အိပ်ရာရှင်းပေးရင်း ခေါင်းအုံးအောက်ကစာကလေးတစ်စောင်တွေ့သည်။

**မမထား၊**

အညာဘုရားဖူးသွားတာ ဘာလို့ ပြောမသွားလဲ မမရယ်။ မမ မရှိတဲ့ လေးငါးရက် ကျွန်တော် လုံးဝနေလို့မရဘူး။ နေမထိ ထိုင်မထိဘဲ၊ ကျောင်းမှာ စာလည်း ကောင်းကောင်းမသင်နိုင်ဘူး။ နောက်



တစ်ခါတော့ ကျွန်တော့်ကိုပစ်ပြီး အခုလို မသွားပါနဲ့၊ မမနဲ့ခွဲပြီး ကျွန်တော်မနေတတ်တော့ဘူး မမရယ်။

**ချစ်သောမောင်မောင်**

ချစ်သောမောင်မောင်ဆိုပါလား။

အင်း···ရောဂါတော့ သည်းနေပြီ။ ဒီအချိန်မှ ဆေးမကုရင် ရောဂါကျွမ်းတော့မည်။ ဌေးဌေး စီစဉ်သင့်သည်ကို စီစဉ်လိုက်၏။

❖ ❖ ❖ ❖ ❖ ❖ ❖

သိပ်မကြာလှပါ။ ထားထားအိမ်မှာ မရှိသည့်တစ်ရက် မောင်မောင့်ကို သူပြောင်းရွှေ့နေရာ ၁၈၁ လမ်း ရိပ်သာသို့ အရေးတကြီး ဌေးဌေးက လူလွှတ်အခေါ်ခိုင်းသည်။ မောင်မောင်ရောက်လာတော့ ကြီးကြီးသက်နဲ့ မမဌေးက မောင်မောင့်အား ပြောရန်ရှိသည့်စကားများကို ခပ်ပြတ်ပြတ်ပင် ပြောကြ၏။

အဓိက,ကတော့ မောင်မောင်နဲ့ ထားထားဇာတ်လမ်း ရှေ့မဆက်ဖို့ မောင်မောင်ရန်ကုန်က ထွက်သွားဖို့ပဲ ဖြစ်ပါ၏။ ဖြစ်နိုင်ရင် လောလောဆယ်မှာပင် မောင်မောင်က ထားထားကို အဆက်အသွယ်မလုပ်ဖို့လည်းပါသည်။ မောင်မောင်က ထားထားကို ချစ်တယ်ဆိုရင်ပေါ့လေ။

''ဒီမယ် မောင်မောင်···မင်းကို ဘို့ပြောမယ်၊ ထားထားကို မင်းချစ်သလား၊ အေး···ချစ်တယ်ဆိုရင်တော့ ထားထားကို ဒုက္ခမပေးနဲ့၊ ထားထားနဲ့ ဗိုလ်ကြီးကိုကိုအောင်က စေ့စပ်ထားတာကြာပြီ၊ ဟိုး··· ထားထား ကောလိပ်ရောက်ကတည်းကပဲ။ တို့က သူဘွဲ့ရရင် လက်ထပ်ပေးဖို့ လုပ်ထားပြီးသား။ အဲဒါ လူကြီးတွေ စီစဉ်ထားတာ၊ ဒါတော့ အပျက်မခံနိုင်ဘူး''

**ဆရာကန်တော့ပွဲအပြီးတွင် ထားထားကိုတောင် နှုတ်မဆက်တော့ဘဲ ချက်ချင်းထွက်သွားသည်။ ထားထားက မောင်မောင့်အား သူ့ဌားနေကျ ရိပ်သာလေးသို့ အတင်းလိုက်တွေ့သည်။ လူချင်းတွေ့ကြတော့ ထားထားက . .**

''အဲ···နောက်တစ်ခု ပြောဦးမယ်၊ မင်းလို ပျော့တီပျော့ဖတ်နဲ့ ယောက်ျားနဲ့ မတူတဲ့ မိန်းမလိုလူမျိုးလည်း တို့ကမကြိုက်ဘူး။ ထားထား အစ်ကိုတွေကဆို စေးရော၊ သူတို့က စစ်ဗိုလ်၊ စစ်သားတွေကွ၊ သူတို့လို ကျားကျားလျားလျားမှ သဘောကျတာ''

''မင်းက ထားထားထက်လည်း အသက်ငယ်တယ်၊ မိဘမျိုးရိုးကလည်း ဘာမှန်းမသိ ညာမှန်းမသိနဲ့ တို့က မျိုးမသိ၊ ရိုးမသိ၊ မျိုးမရှိ ရိုးမရှိတဲ့ မင်းနဲ့ထားထားကို လုံးဝသဘောမတူဘူး။ ထားထား မင်္ဂလာကိစ္စလည်း အပျက်မခံနိုင်ဘူး။ အဲဒါကြောင့် တို့အိမ်လည်း မင်း လုံးဝမလာပါနဲ့တော့''

ဒါတွေက မမဌေးက ခိုင်ခံ့ပြောခဲ့သည်။

''ထားထားကို ဒီသင်္ကြန်အပြီးမှာ ဗိုလ်ကြီး ကိုကိုအောင်နဲ့ လက်ထပ်ပေးတော့မှာကွယ့်၊ အားလုံး စီစဉ်ထားပြီးပြီ''

တစ်ချိန်လုံး၊ စကားတစ်လုံးမှ မပြောသည့် ထားထားအမေ ကြီးကြီးသက်က ဝင် ပြောသည်။

''မင်းလို နွဲ့တဲ့တဲ့နဲ့ ယောက်ျားလေးမျိုးကိုလည်း တို့ သဘောမကျဘူးကွယ့်''

ကြီးကြီးသက်ရဲ့စကားကြောင့် မောင်မောင် ဝမ်းနည်းရပါသည်။ မမထားအတွက် စွန့်စားရပါတော့မည်။ ထားထားကိုလည်း၊ သူ တကယ်ချစ်ခဲ့ပါသည်။

''ကျွန်တော် မမထားကို တကယ်ချစ်တာပါ၊ မမဌေးတို့မကြိုက်ရင် ဒီအိမ်ကို နောက်ဘယ်တော့မှ မလာတော့ပါဘူး''

ပြောပြောဆိုဆို မောင်မောင် ချာခနဲ လှည့်ထွက်ခဲ့သည်။ တစ်သိမ့် ဒါမျိုးအပြော မခံခဲ့ရဘူး၍ စိတ်နာသည်။ ပြီးတော့ ရှက်လည်းရှက်သည်။

''ဪ···ကျွန်တော်က မိန်းမလိုလူမျိုးတဲ့ ဟုတ်လား၊ စစ်ဗိုလ်စစ်သားမှ သဘောကျတာတဲ့လား။ ဒါဆိုလည်း ရပါတယ်၊ မောင်မောင်ပဲလေ၊ ကြည့်ကြသေးတာပေါ့''

မောင်မောင်က အံကြိတ်ကာ ကြုံးဝါးလိုက်၏။

**''ယောက်ျားတော်ခွန် လူရည်ချွန်ကာ၊ ကောင်းကင်တမှတ်၊ ကြယ်ကိုဆွတ်လဲ၊ မလွတ်စေတမ်း၊ ခြေတမ်းတည့်''**

မဟုတ်လား။ ဖြစ်ရမှာပေါ့၊ သူတို့ပြောတဲ့ စစ်ဗိုလ်စစ်သား။

❖ ❖ ❖ ❖ ❖ ❖ ❖

ထားထားကိုမတွေ့အောင် မောင်မောင် ရှောင်ခဲ့ပါသည်။ ကျောင်းမှခွင့်ယူလိုက်သည်။ ပြီးတော့ ဗိုလ်သင်တန်း၊

လျှောက်သည်။ စော်တော်ထဲဝင်နိုင်ရန် ဘယ်သူ့ကိုမှမပြောတဲ့ တိတ်တဆိတ်ကြိုးစားခဲ့၏။ ကံအားလျော်စွာ ဘွဲ့ရများ၊ ဗိုလ်သင်တန်း ခေါ်နေသည်နှင့်ကြုံနေ၍ မောင်မောင် အတွက် အခွင့်အလမ်းရခဲ့သည်။ ဗိုလ်သင်တန်းအား အထူးကြိုးစားပြီးဖြေသည်။ ကြိုးစားမှုရလဒ်ကြောင့် ဗိုလ်လောင်းအဖြစ် အရွေးခံရသည်။ ထားထားကတော့ ဒါတွေ သိလျှင်သိချင်း မောင်မောင့်ကို မတွေ့တွေ့အောင်ရှာသည်။ အကြောင်းအမျိုးမျိုးကြောင့် တော်တော်နှင့်မတွေ့။ သကြံန်ကျပြီး နှစ်ဆန်းတစ်ရက်နေ့တွင်တော့ သူတို့ကျောင်းလေးက ဆရာကန်တော့ပွဲမှာ



မောင်မောင် မသွားမဖြစ်၊ နောက်ဆုံးသွားလိုက်ရ၍ မထားနဲ့ တွေ့ရပါတော့သည်။ မောင်မောင်က ထားထားအား စကားလည်းမပြော၊ ကြည့်လည်းမကြည့်။ ဆရာကန်တော့ပွဲအပြီးတွင် ထားထားကိုတောင် နှုတ်မဆက်တော့ဘဲ ချက်ချင်းထွက်သွားသည်။ ထားထားက မောင်မောင့်အား သူသွားနေကျ ရိပ်သာလေးသို့ အတင်းလိုက်တွေ့သည်။ လူချင်းတွေ့ကြတော့ ထားထားက မောင်မောင့်ကို တွေတွေကြီးကြည့်ပြီး မျက်ရည်များကျလာသည်။

''မထားကိုမုန်းသွားပြီလား။ မကြည့်ချင်တော့ဘူးလား မောင်မောင်ရယ်''

''ကျွန်တော် မထားကို ဘယ်တော့မှ မမုန်းပါဘူးဗျာ၊ ဒါပေမဲ့ မထားရဲ့ အသိုင်းအဝိုင်းကိုတော့ ကြောက်တယ်''

သူက လူငယ်ပီပီ ခံစားရ၏။ ထို့ကြောင့် ခံစားချက်အတိုင်း ပြောဖြစ်သည်။

''မောင်မောင်ရယ် မမထား မင်းကို တကယ်ချစ်ခဲ့တာပါ၊ အခုကိစ္စ ဟိုတုန်းကတည်းက ကိစ္စပါ''

''ကျွန်တော် သိပါတယ်''

''အမေနဲ့ အစ်မ၊ အစ်ကိုတွေကြောင့် မမထား ဒီကိစ္စကို ဘယ်လိုမှ မလွန်ဆန်နိုင်ပါဘူးကွယ်''

''ဒါလည်း ကျွန်တော်သိပါတယ်''

''မောင်မောင်ရယ်... မင်း မမကို ခွင့်လွှတ်ပါနော်''

''ခွင့်လွှတ်ပါတယ်ဗျာ၊ တစ်ခါပါပဲ၊ မမထားအိမ်က ကျွန်တော့်ကို ယောကျ်ားနဲ့ မတူတဲ့ ကန္တကလျနဲ့ ယောကျ်ားတဲ့၊ မကြိုက်ဘူးတဲ့၊ နောက် ဘယ်တော့မှ မလာပါနဲ့တဲ့ဗျာ၊ မမကို တကယ်ချစ်ရင် အနှောင့်အယှက်မပေးပါနဲ့တဲ့၊ ဖြစ်နိုင်ရင် ဒီက ထွက်သွားပါတဲ့၊ အဲဒါကြောင့် မမနဲ့မတွေ့အောင် နေတာပါဗျာ''

''ကျွန်တော်က တကယ်ပဲ ယောကျ်ားနဲ့ မတူဘူးလားဗျာ၊ ကျွန်တော်က ယောကျ်ားမဟုတ်ဘူးလား။ ဒီမယ်-မမထား။ ကျွန်တော် မမထားကို ချစ်လွန်းလို့ လက်ဖျားနဲ့တောင် မထိခဲ့တာ မမအသိပါ၊ ကျွန်တော်ယောကျ်ားပါဗျာ၊ ဒါကြောင့်လည်း ကျွန်တော် ဘယ်သူ့မှမပြောဘဲ စစ်ထဲဝင်ခဲ့ပြီပြီ၊ အခု တပ်ကလည်း ခေါ်နေပြီ၊ အဲဒါ မနက်ဖြန် သင်တန်းတက်ဖို့ သွားရတော့မယ်၊ ဇိတ်ချပါ နောက်မတွေ့တော့ပါဘူး''

ထားထား အံ့ဩရပါသည်။ ဘယ်တုန်းက လျှောက်လိုက်တာပါလိမ့်။

''ဟင်...ဒါဆို မောင်မောင်က တကယ်သွားတော့မှာပေါ့''

''ဗြော်...မမထားရယ်၊ ဘယ်တုန်းက လိမ်ခဲ့ဖူးလို့လဲ၊ တကယ်သွားတော့မှာပါ၊ ဒါပေမဲ့ မသွားခင်တော့ မမထားကို ကျွန်တော်လည်း သူများလိုယောကျ်ားဆိုတာ သိအောင်ပြမှာပါ''

ပြောပြောဆိုဆို မောင်မောင်က ဘယ်တုန်းကမှ မတို့မထိဘူးခဲ့သည့် လက်တောင်မကိုင်ခဲ့ဖူးသည့် ထားထားအား ခပ်ကြမ်းကြမ်းဖက်ပြီး ပါးနှစ်ဖက်အား အငမ်းမရ နမ်းလိုက်သည်။ ပါးပြီးတော့ နှုတ်ခမ်း။ နောက်တော့...နောက်တော့...

''အို...မောင်မောင်ရယ်''

ထားထားက မရုန်းဖြစ်ခဲ့။

''မမ...ကျွန်တော် ယောကျ်ားပါနော်''

''ဗြော်...မောင်ရယ်၊ မင်းယောကျ်ားဟုတ်ပါတယ်ကွယ်''

''မမ ကျွန်တော့်ကိုရော တကယ်ချစ်သလား''

''ဘယ်လိုမေးလိုက်တာလဲမောင်ရယ်၊ မင်းကိုမချစ်ဘဲ မင်းဆီလာပါ့မလား''

**သွေးတို့ကလည်း ဆူပွက်ကုန်ကြပြီ ထင်၏။ ကမ္ဘာသစ်တစ်ခုထဲ ရောက်သွားကြသည်။ ကမ္ဘာဦးအစ အာဒံနဲ့ဧဝတို့ကဲ့သို့ပင် သူတော်စင်တို့၏ ပညတ်ချက်အား သူတို့နှစ်ဦး...**

မောင်မောင်က ထားထားအား ငို၍ တင်းတင်းကြပ်ကြပ်ကြီး ဖက်ထားလိုက်ပြန်သည်။ နှစ်ဦးစလုံးရဲ့ အသက်ရှူသံများက မြန်လာကြ၏။ ပါးချင်းလည်း အပ်မိကြပြန်သည်။ နှုတ်ခမ်းချင်းပါ ထိကပ်သွားကြ၏။ ထားထားဆီမှ သနပ်ခါးနံ့များ၊ နှင်းဆီပန်းနံ့များ၊ သုံးနေကျ ဂိုယာစုင်းဆီနက် ရေမွှေးနံ့များက မောင်မောင့်တစ်ကိုယ်လုံးရှိ အာရုံကြောများအတွင်းသို့ စိမ့်ဝင်စီးဆင်းသွားကြလေပြီ။

သွေးတို့ကလည်း ဆူပွက်ကုန်ကြပြီ ထင်၏။ ကမ္ဘာသစ်တစ်ခုထဲ ရောက်သွားကြသည်၊ ကမ္ဘာဦးအစ အာဒံနဲ့ဧဝတို့ကဲ့သို့ပင် သူတော်စင်တို့၏ ပညတ်ချက်အား သူတို့နှစ်ဦး ဖောက်ဖျက်ခဲ့ကြပါပြီတည်း။

ထားထားက မောင်မောင့်ကို သူမ

ဘယ်လောက်ချစ်ကြောင်း ထိုနေ့က လက်တွေ့ပြသွားခဲ့ပါသည်။ မောင်မောင့်အခန်းလေးက ညအတော်မိုးချုပ်မှ ပြန်သွားသည်။

❖ ❖ ❖ ❖ ❖ ❖ ❖

နောက်တစ်နေ့တွင် မောင်မောင် တစ်ယောက် ပြည်လမ်းစစ်သားစုဆောင်းရေးမှတစ်ဆင့် မှော်ဘီဗိုလ်သင်တန်းကျောင်းသို့ ရောက်ရှိသတင်းပို့ပါသည်။

ထိုနေ့မှစ၍ စစ်တပ်ဆိုတာ ဘာလဲဆိုသည်ကို မောင်မောင် နမူးတွေ့၊ ဒူးတွေ့ တွေ့ရပါတော့သည်။

တကယ်တော့ စစ်တပ်ဆိုသည်မှာ–

❖ ❖ ❖ ❖ ❖ ❖ ❖

အရပ်သားဘဝမှ စစ်သားဘဝ ကူးပြောင်းရသည့် ကိုးလကျော် ဆယ်လနီးပါးကာလမှာ မောင်မောင့်အတွက် ပင်ပန်းလွန်းလှပါ၏။ မိုးလင်းမှ မိုးချုပ်တိုင် သင်တန်းဆေယာများကအပြည့်။ အားသည်၊ နားသည်ဆိုသည်မှာ မရှိခဲ့ပါ။ သင်တန်းစာများကတော့ စိတ်ပိုင်းရော၊ ရုပ်ပိုင်းပါ အရပ်သားဘဝကို ခဝါချပြီး စစ်သားဘဝ ကူးပြောင်းနိုင်အောင် စီစဥ်သင်ကြားပို့ချပေး၏။ သင်ကြားသည့် ဘာသာရပ်များကား–

စစ်ရေးပြ၊ လက်နက်ငယ်၊ စစ်မြေပြင်ကျွမ်းကျင်မှု၊ စစ်နည်းဗျူဟာ ဘာသာရပ်များ၊ ခန္ဓာကိုယ်ကြံ့ခိုင်ရေး၊ ဒါ့အပြင် တပ်မတော်၏ အား(၁၀)ပါးကို အထောက်အကူပြုစေသည့် ပို့ချချက်များ စုံလင်လှပါသည်။

စစ်တပ်နဲ့ အဆက်အစပ် လုံးဝမရှိဘူးသည့် မောင်မောင့်အတွက် အရာရာမှာ ထူးဆန်းနေပြီး အခက်အခဲများနဲ့ ကြုံရသည်။

စစ်ရေးပြမှာ၍ မကြာခဏ တစ်ယောက်တည်းထွက်ပြီး လေ့ကျင့်ရသည်။ ရှိုင်ဖယ်မနိုင်ဘဲ လွတ်ကျသဖြင့် အဆောင်ပတ်ပြီး ပြေးခဲ့ရပေါင်းလည်း မနည်းတော့။ ဒရိုရှည် ထိုးဖောက်ချိတက်ရာတွင် စက်လတ် မထမ်းနိုင်။ လက်တွေ့ချေမှုန်းရေး လေ့ကျင့်ရေးခန်းများတွင် ဘူးစင်ကို မကျော်၊ ကြိုးလွှဲဆိုပြန်တော့ တွင်းထဲပြုတ်ကျနှင့် နည်းပြများ စိတ်ညစ်ကြရပါသည်။ မောင်မောင်လည်း စိတ်ညစ်ပါသည်။ အရာရာမှာ ချာတူးလန်၍ အယောင်ယောင် အမှားမှားပင်။ ကြာတော့ ထွက်ပြေးရင်ကောင်းမလားတောင် စဉ်းစားမိ၏။ အရှက်ကြောင့် ထွက်မပြေးဖြစ်ခဲ့။

"မင်းလိုပျော့တိပျော့ဖတ် ယောက်ျားလေးမျိုး တို့ကမကြိုက်ဘူး"

"ထားထားအစ်ကိုတွေကလည်း စစ်သားတွေ၊ ကျားကျားလျားလျားမှ သဘောကျတာ"

ထိုစကားများက မောင်မောင့်ကို ထွက်မပြေးအောင် တားနေကြသည်။

နောက်ဆုံးတော့ သင်တန်းသားသူငယ်ချင်းများ၏ ကူညီမှု၊ ဆရာများ၏

**အရပ်သားဘဝမှ စစ်သားဘဝ**

**ကူးပြောင်းရသည့် ကိုးလကျော်**

**ဆယ်လနီးပါးကာလမှာ**

**မောင်မောင့်အတွက်**

**ပင်ပန်းလွန်းလှပါ၏။**

**မိုးလင်းမှ မိုးချုပ်တိုင်**

**သင်တန်းဆေယာများက အပြည့်။**



ဖေးမမှု၊ နည်းပြအရာရှိများ၏ နည်းကောင်း ညွှန်ပြမှုများကြောင့် မောင်မောင် အလွန်ကြာသည်ဟု စိတ်တွင်ထင်ရသော သင်တန်းကာလအား နောက်ဆုံးတွင် အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့ပါသည်။

ဤတွင် မောင်မောင်တစ်ယောက် မုံဘော်စိတ်ဆိုသည့်စကားကို ရေးရေးတော့ သဘောပေါက်စပြုလာပါသည်။

❖ ❖ ❖ ❖ ❖ ❖ ❖

မောင်မောင် သင်တန်းတက်စ ဧပြီလကုန်ပြီးစ ကာလမှာပင် ထားထားလည်း အိမ်ကသဘောတူထားတဲ့ ဗိုလ်ကြီးကိုကိုအောင်နဲ့ လက်ထပ်သွားခဲ့၏။

မမထား၊ သတင်းစကားကြားတော့ ပန်းပိတောက်တွေကြွေသည့် မှော်ဘီမြေမှာ မောင်မောင့်အနေနဲ့ တန်ခူးလေနဲ့ လျှော့တော့သည်ဆိုသည့်နှယ် စိတ်ကိုဖြေလျှော့ခဲ့ရပါ၏။

တကယ်တော့လည်း သူ့မမထားက–

"မိဘမောင်ဘွား အစ်ကိုတွေကြားမှာ ယကျွကျွှန် ဝန်းရံပတ်လို့ စောင့်ကြပ်တဲ့ နတ်ပန်းအာသာဝတီနှယ်" ဆိုတာ သူသိထားပြီးသားပါ။ ကိုယ့်ချစ်သူ ကောင်းစားရေးအတွက် ခွင့်လွှတ်ရင်းနဲ့ နှစ်သိမ့်ရုံကလွဲပြီး မောင်မောင် ဘာမှမတတ်နိုင်ခဲ့ပါပြီ။ ဒီဘဝအတွက် ဖူးစာပါမှ မပါကြတဲ့။ ဒီတော့ တန်ခူးလေနဲ့ လျှော့တော့သည်ပဲပေါ့။

❖ ❖ ❖ ❖ ❖ ❖ ❖

သင်တန်းပြီးတော့ ကချင်ပြည်နယ်တွင် မောင်မောင် တာဝန်ထမ်းဆောင်ရသည်။ တပ်မတော်က ပုံသွင်းပေးလိုက်သဖြင့် အရင်ကလို ဖြူဖျော့ဖျော့ ပျော့နဲ့နဲ့ မဟုတ်တော့။ ကြံ့ခိုင်တောင့်တင်းသည့် မောင်မောင်ဖြစ်လာသည်။ သင်တန်းကာလ အားလပ်ချိန်များတွင် အလေးမနှင့် ကျွမ်းဘားကိုပါ တစ်နှစ်နီးပါး ပူးတွဲလေ့ကျင့်ခဲ့မှုက မောင်မောင့်ခန္ဓာကိုယ်အား နတ်ရေကန်ထဲ ချလိုက်သည့်အလား ကျားကျားလျားလျားနှင့် ယောက်ျားပီသစေခဲ့သည်။ တပ်မတော်ရဲ့ ကျေးဇူးတရားများပါ။

ရုပ်ပိုင်းတွင်သာမက စိတ်ပိုင်းတွင်

လည်း မြန်မာ့သမိုင်း၊ မြန်မာ့လွတ်လပ်ရေးသမိုင်း၊ မြန်မာ့တပ်မတော်သမိုင်း စသည့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေသည့် ဘာသာရပ်များအား လေ့လာကြရသည်။ မိမိတို့တပ်မတော်ဆိုသည်မှာ လွတ်လပ်ရေးနှင့်အတူပေါက်ဖွားလာသည့်မျိုးချစ်တပ်မတော် ဆိုသည်ကို သိလာခဲ့၏။ တပ်မတော်ခေါင်းဆောင်များက မောင်မောင်တို့အား–

**''အမျိုးအစား ပိုရှိကောင်းရမည်၊ ပြည်သူလူထုနဲ့ တစ်ဆက်တည်းဖြစ်ရမည်''**

ဟု အမြဲမပြတ် တိုက်တွန်းကြပ်မတ်ခဲ့ကြပါ၏။

မောင်မောင်ဆိုသည်မှာလည်း ဒီတပ်မတော်ကြီးက မွေးထုတ်လိုက်သည့်သား။ နွေစဉ် သစ္စာလေးချက် ဦးထိပ်ရွက်နေသည့် ပြည်သူ့တပ်မတော်သားများထဲမှ တစ်ယောက် မဟုတ်ပါလား။

❖ ❖ ❖ ❖ ❖ ❖ ❖

တပ်မတော်သားဘဝ၌ နှာမည်ကျော်စစ်ဆင်ရေးအတော်များများတွင် မောင်မောင် ပါဝင်ဆင်နွှဲခဲ့ရပါသည်၊ စီစီဝမ်တာပန်၊ နောင်လိုင်ပါဖန်၊ မိုင်းယောင်း၊ မိုင်းယန်း စသည့် အရှေ့မြောက်ဒေသက တိုက်ပွဲစဉ် အတော်များများမှာ မောင်မောင်ပါဝင်ခဲ့၏။ ထိုအထဲမှ အမှတ်တရဖြစ်ရသည့် ဖြစ်စဉ်တစ်ခုကား…

၁၉၇၈ ခုနှစ်က နောင်လိုင်၊ ပါဖန်၊ အရေးအခင်းကာလ။

ထိုနှစ် မတ်လဆန်းတွင် ဗကပ တပ်မဟာ(၈)နှင့် (၁၂)ပူးပေါင်းပြီး နောင်လိုင်၊ ပါဖန်ဒေသအား ရုတ်တရက် အဆမတန် သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်ရာ မောင်မောင်တို့ တပ်စခန်းအချို့ ကျဆုံးခဲ့ရသည်။

အထက်ဌာနများ၏ အစီအမံဖြင့် စစ်ကူ စေလွှတ်ရာတွင် မောင်မောင်ပါဝင်သွားသည်။ မောင်မောင်ပါဝင်သည့် တပ်ခွဲသည် နောင်လိုင်စခန်းတောင်ဘက် သုံးမိုင်အကွာခန့်ရှိ ပန်မွန်းဆိုသည့် ရှမ်းရွာကလေးတွင် ရန်သူအင်အား ၅၀၀ ခန့်နှင့်တွေ့ဆုံပြီး ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့သည်။

ရန်သူ၏ များစွာသာလွန်သည့် လူ

**မနက်ကတည်းက တိုက်ပွဲဖြစ်သည်မှာ ညနေအထိ တစ်နေကုန်သည်။ ရန်သူက လုံ့စွပ်အကြိမ်ကြိမ်ထိုးသည်။ မိမိတို့ခုခံမှုကြောင့် ရန်သူပြန်ပြီးလန်သွားသည်။ ညနေစောင်းတော့ . . .**

အင်အား၊ လက်နက်ကြီးပစ်အားနှင့် ရုတ်ချည်းတိုက်စစ်ကြောင့် မောင်မောင်တို့ဘက်တွင် အထိအခိုက် အကျအဆုံးများပြားခဲ့ရသည်။ ထိခိုက်ဒဏ်ရာရသူများထဲတွင် တပ်ခွဲမှူးလည်းပါသည်။ ဂျူနီယာတပ်ရင်းမှူး တစ်ဦးလည်းပါသည်။ မောင်မောင်ကတော့ ကိုယ့်တပ်စုနှင့် အလူးအလဲခုခံသည်။ မနက်ကတည်းက တိုက်ပွဲဖြစ်သည်မှာ ညနေအထိ တစ်နေကုန်သည်။ ရန်သူက လုံ့စွပ်အကြိမ်ကြိမ်ထိုးသည်။ မိမိတို့ခုခံမှုကြောင့် ရန်သူပြန်ပြီးလန်သွားသည်။ ညနေစောင်းတော့ ရန်သူက လက်နက်ကြီးပစ်ကူဖြင့် ထပ်ဆောင်းအင်အားများနဲ့ ပိုပြီးဖိလာသည်။ မောင်မောင်တို့ ကျည်ဆန်ကုန်ပြီး ဓားစစ်ဆင်ရသည်။

တပ်ခွဲမှူးအပါအဝင် ဒဏ်ရာရသူများအား မောင်မောင်မှ ဦးစီးသယ်ယူသည်။ တပ်ခွဲအရာခံဗိုလ် ဆရာကြီးစိုင်းမောင်က တိုင်းရင်းသား ရှမ်းလူမျိုး။ သတ္တိကောင်းလှ၏။ သူက–

''ကဲ…ဗိုလ်ကြီး ဒဏ်ရာရထားတဲ့ တပ်ခွဲမှူးနဲ့ ဗိုလ်ကြီးတင်မောင်အေးတို့ခေါ်ပြီး လူနာတွေနဲ့ ဆုတ်သာဆုတ်တော့၊ ကျွန်တော် ဆရာစန်းမောင်တို့အဖွဲ့နဲ့ ခံချထားမယ်''

ဟု ဆိုကာ တပ်စုတစ်စုနှင့် ဟန့်စစ်ဆင် ကျန်ရစ်ခဲ့သည်။

ဆရာကြီးစိုင်းမောင်တို့အဖွဲ့ ခုခံပစ်ခတ်ပေးမှုကြောင့် မောင်မောင်တို့ လူနာ ၁၂ ဦးပါသည့် လူ ၃၀ ခန့်အဖွဲ့ အောင်မြင်စွာ ဓားစစ်ဆင်ပြီး ဆုံကွေ့ရှိ ဗျူဟာရုံးကို နောက်တစ်နေ့တွင် သတင်းပို့နိုင်ခဲ့ပါသည်။ သို့ရာတွင် ဟန့်စစ်ဆင်ကျန်ခဲ့သည့် ဆရာကြီး စိုင်းမောင်၊ ဆရာ ခွန်လှ၊ ဆရာစန်းမောင်၊ ဆရာ ခင်မောင်၊ ဆရာလှခိုင်ဖြ၊ ဆရာဆောင်းကို၊ ဆရာတင်သိန်း၊ တပ်သား ကျော်ညီ၊ တပ်သား အိုက်စံ၊ တပ်သား ဇော်ဘွမ်၊ တပ်သား မြင့်ဆွေ၊ တပ်သား အေးကိုတို့ အပါအဝင် တပ်ခွဲမှ အရာခံအကြပ်တပ်သားအတော်များများကျဆုံးခဲ့ရပါသည်။



## ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော

## မေတ္တာတရား၊ သံယောဇဉ်တရား၊

## သစ္စာစောင့်သိမှုတရားပင်ဖြစ်၏။

သူတို့တစ်တွေအား ရက်သတ္တသုံးပတ်အကြာတွင် ထိုဒေသကို မိမိတို့တပ်မတော်က ပြန်လည်သိမ်းပိုက်ပြီးမှ သဂြိုဟ်ခဲ့ရ၏။

မောင်မောင်ကိုယ်တိုင်ဦးစီးပြီး သဂြိုဟ်ခဲ့ခြင်းဖြစ်သည်။ သူ့တပ်ခွဲမှ သူနှင့် သေတူရှင်မကွာ လပေါင်းများစွာ အတူနေလာခဲ့ကြသူများဖြစ်၍ တစ်သက်နဲ့တစ်ကိုယ် မေမထားအပါအဝင် ဘယ်သူ့အတွက်မှ မျက်ရည်မကျခဲ့ဖူးသည့် မောင်မောင်တစ်ယောက်၊ ထိုစဉ်က မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့၏၊ ဒီကျဆုံးသွားသူတွေက မိမိတို့အတွက် ရဲဘော်စိတ်အပြည့်ဖြင့် အသက်စွန့်သွားကြသူများမဟုတ်လား။

''**ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်၏**''

ဆိုသည်ကို မောင်မောင် ဤတွင် ကောင်းစွာနားလည်ခဲ့ရပါသည်။

သွားကြပေဦးတော့ရဲဘော်တို့ရေ . .

''ရဲဘော် မသေ၊ သေသော် ငရဲ မလားပါ''

❖ ❖ ❖ ❖ ❖ ❖ ❖

မောင်မောင်တို့တပ်မတော်က လွတ်လပ်ရေး ကြိုးပမ်းမှုနဲ့အတူ ပေါက်ဖွားလာသည့် မျိုးချစ်တပ်မတော်ဖြစ်သည်။ တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ပြည်သူ့တပ်မတော်လည်းဖြစ်သည်။ ပြည်သူ့တပ်မတော်ဝီဝီ ကျင့်ဝတ်များကို စောင့်ထိန်းကြရ၏။ မောင်မောင်တို့ ထိုကျင့်ဝတ် ၆၀ ကို အမြဲလိုက်နာကြရပါသည်။ ဤတပ်မတော်ကြီးသည်ကား–

''**တစ်မျိုးသားလုံးအတွက်ကို အသက်နဲ့လဲမည် x x x အာဏာနည်းဝီဝီ x x x အရေးရှိခဲ့လျှင် x x x ရှေ့ကရပ်ကာ အသေခံရန် ယုံကြည် x x x ပြည်သူ့ တပ်မတော် အမှန်ဖြစ်သည် x x x နိုင်ငံ့ တပ်မတော် အမှန်ဖြစ်သည် x x x**''

ဟူသော ဆရာရွှေတိုင်ညွန့်၏ ''ပြည်သူ့တပ်မတော်'' တေးသီချင်းထဲက အတိုင်း တိုင်းပြည်အရေးကြုံလာတိုင်း ဝင်ရောက်တာဝန်ယူခဲ့ရသည်ချည်းသာ။

ကြည့်ပါ။

လွတ်လပ်ရေးကာလနောက်ပိုင်း ပြည်တွင်း ဆူပူသောင်းကျန်းမှုများ၊ ၁၉၅၃–၅၄ တရုတ်ဖြူအရေးအခင်းများ၊ ၁၉၅၈ ခုနှစ် နိုင်ငံရေးပါတီ အကွဲအပြဲဖာတ်လမ်းများ၊ ၁၉၆၂ ခုနှစ် ဖက်ဒရယ်ကိစ္စ အရေးအခင်းများ။ ထိုကိစ္စများတွင် တပ်မတော်ကြီးကသာ နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်တာဝန်ယူခဲ့ရပေသည်။

၁၉၈၈ ခုနှစ်က လှိုင်းကြီးလေ့ထန်ဖြစ်ရပ်မှန် လောကငရဲကြီးထဲသို့ ကျရောက်ခဲ့သော နိုင်ငံတော်ကြီးကိုလည်း တပ်မတော်ကသာလျှင် ဒီဟာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ ကယ်တင်ခဲ့ရပြန်ပါသည်။

ထိုစဉ်က မောင်မောင်တစ်ယောက် တွင်းထွက်ရတနာများကြောင့် ယနေ့နာမည်ကြီးနေသည့် ရှမ်းပြည်နယ်တောင်ပိုင်းက မိုင်းရှူးမြို့ကလေးမှာ တာဝန်ကျခဲ့ပါသည်။ မပြတ်မလပ်သော သတိ၊ ဝီရိယဖြင့် လုံခြုံရေးအစီအမံများ စေ့စေ့အားညည်မနား ဆောင်ရွက်နိုင်ခဲ့သဖြင့် မောင်မောင် တာဝန်ကျရာ မိုင်းရှူးမြို့ကလေးမှာ လုံခြုံခဲ့ပါသည်။ ဘာဆိုဘာမှ မဖြစ်ခဲ့ပါ။ တတ်ကျွမ်းနားလည်သမျှနှင့် မောင်မောင် ထိန်းသိမ်းနိုင်ခဲ့ပါသည်။ မောင်မောင့်အား လေ့ကျင့်သင်ကြားပေးခဲ့သော တပ်မတော်ကြီးသည် . . .

''**စစ်ရေးစွမ်းရည်**
**စည်းရုံးရေးစွမ်းရည်**
**အုပ်ချုပ်ရေးစွမ်းရည်**''

စတဲ့ စွမ်းရည်သုံးရပ်နှင့် ပြည့်စုံသော အစဉ်အလာကောင်းသည့် တပ်မတော်ဖြစ်၏။ ထိုတပ်မတော်ကြီး၏ ခလေ့ကျင့်သင်ကြား ပေးမှုကြောင့်လည်း မောင်မောင်တစ်ယောက် ယခုအခါ . . .

''**တပ်မတော်ကြီးကို အင်အားရှိဖို့ x x x အရာရာမှာကူညီ x x x ရဲဘော်အပေါင်းတို့ ကိုယ့်သွေးသားမို့ x x x အစဉ်မမေ့အပ်ပေသည် x x x**''

ဟူသော စိတ်ဖြင့် ကျရာတာဝန်ကို အားကြိုးမာန်တက် ထမ်းရွက်နေနိုင်ခဲ့ပါပြီ၊ မမထားနဲ့ ဖြစ်ပျက်ခဲ့သမျှကိုလည်း ဟိုအဝေးက အတိတ်မှာ ထားခဲ့နိုင်ပါပြီ။

❖ ❖ ❖ ❖ ❖ ❖ ❖



ကာရင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်စဉ် မောင်မောင် အိမ်ထောင်ကျသည်။ တက္ကသိုလ်မှာစာအတူသင်ခဲ့ဖူးသည့် သူငယ်ချင်း စောချမ်းအေးနဲ့ ဘားအံတွင် ပြန်ဆုံသည်။ စောချမ်းအေးက သစ်တောအရာရှိ ကလေး။ ဘားအံ ဇီးတောရပ်ကွက်တွင် အိမ်ရှိသည်။ စစ်ဆင်ရေးနားသည့်အခါ သွားရောက်လည်ပတ်ရင်း စောချမ်းအေး ညီမ နော်ကို မောင်မောင်တွေ့သည်။ နော်နဲ့ စော ချမ်းအေးကလည်း ဒီမောင်နှမ နှစ်ယောက်တည်းသာ ရှိကြရှာသည်။

နော် သို့မဟုတ် နော်မေအေးက ချစ်စရာကောင်းလှ၏။ အသားဖြူဖြူ ဖွေးဖွေးလေးနဲ့ နာပည်နဲ့လိုက်အောင် ရိုးသားအေးဆေးသည်။ မောင်မောင်သွားတိုင်း လိုက်လိုက်လှဲလှဲနဲ့ ကြိုဆိုပြုစုသည်။ စစ်ဆင်ရေးက ပြန်ရောက်တိုင်း သူငယ်ချင်းအိမ်ရောက်ဖြစ်သည်။ နော်၏ အေးချမ်းလှသော ချစ်ဖွယ်အပြုံးလှလှကြောင့် သူငယ်ချင်းအိမ်က မောင်မောင့်အတွက် အိုအေစစ်ကလေးမှာ ဖြစ်ခဲ့ရပါ၏။ နော့်ကြောင့် ဒီအိမ်ကလေးကို မသွားဘဲမနေနိုင်ခဲ့ပါ။ တကယ်တော့ နော့်ကို မောင်မောင်ချစ်နေမိပါပြီ။ ဒါပေမဲ့ နော့်ကို ဘယ်ကစပြောရမှန်းမသိခဲ့။ မမထားကြောင့် ခံမှန်ဖူးသည့် စာသူငယ်လို ဖြစ်နေခဲ့သည်။

ကြာတော့လည်း အားလုံးကသသဘော ပေါက်လာကြပါသည်။ စောချမ်းအေးကတော့ အလိုက်သိစွာပြောရှာ၏။

''ယောက်ဖရေ…မင်း ခဏခဏ ဒီအိမ်လာနေရတာ ချောင်းပေါက်တော့မယ်၊ မင်းမပြောရဲလည်း ငါ့ညီမကို ငါပြောပေးပါ့မယ်။ မင်းနဲ့ဆိုရင် ငါက သဘောတူပြီးသားပါကွာ''

သူ့ညီမလေးကိုသာမက သူ့အမိုးနဲ့ အပါးကိုပါ စောချမ်းအေးက ပြောပေးဖော်ရခဲ့ပါသည်။

သည်သို့ဖြင့် အလိုက်သိသော သူငယ်ချင်း ယောက်ဖတော်ကျေးဇူးကြောင့် နော်နဲ့ လက်ထပ်ဖြစ်ခဲ့သည်။ အိမ်ထောင်ကျပြီး မကြာမီပင် နောက် မောင်မောင့်အတွက် သားလေးဖိုးခွားကို မွေးဖွားပေးခဲ့၏။

ဘုန်းကြီးကျောင်းသားဖြစ်ခဲ့ဖူးသော မောင်မောင်က တစ်ဦးတည်းသော သားအား တနင်္လာသားမို့ သူ့ထက်ကျော်ကြားစေရန် ကျော်မောင်အေးဟု အမည်ပေးခဲ့သည်။

ယခုတော့ သားငယ် စောကျော်မောင်အေးသည်ပင်လျှင် အရွယ်ရောက်နေပေပြီ။

❖ ❖ ❖ ❖ ❖ ❖ ❖

''ငှက်ပျောပင် စိုက်၊ မိလိုက် ဖခဲ့''

ဆိုသော မြန်မာစကားရှိ၏။

ဘမျိုး ဘိုးတူ ဆိုသလို တစ်ဦးတည်းသော သားလေး စောကျော်အေးက ဆယ်တန်း အောင်ပြီးချိန်တွင်တော့ မောင်မောင့်အား သတင်းပို့သည်။

''ဖေဖေ…သားလည်း စစ်ထဲဝင်ချင်တယ်''

မောင်မောင်က အလွယ်တကူ ဝမ်းမြောက်ဝမ်းသာ သဘောတူခဲ့သည်။ ဒါပေမဲ့ သားတို့အမေ နော်ကတော့ တစ်ဦးတည်းသော သားလေးမို့…

''မလုပ်ပါနဲ့ အဲဉ်ဒီဉ်ရယ်၊ သားလေး

**နော်ကြောင့် ဒီအိမ်ကလေးကို မသွားဘဲမနေနိုင်ခဲ့ပါ။**

**တကယ်တော့ နော့်ကို မောင်မောင်ချစ်နေမိပါပြီ။**

**ဒါပေမဲ့ နော့်ကို ဘယ်ကစပြောရမှန်းမသိခဲ့။**

**မမထားကြောင့် ခံမှန်ဖူးသည့် စာသူငယ်လို ဖြစ်နေခဲ့သည်**



တစ်ယောက်တည်းရှိတာ၊ ဥမကွဲ သိုက်မပျက် အတူတူနေရအောင်ပါ''

''မဟုတ်ပါဘူး နော်ရယ်၊ စစ်ထဲဝင်တာ ကောင်းတာပေါ့၊ တို့တပ်မတော်က ယောကျ်ားကောင်းတွေဖြစ်အောင် သင်ပေးတဲ့ ကျောင်းကြီးပဲ၊ ဘာမှ ပူစရာမရှိပါဘူး။ သားက ယောကျ်ားပဲ၊ လုပ်စမ်းပါစေ''

''မတော်တဆ သေသွားမှာစိုးလို့ အဲဉ်ဒီဉ်ရဲ့''

''အမယ်လေး…မိန်းမရယ်၊ စစ်ထဲဝင်လို့သာသေရင် သူ့အဖေ ကိုယ်လည်း သေပြီပေါ့''

သူ့အဘိုး မင်းအပါးလည်း လေထီးတပ်နဲ့ အိန္ဒိယကနေ မက်ဆိုပိုတေးမီးယားစစ်မြေပြင်ထိ ရောက်ခဲ့တာပဲ၊ တိုက်ပွဲတွေ အများကြီးလည်း တိုက်ခဲ့တယ်၊ သူလည်း

စစ်သားလုပ်လို့သေရင် သေတာကြာပေါ့''

ယောက္ခမကြီးကလည်း အနှစ်လေးဆယ်ကြာ စစ်သားလုပ်ခဲ့သည်။ ဘုရင့်လေထီးတပ်က ပင်စင်စားဖြစ်ခဲ့သူမို့ မောင်မောင်က ထည့်ပြောလိုက်သည်။

သည်သို့နှင့်ပင် သားလေး စောကျော်မောင်အေးတစ်ယောက် ပြင်ဦးလွင် စစ်တက္ကသိုလ်သို့ မနှစ်က ရောက်သွားခဲ့သည်။ အဖေ့ခြေရာနင်းမည့် သားပေါ့။ ဒီသားကိုတော့ သူကိုယ်တိုင် မှာစရာရှိသည်များ ပြည့်စုံစွာ မှာခဲ့ပါ၏။

သူငယ်ငယ်ကလို ''ငါ့သားများ စစ်ထဲဝင်ရင်လေ''ဆိုသည့် ဆိုင်းဘုတ်ကြီးအား သွားဖတ်နေစရာ မလိုတော့ပါ။

❖ ❖ ❖ ❖ ❖ ❖ ❖

မမထားကြောင့် မောင်မောင့်ဘဝ လုံးဝပြောင်းလဲခဲ့ရပါသည်။ စစ်ထဲဝင်ခဲ့သည်။ စစ်သားဖြစ်ခဲ့သည်။ ပြည်ထောင်စုကို အသက်ပေးကာကွယ်ရင်း တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ခဲ့သည်။

**''သားစဉ်မြေးမြစ်၊ ပြောထုံးဖြစ်အောင်၊ တစ်စစ် တစ်မက်၊ ကိုယ်နဲ့သက်ကို နှင်းဆက်တိုက်မည်၊ အာသနရည်၍ ဦးလည်မသုန် ထမ်းပါကုန်လော့''**

အထက်ပါစာအတိုင်း ကိုယ်သာ စစ်သားလုပ်ရုံမက တစ်ဦးတည်းသောသားကိုပါ တပ်မတော်ထဲသို့ လိုက်ပါစေခဲ့ရာ ၎င်းသား ပြင်ဦးလွင် စစ်တက္ကသိုလ်တွင် တက်ရောက် သင်ကြားနေပေပြီ။ နောက်တစ်နှစ် နှစ်နှစ်ဆို ပြီးပြီ။ စစ်သားကြီးဖြစ်ပေရော့မည်။

မောင်မောင် ပျော်ပါသည်။ ကျေနပ်လှပါသည်။ တပ်မတော်ထဲ ဝင်ဖြစ်အောင် လုပ်ပေးခဲ့သည့် မမထားတို့ အသိုင်းအဝိုင်းအားလည်း ယခုတော့ ခွင့်လွှတ်ကျေးဇူးတင်ခဲ့ပါပြီ။ စိတ်ပိုင်းရော၊ ရုပ်ပိုင်းပါ ဘဝတစ်ခုလုံး ပြောင်းလဲပေးခဲ့သည့် တပ်မတော်ကြီးကိုတော့ ကျေးဇူးအတင်ဆုံးဖြစ်ပါ၏။ မောင်မောင်လို မိဘမဲ့သားတစ်ယောက်အတွက် တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖဆိုသည်မှာလည်းမှန်လွန်းခဲ့ပါပြီ။ တပ်မတော်ကြီး၏ကျေးဇူးတရားက ကြီးမားလှပါပေသည်။ စစ်သားကောင်းတစ်ယောက်အဖြစ် မိမိတစ်ဦးတည်းသာ ရပ်တည်နိုင်ရုံမက မိမိအမွေအား သားဆီသို့ပင် လက်ကမ်းနိုင်ခဲ့ပါပြီ။ ယခုလည်း သားကဲ့သို့သော နောင်တစ်ခေတ်၏ အောင်စစ်သည် သားကောင်းရတနာများကို ရွေးချယ်ပေးနေရသည့်အတွက် ဝမ်းသာကြည်နူးနေရပါသည်။ သူတို့ကို မကြာခဏ ထိတွေ့သင်ကြားခွင့်ရ၍လည်း အထူးတလည်လည်း ကျေနပ်ခဲ့ရပါ၏။

❖ ❖ ❖ ❖ ❖ ❖ ❖

အကယ်၍ စစ်သည်တော်ကြီး မောင်မောင်တစ်ယောက် ယနေ့ သူနောက်ဆုံး စစ်ဆေးပြီး အောင်မှတ်ပေးခဲ့သည့် လူငယ်လေး မောင်သက်လွင်အောင်သည် မမထား တစ်ယောက်တည်းသာ သိထားသော လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကျော်က မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သန္ဓေတည်သွားခဲ့သည့် သူနဲ့ မမထားတို့ရဲ့ တစ်ဦးတည်းသောသား ဆိုသည်ကိုသာ သူသိသွားခဲ့မည်ဆိုပါက–

''စစ်တပ်ဆိုတာ အမှန်သာလိုက်နာနိုင်ရင် တကယ့်ယောကျ်ားကောင်း၊ ယောကျ်ားမြတ် ဖြစ်စေနိုင်တဲ့ တရားတွေကို သင်ကြားပေးတဲ့ ကျောင်းကြီးပေါ့ သားရေ''

ဟု သူ့ဘဝအတွေ့အကြုံတွေကို ထိုသားကြီးများ သွားပြီးပြောနေဦးမလား မသိနိုင်ပါပြီ။

(၁၉၉၅ ခုနှစ်၊ အောက်တိုဘာလတွင် ဗိုလ်လောင်းရွေးချယ်ရေးအဖွဲ့ (O.T.T) ၌ အဖွဲ့ဥက္ကဋ္ဌတာဝန် ခေတ္တထမ်းဆောင်ရစဉ်က ကြုံခဲ့ရသည့်ဖြစ်စဉ်တစ်ခုအား ဇာတ်လမ်းဖွဲ့ရေးသားထားပါသည်။)

**သောင်းဝေဦး**

**တပ်မတော်ထဲဝင်ဖြစ်အောင် လုပ်ပေးခဲ့သည့်**

**မမထားတို့ အသိုင်းအဝိုင်းအားလည်း ယခုတော့ ခွင့်လွှတ်ကျေးဇူးတင်ခဲ့ပါပြီ။**

**စိတ်ပိုင်းရော၊ ရုပ်ပိုင်းပါ ဘဝတစ်ခုလုံး ပြောင်းလဲပေးခဲ့သည်. . .**



# ကြော်ငြာများဖိတ်ခေါ်ခြင်း

City Magazine အား

နိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးဝန်ကြီးဌာန၊

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏

မြို့နယ်စာကြည့်တိုက်များနှင့်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ

မြို့နယ်အသီးသီးသို့ ဖြန့်ချိထုတ်ဝေလျက်ရှိပါသည်။

ဈေးနှုန်းချိုသာပြီး အရည်အသွေးပြည့်မီတဲ့ မိတ်ဆွေတို့ရဲ့

ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို

City Magazine မှာ

အခုပဲကြော်ငြာထည့်ပြီး

ရန်ကုန်မြို့တော် အနှံ့မှာရှိတဲ့ ဈေးကွက်တွေကို

သိမ်းပိုက်ကြပါစို့

ဆက်သွယ်ရန်လိပ်စာ

City Magazine
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်။
Ph-0973091587, 09420170940